www.burmeseclassic.com

# မမသဒ္ဒါမောင်

မညာဂတတ်ခဲ့တာအမှန်ပါ

BURMESE CLASSIC .com



www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## မမသဒ္ဒါမောင်

# “မညာတတ်ခဲ့တာ အမှန်ပါ”

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၈၇၂၀၇၁၁ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၈၇၁၀၈၁၁ |
| ပုံနှိပ်ထုတ်ဝေခြင်း | - | ပထမအကြိမ်၊ ၂၀၁၁၊ နိုဝင်ဘာ။ |
| ထုတ်ဝေသူ | - | ဦးအေးလွင် (၀၄၁၅၂) ရွှေဥစာပေတိုက် တိုက် ၄၊ အခန်း ၁၀၊ ပြည်တော်သစ်ရိပ်သာ၊ ပုဇွန်တောင်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ | - | ဦးအေးလွင် (၀၈၂၁၀) ရွှေပဒေသာအော့ဖ်ဆက် အမှတ် ၃၃၊ ကျီတော်လမ်း မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| ဖြန့်ချေး | - | ၁၆၀၀ ကျပ် |
| အုပ်ရေ | - | ၅၀၀ အုပ် |

မမသန္တါမောင် ၈၉၅.၈၃

မညာတတ်ခဲ့တာ အမှန်ပါ /မမသန္တါမောင် ။ - ရန်ကုန် ရွှေဥစာပေ ၊ ၂၀၁၁ ။

၂၉၂ စာ၊ ၁၂.၃ × ၁၈ စင်တီ ။

(၁) မညာတတ်ခဲ့တာ အမှန်ပါ


# အဝ...

www.burmeseclassic.com



## အခန်း (၁)

မျက်နှာကိုရှုပ်ပြီး ခြေကိုဆောင့်လိုက်မိစဉ် မာမာ့လက်ခေါက်က 'ကဗျာ့'ခေါင်းပေါ် ခေါက်ခနဲကျလာပါ၏။ အဲဒါပဲ 'အမရာ'နဲ့ မတူတဲ့ ဂျစ်ကန်ကန်အမူအရာကြောင့် မကြာခဏအရိုက်ခံရတာလေ။ ကဗျာ့ထက် (၂)လသာ ငယ်သည့် ညီမဝမ်းကွဲ 'အမရာ'က လူကြီးတွေရဲ့အထာကို ညက်လိုက်သမှ ပြာမှုန်တမျှ နူးညံ့လွန်းပါဘိ။ ကဗျာ့မှာသာ...

"တွေ့လား...ပြောလိုက်ရင် ပေကပ်ကပ်နဲ့၊ ကိုကို့သမီးဟာလေ့ ခေါင်းကိုမာလွန်းတယ်"

"မာမာကလည်း ကဗျာမှ ယောက်ျားမယူချင်တဲ့ဟာကို"

www.burmeseclassic.com



"ဟဲ့ . . . ညည်းကို ယောက်ျား အတင်းပေးစားနေတယ်ထင်ရသလား။ ညီအစ်မနှစ်ယောက် ရှေ့ဆင့်နောက်ဆင့် စေ့စပ်တဲ့သဘောမျိုးဖြစ်အောင် လွှတ်နေတာကို ဘယ်လိုဖြစ်ပြီး အပြင်းအထန်ငြင်းနေရတာလဲ မိကဗျာရဲ့"

"ဟုတ်သားပဲ သမီးရယ်၊ သမီးလေးလေးက သူ့သမီးအမရာကို ဆရာဝန်လောင်းနဲ့စေ့စပ်ပေးတော့မှာလို့သတင်းပို့တာ သမီးသိသားပဲ"

ဘာဖြစ်လဲ၊ အမရာကိုစေ့စပ်ပေးမှာထက် ဟိုဘက်ဒီဘက်ဆွေမျိုးတွေ ဂုဏ်ခနေပြိုင်မှာက ပိုအမိကကျနေတာကို သိသားပဲ၊ လူကြီးတွေ ဆွေမျိုးတော်ကြပြီး ဘာကြောင့်မှန်းမသိ အပြိုင်အဆိုင်တွေ မသိမသာရှိကြတာမှန်ပေမယ့် ကဗျာရော အမရာပါ အဲဒါပကာသနတွေကို မမက်မောတဲ့ ခပ်အေးအေးညီအစ်မတွေ ဖြစ်နေခဲ့ရတာလေ။

"အမရာက အမရာ, ကဗျာက ကဗျာပဲ။ တူမှမတူတဲ့ဟာကို"

"ဘာလို့မတူရမှာလဲ၊ မောင်မောင်က သူ့သမီးကို အဖိုးတန်စိန်တုံးလေးလို လုပ်ပုံအလယ်ပြောပြီး ကြွားကြွားနေတာကို နားကလောလွန်းလို့ပါ။ ဒါကိုသဘောပေါက်ရမှာပေါ့ မိကဗျာရဲ့"

"ပါပါတို့ညီအစ်ကိုတွေ စာပြိုင်ဘက်ဖြစ်ခဲ့တာ ကြာပဲကြာခဲ့ပြီဟာကို၊ ကဗျာနဲ့ အမရာကိုတော့ ရန်တိုက်မပေးကြပါနဲ့ပါပါရဲ့။ ကဗျာတို့က ညီအစ်မတွေလို ချစ်ကြတာကို"

"အံမာ! မိကျောင်းမင်း ရေခင်းပြနေပြန်ပါပြီ။ ညည်းလေးလေးလောက် လျှို့ဝှက်ချက်တွေများတဲ့လူ မရှိဘူး။ ဒီလိုကောင်ရဲ့သမီးက ညည်းကို အစ်မလိုချစ်လိမ့်မယ်ထင်နေလား။ မောင်နှမအရင်းမရှိလို့ နင့်ကို မရှိသုံး,ချစ်ပြတာပဲဖြစ်မှာပေါ့။ ဒီလောက် မ,အစမ်းပါနဲ့သမီးရာ"

"ဟင်! ပါပါကလည်း အမရာက ကဗျာ့ကို တကယ်ချစ်တာပါ။ သူဘယ်လောက်ချစ်ပြီး သိမ်းထားတဲ့ပစ္စည်းလေးပဲဖြစ်ဖြစ် ကဗျာတောင်းရင် မငြင်းဘဲ ပေးတာ ပါပါရဲ့။ မနှစ်က ကဗျာတို့ (၂၁)နှစ် မွေးနေ့မှာ သူ့ဆွဲလာတဲ့ လော့ကက်လေးကို မွေးနေ့လက်ဆောင်အဖြစ်တောင်းလို့ ပါပါတို့ရှေ့မှာပဲ ဖြုတ်ပြီးပေးခဲ့တာ တွေ့တယ်မဟုတ်လား"

ဟုတ်ပါတယ်၊ အဲဒါတကယ်ပါပဲ။ ကဗျာတို့နှစ်ယောက်အတူ Shopping ထွက်တိုင်း ဘာလေးပဲဝယ်ဝယ် Fancy ပစ္စည်းကအစ 'ကဗျာရော ကြိုက်လားဟင်' လို့မေးပြီးအမြဲဆင်တူနှစ်ခုဝယ်တတ်တာကို ကြည့်ရင် ကဗျာ့ထက် အမရာက ပိုပြီးအချစ်ပိုမှန်း သိသာလွန်းသည်လေ။ ဒါကိုဟန်ဆောင်ပြီး ချစ်တာလို့ ပြောရက်ရတယ်လို့။

"အို . . . အဲဒါ မောင်မောင့်ငွေနဲ့ဝယ်ပေးထားတာမို့ ဘယ်နှမြောပါ့မလဲ။ သူ့ကိုယ်ပိုင်ငွေနဲ့ဆိုရင် ကပ်စေးနဲ့ပြီး ပေးမှာမှမဟုတ်တာ"

www.burmeseclassic.com



''ကဲ, ပြောမနေပါနဲ့တော့ ဆွေရယ်၊ မင်း့သမီးက ခေါင်းကိုမာလွန်းပါတယ်။ လူကြီးက ဒါဆိုရင် ဒါပဲဖြစ်ရမှာပေါ့။ လိမ္မာတဲ့နေရာမှာ နင့်ညီမခြေဖျားကိုမမီဘူး''

တွေ့လား။ နှိုးမွမ်းစရာရှိရင်တော့ အမရာဟာ ကဗျာ့ထက် စံပြဖြစ်နေတာအမှန်ပင်။ ငယ်စဉ်ကတည်းက အန်တီသက် (ဒေါ်သက်သက်ဝေ)ရဲ့ အိမ်ရှင်မ့ပီသလွန်းတဲ့ Lecture တွေကို ကကြီးမှ အ အထိ သင်ယူတတ်မြောက်ခဲ့တာ မဟုတ်လား။ မအေတူသမီးချင်းအတူတူ ကဗျာက မာမီ့လို ခြေမွေးမီးမလောင် လက်မွေးမီးမလောင် နေခဲ့ရတာကို တလွဲဂုဏ်ယူနေခဲ့မိတာအမှန်ပါ။

အရွယ်ရောက်လာတာနဲ့အမျှ ကဗျာနဲ့ အမရာဟာ 'ဗိုင်းကောင်းကျောက်ဖိ'ဆိုတဲ့အသုံးမျိုးနဲ့ တဖြည်းဖြည်း အကွာကြီးကွာခြားလာတော့တာပါပဲ။ Major ရိုးရိုးနဲ့ ဘွဲ့ယူတာ တူခဲ့ပေမယ့် အပြင်ပန်းကြည့်ရုံနဲ့ အချင်းရှိခြင်းကွာတာကို သိသာလွန်းစေတာလေ။

ဒါကိုသိသိကြီးနဲ့ အမရာ ဆေးကျောင်းသားနဲ့စေ့စပ်မယ့်ကိစ္စကို မနာလိုဖြစ်စရာတဲ့လား။

''ကဗျာက ဘယ်မှာဆိုးနေလို့လဲ''

''ဟဲ့, မိဘစကားနားမထောင်တဲ့ကိစ္စက မဆိုးလို့ ဘာကဆိုးရမှာလဲ။ လူကြီးက ထိုင်ဆိုထိုင်, ထဆိုထပေါ့ 'ဆောင်းကဗျာ'ရဲ့''

''မာမ်ာပဲ စဉ်းစားကြည့်လေ၊ သူနဲ့တစ်ခါမှမမြင်ဖူးဘဲနဲ့ သူ့အိမ်မှာ သွားနေရမယ့်ကိစ္စကြီးက ဘယ်မှာကောင်းလို့လဲ။ စေ့စပ်ထားတာဆိုရင်တောင်မှ မိန်းကလေးဘက်က အတော်သိက္ခာကျနေပြီဟာကို''

''ဩော်, လူကြီးတွေ နိုင်ငံခြားရောက်နေတဲ့နှစ်လလေး အိမ်သွားစောင့်ပေးရမှာကို ဘာဖြစ်နေတာလဲ။ ဟိုကလေးက မိုးလင်းက မိုးချုပ်ကုမ္ပဏီအလုပ်နဲ့ ရှုပ်နေတာ၊ အိမ်မှာ စားသောက်ရေးအဆင်မပြေဖြစ်မှာစိုးလို့ အဖော်ရအောင် စီစဉ်ပေးနေတာကို''

''အာ, ကဗျာက ဘာမှမချက်တတ်မပြုတ်တတ်တဲ့ဟာကို''

''အဲဒါ မိအေးလုပ်ပေးမှာပေါ့။ လူငယ်ချင်းရင်းနှီးပါစေတော့ဆိုပြီး စီစဉ်ပေးပါတယ်၊ ဒင်းက ဖျက်ချင်နေရတယ်လို့။ ဟိုဘက်က လူကြီးတွေလည်း သဘောကျ၊ ကောင်လေးလည်း နှစ်ခြိုက်မှ မာမာတို့သမီးက အမရာ့ထက် ပိုပြီးဂုဏ်ရှိတော့မပေါ့ သမီးရယ်၊ ဟိုဆရာဝန်ကောင်လေးထက် အဲဒီကောင်လေးက အများကြီးချမ်းသာမှာကွယ့်။ လက်မနှေးစေနဲ့ မိကဗျာရဲ့''

ဒုက္ခပါပဲ၊ ကိုယ့်သမီးကိုယ် ဟင်းရွက်ကန်စွန်းလို အတင်းကြီးထိုးပေးနေမှန်း မသိကြဘူးတဲ့လား။ 'ဦးနှင်းမောင်မောင်'နဲ့ 'ဒေါ်သက်

www.burmeseclassic.com



သက်ဝေ’သာ သိလို့ကတော့ ဟားတိုက်ရယ်မောလိုက်ကြမယ့်ဖြစ်ခြင်းနော်။ ကံများ မကောင်းချင်တော့ ကိုယ်နဲ့စေ့စပ်ပေးမယ့်ကောင်လေး အိမ်မှာ အခိုင်းအစေလို သွားနေပေးရမတဲ့လေ။

“သူက. . . ဖြူမှန်းမသိ မဲမှန်းမသိဘဲ။ ကဗျာမှမကြိုက်တာ၊ မသွားဘူး”

“တယ်! ငါ ထ,တီးလိုက်ရ အသံမြကြီးနဲ့ ထအော်တော့မှာပဲ။ မိကဗျာနော်”

“ပါပါကလည်း ဒီသမီးတစ်ယောက်လေးရှိတာကို မနေ့မြောဘူးလားလို့။ ပြီးတော့ သူ့အိမ်မှာ ကျွန်လိုသွားလုပ်ပေးရမှာကိုလည်း ထည့်တွက်ပေးဦးမှပေါ့။ ကဗျာ့ကို မညှာမတာနဲ့ခိုင်းနေကြတာကိုတော့ မသိကြဘူး”

“သမီးရယ်. . . ဟိုက အိမ်ဝယ်ထားတာ ဘာမှမကြာသေးဘူး။ တစ်မိသားစုလုံး နိုင်ငံခြားက ပြန်လာကြာမှာ။ အိမ်အလုပ်သမားတွေလည်း သူ့ဟာသူရှိမှာပါပဲ။ သမီးက စိမ်ပေးရုံပဲ သက်သာပါတယ်”

“ဒါဆို အဲဒီကောင်လေး လောလောဆယ်မရှိသေးဘူးပေါ့”

“မရှိသေးဘူး။ နောက်နှစ်လနေမှ။ နှစ်ပတ်အလိုမှာ မိဘတွေရှေ့က ကြိုပြီးပြန်ရောက်မှာ။ သမီးနဲ့ဆုံရရင် အလွန်ဆုံးဆယ်ရက်ပေါ့”





“တကယ်နော်”

“တကယ်၊ မာမာတို့သမီးက ကောင်လေးရှေ့အလိုက်သင့်လေး ပြောဆိုဆက်ဆံပြလိုက်ရုံပဲ၊ ဘာမှမခက်ဘူး”

ဒါဆိုရင်တော့ မထူးပါဘူး။ ဒီနှစ်ပတ်အလိုမှာ ကဗျာရောက်သွားရင် ပြီးတဲ့ဟာပဲ။ နေဦး. . . ဒီကိစ္စ အမရာ့ကိုတိုင်ပင်ဦးမှပါလေ။ ဒါမှ နှစ်ယောက်ပေါင်းညာဏ်နဲ့ ဒီစိမ်ကိန်းကို မပျက်ပျက်အောင် ဖျက်နိုင်မှာလေ။

“ကဗျာနဲ့သူ့ကို သဘောတူထားမှန်း သူသိလားဟင်”

“သိတယ်”

“ဟင်! လူရော နာမည်ပါ သိနေရင် ကဗျာ့ဘက်က ဒီကိစ္စကို သဘောတူတယ်ထင်တော့မှာပေါ့ မာမာရဲ့”

“အဲဒီလိုတော့ သူ မထင်စေရပါဘူး သမီးရယ်၊ သူ့မိဘတွေနဲ့ မာမာတို့လူကြီးတွေတိုင်ပင်ပြီး ဒီကိစ္စကို စီစဉ်တာပါ။ သူနဲ့စေ့စပ်ပေးမယ့် သမီးပုံကိုရော နာမည်ကိုပါ ပေးမသိထားပါဘူး။ လူငယ်ချင်းရင်းနှီးစေလိုတဲ့သဘောမျိုး သက်ရောက်အောင် စိမ်ပေးတာလေ၊ သမီးကို သူသဘောကျတယ်ဆိုတာနဲ့ OK ပြီပေါ့”

ဘာထူးလို့လဲ၊ သူ့အိမ်မှာ ရှယ်တူသူစိမ်းမိန်းကလေးတစ်ယောက်

www.burmeseclassic.com



ရောက်နေမှတော့ သံသယဝင်မှာအမှန်ပါလေ။ လူမမြင်ဖူး၊ နာမည်မကြား ဖူးပေမယ့် ဒါကို သူ ဘာကိစ္စမှန်း တွက်ဆမိမှာ အသေအချာပါလေ။

"ဒါပေမဲ့ သူ့အိမ်မှာ ကဗျာကိုမြင်မှတော့ သူနဲ့ပတ်သက်မယ့် လူမှန်း ရိပ်မိမှာပဲ မာမာရဲ့"

"သိပါစေပေါ့ သမီးရယ်၊ ဒါကိုကြိုမြင်လို့ ကြိုစီစဉ်ထားတာပဲ ဥစ္စာ"

သက်ပြင်းကိုသာ ဆောင့်အောင့်ချလိုက်မိတော့၏။ နောက်ဆုံး တော့ မြို့ပတ်ရထားစီးရသလို ဒီဘူတာပဲ ပြန်ဆိုက်ရတာလေ။ အတော့် ကိုကောင်းတဲ့ Plan ပါပဲ။ အမရာသာသိရင် ပြုံးစိစိနဲ့ လှောင်ရယ်တော့ မှာလေ။

မဖြစ်ဘူး၊ မဖြစ်ဘူး၊ အရင်းနှီးဆုံးတီးတိုးဖော်ဆိုလို့ ဒီညီအစ်မ လေးပဲရှိတာ၊ ကဗျာကိစ္စကို အစအဆုံးပွင့်ပွင့်လင်းလင်းသိထားမှ အမရာ လည်း လိုသလိုကူညီနိုင်မှာလေ။

"အဲဒါဆို သူ့အိမ်ကို ကဗျာ ဘယ်တော့သွားနေပေးရမှာလဲ"

"နောက်လဆန်း"

"မာမာတို့ ပို့ပေးမှာလား"

"မပို့ပါဘူး၊ ဒီအသက်အရွယ်ပဲရောက်နေပြီ၊ ကိုယ်ဖာသာကိုယ်





သွားမှပေါ့။ အဲဒီလမ်းထဲမှာ အသစ်ဆောက်ထားတဲ့တိုက်ဆိုလို့ အဲဒီတစ် တိုက်ပဲရှိတယ်၊ သွားရှာပြီးနေတော့။ မာမာတို့က သူ့မိဘတွေပြန်လာပြီ ဆိုတာနဲ့ သမီးကိုလာပြန်ခေါ်မယ်။ အဲဒီအခါကျမှ သူလည်း သမီးကို တွေ့ ဖူးရင်းနှီးပြီး စေ့စပ်ချင်လောက်ရောပေါ့။ တစ်ချက်ခုတ် နှစ်ချက် ပြတ်အစီအစဉ်လေ"

"ဒါပဲနော် သမီး၊ တော်ကြာ တွေ့တာနဲ့ နှစ်ရက်တောင် မနေဘဲ ကောင်လေးကိုထော်လော်ကန့်လန့်လုပ်တဲ့အသံမျိုး ပါပါတို့လုံးဝမကြား ချင်ဘူး၊ ကြိုပြောထားပါရဲ့"

ကောင်းရော၊ ဘာများထူးလို့လဲ၊ လျှို့ဝှက်ချက်တွေနဲ့ သူ့အိမ်မှာ အိမ်ဖော်လိုသွားနေခိုင်းတာနဲ့ ဘာခြားလို့လဲ၊ သူ့မိဘတွေကိုက အရင် ခေတ်ကလူကြီးတွေလို အိမ်ရှင်မပီသတဲ့ချွေးမရွေးပွဲလုပ်သလိုမျိုး ကဗျာ့ ကို စီမံပေးလိုက်တာပဲမဟုတ်လား။

အိမ်မှုကိစ္စ အသာထား၊ ထမင်းကို ဘယ်လိုချက်ရမှန်းတောင် မသိတဲ့ကဗျာ့အတွက် ဒီစာမေးပွဲကိုကျအောင်ဖြေဖို့က ရာနှုန်းပြည့်ပါ ပင်။ ကဲ, 'ဝေယံပိုင်'ဆိုတဲ့ကောင်လေးရေ ရှင်နဲ့ကဗျာ့ကို စေ့စပ်ပေး ချင်တဲ့ Plan က ပျက်ကိုပျက်ရမှာ အသေအချာပဲ။

"နှစ်လတောင်နေရရင် ပျင်းလို့သေရချည်ရဲ့ မာရယ်"

www.burmeseclassic.com



"အမယ်လေးဟဲ့၊ ဟိုမှာ အိမ်အသစ်ကိုပြင်ဆင်ပေးရမှာ အလုပ်အများကြီးရှိမှာပေါ့။ အိမ်တွင်းအိမ်ပြင် Decoration ဆင်ဖို့တွေ၊ ခြံထဲ ပန်းပင်တွေ ပန်းအိုးတွေဝယ်စိုက်ဖို့ လုပ်ရမှာတစ်ပုံကြီး"

"ဟင်! အဲဒါတွေ အကုန်လုပ်ရမှာလား"

"ဩော်၊ သမီးကလည်း အလုပ်သမားတွေကို လက်ညှိုးညွှန်ပြီး ခိုင်းရုံပါဆိုနေမှ စိုးရိမ်နေပြန်ပါပြီ"

"ကဲကဲ, ဒါဆိုရင်လည်း တော်ရီရော်ရီအဝတ်အစားတွေပဲထည့်သွားချေ။ တောက်တောက်ပပတွေဝတ်နေရင် သမီးကို ဘယ်သူဆိုတာ ရိပ်မိသွားမှပေါ့။ အနေကြာမှ သမီးကို သူနဲ့သဘောတူထားတဲ့မိန်းကလေးလို့ အလိုလိုသိသွားလိမ့်မယ်။ ကဲ, မပိုင်ဘူးလား"

"မာတို့ Plan က စုံထောက်စာရေးဆရာရေးထားတဲ့ဇာတ်လမ်းလို လျှို့လျှို့ဝှက်ဝှက်နဲ့ ဘာကြီးမှန်းကို မသိတော့ပါဘူး။ တကယ်ပဲ, ဟင်း. . ."

စည်းဝေးပွဲက ပြီးချေပြီ။ အိမ်ပေါ်ထပ်ကို တက်လာပြီး အခန်းတံခါးပိတ်ကာ ကုတင်ထက် ပစ်လှဲချလိုက်၏။ သာမန်အဝတ်အစားတွေ ရှာသွားတဲ့။ ဘယ့်နှယ့်လုပ်ရမလဲ၊ ကဗျာ့မှာ ပါချီပါချက်အကျီမျိုးဆိုတာ မရှိသလောက်ပါပဲ။ Design ဟောင်းသွားတာနဲ့ အိမ်က ကောင်





လေး မိအေးကို ပေးပစ်လိုက်တာလေ။

အိမ်နေရင်း အဟောင်းဆိုတာလည်း ရှားပါးလွန်းပါဘိ။ အခုမှ 'ဒါကိုပြန်ပေး' ဆိုပြီးတောင်းရင် ကဗျာ့မျက်စိ စွံရချေရဲ့။

စဉ်းစားစမ်း! စဉ်းစားစမ်း!

ဒီဦးနှောက်က အရေးဟယ် အကြောင်းဟယ်ဆိုရင် စက္ကူစုတ်လို သုံးမရဖြစ်နေတာလေ။ ဘယ်လိုကြံရပါ့မလဲ။

ဟုတ်ပြီ၊ ဒီလိုပဲစီစဉ်တာ အကောင်းဆုံးဖြစ်မည်ထင်ပါရဲ့။

အတွေးဖြင့် တစ်ယောက်တည်းကြိတ်ပြုံးရင်း တီးတိုးရယ်လိုက်မိတော့၏။ နင်တော့ မျက်ခုံးတွေ လှုပ်နေပြီမဟုတ်လား 'အမရာ'။

www.burmeseclassic.com



## အခန်း (၂)

ခုံမှာထိုင်နေရင်း လက်ထဲမှ လက်ကိုင်ပဝါကို ဘယ်နှကြိမ်မြောက်မှန်းမသိ လုံးချေနေမိ၏။ အနေခက်လိုက်တာနော်။ မခက်ဘဲရှိမလား။ ရှေ့တည့်တည့်ထိုင်နေသည့်လူက အမရာ့ကို ပြုံးပြုံးစိုက်ကြည့်နေ,နေတာလေ။

"စကားလေးဘာလေးပြောပါဦး သမီးရယ်၊ ဘယ့်နှယ် ရေငုံနှုတ်ပိတ်ပြီး ထိုင်နေရတာလဲ"

"ဘာပြောရမှာလဲ မေမေရဲ့"

လေသံက တိုးသဲ့သဲ့မျှသာ ထွက်လာပါ၏။ အိမ်မှာ ဒီလိုပဲပြောနေကျမို့ ဖေဖေနဲ့မေမေတို့က အမရာ နှုတ်ခမ်းလှုပ်ရုံနဲ့ ဘာကိုပြော

www.burmeseclassic.com



သလဲဆိုတာကို နားလည်သဘောပေါက်ပေမယ့် တော်ရုံသူစိမ်းကတော့ နားမလည်နိုင်ပါလေ။

"တစ်ခုခုပြောပေါ့ သမီးရယ်၊ ဒီမှာ, သမီးရဲ့ကိုကိုနဲ့ မိတ်ဆက်ပေးပြီးပြီဟာကို"

အမယ်လေးနော် 'ကိုကို'တဲ့။ လျှာယားစရာသညာကိုမှ သုံးရတယ်လို့၊ မေမေတို့မိတ်ဆက်ပေးနေတဲ့သူ့ကို တစ်ချက်သာ မျက်လုံးလှန်ကြည့်မိပြီး မျက်လွှာကိုချထားလိုက်တာ ဘယ်နှနာရီတောင် ရှိနေပြီမသိ။

"ဒေါက်တာနုစ်သစ်ဦး"...တဲ့၊ တကယ့်ကို တင့်တယ်လွန်းတဲ့ အမည်တစ်ခုပါ။ လူပုံကိုက လေးစားစဖွယ်ဖြစ်အောင် ခန့်ထည်နေသလို သူ့ကိုယ်သူ ယုံကြည်မှုအပြည့်ရှိနေတဲ့လူငယ်တစ်ဦးမှန်း မြင်ရုံဖြင့် သိသာစေတာလေ။

ဒီ အမရာနဲ့စေ့စပ်ပေးမယ့် ဒေါက်တာတဲ့။ ဒုက္ခပဲ၊ အမရာက ဒီလိုကိစ္စမျိုး စိတ်ကူးထဲတောင် ရှိမနေတဲ့ဟာကို၊ ဘယ်လိုလုပ်ရပါ့မလဲ။ ဘာမှန်းသေသေချာချာတောင် မသိသေးခင် သူ့ဆီမှာ အမရာ့ဓာတ်ပုံနဲ့ ကိုယ်ရေးကိုယ်တာ File က ရောက်နှင့်ပြီးသားတဲ့...ကဲ။

ဘယ်လောက်တရားမမျှတလိုက်ပါသလဲ။ အမရာ့မှာတော့ သူ့ကို





ဘယ်သူဘယ်ဝါမှန်းလည်း မသိ၊ ပုံတူဓာတ်ပုံလည်းမရှိ၊ ဖြူလားမဲလားမှန်းသိဖို့ ဝေးစွ၊ ဆရာဝန်ဆိုတဲ့ဂုဏ်ပုဒ်နဲ့မိတ်ဆက်ပေးမှ လူချင်း ဘွားခနဲဆုံရတာ။ အံ့သြတာရော၊ လန့်တာရော၊ ရှက်တာပါ ပေါင်းပြီး ကတုံ့ကရင်ဖြစ်နေလို့ စိတ်ကိုငြိမ်အောင် ထိန်းနေတာမှ စကားပြောဖို့ စရတယ်လို့။

"သမီးက လူကြီးတွေရှေ့မှာမို့ စကားမပြောတာများလား သက်ရယ်"

"မဟုတ်ဘူး ထားရဲ့၊ သမီးက နဂိုကတည်းက အရမ်းအေးတာ။ စကားလည်းသိပ်မပြောဘဲ အိမ်အလုပ်တွေပဲ တစ်နေ့တစ်နေ့လုပ်နေတာလေ"

"ကျွန်တော့်ကုမ္ပဏီမှာလုပ်ချင်တယ်လို့တော့ ပြောတာပဲ ဒေါက်တာရယ်၊ ဒီလောက်အေးလွန်းတဲ့သမီးကို စိတ်မချတာနဲ့ ဝင်မလုပ်ခိုင်းတာ"

"ဟုတ်တာပေါ့ ကိုမောင်ရယ်၊ သမီးက ချစ်စရာလေးဆိုတော့ ဘယ်မိဘတွေ ဘယ်စိတ်ချနိုင်ပါ့မလဲ။ မြင်ရုံနဲ့ သိသာပါတယ်"

"ဟင်းဟင်း...သက်ရဲ့လက်ထွက်မို့ သမီးကို မိန်းကလေးပီသအောင် ခန့်မှန်းလို့ရပါတယ်ရှင်"

www.burmeseclassic.com



ညှော်ခန်းထဲမှာ ရယ်သံတွေ သဲ့သဲ့ထွက်လာလေ၏။ အထွေထွေ ပါရဂူဒေါက်တာမင်းမင်းဦးနှင့် ဒေါ်ထားထားရီတို့ရဲ့တစ်ဦးတည်းသော သားက အမရာ့ထက် (၆)နှစ်ကြီးတဲ့သူဖြစ်ပြီး လိမ္မာတဲ့အရာမှာရော မိဘစကားနားထောင်တာကအစ အမရာနှင့်တူညီနေတာနဲ့ အမရာနှင့် လိုက်ဖက်တယ်လို့ တပ်အပ်ပြောနေကြတယ်လို့။

ဟိုဘက်က သားရဲ့ဂုဏ်ပုဒ်တွေကို ပညာရှိပီပီ မသိမသာလေး ပြောနေသလို မေမေကလည်း ဒီသမီးလေးအကြောင်းကို ပြန်ပြောနေတာပါ။ ကာယကံရှင်နှစ်ဦးဆီမှာ ပြောစရာဘာစကားမှမရှိသည့်နယ် နှစ်ယောက်သား နှုတ်ပိတ်တိတ်ဆိတ်လို့လေ။

''သမီးကလည်း အိမ်အလုပ်တွေလုပ်နေရတာကိုပဲ ဝါသနာပါတာပါ ထားရယ်၊ အခု ညှော်ခန်းဆက်တီစားပွဲ၊ ကုလားထိုင်၊ TV နဲ့ ပေါ်တွေမှာရှိသမျှ အလှဆင်ပစ္စည်းတွေကို သူချည်း စိတ်ရှည်လက်ရှည် ထိုးထားတာပေါ့။ ဘာပဲလုပ်လုပ် စိတ်ပါလက်ပါနဲ့ ဖက်မညောင်းလက်မညောင်း လုပ်တတ်တာ''

''တော်လိုက်တာ၊ အဲဒီလိုသမီးမျိုးပဲ ထားတို့လိုချင်နေတာ သက်ရဲ့။ အိမ်မှာ လိုလေသေးမရှိ ပြည့်ပြည့်စုံစုံထားပေးပါလျက်နဲ့ အပြင်ထွက်လမ်းသလားတဲ့ ဒီခေတ်ကလေးမတွေနဲ့ ထားရဲ့သားကို တွေ့သွားမှာ





စိုးရိမ်နေတာ။ အင်း၊ ကြားထဲက ဆုံပေးတဲ့ မသန်းမြင့်ကို ကျေးဇူးတင်ရမှာပဲ''

''ဟုတ်တယ်, ဟုတ်တယ်၊ မမသန်းကလေ,'တွေ့ပါဦး သက်ရယ်၊ ကြားထဲက ပွဲစားအတင်းလုပ်ရတာမဟုတ်ပါဘူး'ဆိုလို့ အားနာနာနဲ့ပဲ လက်ခံခဲ့တာ၊ ပထမ, ထားနဲ့စကားပြောရကတည်းက ထားလိုပဲ သားကို ရည်မွန်မယ့်ကလေးမှန်း ကြိုသိလိုက်ရတာလေ''

အင်း, ငါးခြောက်ကြော်နဲ့ ပဲဟင်းလို၊ အသားပြုတ်ကြော်နဲ့ ချဉ်ရည်ဟင်းလိုမျိုး အစပ်အဟပ်တည့်နေကြတာပါပဲလား။ အမရာကတော့ စကားပုံတွေကို ကိုယ်ချက်လေ့ရှိတဲ့ဟင်းလျာမျိုးနဲ့ပဲ အနီးစပ်ဆုံးပေးတတ်တာပါလေ။

ကာယကံရှင်နှစ်ယောက် သဘောမပါဘဲနဲ့များ စကားတွေက အပိုအပင့် သေသပ်လှပပါဘိ။ ကလေးတွေရဲ့စိတ်ကို သိဖို့မလိုဘူးလို့ဘဲ သတ်မှတ်ထားကြလေသလား။ ဘာမဆို မိဘစိတ်တိုင်းကျ နေခဲ့ပြောခဲ့ရတာမို့ ပုံသွင်းခွက်ထဲက ဖယောင်းတိုင်လို မလှုပ်မယှက်တောင့်တောင့်လေးနဲ့ ခေါင်းညိတ်ကြရတော့မှာပဲထင်ပါရဲ့။

''သားက ဖအေတူအတိုင်း ချွတ်စွတ်ကြီးကို ကြီးပြင်းလာတာ သက်ရဲ့၊ အမြဲတမ်း စည်းနဲ့ကမ်းနဲ့ စားသောက်သွားလာတတ်တာ၊ သင်

www.burmeseclassic.com



စရာမလိုတော့ဘူး''

"ဒါတော့ ဟုတ်တယ် ကိုမင်းဦးရဲ့၊ ကျွန်တော့်သားမှ ဖအေအရှိန်နဲ့မဟုတ်ဘဲ သူ့ဟာသူ ထိုးဖောက်ပြီး ဒီဆေးလောကမှာ နာမည်ရှိနေတာ။ တက်သစ်စဆရာဝန်ပေါက်စလို့ ဘယ်သူမှမထင်ဘူး။ လက်စလက်နလည်းရှိတော့ Operation ဆိုလည်း သူ့ကိုစိတ်ချကြတယ်''

"ဟုတ်တာပေါ့ ဒေါက်တာရယ်''

အမယ်လေးနော်၊ ပလာတာပေါ် သကြားဖြူးသလို အကြိုက်ကို တွေ့နေကြတာပါပဲလား။ တစ်ယောက်ဆီ မြှောက်လိုက်ပင့်လိုက်နဲ့ ပြောနေကြပုံက ရှေးခေတ်မင်းသားမင်းသမီးတွေလို တင်စားနေသည့်နှယ်ပင်။

ညနေစောင်းနေပြီမို့ ညှိချိန်ကုန်နေပြီမှန်း သတိပင်မရတော့သလို စကားတွေဖောင်နေကြတာလေ၊ အမရာက နဂိုကတည်းက သိမ်မွေ့ညင်သာသည့်မိန်းကလေးမို့ မိဘတွေရှေ့မှာ မကျေနပ်တာကို ဘယ်လိုအမူအရာမျိုးမှမလုပ်ရဲ့။ စိတ်ခုစရာနဲ့ကြုံတဲ့အခါ နှုတ်ခမ်းကို ပိတ်ပြီး ငြိမ်သက်စွာထိုင်ပြီး ဆန္ဒပြသည့်အကျင့်ဆိုးလေးတစ်ခုသာ ရှိတာပေါ့လေ။

အခုလည်း ဒီလိုတိတ်တိတ်လေးနေပေမယ့် မေမေတို့က ဂရု





ထားဘဲ သူနဲ့ စကားတွေ အတင်းကြီးပြောခိုင်းနေတော့တာပါပဲ။

"သမီး အမရာ''

"ရှင်, မေမေ''

"ဒီမှာမပြောချင်ရင်လည်း သမီးကိုကို့ကို ခြံထဲခေါ်ပြီး စိုက်ထားတဲ့ပန်းပင်လေးတွေ လိုက်ပြလိုက်လေကွယ်''

တွေ့လား၊ တစ်ခုမရတော့ နောက်တစ်နည်းနဲ့ စီစဉ်ပေးပြန်တာလေ။ အပ်ကိုင်တဲ့လူနဲ့ ပန်းပင်တွေက ဘာများဆက်စပ်မှုရှိလို့လဲ။ မဆီမဆိုင်တာကို ဦးတည်နေတယ်လို့။

"မေမေပြောတာ ကြားလား၊ သမီး''

"ဟုတ်ကဲ့''

"ဒါဖြင့် သွားလိုက်သွားလေကွယ်၊ ယောက်ျားလေးမို့ပန်းမကြိုက်ပေမယ့် အိမ်မှာ ထား,စိုက်စရာရှိရင် သားပဲ အမြဲကူပေးတာ သက်ရဲ့''

"ဟုတ်လား၊ သားက ဘယ်ဆိုးလို့လဲ''

တော်ရပြန်ချေပြီ ဘာမဟုတ်တာလေးကို ရေးကြီးခွင်ကျယ်လုပ်ပြောနေရတာပါလိမ့်။ စိတ်ရှိလက်ရှိသာ မျက်စောင်းခဲလိုက်ရ ပြာကျသွားတော့မှာပါပဲ။

မေမေက အမရာ့ခါးကို အသာတို့လိုက်တာမို့ ဖျတ်ခနဲထရပ်

www.burmeseclassic.com



လိုက်ရပါ၏။ အမရာက ခါးထိရင် ယားတတ်မှန်းသိလျက်နဲ့ အခုလိုပဲ လုပ်ကြရသလား။

"သား, လိုက်သွားလိုက်လေ"

"ဟုတ်ကဲ့"

ဒါလည်း ရုပ်ရှင်တွေထဲကလိုမျိုး လမ်းကြောင်းအတိုင်း မေမေတို့ စီစဉ်ပေးကြတာကို ကဗျာသာသိရင် ပျော်ပြီးရယ်လေမလား။ ကဗျာက ဘာမဆို မရှက်မကြောက်ရင်ဆိုင်တတ်တဲ့ အစွမ်းသတ္တိတွေ ရှိနေတာလေ။ အမရာကတော့ ထိုသို့မဟုတ်။ သူစိမ်းတွေရှေ့ရောက်ရင် နဂိုကတည်းက မထွက်တဲ့အသံက ပိုမထွက်တော့တာ အကျင့်ပါပဲ။ အထူးသဖြင့် ယောကျ်ားလေးတွေရှေ့မှာလေ။

သစ်ခွရုံထဲကို မရည်ရွယ်ပါဘဲ ခြေလှမ်းတို့က ရောက်သွားပါ၏။ အိမ်ဘေးဘက်မို့ မမြင်ကွယ်ရာများဖြစ်နေပြီလား။ စိတ်ထဲထင့်ခနဲဖြစ်သွားတာမို့ ခြေလှမ်းတို့ တုံ့ခနဲရပ်ကာ လှည့်ထွက်မိစဉ် နောက်မှပါလာသည့်သူနှင့် မျက်နှာချင်းဆိုင် အတော်နီးကပ်သွားရလေသည်။

"အို! "

"ဘာဖြစ်လို့လဲ"

"ဟင့်အင်း"





ငါ့နှယ်နော်၊ ဒီဒေါက်တာနဲ့အတူလျှောက်လာတဲ့ကိစ္စကိုမှမေ့ပြီး နောက်ပြန်လှည့်မိရတယ်လို့။ သူက အမရာသိပ်ကြိုက်သည့် ဝါဖန့်ဖန့် သစ်ခွအိုးလေးကို အသာလှမ်းကိုင်ရင်း ပြုံးလိုက်လေသည်။

"ဒါ, အမရာ စိုက်ထားတာတွေလား"

"ဟုတ်ကဲ့"

စကားစတော့ ရှာတတ်သားပါပဲ။ အင်းပေါ့လေ၊ လူနာတွေကို ပေးနေတဲ့ဆေးရာဝန်ဆိုတော့လည်း ညာသာတဲ့ပြုမူပြောဆိုမှုမျိုး သူ ကျွမ်းကျင်မှာပါ။

"အမရာစိုက်ထားတဲ့ ပန်းပွင့်လေးတွေက လှတာတော့ မှန်ပါတယ်။ ဒါပေမဲ့ ပန်းပျိုးတဲ့လက်ကလေးတွေနဲ့တော့ မယှဉ်သာပါဘူး"

"ဟင်! "

ဘာသဘောပါလိမ့်။ အမရာသိပ်ချစ်တဲ့ပန်းလေးတွေကို ကိုယ့်လက်လောက်တောင် မလှဘူးလို့ ပြောရတယ်လို့။ စိတ်ထဲခုသွားရတာမို့ မျက်မှောင်အနည်းငယ်ကြုတ်သွားရပါ၏။

"တကယ်ပြောနေတာပါ၊ မယုံဘူးလား. . . ပန်းကလေးတွေက အမရာ့အလှကို ဘယ်လိုမှမမီနိုင်တာအမှန်ပဲ။ အဟင်း, ကိုယ် အပိုတွေ တစ်ခါမှမပြောဖူးသလို အခုလို နှုန္ရွရွစကားလုံးလှလှမျိုးတွေလည်း

www.burmeseclassic.com



တစ်ကြိမ်မှမပြောဖူးခဲ့ဘူး။ အခုဘယ်လိုဖြစ်ပြီး ပြောဖြစ်နေတာလဲ''

ဟော, သူ့ဖာသူဖြစ်နေတဲ့ကိစ္စကို အမရာ့ကိုတိုင်တည်သလို ပြောနေတာလေ။ သူ့အသံက ဩပြီး ကြည်လင်ပီသပါ၏။ ဆရာဝန်ထက် ရှေ့နေလို တရားသူကြီးလို ဩဇာသံပေါက်တာ တည်ငြိမ်လွန်းတဲ့အသံမို့ ပထမဦးဆုံး နှစ်သက်သွားတာကို အမရာဝန်ခံချင်ပါတယ်လေ။

''ဒီလောက်လှတဲ့ကောင်မလေးမှာ ဆိုင်သူများရှိနေမလားဟင်၊ ကိုယ်သိချင်လို့ ပြောပြပါဦး''

''ရှင်! ''

တအံ့တဩဖြင့် သူ့ကိုမော့ကြည့်လိုက်မိစဉ် အရည်လေးတွေလဲ့နေသည့်မျက်ဝန်းတစ်စုံနှင့် တိုးလေ၏။ ရင်ထိတ်မှုနှင့်အတူ မျက်လွှာကို ချလိုက်မိစဉ် သူက အမရာ့၏အေးစက်စက်လက်များလေးကို အသာခပ်ဖွဖွကိုင်လိုက်လေသည်။

ရဲတင်းတာများလား၊ ဒါလည်းမဟုတ်ပါ၊ မထိမကိုင်ရက်သလို ခပ်ဖွဖွလေးကိုင်သလိုမျိုးမို့ လက်ကိုပြန်ရုန်းလိုက်ရမှာကိုတောင် အားနာနေသလိုဖြစ်နေတာလေ။ ဒုက္ခပဲ၊ ကိုယ့်လက်ကို ကိုယ်ပြန်ယူလိုက်ရမှာကို အားနာမိတာ အမရာတစ်ယောက်ပဲ ရှိမယ်ထင်ပါရဲ့။

''ထူးဆန်းလိုက်တာနော်၊ ဒီလက်ချောင်းသွယ်သွယ်လေးတွေက





ဒီလောက်နုဖတ်နေပြီး ပန်းပင်တွေကို ပြုစုပျိုးထောင်နိုင်တယ်တဲ့''

'ဟင်းနော်၊ ကျွန်မက ချက်တာပြုတ်တာတွေပါ ဝါသနာပါသေးတာရှင့်'လို့ ပြောချလိုက်ချင်ပေမယ့် ရေလာမြောင်းပေးသလို ဖြစ်သွားမှာမို့ နှုတ်ခမ်းကိုသာ အသာလေးကိုက်ထားလိုက်ရပါသည်။ အမရာတော့ ကိုယ့်စိတ်နဲ့ကိုယ် ရန်ဖြစ်ရတော့မယ်ထင်ပါရဲ့။

''မေးတာကိုမဖြေဘူးဆိုတော့ ချစ်သူမရှိဘူးလို့ ကိုယ်ယူဆလိုက်မယ်နော်။ ဒါဆိုရင် မေမေတို့စီစဉ်ပေးတာကို ကိုယ်တို့ခေါင်းညိတ်လိုက်ကြရအောင်။ 'အား၊ ကိုယ့်ရင်တွေ တအားခုန်နေတာကို စမ်းကြည့်လိုက်ပါဦး အမရာ''

ဘယ်ဘက်ရင်အုံအောက်ဆီ အမရာလက်ဝါးလေးကို ဖိကပ်စေပြီး ရွတ်လိုက်စဉ် တကယ်ပဲအခုန်မြန်နေသည့်အရာလေးကို စမ်းမိလိုက်လေသည်။

www.burmeseclassic.com



## အခန်း (၃)

ညာဘက်လက်ဖျားကို ဆုပ်ကိုင်မိစဉ် တစ်ကိုယ်လုံး ရှိန်းတိန်းတိန်းဖြစ်သွားရပါ၏။ 'အထိ'ဆိုတာကို ဘုန်းဘုန်းတွေ ဟောကြားတော်မူသည့်တရားမွေ့တွေထဲမှာသာ အမရာ ကြားဖူးတာမဟုတ်လား။ လက်တွေက အထိခံလိုက်ရသည့်က လက်ဖျားဖြစ်ပေမယ့် ဒီလက်ဝါးလေးက သူ့ရင်ခုန်သံကိုမှ စမ်းသပ်ဖူးလိုက်ရတယ်လို့။

မှန်တင်ခုံမှာ ထိုင်လျက်သားရှိနေတာမို့ မှန်ထဲအကြည့်ရောက်သွားစဉ် ပန်းရောင်သန်းနေသည့် အမရာ့မျက်နှာကိုမြင်လိုက်ရပါ၏။ အို့ ရှက်သွေးဖြာတယ်ဆိုတာ ဒါမျိုးကိုခေါ်လေသလား။

မဟုတ်သေးပါဘူး။ အမရာက 'အချစ်'ဆိုတာကို တစ်ခါလေးမှ

www.burmeseclassic.com



တွေ့ဖူးကြုံဖူးတာမျိုး မဖြစ်ဖူးတာပဲ။

"သမီးလေး"

အခန်းတံခါးပွင့်သွားတာကို မှန်ထဲမှမြင်လိုက်တာမို့ ကုတင်ပေါ် ဖျတ်ခနဲပြောင်းထိုင်လိုက်ရပါ၏။ တော်ကြာ မေမေက အမရာအလှပြင်နေတယ်လို့ထင်သွားမှာလေ။

"ဘာလုပ်နေတာလဲ"

"ဟင့်အင်း, ဘာမှမလုပ်ပါဘူးမေမေ"

ခေါင်းအုံးထက်မှာ ဖတ်လက်စစာအုပ်ကို မှောက်တင်ထားတာမို့ စာဖတ်နေသည်ဟု မေမေယူဆလိုက်ပုံပင်။ အမရာ့ဘေးမှာ အသာဝင်ထိုင်ကာ ကျောလယ်ခန့်သာရှည်သည့် အမရာ့ဆံပင်စင်းစင်းလေးကို ကိုင်ကြည့်လိုက်လေ၏။

"မေမေ့သမီးလေးက ဘယ်အချိန်ပဲကြည့်ကြည့် သိပ်ကျက်သရေရှိတာပဲ"

ပြုံးရုံသာပြုံးလိုက်ပြီး ကျေနပ်ရိပ်ကိုပြမိလေ၏။ အမရာ စကားနည်းသလို ဟိုဒေါက်တာလည်း အေးဆေးသူဖြစ်မှန်း ဟိုနေ့ကတည်းက သိလိုက်ရတာပါလေ။

"ဒါကြောင့်လည်း သားသစ်ဦးက တွေ့တွေ့ချင်း သဘောကျ





သက်ခံလိုက်တာပေါ့"

"ဟင်!"

"ဟုတ်တယ် သမီးရဲ့၊ အိမ်လာလည်တဲ့ညဘက်ပဲ နှစ်သစ်ဦးက သူ့မိဘတွေကို လက်ခံခေါင်းညိတ်လိုက်တာတဲ့၊ မေမေ့ကို Phone ဆက်ပြီး ထား,ပြောတယ်"

"မေမေ"

"ဘာလဲ. . . မေမေ့သမီးက ရုက်လန့်တကြားနဲ့ ငြင်းဆန်မလို့လား"

"မဟုတ်ပါဘူး"

"သမီးကတော့ မြင်မြင်ချင်း သူ့သဘောကျတာကို ချက်ချင်းဘယ်နှစ်သက်ပါ့မလဲ၊ မြန်တယ်လို့ထင်ချင်ထင်မှာပေါ့၊ မေမေနားလည်ပါတယ်သမီးရဲ့။ ထားတို့ဘက်ကလည်း မြန်မြန်ဆန်ဆန်ကြီးစေ့စပ်တာမျိုး အတင်းအကျပ်ကြီးမလုပ်ပါဘူး။ သမီးရင်ထဲက လိုက်လိုက်လှဲလှဲကျေကျေနပ်နပ်လက်ခံတာကို စောင့်မှာပါတဲ့"

တော်ပါသေးရဲ့၊ ဒီလောက်အထိနားလည်ပေးပေလို့ပဲ၊ မဟုတ်ရင် အမရာက ငိုချလိုက်မိတော့မှာလေ၊ ကိုယ့်ကိုယ်ကို ငယ်သေးတယ်လို့ထင်တာထက် အေးအေးလူလူ စိတ်မရှုပ်ဘဲ နေချင်တာမို့ ဒီကိစ္စကို

www.burmeseclassic.com



လုံးဝမေ့ထားချင်တာကို။

"ပြောပါဦး၊ သမီးကိုကို့ကို စိတ်ထဲမှာ နှစ်သက်ရဲ့လား၊ စကား ပြောတာကအစ အင်မတန်သိမ်မွေ့တဲ့ကလေးပဲဟာ"

"ဟင့်အင်း, အမရာ မသိဘူးမေမေ"

မေမေက မျက်ခုံးပင့်ကာ အမရာ့ကို ပြုံးစစကြည့်လိုက်လေ၏။ မယုံဘူးလား၊ မယုံတဲ့သဘောသက်ရောက်တဲ့အကြည့်မျိုးနဲ့ ကြည့်လိုက်တာကို။

"ဘယ့်နှယ် မသိဘူးလဲသမီးရဲ့၊ ဟိုက လက်ကိုင်တာတောင် သမီး မငြင်းဆန်ဝံ့တာ သူ့ကိုသဘောမကျတာလား၊ မေမေ မယုံဘူးနော် အမရာ"

"မဟုတ်ဘူးမေမေ၊ မဟုတ်ပါဘူး. . . အဲဒါက"

စကားကို မဆက်သေးဘဲ တံတွေးကိုအမြန်မျိုချလိုက်ရလေ၏။ ဒေါက်တာနှစ်သစ်ဦးက အမရာ့ကိုမြင်တာနဲ့သဘောကျပြီး ခေါင်းညိတ်လိုက်တာတဲ့လား။ ဖြစ်နိုင်ပါ့မလား။ တစ်ကြိမ်တစ်ခါမှ မရင်းနှီးဖူးပါဘဲ အခုလိုသံယောဇဉ်မျိုးဖြစ်စရာလားလို့။ မဖြစ်နိုင်တာ။

"ဘာဖြစ်လို့ မဟုတ်တာလဲ သမီးရဲ့၊ ဟိုနေ့ညနေက သစ်ခွခြံထဲမှာ သမီးနဲ့သားသစ်ဦးကို ဖေဖေနဲ့မေမေလှမ်းတွေ့လိုက်ရတာ မျက်





သက်သေပါကွယ့်"

"အာ, အဲဒါ သူ့နှလုံးခုန်တာကို စမ်းကြည့်ခိုင်းတာပါ မေမေရဲ့။ တို့ထင်သလိုမျိုးမဟုတ်ရပါဘူး"

"ဟုတ်လား၊ ဆရာဝန်က သူ့နှလုံးခုန်တာကိုပြန်စမ်းခိုင်းတာ ပြန်ကြီးဖြစ်မနေဘူးလားသမီးရယ်၊ မှန်အောင်လည်း ပြောပါဦး"

"အမရာ တကယ်ပြောနေတာပါမေမေရယ်"

"ထားပါတော့၊ သူ ဘာစကားတွေများ သမီးကိုပြောခဲ့လို့လဲ"

ဟော,စလာပါပြီ၊ ဘေးကျပ်နံကျပ်မေးခွန်းတွေ။ နဂိုကတည်း အမရာက စကားလုံးအသုံး ရှားပါးပါတယ်ဆိုနေမှပဲ၊ ဖြေရခက်အောင် မေးရတယ်လို့။

"ဒီလိုပါပဲ"

"ဟယ်, ဘယ့်နှယ်ဒီလိုပါပဲလဲ သမီးရယ်။ သမီးကိုဘာမှမပြောတော့ သူ့ဆီက ခေါင်းညိတ်လက်ခံစရာသတင်း ဘယ်ထွက်လာပါ့ မညာရဘူးလေ"

အလိုလေးနော်၊ မရမကကိုမေးနေတော့တာပါလား၊ အခုထိ ဒီလက်ဖဝါးကို မကြာခဏပြန်ကြည့်နေမိတာ ဒီနေ့အထိပါပဲ၊ မေမေရှေ့မှာ မကြည့်မိတာဘဲ တော်ပါသေးရဲ့လို့ တွေးမိတဲ့အတွေးက ကြက်

www.burmeseclassic.com



ပျောက်ငုက်ပျောက်,ပျောက်ချေပြီလေ။

ဘယ့်နှယ်လုပ်ရပါ့မလဲ၊ ယေစဦကတည်းက ဒီအရွယ်ထိ
ကြိမ်မှ မညာခဲ့ဖူးတဲ့သမီးအလိမ္မာမို့ ဖြေရမှာ ဒုက္ခနဲ့ကြုံချေလေပြီ

အမရာ, နင့်ကိုမွေးထားတဲ့အမေကို ဘာမှလျှို့ဝှက်လို့မရဘူး
တာကို ဘာကြောင့်မသိရတာတဲ့လဲ။

"သူက အမရာကို မေမေ့ကိုပြောသလိုပြောသွားတာမျိုး
မဟုတ်ပါဘူး"

"ဒါဖြင့် ဘာတဲ့တုန်းသမီးရဲ့"

"ဟိုလေ. . . လက်ကိုင်တုန်းက အမရာ ရှန်းဖို့ပြင်ပါသေးတ
မေမေရဲ့၊ ဒါပေမဲ့ သူပြောနေတဲ့စကားကြောင့် အမရာ ထူပူပြီး ဘာ
ရမှန်းမသိတော့လို့ပါ"

"ဘာလဲ၊ သူက မေမေ့သမီးကို ညည်းစားစကားများပြောလို့လား

"အာ. . . မဟုတ်တာ မေမေကလည်း၊ တွေ့တွေ့ချင်း အဲ
ဘယ်သူက ပြောမှာလဲလို့"

"ဟဲ့, ကျောင်းတက်တုန်းကတော့ သမီးနောက်ကို ကောင်
တွေ တကောက်ကောက်လိုက်ပြီး ပြောကြတာဆို"

ကဲ၊ ကဗျာ့လျှောက်ချွန်သမျှ မေမေတို့နားထဲ အကုန်ရောက်





ပါပဲလား။ ကဗျာနဲ့အမရာ Day တက်တော့ ရုပ်ချင်းလည်း ခပ်
ချွင်ချွင်၊ ဆံပင်ကိုလည်း ဆင်တူထားပြီး အတူတက်ခဲ့ကြတာပါ။
ချင်းတစ်ဝမ်းကွဲမို့ အမရာတို့ညီအစ်မက နှစ်ဝမ်းကွဲ တော်စပ်
ရတာလေ။

ဖေဖေရောမေမေပါ အေးဆေးကြတာမှန်ပေမယ့် ကဗျာ့ပါပါက
တော့ ဖေဖေ့ကိုပြိုက်ဘက်သဖွယ် သဘောထားခဲ့တာပါ။ စာပြိုင်ရုံမျှ
မေမေ့ကိုပိုးပန်းခဲ့တာကလည်း အပြိုင်မို့ ရန်စက ပိုကြီးသွားတာ
ကြားဖူးနားဝရှိခဲ့တာလေ။

ဖေဖေ့ကို မေမေအဖြေပြန်ပေးပြီးတော့မှ လူကြီးတွေပေးစားတဲ့
န်တီဆွေ့ကို ဦးကို ယူခဲ့တာပါ။ သမီးတစ်ယောက်စီကို လပိုင်းသာ
ပြီး မွေးတာတောင် သူတို့သမီးကဗျာက ပိုချောပိုလှတယ်ဆိုပြီး ဂုဏ်
ခဲ့တာက လက်တွေ့ပါပဲ။

လူကြီးတွေ စိတ်ထဲမတည့်ကြပေမယ့် ကလေးနှစ်ယောက်က
တယ့်ညီအစ်မအရင်းတွေလိုချစ်ကြတာမို့ 'မချစ်သော်လည်း အောင့်
နမ်း' ဆောင်ပုဒ်လို နှစ်အိမ့်တစ်အိမ် မေးထူးခေါ်ပြောတော့ ရှိကြ
လေ၊

ကဗျာကတော့ နှုတ်ဖွာသည့်နေရာမှာ အန်တီဆွေနဲ့တူပြီး အမရာ

www.burmeseclassic.com



အပေါ် (စိတ်ထင်) နည်းနည်း Jealous ဖြစ်တာက ဦးကိုနဲ့စိတ်တူသလိုပဲ။

ငယ်ငယ်ကတည်းက ဘာလေးပဲဝယ်ဝယ် အမရာ့မှာရှိသမျှ သူ့မှာ ရှိအောင် (အမရာ့ကွယ်ရာမှာ) အန်တီဆွေ့ကို ပူစာကျင့်ရှိသည့်လေ ငယ်တုန်းကတော့ မသိသေးနားမလည်သေးပေမယ့် အမရာ ကလေ လေးပဲဖြစ်ဖြစ်၊ ဘီးကုပ်လေးပဲ ပန်ပန်၊ နောက်ရက်မှာ သူ့ခေါင်းထက် မြင်ရတော့တာပါပဲ။

အရွယ်ရောက်လာတော့ လွယ်တဲအိတ်၊ စီးတဲ့ဖိနပ်ကအစ သယ် ထားပြီး လိုက်ဝယ်တာကို မြင်တော့မှ အမရာသိခဲ့ရတာပါ။ ဒီတော့ လည်း အမရာ့မုန့်ဖိုးငွေထဲကဖဲ့ပြီး နှစ်ယောက်စာ ဆင်တူဝယ်ပြီး ပေးခဲ့ကျင့် စွဲတော့တာလေ။

ဒီလိုပေးတာကို မိဘတွေသိကြပေမယ့် အပြစ်မဖို့တာမို့ ကဗျာဟာ အမရာ့အပေါ် မသိမသာ (အကြီးဖြစ်ပြီး) နိုင်စားချင်သလိုလိုဖြစ်နေတာပါပဲ။ သူစိမ်းလို ဝေဖန်ရရင်တော့ ကဗျာဟာ မဆိုစလောက်ပါလေး အမရာ့အပေါ် စိတ်ပုပ်ရှိသည်ဟု ပြောလို့ရလေ၏။

အမရာကသာ ကဗျာဘာလုပ်လုပ် အိမ်ကိုပြန်ပြောလေ့ မရှိပေမယ့် ကဗျာကတော့ ထိုသို့မဟုတ်ပါ။ အမရာ့ကို ဆူကွက်ရှိရလေအောင်





ရှာကြံပြီး သတင်းပို့တဲ့ကိစ္စက အကျင့်ပါနေတော့တာ ဒီအရွယ်အထိပါလေ။

"သူက ရိုးရိုးသားသားပြောတာပါ မေမေရဲ့။ ပန်းပင်လှလှလေးတွေက ပန်းစိုက်တဲ့လက်ကလေးရဲ့အလှကို မမီဘူးတဲ့"

"ပြီးတော့ရော"

ပြီးတော့ 'ချစ်သူရှိလား' လို့မေးတဲ့မေးခွန်းကိုမေးကြောင်း ဘယ်လိုပြောရမှာပါလိမ့်။ နောက်ဆက်တွဲမှာ လူကြီးတွေပြောကြတာကို နားထောင်လိုက်တော့မယ်ဆိုတဲ့ကိစ္စကြီးကို ဆက်ပြောရတော့မှာကို။

ခက်ချေပြီကော အမရာ။

"အမရာ့မှာ. . . အမရာ့မှာ စိတ်ဝင်စားရတဲ့သူရှိလားတဲ့၊ မေးတယ်"

"ဘယ်ဆိုးလို့လဲ၊ ဆရာဝန်ပေါက်စလေးပေမယ့် စကားလုံးလှလှလေးတွေ သုံးတတ်သားပဲ။ ဒါ သမီးကိုစိတ်ဝင်စားမှုရှိလို့ ပဏာမမျိုးတဲ့ နိဒါန်းစကားလုံးပေါ့သမီးရဲ့။ အဲဒီတော့ သမီးက ဘာပြန်ဖြေလိုက်သလဲ"

"ဟင့်အင်း"

"ဆိတ်ဆိတ်နေခြင်းက ဝန်ခံခြင်းလို့ သူပြောရောလား"

www.burmeseclassic.com



မျက်နှာထက် နွေးခနဲဖြစ်သွားရပါ၏။ ဟုတ်သားပဲ၊ တကယ်ဆို အခု မေမေပြောသလိုမျိုး သူ ယူဆလိုက်ရမှာလေ။ အခုတော့ အဲဒီလို မဟုတ်ဘဲ ရှေ့ကိုခြေတစ်လှမ်းတိုးလိုက်ရတယ်လို့။

"အဲဒီလိုမပြောဘူး"

"ဘာတဲ့လဲ"

"မရှိဘူးလို့ ယူဆလိုက်မယ်တဲ့"

အမရာ့အသံတုန်သွားပေမယ့် မေမေက သဘောကျစွာဖြင့် တိုး တိုးရယ်မောလိုက်လေ၏။ ပြဿနာပဲနော်၊ အချစ်ဆိုတဲ့အရာကို ဘာမှ နားမလည်ပါဘဲ ဘုမသိဘမသိနဲ့ လူတစ်ယောက် စေ့စပ်ချင်တာကို လက်ခံရတော့မှာလေ။

"အဲဒါ. . . သမီးကိုချစ်တယ်လို့ သူ ဝန်ခံသွားတာပေါ့သမီးရဲ့၊ မဟုတ်ဘူးလား။ အဲဒါနဲ့ လူကြီးတွေစကားကိုနားထောင်ကြစို့လို့ ပြော ရောဆိုပါတော့။ ဟုတ်လား"

"အမရာ မသိဘူး"

"ဟယ်! သမီးကလည်း"

"ဟုတ်တယ် မေမေရဲ့၊ သူ့နှလုံး အရမ်းခုန်နေလို့ စမ်းကြည့် ဆိုပြီး လက်ကို ရင်ဘက်ပေါ်တင်တာကို ရှက်လို့ထူပူနေတာပဲ သိတော့





သူဘာတွေပြောသလဲဆိုတာ ဘာမှမသိတော့ဘူး"

"ဟုတ်ပါပြီ. . . ဟုတ်ပါပြီ၊ မေမေ့သမီးက ဒီကိစ္စမျိုး နဖူးတွေ့ ဒူးတွေ့ ခုမှကြုံရတာကိုး။ မေမေဒီလောက်တော့ နားလည်ပါတယ် သမီး ရယ်။ ကဲ, ဒါဆိုရင်တော့ ပြစ်ချက်တစ်ချက်ကလေးမှ ရှိမနေတဲ့ အဲဒီ ဒေါက်တာနှစ်သစ်ဦးကိုလက်ခံဖို့ အချိန်ယူစဉ်းစားပေတော့လို့ မေမေ ပြောချင်တယ်။ ဒါပါပဲ"

ကဲ, ပွဲက သိမ်းချေပြီ၊ ဘာမှပြောစရာမရှိတော့အောင် စကား ဖြတ်သွားပြီကိုး။ မေမေအခန်းထဲမှထွက်သွားတော့မှ အိပ်ရာထက် လှဲ ချလိုက်မိ၏။ လက်နှစ်ဘက်ကို ဆန့်လိုက်မိစဉ် ခေါင်းအုံးကြား ညပ် နေသည့် CD ချပ်ဘူးလေးကို သွားစမ်းမိလေသည်။

အဆိုတော်'ချမ်းချမ်း'ရဲ့ 'တကယ်ဆို အချစ်ပဲလိုတယ်'တဲ့။

အမရာ့မှာတော့ ဒီလိုအဖြေရှိမနေပါဘူး။ နံပါတ်မေးခွန်းကတော့ what is love? ဆိုတဲ့အချစ်ဆိုတာ ဘာလဲဆိုတာပါလေ။

www.burmeseclassic.com



## အခန်း (၄)

"မမလေးရဲ့မမ, လာပါတယ်ကွယ်"

ဝက်သားပေါင်းရန် နယ်ဖတ်နေစဉ် ခြံရှင်းနေသည့် ကိုသောင်းက မီးဖိုခန်းပြတင်းဝမှ လာပြောတာမို့ ခေါင်းကိုသာ ညိတ်ပြလိုက်ရလေ၏။ အခုမှ မနက် (၈)နာရီရှိသေးတာ၊ ကဗျာတစ်ယောက် ဘာကိစ္စရှိလို့ ရောက်လာပါလိမ့်နော်။

"အမရာရေ"

"မီးဖိုခန်းထဲမှာ ကဗျာရေ့"

ဘုရားပန်းတက်လဲပြီး ဆင်းလာပြီဖြစ်သည့်မေမေက ဖြေလိုက်လေ၏။ ကဗျာက မေမေ့ကို သူမာမာနှင့်ယှဉ်ပြီး ကြည့်တတ်သည်လေ။

www.burmeseclassic.com



ခေတ်ဆန်ဆန်နေသည့်အန်တီဆွေနှင့် မပြင်မဆင်နေသည့် ရိုးရိုးကြီး မေမေမှာ ဘာမှန်းမသိသည့် ကွာခြားချက်တွေ အများကြီးရှိနေတာ တော့ အမှန်ပါပဲ။

“ဒီနေ့ ဘယ်မှမသွားဘူးလား ကဗျာ၊ အိမ်ကိုအစောကြီးရောက် လာရတယ်လို့”

“အဟင်း, အမရာနဲ့တိုင်ပင်စရာကိစ္စရှိလို့ပါ အန်တီသက်ရဲ့”

“အလို! ထူးထူးဆန်းဆန်းပါလား”

မေမေ့စကားက ဤမျှသာပါပဲ၊ စပ်စုတာမျိုးမဟုတ်ပေမယ့် အိမ် ကိုလာတဲ့တူမကို ပဋိသန္ထာရစကားမျှသာ ပြောဖြစ်တာမျိုးပါ။ မေမေ ရော အမရာပါ စကားနည်းကြပေမယ့် အန်တီဆွေတို့သားအမိကတော့ ဖြင့် ပေါက်ပေါက်လော့်တဲ့အမျိုးတွေပါလေ။

“ဟိတ်! ဘာလုပ်နေလဲ”

“ဟင်းအိုးပြင်နေတာ မတွေ့ဘူးလား”

“မျက်နှာကလည်း လက်ကိုတိမ်ဖုံးထားသလို မသာမယာဖြစ်နေ ပါလားဟယ်”

စကားလုံးလှလှလေးတွေ သုံးပြလိုက်တာမို့ အမရာ ပြုံးလိုက် မိပါ၏။ စိတ်ထဲမှာ ဒေါက်တာ့ကိုပါ သတိရသလိုဖြစ်သွားတာကြောင့်





သက်ပြင်းကို ကြိတ်ရှိုက်လိုက်ရလေသည်။ မဖြစ်သေးပါဘူး၊ မေမေစဉ်း စားနိုင်းထားတာနဲ့ သူ့အကြောင်းတွေက မကြာခဏ ခေါင်းထဲရောက် လာတာမို့ စိတ်အနှောင့်အယှက်ဖြစ်ရတာလေ။

“လှပဲ ကဗျာရဲ့၊ လူတစ်ခု ပုံမှူရယ်က ဆယ်ကုဋေဆိုတာ မကြား ဖူးဘူးလား”

“လာတယ်,လာတယ်၊ ရင်ထဲမှာ တော်တော်ပြည့်နေပုံထောက် ရင် အန်တီသက် ဆူထားလို့ပဲ။ ဟုတ်လား”

မရည်ရွယ်ပါဘဲ မျက်စောင်းခဲလိုက်မိ၏။ ဟင်းအိုးကို အဖုံးအုပ် မီးဖိုထက်တင်ကာ၊ လက်ဆေးပြီး အရင်ခြောက်အောင် သုတ်လိုက်ကာ၊ ပြီးမှ ခလုတ်ဖွင့်လိုက်ပါသည်။ ကြည့်ရတာတော့ တော်တော်နဲ့ပြန်မည့် ပုံ မပေါက်ပါလားနော်။

“ဘာစားလာလဲ”

“Breakfast... လား”

“အင်းပေါ့”

“No! ”

“ဟင်! ဘာမှမစားဘဲ အိမ်လျှောက်လည်ဖို့ထွက်လာရတယ်လို့”

“ကိုယ့်လေးလေးအိမ် ကိုယ်လာတာပဲဟယ်၊ ဒီရောက်ရင် ညီမ

www.burmeseclassic.com



တော်က တစ်ခုခုကျွေးလိမ့်မှာပေါ့"

"တော်တော်ဟုတ်တယ်၊ ကျွေးချင်စရာကောင်းတဲ့သူကိုး"

ကဗျာက ရယ်ရယ်ပြုံးပြုံးဖြင့် အမရာ့အနီးရှိခုံမှာ ဝင်ထိုင်လိုက်ပါသည်။ ဒီဟင်းအိုးက နောက်ဆုံးပဲမို့ တို့စရာလုပ်ဖို့သာ ကျန်တော့၏။ အခုလောလောဆယ် ကဗျာ့အတွက် စားစရာတစ်ခုခုလုပ်ပေးမှပါပဲ။

"ကော်ဖီသောက်မလား"

"မသောက်ချင်ပါဘူး"

"ဒါဆို ဘာစားမှာလဲ"

"ထမင်း"

"ဟယ်! အစောကြီးကို"

"ထမင်းပူပူလေးကို ဆီလေးဆားလေးနဲ့ နင်စားတာမျိုး နယ်ပေးပါလား"

နောက်တစ်ကြိမ် မျက်စောင်းထိုးလိုက်မိပြန်၏။ ကဗျာက အမရာလို ထမင်းမကြိုက်ပါဘဲ ဒီနေ့မှ အထူးအဆန်းတွေ ပူဆာနေတာကိုး။ ဆွမ်းတော်တင်ပြီးပြီမို့ မိဘတွေကိုယ်စား ထမင်းအိုးထဲမှ ထမင်းဦးကို အသာဖယ်ထားလိုက်ပြီး ထမင်းခူးလိုက်ပါ၏။ ပဲဆီမွှေးမွှေးလေးနှင့် မြေပဲဆံကြော်ကို ဆားဖြင့် ထမင်းရောနယ်ကာ ဇွန်းတပ်ပေးပြီး





ပန်းကန်ကို စားပွဲထက် တင်ပေးလိုက်သည်။

"ငရုတ်သီးကြော် စားမှာလား"

"No"

အစပ်ကြောက်သည့်ကဗျာ့အတွက် ငါးပိကြော်နည်းနည်းကို ပန်းကန်ပြားလေးထဲ ထည့်ပြင်ပေးကာ လဖက်ခြောက်နှပ်ထားသည့်အိုးထဲမှ အဖန်ရည်ကို အဖုံးပါသည့်ကြွေခွက်လေးထဲငှဲ့ပြီးမှ ရေနွေးအဖြူရောပြီး ချပေးလိုက်ပါ၏။ အမရာကတော့ ရေအေးသာ နှစ်သက်လေသည်။

"ကဲ့, ဆို"

"ဒီမှာပြောလို့မဖြစ်ဘူး"

"အမယ်! ပုံစံကိုက တကယ့်ထိပ်တန်းလျှို့ဝှက်ချက်ယူလာတဲ့ ရှားစပိုင် Style နဲ့"

"ရှူး. . . နင်ဖတ်နေတဲ့စာအုပ်တွေထဲကလို ငါ့ကိုမပြောစမ်းပါနဲ့ အမရာရယ်။ တကယ်ပြောနေတာ. ငါ့ကိစ္စ နင့်အမေသိလို့မဖြစ်ဘူး"

"လာပြန်ပြီ အထူးအဆန်း။ ကဲပါ, ထမင်းကိုသာစား။ တော်ကြာ အမေဝင်လာရင် ထမင်းမစားဘဲ စကားများနေလို့ အမရာပါ အဆူခံရမယ်"

"ဟင်းဟင်း, အေးဆေးပါဟာ၊ အန်တီသက်က မာဟုလို Car-

www.burmeseclassic.com



penter (လက်သမား)မှမဟုတ်ဘဲ''

''ဘာလဲ''

''ငါ့မာမာက ပါးစပ်ကလည်းပြော၊ လက်ကလည်း ပါတယ်လေ ဒါကြောင့် နင့်လို စုံထောက်ဝတ္ထုတွေ သိုင်းဝတ္ထုတွေ မဖတ်ဘဲနဲ့ အရောင်အရွှားသိုင်းပေါင်းစုံတွေ တတ်နေတာပေါ့''

နှစ်ယောက်သား တီးတိုးရယ်လိုက်မိကြ၏။ စကားပြောနေရင်း သခွားသီးတို့ သရက်သီးတို့ကို ရေဆေးပြီး အနေတော်အစိပ်လေးတွေ ဖြစ်အောင် လှီးနေလိုက်ပါသည်။ အမရာက ဘယ်သူပဲလာလာ လုပ်နေ သည့်အလုပ်ကို အပျက်မခံတတ်သည့်သူလေ။ ဟိုဒေါက်တာကတော့ ချွင်းချက်ပေါ့နော်။ သူ့ကိုက လေးစားတာရော၊ အားနာတာရော၊ မေမေ တို့သူမှာကိုကြောက်တာ အားလုံးပေါင်းပြီး အလေးပေးညှော်ခံရတာကို

''နင်မလုပ်တတ်တာ ဘာတွေရှိသေးလဲ''

''ဘာကိုလဲ''

ခရမ်းပြုတ်သီးလေးတွေ ရေစိမ်ထားတာ ဆယ်ရင်း မေးတော့ ကဗျာက အမရာ့လက်ထဲ လုပ်နေတာကို မေးငေါ့ပြလိုက်လေ၏။

''ဪ၊ မိန်းကလေးပဲ ကဗျာရယ်၊ မလုပ်တတ်တာတွေ အများ ကြီးရှိသေးတာပေါ့''





''နင်၊ ဒီလောက်တတ်နေတာတောင် မလုပ်တတ်တာ ရှိသေး သယ်၊ ဘာတွေများလဲ''

''ရှိတာပေါ့၊ သံရိုက်တာမျိုး၊ တိုင်စိုက်တာမျိုးတွေ မကျွမ်းကျင် ...လက်ခဏာခဏထိတာလေ''

''ဟဲ့၊ အဲဒါ ယောကျ်ားလေးတွေအလုပ်ပဲဟာ၊ တတ်စရာလို လို့လား''

''လိုတာပေါ့ ကဗျာရဲ့၊ အလုပ်ဆိုတာ ကျား၊မ ခွဲခြားစရာမလို ...အကုန်လုပ်တတ်လေ ကောင်းလေပဲ၊ ယောကျ်ားလေးတွေလည်း ...ချက်တတ်ပြုတ်တတ်ရင် ပိုကောင်းတာပေါ့။ ဒါမှ မိဘတွေ မသန်စွမ်း ...တော့တဲ့အခါမျိုး၊ အင်း၊ မိန်းမ မကျန်းမာတဲ့အခါမျိုးမှာ ဒုက္ခမရောက် ...ဘဲ ကူပြီးချက်နိုင်မှာတဲ့''

''တဲ့၊ဆိုတော့ ဘယ်သူ့ဒဿနလဲ''

''အမရာ့လက်ဦးဆရာ မေမေပေါ့''

''နင့်အမေက အကုန်ကိုသင်ပေးထားတာပဲလား''

''သင်ပေးတာပေါ့၊ ငွေကို ခြေ့ခြေ့စပ်စပ်ချွေတာသုံးဖို့ကအစ ...ကုန်ကိုသင်ပေးတာ။ အိမ်တစ်အိမ်ရဲ့ဝင်ပေါက်က သေးပေမယ့် ထွက် ...ပေါက်က အကြီးကြီးတဲ့ရှင့်''.

www.burmeseclassic.com



ကဗျာက ရေသောက်လိုက်ပြီး နှာခေါင်းကို ရှုံ့ပြလိုက်လေ
အရှိက်များ ထိသွားလေသလား။ ကဗျာတို့သားအမိငါးသနာကိုက Shop-
ping ထွက်တာပဲကို။ ဒီလိုဖောဖောသီသီသုံးခွင့်ရနေပေမယ့် စိတ်
ထိန်းချုပ်မရနိုင်ဘဲ အမရာ ဝယ်သမျှပစ္စည်းတွေကို လိုချင်စိတ် ဖြ
တည်နေတာလေ။

"ငွေဆိုတာ သုံးဖို့ပဲမဟုတ်လား အမရာရဲ့။ ဒါကြောင့် ငွေ
ရေလို့ ခေတ်စကားသုံးနေကြတာပဲဟာ"

"မှန်တယ်လေ၊ ဒါပေမဲ့ အသုံးနဲ့အဖြုန်းကို ခွဲခြားတတ်ဖို့တော
ဉာဉ်လိုမှာပဲ ကဗျာရဲ့။ ရေကို လိုသလိုပဲသုံးသလိုမျိုး ငွေကိုလည်း
တာထက်ပိုပြီးမသုံးရင် ပိုကောင်းတာပေါ့ ကဗျာရယ်၊ အိမ်ရှင်မဆိုတ
အိုးပြည့်အောင် ဖြည့်ရတဲ့သူတဲ့။ အိုးမှောက်အောင် သွန်တဲ့သူမဖြ
အရေးအကြီးဆုံးပဲတဲ့လေ"

ကဗျာက စားပြီးသားပန်းကန်ကို အမရာ့ရှေ့သို့ တွန်းပို့လို
လေ၏။ အဲဒါပါပဲ၊ ကိုယ်စားတဲ့ ထမင်းပန်းကန်ကိုတောင် မဆေ
သူမကို ဘယ်လိုအမျိုးသားမျိုးက အိမ်ရှင်မအဖြစ် ရွေးချယ်မှာတဲ့
မေမေသာမြင်ရင် ထဆူမှာ အသေအချာပါပဲလေ။

"အဲဒါတွေ ငါမသိဘူး အမရာရယ်. . . သိလည်းမသိချင်ပါ
တ်ရှုပ်စရာကြီး"

"လက်ဆိုတာ သုံးဖို့ဖြုန်းဖို့အတွက် ကိုရိယာမှမဟုတ်ဘဲ ကဗျာ၊
လုပ်လုပ်ဖို့ ပါလာတဲ့အရာပါ။ ဒီလက်တွေကြောင့် ဒီဗိုက်ပြည့်အောင်
ရသလို ဒီခန္ဓာကိုယ်ကို သပ်ရပ်ပြည့်စုံအောင် ဖန်တီးပေးတဲ့ အဖိုး
တန် တန်ခိုးရှင်ဟဲ့"

"အမယ်လေးနော်၊ တရားပေါက်ယောဂီလေသံကြီးနဲ့ ပြောနေ
ပါပြီ။ ငါ ပန်းကန်မဆေးလို့များ စောင်းပြောသလား မှတ်ရတယ်"

"ကဗျာက အမရာ့ထက် နှစ်လပိုကြီးရင် ပိုပြီးသိသင့်တာပေါ့
ရဲ့။ အမရာဆို ဆယ်တန်းအောင်ပြီးကတည်းက မိဘဆီမှာ တစ်
မှ မှန့်ဖိုးလက်ဖြန့်ပြီး မတောင်းရတော့ဘူး"

"ဟင်! ဒါဆို နင် ဘယ်ကငွေနဲ့သုံးသလဲ၊ ဘွားဘွားအမွေ ရ
လို့လား"

"ဩော်၊ ဘွားဘွားရဲ့အမွေကို ကဗျာရော အမရာပါ အသက်
တ်ပြည့်မှ ထုတ်ခွင့်ရမှာလေ ကဗျာရဲ့။ အမရာက ခြံထဲမှာ သစ်ပင်
ပင်တွေစိုက်ပြီး ရှာတာပေါ့။ ဖေဖေ့ကုမ္ပဏီမှာ ဝင်လုပ်ချင်ပေမယ့်
တ်မချဘူးပြောလို့ ဒီလိုအိမ်တွင်းမှုတွေ အကုန်သင်ပြီး တတ်ခဲ့ရတာ။
ထိုးပန်းထိုးတွေရော၊ အိတ်တွေထိုးတာကနေစပြီး အဲဒီသစ်ပင်ပန်းပင်

www.burmeseclassic.com



မှန်သမျှ အမရာ့လက်ကဖြစ်တဲ့ ရွှေတွေပေါ့''

''နင် အဲဒီလောက်တောင်ရလား''

''ရတာပေါ့၊ ရသမျှဝင်ငွေကို တစ်လစာချုပ်တိုင်း လေးပုံပုံခဲ့တ တစ်ပုံက ဘုရားလှူဖို့၊ တစ်ပုံက ဖေဖေနဲ့မေမေ့အတွက် သီတင်းကျွ ရင် ကန်တော့ဖို့၊ တစ်ပုံက မရှိဆင်းရဲသားတွေကို တတ်နိုင်သလော လှူဖို့နဲ့ ကျန်တစ်ပုံကိုက အမရာ လိုအပ်တာသုံးဖို့ဆိုပြီး ခွဲထားတ လေ။ ဝါတွင်းရယ်၊ ကထိန်ရယ်၊ မွေးနေ့တွေမှာ ဘုန်းဘုန်းတွေ အမြဲတမ်း သင်္ကန်းပရိက္ခရာအစုံကပ်တယ်။ အဲဒါက တစ်ခြမ်းကို သ သောင်းကျော် ကုန်တယ်။ အဲဒါကိုတော့ အမရာသုံးတဲ့အထဲကပဲ ဖ ပြီး သုံးတာ။ အပင်တွေကို ပွားတန်တာပွားတာမျိုး လိုတဲ့ပစ္စည်းပစ္စ ဝယ်တာမှန်သမျှလည်း အမရာ့အပုံငွေထဲကချည်းပဲ၊ ကဗျာ့ကိုဝယ် တာတွေရောပေါ့။ ကဲ, မနည်းမှန်း သိပြီလား''

ကဗျာက တအံ့တသြမျက်နှာဖြင့် အမရာ့ကို အငေးသားကြ နေစဉ် ပန်းကန်အပေကို ဆေးပြီး စင်ပေါ်မှောက်ကာ စားပွဲကိုရှင်း ချေပြီ၊ သိမ်းတန်တာ အကုန်သိမ်းပြီးမှ တို့စရာပွဲပြင်တာကို ဆ လုပ်လိုက်ပါ၏။ ပြီးရင် ထမင်းအုပ်ဆောင်းလေးဖြင့် အုပ်ရုံသာကျ တော့တာလေ။





''ဒါဆို နင် တစ်လရတဲ့ငွေက ဘယ်နှသိန်းလောက်ရှိလဲ အမရာ''

''သိချင်လို့လား''

''အင်းပေါ့''

''ဟောဒီထက် မနည်းဘူးရှင့်''

''ဘာရယ်၊ တစ်လကို သုံးသိန်းကျော်တောင်ရတယ်၊ ဟုတ်မှ တ်ရဲ့လား''

လက်သုံးချောင်းထောင်ပြတာကို မှန်းပြောနိုင်တဲ့ကဗျာ့ brain တွက်တီပါပဲလား။ ဒါကတော့ အမရာနဲ့ IQ ဆင်တူမှန်းသိနိုင်သည်

''မယုံလည်း မတတ်နိုင်ပါဘူးရှင်၊ ကဲ, အခု မီးဖိုချောင်အလုပ် ပြီးပါပြီ။ ဟင်းအိုးရေခန်းတာကို မမြဲ ကြည့်နိုင်းရုံပါပဲ။ ခြံထဲဆင်း ကျန်တယ်၊ လိုက်မှာလား''

''အင်း''

''မမလေး, ခြံရှေ့မှာ ပန်းဝယ်မယ့်သူ ရောက်နေပါတယ်''

''လာပါပြီ ကိုသောင်းရဲ့''

ကဗျာ့ကို 'ဘယ်လိုလဲ' ဟု အဓိပ္ပာယ်ရသည့်မျက်ခုံးတစ်ဖက်ကို ပင့်ပြလိုက်ပြီး ကျေနပ်စွာပြုံးလိုက်မိ၏။

www.burmeseclassic.com



အမရာ့တစ်နေ့တာမှာ နားချိန်က ညဘက်သာရှိနေတာ အမှန်ပါပဲလေ။



အခန်း (၃)

ခြံဝတံခါးရှေ့မှာ ရပ်စောင့်နေသည့်လူငယ်တစ်ယောက်ကို ဖော်ရွေစွာပြုံးပြလိုက်ပါ၏။ အမရာ့မျက်နှာက အမြဲပြုံးရွှင်မှုရှိကာ တစ်ဖက်သားကို ရင်းနှီးမျှဝေဟန်အပြည့်ရှိပေမယ့် ယောကျ်ားလေးတွေရှေ့မှာတော့ ထိုအပြုံးမျိုး မပြုံးမိအောင် အမြဲသတိချပ်နေမြဲပါလေ။

''ဝင်ပါရှင်, ဘာပန်းများ လိုချင်တာပါလဲ''

''ပိန်းပန်းက စပြောပါရစေ''

''ရပါတယ်, ပြောပါ၊ ပန်းရောင်ကတော့ စျေးပေါပါတယ်။ တစ်ပွင့်ကို တစ်ရာပါရှင်။ အနီနဲ့အဖြူကတော့ တစ်ပွင့်သုံးရာပါ။ ကြက်သွေးရောင်က ရှားတာမို့ တစ်ပွင့်ကို ငါးရာ ရောင်းပါတယ်''

www.burmeseclassic.com



''အနီပဲယူမှာပါ ခင်ဗျ၊ ငါးပွင့်ပါ၊ ပြီးတော့ တခြားသစ်ခွပန်းတွေကြည့်ပြီး ဝယ်ပါ့မယ်''

''ရပါတယ်၊ လိုက်ကြည့်ပြီး၊ မှာပါရှင်။ အနီငါးပွင့်ပိန်းပန်းက တစ်ထောင့်ငါးရာ ကျပါတယ်။ သစ်ခွက အိမ်ဘေးမှာပါ''

အမရာနှင့် မတိမ်းမယိမ်းလူငယ်ကို ထောင့်ငါးရာပြောမိပြီးမှ သတိရပြီး မျက်နှာပန်းရောင်သန်းသွားတာမို့ မျက်နှာကို အမြန်လွှဲလိုက်ရလေ၏။ ငါ့နှယ်နော်၊ ကောင်လေးကိုမှ (၁၅၀၀)တောင်းမိရတယ်လို့။

''ဘာအမျိုးအစားတွေရှိတာလဲ၊ အပင်မျိုးတွေရော ရောင်းပါသလား''

''အမျိုးကတော့ အစုံရှိပါတယ်ရှင်၊ နိုင်ငံခြားမျိုးကတော့ ရှားလို့ ဈေးကြီးပါတယ်။ အပင်လည်းရောင်းပါတယ်၊ မြေစိုက်သစ်ခွလေးတွေလည်း လှပါတယ်၊ ကြည့်ပါ၊ ကြိုက်တာရွေးပြီးမှ ကျွန်မညှပ်ပေးပါ့မယ်''

ကောင်လေးက သစ်ခွခြံတန်းထဲ ဖြည်းဖြည်းချင်းလျှောက်ရင်း ပြုံးလိုက်လေ၏။ ကဗျာက အမရာ့လက်ဖျံကိုအသာလှမ်းဆွဲကာ ဘာသဘောလဲပုံစံဖြင့် အသံတိတ်မေးဆတ်ပြလိုက်ပါသည်။ လုပ်ပြန်ပြီ ဒီကောင်လေးကို ကဗျာ့ဆီ မရိုးမသားလာပုံမျိုး ထင်နေပြန်ပြီထင်ပါရဲ့။

''အမရာ''





''ဘာလဲ''

''နင့်လူက ပန်းလာဝယ်တာမဟုတ်ရဲ့လား''

''ဩော်၊ ပန်းလာမဝယ်လို့ ဘာလာလုပ်ရမှာလဲ ကဗျာရဲ့''

''သူ့မျက်နှာ ဒီလောက်ပြုံးစိစိဖြစ်နေတာကိုကြည့်ပါလား၊ မယုံသင်္ကာဖြစ်စရာကြီး''

''ရှူး. . .''

ကဗျာ့ကို အသံတိတ်အချက်ပြလိုက်စဉ် ကောင်လေးက ရှားပါးသစ်ခွတစ်အိုးကို လက်ညှိုးထိုးလိုက်လေ၏။

''ဒီအပင်ဆို ဘယ်လောက်လဲ''

''အဲဒါ တစ်သောင်းခွဲပါ''

''ဟင်! အပွင့်သေးသေးလေးဖြစ်ပြီး ဈေးက ဒီလောက်ကြီးရတယ်လို့''

''အရောင်က ရှားလို့ ဈေးကြီးတာပါ''

''ပန်းရောင်ပဲလေ''

''မဟုတ်ဘူးရှင့်. . . သေချာကြည့်ကြည့်ပါဦး။ မိတ်ကပ်ရောင်နဲ့ အသားရောင်ရောထားတဲ့အပွင့်ပါ။ အလယ်မှာ အဝါဖျော့ဖျော့လေး ပါတာမြင်လား၊ ကျွန်မဝယ်တုန်းက လက်သီးဆုပ်လောက်အပင်လေးရှင့်။

www.burmeseclassic.com



အဲဒီကနေ ရှင်သန်ပွားများအောင် မနည်းဂရုစိုက်ပြုစုပေးခဲ့ရတာ၊ ဒီ
အိုးဆိုရင် တော်ရုံနဲ့မသေတော့ဘူး''

''နည်းနည်းတော့ လျှော့ပါဗျာ. . . အမေ့မွေးနေ့အတွက် လက်
ဆောင်ပေးချင်လို့ပါ''

''မရလို့ပါရှင်၊ ရှင်လျှော့စေချင်ရင် တခြားသစ်ခွပွင့်ဝယ်တော့
အပိုလက်ဆောင် ထည့်ပေးလိုက်ပါ့မယ်၊ စိတ်ချပါ။ ဒါဖြင့် မွေးနေ့ပွဲ
အတွက် ပန်းအိုးပန်းစည်း ပြင်ဖို့ပေါ့နော်''

''ဟုတ်ပါတယ်''

''မနက်ဖြန်ပေါ့,ဟုတ်လား''

''ဟုတ်ကဲ့ခင်ဗျာ''

''အဲဒါဆိုရင် အရွက်တွေကျောက်ခက်တွေနဲ့ ကျွန်မ တစ်ခါတည်း
ပြင်ပေးလိုက်ပါ့မယ်။ အချိန်တော့ နည်းနည်းပေးရမှာ၊ ဖြစ်ရဲ့လား''

''ဖြစ်ပါတယ်ခင်ဗျ''

''ခဏလေးနော်''

အမရာက ကဗျာနှင့် ထိုလူကို သစ်ခွခြံထဲ ခဏထားခဲ့ပြီး အိမ်
ထဲ ခဏဝင်လာခဲ့ပါ၏။ ဖန်ပန်းအိုးပက်ပက်လေးတွေ၊ ပန်းစိုက်ဆူးတွေ
ကို လိုသလိုသုံးရန် Plastic ဇကာထဲ ထည့်ယူခဲ့ပါသည်။ ဒါတွေက





သည်း လက်ဆောင်အဖြစ် ထည့်ပေးလိုက်ရတော့မှာပါပဲ။ အမေ့မွေး
နေ့ပွဲလို့ ပြောတာကို။

''ပန်းပြင်ပေးတာရော ဒီပစ္စည်းတွေပါ ကျွန်မလက်ဆောင်အဖြစ်
ပေးပါ့မယ်။ ကြိုက်တာရွေးလို့ရပြီလားရှင့်''

''ဟင့်အင်း''

''ရှင်! ''

''ပန်းတွေက အကုန်လှနေတော့ ရွေးရခက်နေလို့ပါ''

''ဖြစ်ရလေ၊ ဒါဆိုရင်လည်း ကျွန်မ ကြည့်ရွေးပေးလိုက်ပါ့မယ်။
ဘယ်နှအိုးလောက် ပြင်ပေးချင်လဲ''

''ငါးအိုး''

''ဒါဆို နှစ် (၅၀)ပြည့်ပွဲလား''

''မှန်လိုက်တာဗျာ''

ကဗျာက ဘာကိုသဘောကျမှန်းမသိ၊ တဟင်းဟင်းရယ်နေတော့
၏။ အမရာနဲ့ထိုလူပြောတဲ့စကားတွေထဲမှာ ရယ်စရာမပါဘဲ ရယ်လိုက်
တာမို့ ပစ္စည်းတွေကို ပန်းခြံထဲထားထားသည့် သစ်သားစားပွဲပေါ်တင်
ရင်း မျက်စောင်းခဲလိုက်မိပါ၏။ ဘယ်လိုအစ်မပါလိမ့်နော်။

''အန်တီက အနီရောင်ကြိုက်တယ်နဲ့တူတယ်''

www.burmeseclassic.com



"ဟုတ်တယ်၊ ဘယ်လိုသိလဲဟင်"

"ပိန်းပန်းအနီ ရွေးလို့လေ၊ မဆိုးဘူး၊ တာရှည်ခံတဲ့ပန်း ရွေးနိုင်လို့။ ဒါဆိုရင် သစ်ခွကို အဖြူတစ်အိုး၊ အဝါတစ်အိုး၊ ကြက်သွေးရောင်တစ်အိုးနဲ့ ရောင်စုံတစ်အိုး ထိုးပေးလိုက်ပါ့မယ်။ ဖြစ်ရဲ့လားရှင့်"

"ဖြစ်ပါတယ်ခင်ဗျ၊ ဖြစ်ပါတယ်၊ အဆင်ပြေသလိုသာ ကြည့်လုပ်ပေးပါ"

အမရာက ကိုယ့်စိတ်ကြိုက် လုပ်ပိုင်ခွင့်ရပြီမို့ ခပ်သွက်သွက်လေး ပန်းလျှောက်ခူးကာ စိတ်ရှည်လက်ရှည် ပြင်ဆင်ပေးလိုက်ပါသည်။ နာရီဝက်ကျော်ကျော်ကြာချိန်အပြီးမှာတော့ ပန်းအိုးငါးအိုးက စားပွဲထက် အစီအရီပြင်ပြီးလေ၏။

"လုလိုက်တာဗျာ၊ ဖိုးသစ်မြင်ရင် ပြောတော့မှာပဲ"

"ရှင်! "

"ဩော်, ဟိုလေ၊ ကျွန်တော့်ကိုမပြောနဲ့လို့ သူသတိပေးလိုက်တာပဲခင်ဗျ၊ ဒါပေမဲ့ မပြောဘဲ မြိုနေရလို့ လျှာတွေတအားယားနေပြီ"

"ဘာပြောချင်လို့လဲ"

"ကျွန်တော့်သူငယ်ချင်း ညွှန်လိုက်လို့ ဒီကိုရောက်လာခဲ့ရတာပါ။ ဒီလောက်အဆင်ပြေပြေမျိုးရမယ်လို့ ထင်တောင်ထင်မထားမိဘူး။





တော်လိုက်တာ မအမရာမောင်ရယ်"

"ရှင်! ကျွန်မနာမည်ကို ဘယ်လိုသိတာလဲ"

"ဖိုးသစ် ပြောလို့ပါ"

"ဖိုးသစ်ဆိုတာက"

"ဒေါက်တာနုစ်သစ်ဦးပါခင်ဗျ"

"ဟယ်! "

ပန်းပင်၊ သစ်ခက်ဖြတ်စတွေကို စုကိုင်ရင်း တအံ့တသြဖြစ်သွားကာ မျက်နှာပင် ပူသွားရပါ၏။ ဒေါက်တာနုစ်သစ်ဦးရဲ့သူငယ်ချင်းတဲ့။ ဒါဆို သူလည်း ဆရာဝန်ပဲပေါ့။ ခက်တာပဲ၊ အမရာ ဒီလိုဈေးသည်ဆန်ဆန်ပြောသမျှ ဟိုဒေါက်တာ အကုန်ပြန်သိတော့မှာလေ။ ရှက်လိုက်တာနော်။

"ဒါဆို ရှင်လည်း ဆရာဝန်ပေါ့၊ ဟုတ်လား"

"ဟုတ်ပါတယ်၊ ကျွန်တော် ဒေါက်တာသက်မှူးလွင်ပါခင်ဗျ၊ ဖိုးသစ်နဲ့အတူတူပါပဲ"

"အားနာလိုက်တာ၊ ဒေါက်တာက စရောက်ကတည်းက ကျွန်မကို ပြောမပြဘူး"

"အားမနာပါနဲ့ မအမရာမောင်။ အဲဒီလိုဖြစ်မှာစိုးလို့ ဖိုးသစ်

www.burmeseclassic.com



က ကျွန်တော့်ကို သေချာပြောလိုက်တာခင်ဗျ။ စီးပွားရေးနဲ့ လူမှုရေး မသက်ဆိုင်ပါဘူး။ ဖိုးသစ်သူငယ်ချင်းဆိုပြီး ဈေးမလျှော့ပါနဲ့''

ကဲ၊ ဘယ့်နှယ်လုပ်ရမှာပါလိမ့်။ ပြင်ဆင်ပေးထားသည့်ပန်းကိုစွ က အနည်းဆုံး သုံးသောင်းခွဲလောက်ရှိတာကို တောင်းဖို့ ခက်ပြီလေ။ ဘယ့်နှယ်ကနေဘယ်လို အမရာ ဒီလိုရောင်းတတ်တာ ဟိုဒေါက်တာ သိသွားရတာပါလိမ့်။ မေမေက အကုန်လျှောက်ပြောထားတာပဲ ထင်ပါရဲ့။

''ဘယ်လောက်ကျပါသလဲ''

သက်ပြင်းကို ကြိတ်ရှိုက်လိုက်မိစဉ် ဒေါက်တာသက်မှူးလွင်က ပေါ့ပါးသည့်အပြုံးကို ပြုံးပြလေ၏။ ဒါကြောင့် အမရာ့ကို ရင်းနှီးကျွမ်းဝင်သလိုမျိုး သူကြိတ်ပြုံးနေတော့တာကိုး။

''အားမနာပါနဲ့ မအမရာမောင်၊ ပြောပါခင်ဗျ''

''အားလုံး သုံးသောင်းခွဲပါ၊ အိမ်ရောက်မှ စင်တွေ စားပွဲတွေပေါ် ပြင်ဆင်ပြီးမှ ရေထည့်ထားလိုက်ပါ''

''တစ်လက်စတည်း စားပွဲခင်း ထိုးထားတာတွေပါ ရနိုင်မလား ခင်ဗျ''

ကဲ. ပြောကိုမပြောချင်တော့ပါဘူး၊ အမရာလုပ်တတ်တာ မှန်





သမျှ အဲဒီဒေါက်တာ သူ့သူငယ်ချင်းတွေကို လျှောက်ပြောတာပါပဲလား။ ရှင်ဘယ်လိုလုလဲ ဒေါက်တာနှစ်သစ်ဦးရယ်။

''ဟင်! အဲဒါလည်း သူပြောတာပဲလား''

''ဟုတ်ကဲ့''

''ဟယ်! ကျွန်မလုပ်တတ်သမျှ အဲဒီဒေါက်တာ အကုန်လျှောက်ပြောနေတော့တာပါလား''

''အမှန်တွေပြောတာပါ မအမရာမောင်။ ဖိုးသစ် မြင်မြင်ချင်း ခေါင်းတစ်ခါတည်း ညိတ်အောင်ဖြစ်ခဲ့တာကို ကျွန်တော်လှောင်ခဲ့မိတာကို ဝန်ခံပါတယ်။ ကျွန်တော်က အခုမှ နဖူးတွေ့ဒူးတွေ့ကြုံရတဲ့လူကိုး''

''တော်ပါတော့ရှင်၊ ကျွန်မအစ်မရှေ့မှာ မြှောက်လွန်းနေပါပြီ''

''ဩော်၊ ဒါ မအမရာမောင်ရဲ့အစ်မလား။ ကျွန်တော်က သူငယ်ချင်း ထင်နေတာ။ ရုပ်နည်းနည်းဆင်သလိုပဲ''

''ဟုတ်ပါတယ်. . . နှစ်လပဲကြီးတဲ့ ဝမ်းကွဲအစ်မပါ ဒေါက်တာ။ ဆောင်းကဗျာတဲ့''

''တွေ့ရတာ ဂုဏ်ယူပါတယ် မဆောင်းကဗျာ''

''အို. ကဗျာ့နာမည်ကို 'မ'တပ်ပြီး မခေါ်ပါနဲ့ ဒေါက်တာ။ နား

www.burmeseclassic.com



ထောင်လို့မကောင်းလို့ပါ''

ရင်းနှီးလွယ်တဲ့လူမို့ စကားလက်ဆုံကျသွားစဉ် အမရာ အိမ်ထဲ တစ်ခေါက် ပြန်ဝင်ခဲ့ရပြန်လေ၏။ ဗီရိုအံဆွဲထဲ စီထပ်ထားသည့် စီလွန်ခြည်ထိုးစားပွဲခင်း (၁၀)ခုကို အသာထုတ်ယူခဲ့ပါသည်။ ဘယ်စားပွဲ ဘယ်ဗီရိုပေါ်မဆို အသုံးပြုနိုင်ရန် အဖြူနှင့်ဆင်စွယ်ရောင်နှစ်မျိုးသာ ထိုးထားသည့်စားပွဲခင်းလေးတွေက size မျိုးစုံရတယ်လေ။

''ဟာ, အများကြီးပါပဲလား''

''ဟုတ်ကဲ့၊ လိုချင်သလောက်ပဲယူပါ ဒေါက်တာ''

''ဒါတွေက ဘယ်ဈေးလဲခင်ဗျ''

''အသေးက ငါးထောင်ပါ။ ဒီလေးထောင့်ကတော့ ရှစ်ထောင်ပါ။ ဒါကတော့ တစ်သောင်းနဲ့ သောင်းနှစ်ထောင်၊ အစားစားပါပဲ''

''တစ်ချောင်းထိုးလား ခင်ဗျ''

''ဟုတ်ပါတယ်''

''ဒါလည်း မအမရာမောင် နှစ်သက်တာပဲ ရွေးပေးပါခင်ဗျ၊ စာရင်းပေါင်းပြီးရင် ကျွန်တော် ငွေရှင်းပါ့မယ်''

''ဟုတ်ကဲ့''

ခပ်လတ်လတ်စားပွဲခင်းငါးခုကို ရွေးပေးပြီး စာရင်းပေါင်းကာ





ငွေချေစေပါ၏။ အခင်းတွေကို Plastic bag ထဲ သပ်သပ်ရပ်ရပ်ခေါက်ထည့်ပေးကာ ပန်းပြင်ထားသည့်အိုးတွေကို ကားပေါ်သို့ ကိုသောင်းကို သယ်ခိုင်းလိုက်ရလေသည်။

''သွားပါဦးမယ် မအမရာ၊ အားလုံးအဆင်ပြေသွားတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်''

''ဟုတ်ကဲ့ပါ ဒေါက်တာ၊ နောက်လိုအပ်တာရှိရင်လည်း ကျွန်မဆီ ဆက်သွယ်နိုင်ပါတယ်၊ ကျွန်မကလည်း ဒေါက်တာ့ကို ကျေးဇူးတင်ပါတယ်ရှင်''

''ဖိုးသစ်ကို ဘာများပြောပေးရမလဲ''

''ဟင့်အင်း''

ဒေါက်တာသက်မှူးလွင်က လက်ထောင်ပြကာ ကားလေးကို မောင်းထွက်သွားတော့၏။ အမရာ့လက်ထဲမှာကတော့ ငါးထောင်တန် (၁၆)ရွက်က အထပ်လိုက်လေး ရှိနေလေသည်။

ကြည့်ပါဦး၊ ဒေါက်တာနှစ်သစ်ဦးက အမရာ ဝင်ငွေရအောင် သို့ ကူညီပေးလိုက်သတဲ့လေ။ အံ့ဩစရာကြီးပါလားနော်။

www.burmeseclassic.com



## အခန်း (၆)

"ဘယ်လို! အာ. အမ့်ရာ မကူညီနိုင်ဘူး။ သူစိမ်းသူရဲ့အိမ်မှာ နှစ်လကြီးများတောင် သွားနေရမှာကိုသိရင် မေမေတို့က ပိုတောင်လွှတ်မှာမဟုတ်ဘူး ကဗျာရဲ့၊ မဖြစ်ဘူး"

"နင်ကလည်း လုပ်မယ်ဖြင့် မကြံသေးဘူး။ အဖျက်က အရင်ပြောနေပြီ။ ကူညီပါဟာ၊ ငါ့မှာ အကူအညီပေးမယ့်သူဆိုလို့ နင်ပဲ ရှိတာ အမရာရဲ့"

"ကျစ်!"

စုတ်သပ်မိလေ၏။ ဘယ့်နှယ်က ဘယ်လိုများဖြစ်ပြီး အမရာ့လိုမျိုး ကဗျာ့မှာပါ ဒီကိစ္စကြုံရတာပါလိမ့်။ ဒီမှာ အမရာ့ကိစ္စကိုတောင်

www.burmeseclassic.com



ဘယ်လိုဖြေရှင်းရမှန်းမသိဘဲ ဦးနှောက်ခြောက်နေရတာလေ။ အခုတ
ခါ ကဗျာကပါ လာပြီး အပူထပ်ဆောင်းနေပါရောလား။

"ဒီမှာ အမရာ့ပြဿနာတောင် ဘယ်လိုရှင်းရမှန်း မသိလို့
ဆိုနေမှ"

"နင့်ဒေါက်တာကြီးလား၊ မချောလို့လားဟဲ့"

"သူ့ဖာသာသူတော့ ခန့်ပြီး. . . ကြည့်ကောင်းပါတယ်ကဗျာရဲ့
အမရာက စိတ်မဝင်စားပေမယ့် သူ့ဘက်က လိုလားကြောင်းပြနေ
ခေါင်းခဲနေတာ။ အမရာ့ကိစ္စကိုတောင် ဘယ်လိုနည်းနဲ့ရှင်းရမလဲ မတွေ
တတ်သေးတာကို၊ ကဗျာ့ကို ဘယ်လိုကူညီနိုင်မှာလဲ"

"လုပ်ပါဟာ, ကြံမှပေါ့ဟ၊ နှစ်ယောက်ခေါင်းနဲ့စဉ်းစားရင်တော့
ဒီကိစ္စ ပျက်နိုင်ပါတယ်"

"ဒါဆိုရင် အမရာ့ကိစ္စကျတော့ရော"

ကဗျာက ပခုံးလေးတွန့်ကာ လှောင်ပြလိုက်လေ၏။ သူ့ကိစ္စ
တော့ ကူညီနိုင်းပြီး အမရာ့ကိုတော့ မကူညီချင်တာ အသိသာကြီး
လား။ အတော့်ကိုချစ်စရာကောင်းတဲ့အစ်မပါလားနော်။

"နင့်ဒေါက်တာကြီးက ပျိုတိုင်းကြိုက်တဲ့နှင်းဆီခိုင်ကြီးပါ အမ
ရဲ့။ ဒီလိုဂုဏ်ဒြပ်မျိုးကို လိုချင်သူတွေ ဝိုင်းဝိုင်းလည်နေမှာပါ။ ဘာဖြ





ရှိလို့လဲ။ အချိန်တန် လက်ခံလိုက်ပါဟဲ့"

"အို!. . . ဘာလို့လက်ခံရမှာလဲ၊ အမရာက အဲဒီကိစ္စကို စိတ်
မဝင်စားတဲ့ဟာ"

"ဒါဆိုလည်း စောစောကတည်းက ငြင်းပါလားဟဲ့။ အခု နင့်
ကြောင့် ငါ့ကိုလည်း မာမာတို့စိစဉ်ပေးကြတာလေ"

"ဟင်! ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့၊ နင်က အငယ်ဖြစ်ပြီး လေးလေးက အရင်စီစဉ်
ပေးလို့ဆိုပြီးတော့ ငါ့ကို မာမာနဲ့ပါပါ ထပြီးစီစဉ်တာ။ ဒီကိစ္စမှာ နင့်
ယောဂလည်းပါတယ်။ ဒါပဲ"

အမရာ မျက်လုံးဝိုင်းသွားရပါ၏။ လုပ်ချလိုက်ပြန်ပြီ၊ မဆီမဆိုင်
သူစေ့စပ်မယ့်ကိစ္စကို အမရာ့ဆီ ပုံချရတယ်လို့၊ တကယ်ဆို အမရာ့ကို
ဆက် ဖေဖေ့ကို ဦးဦးက မနာလိုတိုရှည်ဖြစ်ပြီး ကောက်စီစဉ်တာပဲဖြစ်
နိုင်ချေရှိတာပါလေ။

အခုတော့ လူကြီးတွေကြောင့် လူငယ်နှစ်ဦး ဘေးကျပ်နံကျပ်
ပြဿနာနဲ့ရင်ဆိုင်နေရပါပကော။ ဒီကိစ္စကို အမရာမှမကူညီရင် အပြစ်
အကြီးကြီးကျတော့မယ့်ပုံ ပေါက်နေပြီလေ။

"အဲဒါ အမရာက ဘာလုပ်ရမှာလဲ"

www.burmeseclassic.com



"မာမာတို့ စိတ်တိုင်းကျ အဲဒီမှာ နှစ်လသွားနေပြီး အိမ်မှုကိစ္စ လုပ်ပေးဖို့ပါပဲ"

"ဟင်! အိမ်မှုကိစ္စ"

"အင်းလေ၊ ဩော်, အိမ်မှုကိစ္စဆိုတာ အိမ်ဖော်လိုမျိုးသွားနေပြီး လုပ်ရမှာကို မဆိုလိုပါဘူးအမရာရဲ့။ ဟိုမှာ သူတို့အလုပ်သမားတွေ ရှိထားပြီးသားပါ။ အိမ်အသစ်ကို စပြောင်းမှာမို့ စီမံပေးရုံပါပဲ၊ ငါက သူအရင်ပြန်လာမယ့်တစ်ပတ်အလိုမှ အတူလာနေမယ်"

"ဟင်, အဲဒီကို အမရာတစ်ယောက်တည်း သွားနေရမှာလား"

"ငါလိုက်ပို့ပေးမှာပါဟဲ့၊ မာမာတို့စုံစမ်းရင်တော့ အဲဒီမှာ ငါပဲ ရှိနေသလိုမျိုး လုပ်ရမှာပဲ၊ သူရောက်လာတော့ သူစိတ်ပျက်အောင် တို့ညီအစ်မနှစ်ယောက်ပေါင်းပြီး လုပ်ရုံပဲ"

"ဘာလုပ်မှာလဲ"

"အဲဒါ ငါကြည့်စီစဉ်မှာပါဟဲ့"

ဒုက္ခရေ သူ့ Plan နဲ့သူကတော့ ဟုတ်နေတာပါပဲလား။ ဒီမှာ အမရာ့အပင်တွေကို နှစ်လလုံးလုံးပစ်ခဲ့ရမှာကိုတော့ ထည့်မတွက်တာ အတော့်ကိုတရားတယ်ထင်နေပြီလားမသိ။

"မဖြစ်ဘူး"





"ဘာမဖြစ်တာလဲ"

"ဒီမှာ အမရာ့အပင်တွေကို ပစ်ထားခဲ့ရမှာလေ။ အပင်တွေ သေကုန်မှာပေါ့လို့"

"အဲဒါ ကိုသောင်းကို ကြည့်ထားခိုင်းလို့ဖြစ်တာပဲဟာ"

"အာ, ကိုသောင်းက ရေပိုက်ကြီးနဲ့ ရွှဲနေအောင် လောင်းဖို့ပဲသိတာ ကဗျာရဲ့။ အမရာ့ သစ်ခွပင်တွေကို အဲဒီလိုအရမ်းလောင်းလို့ ရတာမဟုတ်ဘူး။ spray ဘူးလေးနဲ့ အသာလေးဖြန်းမှ အပွင့်တွေမနာမှာ။ မေမေတောင် သိပ်ဂရုစိုက်တတ်တာမဟုတ်ဘူး။ အားလုံး သေကုန်မှ အမရာ စီးပွားပျက်မှာ"

"အမယ်လေးဟယ်၊ နင် ယောကျာ်းယူရင်လည်း အဲဒါတွေကို ပစ်ထားခဲ့ပြီး အပင်တွေ သေမှာပဲ၊ ဒါကိုများ နှမြောနေသေးတယ်"

"ကဗျာနော်၊ အမရာ ဘယ်မှာယောကျာ်းယူမယ်ပြောလို့လဲ"

"နင်မပြောပေမယ့် ဟိုက နင့်ကိုလာယူမှာပဲလေ။ စရံသပ်တဲ့ စေ့စပ်ပွဲတောင် မကြာခင်ဖြစ်လာတော့မှာ။ နင်ဘယ်လိုရှောင်လို့ရမှာ လဲ"

ပန်းခြံထဲချထားသည့် Plastic ခုံပေါ် စိတ်ပျက်စွာထိုင်ချလိုက်မိပါ၏။ ဒါလည်း ဟုတ်တာပဲ။ အချစ်ဆိုတာကို ဘာမှန်းသေချာမသိ

www.burmeseclassic.com



သေးခင် ဟိုဒေါက်တာနဲ့ ဘုမသိဘမသိစေ့စပ်ပွဲတော့ မလုပ်ချင်ပါ။ စေ့စပ်တယ်ဆိုတာ ဘဝကြီးတစ်ခုလုံးရဲ့တစ်ဝက်တိတိကို သူစိမ်းလက်ထဲ ထည့်ပေးလိုက်ရတာလို့ အမရာဖတ်ဖူးတဲ့စာအုပ်တွေထဲမှာ တွေ့ဖူးခဲ့တာလေ။

ဘဝကို ပေါ့ပေါ့တန်တန်သဘောထားပြီး ပျော်ပျော်သာနေလေ့ရှိတဲ့ ကဗျာလိုမိန်းကလေးတောင်မှ အိမ်ထောင်ပြုရမှာကို စိုးရိမ်နေရင် အေးအေးလူလူနေတတ်သည့်အမရာအဖို့ ပိုဆိုးတာပေါ့နော်။ ဘယ်လိုကြံရမယ်မှန်းမသိပေမယ့် ပထမဆုံးအကြိမ်အဖြစ် ကဗျာ့အပေါ်မှာ ကိုယ်ချင်းစာနာစိတ် ဖြစ်တည်လေ၏။

အမရာ့လိုပဲ ကဗျာလည်း သူ့ကိုယ်သူ နှမြောတသစိတ်တော့ ရှိရှာမှာပါလေ။

"စိတ်ညစ်လိုက်တာနော်"

"ငါလည်း စိတ်ညစ်ညစ်နဲ့ ထွက်လာတာပဲဟဲ့။ နင့်ကို အန်တီသက် ဘာပြောထားသေးလဲ"

"ဘာကိုလဲ"

"ဟိုဒေါက်တာနဲ့ကိစ္စကို ပြောတာလေ"

"အချိန်ယူပြီး စဉ်းစားထားတဲ့"





"သူကလည်း ဘယ်လောက်ကြာကြာစောင့်မယ်လို့ပြောတယ် ဟုတ်လား"

"သိဘူး"

"ကောင်းရော၊ နင်ဟာလေ. အိမ်ထဲအောင်းပြီး ဒီစကားမပြောတတ်တဲ့အပင်တွေနဲ့ချည်း ငြိမ်မနေနဲ့ အမရာရဲ့။ ပတ်ဝန်းကျင်တစ်ခွင်ကို မျက်စိဖွင့်ကြည့်ပြီး လေ့လာဦး။ အရမ်းအေးလွန်းတိုင်းလည်း ကောင်းတာမဟုတ်ဘူး။ နင့်ကို 'ငနုံမ'လို့ ထင်နေကြဦးမယ်"

"အံမယ်. အမရာက မနုံပါဘူးနော်"

"ဟုတ်တယ်လေ၊ တို့ အလယ်တန်းမြန်မာစာ မဟောသဓာ စာအုပ်ထဲက အမရာကတော့ တော်တာပေါ့"

ကြည့်. လူကို ကသိကအောင့်ဖြစ်အောင် ပြောတတ်ပါဘိ။ စိတ်တိုတိုဖြင့် ကဗျာ့ကို မျက်စောင်းသာ ခဲလိုက်မိတော့သည်။

"သမီးရေ ခုထိမပြီးသေးဘူးလား"

"ဟော. အန်တီသက် ခေါ်နေပြီ။ တော်ကြာ စစ်လားဆေးလား တွေ လုပ်နေဦးမယ်၊ ငါလစ်ပြီ"

"ဟယ်. အမရာ ဘာမှမကူညီနိုင်ဘူးနော် ကဗျာ"

"အဲဒီကိစ္စ ငါနောက်မှစီစဉ်ပြီး လာထပ်ပြောပြမယ်၊ ဒါပဲ ဒါပဲ"

www.burmeseclassic.com



ကဗျာက အမရာ့လက်မောင်းကို အသာပုတ်က ခပ်သွက်သွက် ခြေလှမ်းတို့ဖြင့် ပြန်သွားတော့သည်။ ဒီလောက် နေစောင်းတဲ့အထိ တွတ်ထိုးနေတဲ့ကိစ္စကို မေမေက အမရာ့ကိုမေးမှာက မေးမှာပါပဲလေ။

အိမ်ထဲကိုဝင်ခဲ့တော့ မေမေက ညှော်ခန်းမှာ ထိုင်စောင့်နေလေ၏။ ပုတီးပတ်တစ်ထောင်ပြည့်ချိန်အထိ အမရာနဲ့အတူ ကဗျာရှိနေတာကို သိပြီးသားပါပဲ။

"ဟိုကလေးမလေး ဘာလာလုပ်တာလဲ"

"လာလည်တာပါ မေမေ"

"မေမေ့ကိုမညာချင်ပါနဲ့ သမီးရယ်၊ သူက အိမ်ဆိုတာကို နားခို အိပ်စက်စရာနေရာလို့ပဲ သတ်မှတ်ထားတဲ့လူပါ။ အိမ်ထဲ အမြဲနေနေတဲ့သမီးဆီကိုလာဖို့ထက် အပြင်မှာလျှောက်လည်ရတာကိုပဲ သူပျော်မှာပါ။ ကိစ္စမရှိဘဲနဲ့တော့ ဒီလိုမလာမှန်း မေမေသိပါတယ် အမရာ"

ကဲ. အမရာ မပြောဘူးလား။ အမရာ့မေမေက ဘယ်ကိစ္စကိုမဆို သွေးအေးအေးနဲ့ ငြိမ်ငြိမ်သက်သက်လေး မေးမြန်းဖြေရှင်းနိုင်စွမ်းရှိသူလေ။ တစ်ကြိမ်မှမညာဖူးတဲ့ ဒီသမီးလေးကိုမြင်ရုံနဲ့ ရင်ထဲရှုပ်နေသမျှ အကုန်သိနေပြီထင်ပါရဲ့။

"ဟိုဥစ္စာလေ၊ သူ့ကို အန်တီဆွေတို့က စေ့စပ်ပေးတော့မယ့်အကြောင်းလာပြောတာပါ မေမေ"



"ထင်တယ်၊ ဆွေနဲ့ ကိုဆောင်းဟာ မေမေတို့ ဘာပဲလုပ်လုပ် အပြိုင်အဆိုင်ကို လိုက်လုပ်တော့တာပဲ။ အစ်ကိုပြောတုန်းက မယုံခဲ့သော တကယ်ဖြစ်နေတာကို။ ဘယ်သူနဲ့တဲ့လဲ"

"မသိဘူးမေမေရဲ့"

"ပြောမပြဘူးလား"

"ပြောတာကတော့ အများကြီးပဲမို့ အမရာမှ မမှတ်မိတာ။ ဝယ်သူ ရောက်လာလို့ အလုပ်ရှုပ်သွားတာနဲ့ စကားပြောချိန် ကြာသွားရတာပါ မေမေ"

"အင်းလေ၊ သူတို့ဟာသူတို့ ဘယ်သူနဲ့ပဲသဘောတူတူ သမီးကို သဘောတူထားတဲ့ ဒေါက်တာနှစ်သစ်ဦးနဲ့ အတင်းကြီးမပတ်သက်နင် ပြီးတာပဲ"

ဟော. မေမေပါ အမရာသိထားသလို သိနေတာပါပဲ။ အဲဒီကိစ္စနဲ့အဓိကအချက်က မေမေ့ကို ပိုင်ဆိုင်ခွင့်မရတဲ့ ဦးဦးကြောင့်ဆိုတာကိုလည်း မေမေ သိကောင်းသိမည်ထင်ပါရဲ့။

"ခုနပဲ သားသစ်ဦး Phone လှမ်းဆက်တာ သမီးကိုခေါ်ပေးလို့ပဲ၊ ကဗျာ ရောက်နေတာနဲ့ မခေါ်လိုက်တာ။ သူ့သူငယ်ချင်းကို

www.burmeseclassic.com



လွှတ်လိုက်တယ်ဆို"

"ဟုတ်ပါတယ် မေမေ"

"တွေ့လား။ အဲဒါမှ မိတ်ဆွေစစ်လို့ခေါ်လို့ရတာ။ ကိုယ့်အကျိုး သူ့အကျိုးမကြည့်ဘဲ ကူညီတတ်တဲ့လူမျိုးကမှ ပေါင်းသင်းလို့ကောင်း တာမျိုးကွယ့်"

လာပြန်ပါရောလား။ သူ့ကိုချီးမွမ်းတဲ့ကဏ္ဍက ခုထိမဆုံးနိုင်သေး ပါလားနော်။ ခုနလေးတင် ဒေါက်တာသက်မှူးလွင်က မနာလိုဘူးလို့ ပြောသွားသေးတာ ပူပူနွေးနွေးရှိသေးတာလေ။

"သူပေါင်းတဲ့အပေါင်းအသင်းကအစ သူနဲ့စိတ်တူကိုယ်တူအဆင့် တူ ရည်မွန်ရိုကျိုးတဲ့သူမျိုးတွေချည်းပဲ။ ဒါကြောင့် မေမေ့သမီးကို ဒီလို သဘောဖြူအူစင်းကောင်လေးနဲ့ သဘောတူရတာပေါ့"

"မေမေကလည်း အမရာ့ထက် (၆)နှစ်တောင်ကြီးတာ၊ ကောင် လေးမှမဟုတ်တာ"

"ဩော်, သမီးရယ်၊ ကြီးရင်မှ ငယ်ရင်ချိုတဲ့။ ဒီလောက်လေး အသက်ကွာတာ သမီးအတွက် မနစ်နာပါဘူး။ နောက်ဆို မေမေတို့ အတွက် မြေးလေးတွေ မွေးပေးရမှာနဲ့ မေမေ့သမီးက သားသစ်ဦးနဲ့ ရှယ်တူလို ရင့်ကျက်လာမှာပဲဟာ"





"အာ, မေမေကလည်း ဘာတွေပြောနေတာလဲ၊ ရှက်စရာကြီး"

"ဟဲ့, သမီးကလည်း လူ့ဘဝရိုက် လူ့တာဝန်နဲ့ မျိုးဆက်လေး တော့ ထားရမှာပေါ့။ ဒီအရွယ်ပဲ ရောက်နေပြီ။ ရှက်စရာလား"

မေမေ့နှုတ်က နားရှက်စရာတွေ ထပ်ထွက်လာမှာစိုး၍ ထရပ် လိုက်မိစဉ် မေမေက အမရာ့လက်ကို ဖျတ်ခနဲဆွဲထားလိုက်လေ၏။

"ဘယ်သွားဦးမလို့လဲ၊ မေမေပြောလို့ မပြီးသေးဘူးလေ"

"အမရာ ရေချိုးချင်လုပြီမေမေ၊ နေစောင်းနေပြီမို့ပါ"

"နည်းနည်းပဲပြောမှာပါ သမီးရယ်"

မေမေ့ဘေးမှာ အသာပြန်ထိုင်လိုက်ရလေ၏။ မေမေက အမရာ့ လက်ဖျားကို ခပ်တင်းတင်းလေးအုပ်ကာ အားပေးဟန်ပြုလေသည်။ ဘာပြောမှာမို့လို့ ဒီလိုလုပ်ရပါသလဲ။

"နောက်နှစ်ရက်ကြာရင် သားသစ်ဦး သမီးဆီ လာလည်လိမ့် မယ့်အကြောင်း ပြောချင်လို့ပါ"

"ဟင်!"

"အဲဒီအခါ ဟိုတခေါက်ကတုန်းကလိုပဲ ကောင်းကောင်းမွန်မွန် ဆက်ဆံစေချင်ပါတယ်သမီးရယ်"

ပြဿနာပဲ၊ ဒီလောက်ဆေးကုတဲ့အလုပ်ရှုပ်နေတဲ့သူက အမရာ့

www.burmeseclassic.com



ဆီ လာလည်ဦးမတဲ့လေ။ ဘာကိစ္စမှလည်း ကြီးကြီးကျယ်ကျယ်မရှိပါဘဲ၊ အကြောင်းမရှိအကြောင်းရှာပြီး လာမှာထင်ပါရဲ့။

အမရာ ကြို့တွေး ရင်မောရပြန်ပါရောလား ဒေါက်တာနှစ်သစ်ဦးရယ်။

❦❦❦



## အခန်း (၇)

ပိုးကျနေသည့်နှင်းဆီရွက်တွေကို ပန်းညှပ်ကပ်ကြေးဖြင့် တစ်ရွက်ခြင်း စိတ်ရှည်လက်ရှည် လိုက်ဖြတ်နေမိ၏။ ဒီပန်းပင်တွေက ရောင်းတာမျိုး သိပ်မရှိပေမယ့် မေမေ ဘုရားပန်းကပ်လှူင် အမရာကိုယ်တိုင် နှုးပေးဖြစ်တာလေ။

ရောင်းပန်းမဟုတ်တာမို့ အခင်းလိုက်ကြီး မစိုက်ဘဲ အိုးတွေနှင့်သာစိုက်သည့်နှင်းဆီက အရောင်တော့ စုံပါ၏။ အနီ၊ အဖြူ၊ ပန်းရောင် (ရေမွှေးနှင်းဆီ)၊ ကြက်သွေး၊ လိမ္မော်၊ မိတ်ကပ်ရောင် စသဖြင့် တစ်ရောင်နှစ်အိုးစီ စီတန်းချ၍စိုက်ထားကာ အဲဒီနှင်းဆီက မေမေ့အကြိုက်ဆုံးပန်းလည်း ဖြစ်လေသည်။

www.burmeseclassic.com



ညနေခင်းလေညင်းက ခပ်နွေးနွေး။ ဆည်းဆာနေကလည်း ခပ်ညိုညို။ ပန်းခြံတန်းတို့က အေးစိမ့်စိမ့်မို့ ထိုင်လိုက်၊ ထလိုက်၊ လျှောက်လိုက်ဖြင့် တစ်ယောက်တည်းပျော်နေမိလေ၏။ သီချင်းမညည်းတတ်ပေမယ့် လေသံကို ခပ်တိုးတိုးလေးလုပ်ကာ ငြိမ့်နေစဉ် ဘေးနားလာရပ်သည့်ခြေတစ်စုံကြောင့် အလန့်တကြားဖြစ်သွားရလေသည်။

"အမေ့!"

"ဟောဗျာ၊ လန့်သွားလား အမရာ"

ရုတ်တရက်မို့ ဘေးကိုရှောင်လိုက်စဉ် လက်ထဲမှ ပန်းညှပ်ကပ်ကြေးက လွတ်ကျလေ၏။ ခြေထောက်ကို အမြန်ရှောင်လိုက်ပါသော်လည်း ကပ်ကြေးဦးက လေးသည်မို့ ခြေမဘေးနားသို့ ခွဲချလိုက်သလို လာစိုက်လေတော့သည်။

"အား. . . ကျွတ်,ကျွတ်"

"ဟာ! sorry sorry အမရာ၊ ကိုယ်အသံမပေးဘဲ ရောက်လာမိလို့ ခုလိုဖြစ်ကုန်ရတာပါ။ တော်တော်နာသွားလား။ သွေးတွေထွက်နေပြီ"

လုံခြည်အောက်နား သွေးစွန်းမှာစိုး၍ အသာမကာ ရေပိုက်နှရာဆီလျှောက်တော့ သူက ပန်းညှပ်ကပ်ကြေးကို ကောက်ယူ၍ လိုက်





ခဲ့လာလေ၏။ ရေဘုံပိုင်ကိုဖွင့်ရန်ရွယ်စဉ် သူက ဖျတ်ခနဲအသာလှည့်ဖွင့်ပေးလိုက်ပါသည်။

"ကိုယ်လုပ်ပေးပါ့မယ်"

"ရပါတယ်"

"အိမ်မှာ Spirit တို့ဂွမ်းတို့ ရှိတယ်မဟုတ်လား"

"ဟုတ်ကဲ့"

"အရမ်းမဆေးနဲ့တော့လေ၊ သွေးက မတိတ်ဘူး။ ကြည့်ရတာ သွေးကြောထိသွားတယ်ထင်တယ်"

သူက ပန်းညှပ်ကပ်ကြေးကိုပါ ရေဆေးပြီး အမရာ့လက်ကို ဆွဲတွဲလျက် အိမ်ထဲသို့ခေါ်လာလေ၏။ အိမ်မှာ အမရာနှင့် မမြသာ ရှိပြီး မမေ့ကို ကိုသောင်းက ကားမောင်း၍ အပြင်လိုက်ပို့ပေးတာမို့ နှစ်ယောက်သာရှိသည်လေ။

"မမလေး ဘာဖြစ်လာလို့လဲ"

"မမြ၊ အမရာ့ကို ဆေးသေတ္တာဘူးလေး ယူလာခဲ့ပေးပါ။ ဒီမှာ ကပ်ကြေးထိသွားလို့"

"ဟုတ်ကဲ့, ဟုတ်ကဲ့"

"ခြေထောက်ကို ခုံပေါ်တင်လိုက်ပါ အမရာ"

www.burmeseclassic.com



"နေပါစေ၊ ကျွန်မပဲ လုပ်လိုက်ပါ့မယ်၊ ရဲကြီးနေပါ့မယ်ရှင်"

"အမရာရယ်၊ လူနာကိုဆေးကုပေးတဲ့ဆရာဝန်က ရဲပေးတယ်၊ ရဲကြီးတယ်လို့ရှိလို့လား"

"မဟုတ်ဘူးလေ"

"ဘာမဟုတ်တာလဲ"

"ကျွန်မက ဖေါက်တာ့လူနာမှမဟုတ်တာကို"

"ဟုတ်ပါတယ်၊ ကိုယ်ကလည်း အမရာကို ကိုယ့်လူနာမဖြစ်စေချင်ပါဘူး။ ဘာလို့လဲဆိုတော့ ကိုယ့်လူနာဖြစ်နေရင် ဒီလိုစေ့စပ်ချင်တာမျိုးတွေ၊ လက်ထပ်ချင်တာမျိုးတွေ လုပ်လို့မရဘူးလေ။ ဆရာဝန်တိုင်းရဲ့ စည်းတွေဘောင်တွေက အများကြီးရှိတာ အမရာရဲ့"

အမရာနှုတ်ဆိတ်သွားရပါ၏။ မမြယုလာပေးသည့်ဆေးသေတ္တာကိုဖွင့်၍ အရက်ပျံဆွတ်၊ ဆေးထည့် ပတ်တီးစည်းပေးနေပြီမို့ အမရာ၏ ရှက်ရဲရဲမျက်နှာလေးကို မော့မကြည့်ပေ၊ တော်ပါသေးရဲ့။

သူ့နှုတ်မှ 'ကျွန်တော်'ဆိုတဲ့ နာမ်စားကနေ 'ကိုယ်'လို့ပြောင်းသုံးနေတာကို သတိထားလိုက်မိပါ၏။ တကယ်ပဲ အမရာ့ကို စိတ်ဝင်တစားရှိနေလို့ အခုလို ပြောင်းသုံးတာထင်ပါရဲ့။ အမရာ့ဘက်က ဘာ အဖြူအမဲ သဲသဲကွဲကွဲမရှိသေးပါဘဲ အခုလို သူ့ဘက်က စပြောင်း





တာတော့ လွန်တယ်ထင်တာပဲနော်။

"မေးခိုင်ကာကွယ်ဆေး ထိုးမှပါပဲ"

"ဟင်! မထိုးပါဘူး"

"မထိုးလို့ဘယ်ဖြစ်မလဲ အမရာရဲ့၊ ကင်ကြေးက သံဆိပ်တက်ပြီး ကိုက်ချင်ကိုက်မှာ။ ကာကွယ်ဆေးမထိုးမှ အန္တရာယ်ဖြစ်လာရင် ဘယ်လွယ်မှာလဲ"

"မထိုးဘူးဆို လုံးဝမထိုးဘူးနော်"

ခါးခါးသီးသီးငြင်းကာ ခေါင်းခါပြနေသည့် အမရာ့ကိုမော့ကြည့်ပြီး သူပြုံးလိုက်လေ၏။ လူကို ကလေးလို့ထင်ပြီး လှောင်ပြုံးများ ပြုံးသလား။ အမရာ့လိုမိန်းမပျိုလေးကို အမျိုးသားဆရာဝန် (အမရာနှင့် စေ့စပ်မည့်သူ)က ဆေးထိုးပေးလို့ ဖြစ်နိုင်ပါ့မလား။ စဉ်းစားသင့်တာပေါ့နော်။

"ဟော, အမရာက ဘာကိုတွေးပြီး ကြောက်နေရတာလဲ။ ကာကွယ်ဆေးထိုးရင် လက်မောင်းမှာ ထိုးလို့လည်းဖြစ်ပါတယ် အမရာရဲ့။ ရှက်စရာမဟုတ်ပါဘူး"

"ဟင့်အင်း, မထိုးပါဘူးဆို"

သူက တစ်ချက်ရယ်မောလိုက်ကာ မတ်တပ်ရပ်လိုက်လေ၏။

www.burmeseclassic.com



ဧည့်ခန်းစားပွဲပေါ် တင်ထားသည့် အထုပ်နှစ်ထုပ်ကို အခုမှမြင်လိုက်ရပါသည်။ လက်စသပ်တော့ သူက အိမ်ထဲကိုအရင်ဝင်ပြီးမှ အမရာရှိနေတဲ့ပန်းခြံထဲ ရောက်လာတာကိုး။

"မထိုးလို့မဖြစ်ဘူး အမရာရဲ့။ တော်ကြာ ပိုးဝင်ပြီး ပုပ်သွားလို့ ခြေတစ်ဖက်ဖြတ်လိုက်ရရင် ဘယ့်နှယ်လုပ်မလဲ"

"ဟင်!"

"လိမ္မာတယ်နော်၊ ကိုယ့်ကိုဆေးမထိုးစေချင်လည်း အမျိုးသမီးဆရာဝန်ထိုင်တဲ့ဆေးခန်းကိုပဲ လိုက်ပို့ပေးပါ့မယ်။ ဟုတ်ပြီလား"

ငြိမ်နေလိုက်ရပါ၏။ လိမ္မာတယ်နော်တဲ့။ အမရာ့ကိုယ် အမရာ လိမ္မာမှန်းသိပေမယ့် အခုလို သူ့နှုတ်မှပြောတာကို အံ့လည်းဩ စိတ်ထဲလည်း တစ်မျိုးလေးဖြစ်သွားရပါသည်။ သူပြောနေပုံက စိတ်ကောက်နေတဲ့ညီမလေးကို အစ်ကိုကြီးက ချော့ပြောနေတဲ့ပုံစံမျိုးဖြစ်နေတာလေ။

"မေမေမှ ပြန်မလာသေးတာ"

"ဩော်၊ ဆေးခန်းကို ခဏခေါ်သွားတာပဲ အမရာရယ်၊ အိမ်မှာမှာခဲ့လို့ဖြစ်ပါတယ်။ အမရာ့ကိုပြန်မပို့ဘဲ တစ်ခါတည်းအပြီးခေါ်သွားမှာ စိုးရိမ်လို့လား"

"မဟုတ်ပါဘူး"





သူက စားပွဲထက်မှအထုပ်တစ်ထုပ်ကို အမရာ့ရှေ့သို့ တွန်းပို့ရင်း စကားဆက်လေသည်။ လာရင်းကိစ္စက သူ့မှာပါလာမှာပဲကိုး။

"ဒါက သက်မှူးကို ပေးလိုက်တဲ့ အမရာ့ရဲ့ ဖန်ပန်းအိုးအပြာလေးတွေပါ"

"အို့, အဲဒါ သူ့ကိုအပြီးပေးလိုက်တာပါ"

"တန်ဖိုးမနည်းမှန်းမသိလို့ ငါးအိုးစလုံး ပြန်ပို့ခိုင်းလိုက်တာပါ အမရာ။ သက်မှူးရဲ့မေမေ အန်တီလေးလေးလွှင်ကလည်း အမရာ့ကို သိပ်ကျေးဇူးတင်ပါတယ်တဲ့။ နောက်ပြီး တစ်ခါလောက်တွေ့ဖူးချင်တယ်လို့လည်း ကိုယ့်ကိုပြောလိုက်ပါသေးတယ်"

ဘာမဆိုင်ညာမဆိုင် သူစိမ်းအိမ်က တွေ့ချင်တယ်ပြောလာတာမို့ အမရာ့မျက်နှာ အိုးတိုးအမ်းတမ်းဖြစ်သွားရပါ၏။ ရိုးရိုးသားသားတွေ့ချင်တာမှန်းသိပေမယ့် ဟိုမိသားစုက အမရာ့ကို သူနဲ့သက်ဆိုင်တဲ့သူလို့ပဲ သတ်မှတ်ကြမှာကိုး။

"မသွားချင်ပါဘူး"

"ကဲပါ, အိမ်လည်မသွားချင်ပေမယ့် ဆေးခန်းတော့ သွားရမယ်နော်၊ ဒါက အမရာ့စိတ်ကြိုက်ချုပ်ဝတ်ဖို့ ပိတ်စလေးတွေ ကိုယ်ဝယ်လာပေးတာ။ ဟိုတစ်နေ့တုန်းက ကိုယ့်သူငယ်ချင်းရဲ့ညီ သဘော်ဆိုက်

www.burmeseclassic.com



လို့ ပါလာသမျှထဲက ကြိုက်တာ ဆွဲယူခဲ့တာလေ''

''ဟင်! အမရာ အကျီချုပ်တတ်တာလည်း သိတာပဲလား''

သူက သဘောကျစွာဖြင့် တီးတိုးရယ်မောလိုက်လေ၏။ အမ

ဘာပဲလုပ်တတ်တတ်, အကုန်သိနေတာတော့ လွန်ပြီထင်ပါရဲ့။

''ဒီလောက်အိမ်မှုကိစ္စနိုင်နင်းတဲ့လူက ဒီအချုပ်အလုပ်မျိုးမတ

ဘဲ နေပါ့မလဲ အမရာရယ်။ ဒါပေမဲ့ လောလောဆယ်တော့ မချုပ်

နဲ့ဦးနော်၊ အနာကျက်တော့မှပဲ ချုပ်ပါ။ တော်ကြာ ခြေထောက် သွေး

ကျနေမှာစိုးလို့ပါ''

စိုးရိမ်ပြန်တယ်ပေါ့လေ၊ အားနာပြီး မယူဘူးလို့ပြောချင်ပေမယ့်

စကားတွေ အများကြီးပြောမိတော့မှာမဟုတ်လား။ မေမေ ပြန်လာ

အထိ သူရှိနေရင် တော်ရုံနဲ့ပြန်တော့မှာမဟုတ်တာလေ။

''ကဲ, ဆေးခန်းသွားရအောင်''

''မမြရေ အိမ်ကိုသေချာကြည့်ထားဦးနော်။ မေမေပြန်လာ

အမရာ့ကိုမေးရင် ဒေါက်တာနဲ့ အပြင်ခဏလိုက်သွားတယ်။ ဆေးခ

ပြမှာမို့လို့,လို့ ပြောပေးနော်''

''ဟုတ်ကဲ့ပါ မမလေး''

''သိပ်အဝေးကြီးမသွားနိုင်ဘူးနော်၊ နီးစပ်ရာ ဆေးခန်းတစ်





ခဲ ပြမယ်''

''ဟုတ်ပါပြီ အမရာရယ်''

ခုံမှဖြည်းဖြည်းချင်းထတော့ သူက အမရာ့လက်မောင်းကို ကူ

တွဲပေးလေ၏။ ကားဖြင့် လမ်းမကြီးကိုထွက်လာပြီး ဆေးခန်းတစ်ခုရှေ့

မှာ ကားရပ်လိုက်ပါသည်။

''လာ''

''ဆေးမထိုးချင်ဘူး၊ နာတယ်''

''ဟောဗျာ၊ အမရာကတော့ ကလေးဆန်နေပါပြီ။ မေးခိုင်ပိုးဝင်

မှာစိုးလို့ ကြိုတင်ကာကွယ်ပေးရတာလေ။ အကယ်၍ ပိုးသာဝင်သွားရင်

အလင်းရောင်မဝင်တဲ့ အမှောင်ခန်းထဲမှာ တစ်ယောက်တည်း ဆေးကု

ခံရမှာ။ ဒီမေးရိုးလှလှလေးပါ လှုပ်မရဘဲ, ခိုင်သွားရင်''

''တော်ပြီ. . . တော်ပြီ၊ ထိုးမယ်''

သူက သဘောကျစွာရယ်မောလျက် အမရာ့လက်ကိုဆွဲခေါ်ကာ

ဆေးခန်းထဲသို့ ဝင်ခဲ့ပါ၏။ ဆရာဝန်မလေး၏အပြုံးချိုချိုနှင့် သူ၏ဖော်

ရွေသည့်စကားများကြားမှ ဆေးထိုးအပ်ဒဏ်က နာမှန်းပင် မသိလိုက်။

အနာကျက်ဆေးပါ တောင်းတော့မှ ဆရာဝန်မလေးက သူ့ကိုဆရာဝန်

မှန်း ရိပ်မိသွားတော့တာလေ။

ရွှေပဒေသာစာပေ

www.burmeseclassic.com



"နာမည်က"

"အမရာမောင်ပါ ဒေါက်တာ"

"မဟုတ်ဘူး။ ရှင့်နာမည်ကိုမေးတာပါ"

"ဩော်, ကျွန်တော့်နာမည် နှစ်သစ်ဦးပါ"

"ဟုတ်လား. . . ဒါဆို နွယ်နီတို့ သက်မှူးလွင်တို့ ချိုချိုမာတို့နဲ့ တစ်အုပ်ထဲပေါ့နော်"

"ဟုတ်ပါတယ် ဒေါက်တာ၊ ကျွန်တော်နဲ့သက်မှူးက တွဲတက်ဖူး ဒါနဲ့ ဒေါက်တာ. . ."

"ကျွန်မက နွယ်နွယ်နီ့အစ်မ သွယ်သွယ်သီပါရှင်"

"ဟောဗျာ, ဒါဆို Senior ပေါ့။ ဒါကြောင့် ဒေါက်တာ့ကို တစ်ယောက်ယောက်နဲ့တူတယ်လို့ထင်နေတာ"

"ဟုတ်တယ်၊ ကျွန်မတို့ညီအစ်မကို အမြွှာလို့ လူတိုင်းထင်ကြတယ်လေ"

ရင်းနှီးစွာရယ်မောနေသည့်ဆရာဝန်နှစ်ယောက်ကြားမှာ ငြိမ်နေမိပါ၏။ သူ့မိတ်ဆွေအပေါင်းအသင်းတွေနဲ့ အမရာ ဘယ်လိုမှမနီးစပ်နိုင်ပါလား။ ကိုယ့်ကိုယ်ကို ရပ်တည်နိုင်တာမှန်ပေမယ့် ဆရာဝန်ဆိုတဲ့ အလွှာကြားမှာ ဝင်မဆံ့နိုင်မှန်း ရိပ်မိလိုက်ပြီး ပထမဦးဆုံးအကြိမ် သိမ်





ငယ်စိတ် ဖြစ်တည်လေသည်။

"ဒါဆို သူလေးက"

"ကျွန်တော့်သတို့သမီးလောင်းလေ"

"Oh! Congratulation... နော်"

"Thanks! doctor "

အိမ်ကိုပြန်ရောက်တော့ မေမေ့ကို သူနှုတ်ဆက်ပြီး ပြန်သွားလေ၏။ စားပွဲထက်အိတ်ထဲမှ ပိတ်စတွေကို တစ်စချင်း ထုတ်ကြည့်နေသည့် မေမေ့ထံမှ ဝမ်းသာအားရသံ ထွက်နေလို့ပါလေ။

"ကြည့်ပါဦး. . . မေမေ့သမီးအတွက် အသားရောင်နဲ့လိုက်တဲ့ အရောင်တွေ ရွေးတတ်ပါ့ဘိ။ ဒါလေးက ဆင်စွယ်ရောင်၊ ဟောဒါက အသားရောင်၊ ဒါက အဝါဖျော့ဖျော့လေး။ ဒါလေးက ပန်းနုရောင်၊ ဒါက ဖက်ဖူးရောင်၊ ဟော, မိုးပြာရောင်လေးတောင် ပါသေး။ တော်လိုက်တဲ့ သားသစ်ဦးပါလား"

အမရာ ခေါင်းကိုခါလိုက်ကာ အိမ်ပေါ်ကိုတက်လာခဲ့ပါ၏။ ခြေထောက်မှနာသလိုလို ရင်ထဲမှာလည်း ဟာတာတာနဲ့ပါလေ။

www.burmeseclassic.com



## အခန်း (၈)

'ဘုရားဖူး'ဆိုပဲ၊ ခေါင်းစဉ်လှလှလေးဖြင့် ရောက်လာသည့်အစ်မတော်ကိုကြည့်ကာ စိတ်ပျက်နေမိ၏။ အကြံအဖန်က လုပ်လည်းလုပ်တတ်ပါပေရဲ့။

"တစ်လကြီးများတောင်ကြာမှာ၊ ဟုတ်လား"

"တစ်လကြာချင်မှကြာမှာပါ အန်တီသက်ရဲ့၊ ရက်(၂၀)နဲ့လည်း ပြန်ရောက်ရင်လည်း ရောက်နိုင်ပါတယ်"

"စိတ်မချပါဘူးကွယ်၊ အမရောက ဘယ်ဆို ဘယ်ကိုမှ သွားဖူးတာမဟုတ်ဘူး"

"ကျောင်းက ဆရာတွေ ဆရာမတွေ ပါပါတယ် အန်တီသက်

www.burmeseclassic.com



ရယ်။ မြန်မာတစ်နိုင်ငံလုံးက ဘုရားစုံဖူးမှာ ဒီလောက်တော့ ကြာမှာပေါ့။ ပြီးတော့လေ ကဗျာတို့ Major သမားတွေ ပုဂံမှာ ဘုရားစေတီပြင်ထားတာကို ရောက်ချရမှာမို့ ဆရာက ကလေးအားလုံးကို ခေါ်တာပါ။ ကဗျာတို့က ညီအစ်မဆိုတော့ ဖိတ်စာတစ်စောင်တည်းပဲ ပေးလိုက်ပါတယ်။ ဒီမှာပါ အန်တီသက်''

ကျွမ်းကျင်ပါ့၊ ဘယ်ကဘယ်လို အင်ထုလာတဲ့ ဖိတ်စာစာရွက်ကို အိတ်ထဲကနေ နှိုက်ထုတ်ပြသည်မသိ၊ ကျောင်းသားဟောင်းများနှင့် လက်ရှိ Major ကျောင်းသားကျောင်းသူများ၏ ဘုရားဖူးခရီးစဉ်ကို ကြည့်ကာ မေမေက ဖဝေဖဝါ။

အတွင်းခန်းတံခါးဝလိုက်ကာနောက်မှာကွယ်ရပ်ရင်း နားစွင့်နေမိ၏။ မေမေက ဘာမဆို ချက်ချင်းကြီးဆုံးဖြတ်တာမျိုး လုပ်လေ့မရှိဘဲ အမြဲပဲ ဖေဖေနဲ့တိုင်ပင်လေ့ရှိလေသည်။ အခုကိစ္စကိုလည်း ဖေဖေနဲ့ တိုင်ပင်မှာ အသေအချာပင်။

''သမီးလေးလေးကတော့ လွှတ်မယ်မထင်ဘူး ကဗျာ၊ အမရှေကို မျက်စိအောက်က အပျောက်မခံလို့ အိမ်မှာပဲထားပြီး ကုမ္ပဏီမှာတောင် ဝင်မလုပ်စေတာ သမီးသိပါတယ်''

''ကဗျာလည်း သိပါတယ် အန်တီသက်ရဲ့။ ဒီလိုခရီးမျိုးဆိုတာ





ဘယ်သူမှသွားလို့ရတာမဟုတ်ဘူး။ အန်တီတို့လည်း လိုက်ပို့ပေးနိုင်မှာမဟုတ်လို့ ကဗျာက လာပြောပြတာပါ။ မာမာကလည်း အမရှေလိုက်မှလိုက်ရမယ်ပြောထားတာ။ အန်တီသက်သာ အမရှေ့ကိုမထည့်ရင် ကဗျာလည်း သွားရတော့မှာမဟုတ်ဘူး။ ကမ္ဘာမပတ်ဖူးပေမယ့် မြန်မာပြည်တစ်ပတ်တော့ ဘုရားဖူးထွက်ချင်တာ ကုသိုလ်ဖြစ်ခရီးမို့ လက်ခံစေချင်တာပါ အန်တီ''

လုပ်လိုက်ကွ၊ စကားကြွယ်တဲ့နေရာမှာတော့ ကဗျာက အမရှေ့ဆက်သာသည်ပဲ။ မေမေနဲ့ဖေဖေပြောဖူးတာတော့ မဟုတ်တဲ့နေရာမှာဆောင်းကဗျာက ချွန်သည်တဲ့လေ။ အခုလည်းပဲ ဘယ်ကဘယ်လို ယူလာသည့်ဖိတ်စာဖြင့် ရောက်လာသည်မသိဘဲ မေမေ့ကိုပြောပြနေတာကတော့ အကွက်ကိုစေ့လို့ပါလေ။

''ကလေးတွေပဲ ခေါ်တာလားသမီး၊ လူကြီးတွေပါလိုက်ရင် ဖြစ်သား''

''ဟာ, ဖြစ်တာပေါ့ အန်တီသက်ရဲ့။ ကဗျာတို့သူငယ်ချင်းဖုရှုးရဲ့ မာမီတောင်လိုက်ခဲ့မှာ။ အန်တီ မှတ်မိလား၊ ကဗျာ့မွေးနေ့တုန်းကဓိဝန်အပြာလေးဝတ်လာတဲ့ ဟိုမျက်လုံးဝိုင်းဝိုင်းလေးနဲ့ ဝဝကောင်မလေးလေ၊ သူ့အမေက အလုပ်မရှိတဲ့လူဆိုတော့ အားလို့လိုက်မှာတဲ့။

www.burmeseclassic.com



အန်တီသက်လည်း လိုက်ချင်ရင် လိုက်လို့ရပါတယ်''

''မဖြစ်သေးပါဘူးကွယ်၊ အန်တီလည်း ကိုယ့်အလုပ်နဲ့ ကိုယ် အားတာမဟုတ်ဘူး။ ဘယ်လိုက်နိုင်ပါ့မလဲ၊ အန်တီမပါရင် အမရာ့ကို လည်း သမီးလေးလေးက ထည့်မှာမဟုတ်ဘူး''

''လေးလေးကို ကဗျာကိုယ်တိုင် လာပြောပါ့မယ် အန်တီ၊ ဆရာမ နဲ့ လေးလေးလည်း ရင်းနှီးပြီးသားပဲဟာ''

''ဆရာမဆိုတာ တီချယ်ဒေါ်နှင်းနုလား''

''ဟုတ်တယ်လေ၊ တီချယ်ပါလိုက်မှာ အန်တီသက်ရဲ့။ ကဗျာ တို့ဆရာမ အရင်းခေါက်ခေါက်ကြီးပဲလေ''

ဟော, အမရာတို့ကို ကျူရှင်သင်ပေးတဲ့တီချယ့်ကိုပါ နာမည် တပ်ပုံထောက်ရင် ဒီခရီးက တကယ်သွားမယ့်ခရီးဖြစ်နိုင်ပါရဲ့။ ဘယ် ကနေဘယ်လို သတ္တိတွေရှိပြီး ပြောနေပါလိမ့်နော်။

''အမရာရော. . . ဟင်''

''ရှိတယ်လေ၊ ခုနပဲ ညနေစာချက်နေတာ ပြီးလောက်ရောပေါ့''

''ဒါဖြင့် ကဗျာ သွားတွေ့လိုက်မယ်နော်''

''အေးအေး. . . သမီး''

အတွင်းဘက်ဝင်လာသည့်ကဗျာ့လက်ကို ဖျတ်ခနဲလှမ်းဆွဲလိုက်





ညီ အလန့်တကြားဖြစ်သွားလေ၏။

''ဟဲ့, လန့်လိုက်တာ''

''ဘာတွေကြံပြန်ပြီလဲ ကဗျာ''

''ဒီလိုပဲပေါ့၊ ငါ့အကြံအစည်ကို ဘုရားက ကြည့်မနေနိုင်ဘူးဟဲ့၊ ဒါနဲ့ နင် ခြေထောက်အနာဖြစ်သေးတယ်ဆို''

''အင်း, ပျောက်တော့မှာပါ''

လှေကားမှ အိမ်ပေါ်ထပ်အိပ်ခန်းရှိရာဆီ တက်လာခဲ့ကြပါ၏။ အမရာကသာ ဦးဦးတို့အိမ်ကို တစ်ကြိမ်မှမရောက်ခဲ့ဖူးဘဲ ကဗျာက တော့ အမရာတို့အိမ်ကို မကြာခဏရောက်ဖြစ်တာလေ။

''ဘုရားဖူးသတင်းက အမှန်အကန်လား''

''ဒါပေါ့၊ နင်က အကြံအဖန်ထင်နေတာလား''

''အင်းလေ၊ တစ်ခါမှ ဘုရားဖူးမထွက်ဖူးတဲ့သူက ထူးထူးဆန်း ဆန်းအစီအစဉ်တွေ လုပ်နေတာကိုး''

''ဘယ်လိုလဲ၊ နင့်ကိုကိုဒေါက်တာကြီးနဲ့ OK နေပြီလား''

''ဘာကိစ္စ OK ရမှာလဲ၊ မ OK ချင်ပါဘူး''

''ဒါနဲ့များ နင့်ခြေထောက်ကို ဟိုက ဆေးတွေဘာတွေ ထည့် ပေးသေးတယ်ဆို။ ပတ်တီးစည်းပေးနေတုန်း ရင်တွေဘာတွေ မခုန်

www.burmeseclassic.com



ဘူးလား။ မှန်မှန်ပြောစမ်း''

ကြည့်စမ်း! ဒါလည်း သိလိုက်တာပါပဲလား။ ကဗျာကတော့ နေ ရင်းထိုင်ရင်း သတင်းထောက်ကိုဖြစ်လို့ပါပဲလားနော်။

''ဘယ်လိုသိတာလဲ''

''ဩော်၊ ဒီလိုပဲသတင်းကြားတာပေါ့။ အမရာရဲ့ကိုကိုဒေါက်တာ တစ်ယောက် သူ့ကောင်မလေးခြေထောက် သွေးထွက်သံယိုဖြစ်သွားတာကို အသည်းနိုက်လှမတတ် နာကျင် ခံစားလိုက်ရပါသတဲ့ရှင်။ ဒီတ်ဒီတ်ကျဲလောကကြီးထဲက နောက်ဆုံးသတင်းပေါ့။ မပြောမရှိနဲ့ဆရာ ငါ နင့်ဒေါက်တာကြီးကို မြင်ဖူးပြီးသွားပြီ။ ချောလိုက်ခန့်လိုက်တာမှ နိုင်ငံခြားမင်းသားကြီးအတိုင်းပဲ။ နင်သိပ်ကြိုက်တဲ့ ဂျော့ချ်ကလိုနီလို လေ''

''အရှူးမ, ပြောတော့မယ် ပေါက်ကရ''

''တကယ်ပြောတာဟ၊ ငါ့ကိုသာ အဲဒီလိုချောချောလေးနဲ့ပေး စားကြည့်ပါလား. . . စက္ကန့်မဆိုင်း လျှပ်စစ်လိုင်းနဲ့ Yes! mom လို့ ခေါင်းညိတ်ပြလိုက်မှာ''

''ဒီလောက်ပေါမှန်း အခုမှသိတော့တယ်။ လိုချင်ရင်လည်း ယူလိုက်ဟယ်''





နှစ်ယောက်သားရယ်သံက အတော်ကျယ်လောင်သွားပါ၏။ ပေါ့ ပါးလိုက်တာနော်။ သူ့မှာ စိတ်ရှုပ်စရာကိစ္စ ဘာတစ်ခုမှရှိမနေသလိုပါ ပဲလား။

''တကယ်အဟုတ်ပေးမှာနော်။ နောက်မှ အမရာ့ကိုကို့ကို ပြန်ပေးပါကဗျာရယ်လို့ လေပြည်လေးနဲ့လာမပြောလေနဲ့။ နင်မျက်စိစွံမှာ''

''အင်းပါ''

''ဟီဟိ, ပွတာပဲ၊ ဂျော့ချ်ကလိုနီနဲ့ love seen လေး ရိုက်ရချည်သေးရဲ့။ ဟော, ဒါလေးတွေ ဘယ်တုန်းက ဝယ်ထားတာလဲ။ ဒါ နေ့တစ်နေ့ကမှပေါ်တဲ့အဆင်ဟဲ့။ အသားလေးတွေအိပြီး နုဖတ်နေတာ။ ငါက Ready made ပဲ ဝတ်တတ်တော့ ချုပ်ပြီးသားရောင်းတဲ့ အချိန်ထိ စောင့်နေရတာ။ အများကြီးပဲဟယ်၊ ခြောက်စကြီးများတောင်။ ငါ့ကို နှစ်စလောက်ပေး''

ရင်ထိတ်သွားရပါ၏။ အဲဒီအထုပ်အတိုင်း ခုံပေါ်မှာတင်ထားမိတာကို။ ခါတိုင်းတောင်းရင် ပေးဖို့မနေပြောပေမယ့် သူပေးထားတာကိုတော့ ပေးရမှာနှမြောသလိုဖြစ်သွားတာကိုတော့ ဝန်ခံချင်ပါတယ်လေ။

''ပေးလို့မဖြစ်ဘူး ကဗျာ၊ ကဗျာလိုချင်ရင် နောက်တော့ အမရာ ဝယ်ပြီး ချုပ်ပေးပါ့မယ်''

www.burmeseclassic.com



"ဘာလို့လဲ၊ အန်တီသက်ဖို့လား။ အန်တီသက်က ဒီလိုအရောင်

နုလေးတွေ မဝတ်ပါဘူး"

"မေမေ့အတွက်မဟုတ်ပါဘူး။ အမရာ့အတွက် သူဝယ်လာ

တာမို့ တခြားလူကိုပေးဖို့ ဘယ်ကောင်းပါ့မလဲ၊ ဒါကြောင့်ပါ ကဗျာရဲ့"

"သူ့ သူဆိုတာ ကိုကိုဒေါက်တာကိုပြောတာလား"

"ဟုတ်တယ်"

"ဟာ၊ မနာလိုလိုက်တာဟယ်၊ လုံးဝမကျေနပ်ဘူး"

"အဲဒါဆိုလည်း ဟိုတစ်ယောက်ကိုပြောပေါ့။ ကဗျာ့ကိုချစ်

အမရာ့လိုမျိုး ဘာမဆိုအလိုလိုက်ပြီး ဝယ်ပေးနော်လို့"

"မပြောချင်ပါဘူး။ ပွဲကပွဲနဲ့"

ကဗျာက အမရာ့ကိုမျက်စောင်းခဲကာ နှုတ်ခမ်းစူပြလေ၏။

တိုင်းမှာ အဆင်းထက် အချင်းရှိဖို့ကသာ ပဓာနကျတာမဟုတ်လား

အဲဒီလိုအရည်အချင်းမျိုးနဲ့သာ စစ်ဆေးရင် ကဗျာတော့ ဘုတ်ခနဲပြု

ကျဖို့ အသေအချာပါလေ။

"ယောကျ်ားယူလိုက်ရင် အခုလို ငါသွားချင်ရာသွား၊ လုပ်ချ

ရာလုပ်သလို ဘယ်လုပ်လို့ရတော့မှာလဲဟ"

"ဩော်၊ လူတိုင်း ဒီလိုပဲနေတတ်ကြတာကို တွေ့တွေ့ထူး





ပြောနေပြန်ပါပြီ"

"ဟုတ်တယ်လေ၊ နင် စဉ်းစားကြည့်ပေါ့။ အပြင်သွားမယ်ကြံ

နဲ့ ဘယ်သွားမလို့လဲ၊ မိန်းကလေးဖြစ်ပြီး ခြေရှည်လှချည်လား၊

ကြိုက်တာတွေ့လို့ စားမယ်ပြင်ရင်လည်း ဘာတွေလျှောက်စားမလို့လဲ၊

စော်စော် ဒညင်းသီးကိုမှကြိုက်ရလားဆိုပြီး ပိတ်ပင်ဦးမှာ။ ပြီးရင်

ယ်ကြိုက်တဲ့ colour...ကိုယ့်စိတ်ကြိုက်ဝတ်စုံမျိုး ဝတ်ရင်လည်း

ကြိုက်၊ ငါဝယ်ပေးထားတာ မှိုတက်ကုန်တော့မယ်။ အလှကြည့်ဖို့

ိမ်းထားရသလားဆိုပြီး ဂျိုကျောင်ကျတဲ့ယောကျ်ားမျိုးနဲ့တွေ့ရင်

တော့ သေပြီပဲ"

အမရာ တဟားဟားဖြင့် မအောင့်နိုင်ဘဲ ရယ်မောလိုက်မိလေ

ကဗျာက အမရာ့လို ပုံစံခွက်ထဲမှာ မပျော်မွေ့တဲ့လူမို့ လှောင်ချိုင့်

ကြောက်တာ မဆန်းပါချေ။ ဒါဆို အမရာကကော၊ ဟင့်အင်း၊ ချုပ်

ိန်းခံရမှာကို မုန်းတာပါပဲ။

"ဒါဖြင့် ကဗျာ့လူနဲ့တွေ့တဲ့အခါ အမရာက ဘာလုပ်ပေးရမှာလဲ"

"ထော်လော်ကန့်လန့်တွေလုပ်ရမှာပေါ့။ ဟင်းချက်ပေးရင် ပေါ့

တာ ပေါ့၊ ငန်တာ ငန်၊ တူးတာ တူး။ မကျက်တာ မကျက်။ နင်မချက်

တတ်ဘူးလား"

www.burmeseclassic.com



“ဟင်၊အဲဒီလိုဆို အမရာ့လက်ရာတွေ ပျက်ကုန်မှာပေါ့ ကဗျာရဲ့”

“ဟဲ့၊ အဲဒီလိုလုပ်ထားမှ ငါနဲ့လူချင်းပြန်ချိန်းတဲ့အခါ ပြဿ မရှိမှာလေ။ နင်နဲ့သူ ဆုံစရာအကြောင်း မရှိပါဘူး။ သူလာခါနီး တ ပတ်အလိုမှာ နင်နဲ့ငါ နေရာလဲလိုက်ရုံပဲ။ သိပ်မခက်ပေါင်”

“အဲဒါဆို ကဗျာ့ကို သူ မကြိုက်ဖြစ်ရော၊ အဲဒီလိုလား”

“ဒါပေါ့၊ ရှေ့ကနေ နင် ဟုတ်တိပတ်တိချက်ကျေးသမျှ ကောင်းနေရင် ငါလို့ထင်ပြီး မျက်စိကျသွားတော့ ဘယ့်နှယ်လုပ်ရမလ”

“နေဦး၊ အမရာက အရင်သွားနေတော့ ဟိုက အလုပ်သ တွေက သိနေမှာလေ”

“ဩော်၊ အဲဒီလို ငါ့အိမ်ကအလုပ်သမား အရင်ပို့ထားတ ပြောမှာပေါ့ အမရာရဲ့။ ခက်ခက်လွန်းလို့ဟယ်”

ဟောတော်၊ ကဗျာလုပ်မှပဲ အမရာက အိမ်ဖော်ဘဝရော ပြီလေ။ ကြည့်ပါဦး၊ ကဗျာတို့ လည်လိုက်သမျှ ဂျင်ပေါ်က ထုံးတ လားနော်။

“အတော့်ကို တရားတာပါပဲလား”

“သိပ်မကြာစေရပါဘူးဟယ်၊ သူ မျက်စိနောက်ပြီး ခေါ် အောင် လုပ်နိုင်ရင် ဒီ Project အောင်မြင်ပါပြီဟဲ့”





“ကဗျာပြောသလိုမျိုး မအောင်မြင်တော့ ဘယ့်နှယ်လုပ်ရမလဲ။ အဲဒါလည်း ကြိုတွေးထားဦး”

“အဲဒီတော့လည်း ဝေယံပိုင်ကို နင် ယူလိုက်ပေါ့။ ငါက နင့် ကိုကိုဒေါက်တာကို ယူမယ်လေ။ မဟုတ်ဘူးလား”

“လွယ်ပေါ့ဟယ်. . . ထင်သလိုဖြစ်မလာတော့မှ ဇာတ်မျောကြီး အတိုင်းလိုက်ပြီး မမျောနိုင်ဘူး။ အမရာက အကုန်အမှန်အတိုင်း ပြော လိုက်မှာ။ ဒါပဲ”

“စိတ်ပုပ်မ၊ နင်သစ္စာမဖောက်နဲ့နော်”

နှစ်ယောက်သား တိတ်ဆိတ်သွားရပါ၏။ ဘုရားဖူးသွားတယ် ဆို့ ဗန်းပြပြီး ဉာဏ်နီဉာဏ်နက်တွေထုတ်ပြီး လျှောက်လုပ်သမျှ လူကြီးတွေ သိကုန်ရင် ဘယ့်နှယ်လုပ်ရမှာပါလိမ့်။

အဲဒီအခါ အိမ်ထောင်မပြုချင်လို့ ကြံမိပါတယ်လို့ နှစ်ယောက် သား မျက်နှာငယ်လေးနဲ့ တောင်းပန်လို့ရနိုင်ကောင်းပါရဲ့။ လူကြီးတွေ ကလည်း ချစ်တဲ့စိတ်နဲ့ သမီးနှစ်ယောက်စလုံးကို နားလည်ပေးနိုင်ပါရဲ့ လေ။

ရင်မောရပါလား အမရာရယ်။

www.burmeseclassic.com



အလယ်

www.burmeseclassic.com



ထူးဆန်းပါပေ့၊ ကြဲကြဲဖန်ဖန်ကြုံလိုက်ရတဲ့ ကောင်မလေးကို စွဲလန်းသွားလိမ့်မယ်လို့ သူ တကယ်မထင်ခဲ့မိတာ အမှန်ပါ။ သိပ်ချစ်ကြတဲ့ မိန်းကလေးနှစ်ယောက်ရဲ့လှည့်ကွက်ထဲမှာ သူ အညာခံလိုက်ရတာ က 'နှလုံးသား'တဲ့။ အချစ်ဆိုတာ **Game** တစ်ခုလို့ သူမတို့ယူဆသတ်မှတ်ထားကြလေသလား။ မင်းတို့လက်ဆွဲသုံးနေတဲ့ **Remote** က ကိုယ့်ရင်ခုန်သံကို ရပ်တန့်လို့မရနိုင်မှန်း အစောကြီးကတည်းက သိစို့ကောင်းပါတယ်လေ။

(ဝေယံပိုင်)



## အခန်း (၉)

"ကဲ့ဗျာက အမရာနဲ့ အတူတူမနေဘူးလားလို့"

"မနေချင်ပါဘူး။ အိမ်ကြီးအကြီးကြီးထဲမှာ နေရမှာ ပျင်းစရာကြီး။ ငါပြောထားတယ်လေ။ သူ လာခါနီး တစ်ရက်နှစ်ရက်အလိုမှ ငါ သွားခဲ့မယ်လို့"

တော်တော်တရားမျှတပါရဲ့နော်။ သေချာတွေးကြည့်ရင်တော့ ကဗျာဟာ အတွေ့အတော်ကြီးတဲ့ မိန်းကလေးတစ်ယောက်ဆိုတာပါပဲ။ ကိုယ့်ဘက်ကိုသာ တစ်ဖက်တည်းကြည့်လေ့ရှိတဲ့စိတ်ဓာတ်မျိုးပါလေ။

"အမရာ. . . အကြာကြီးမနေနိုင်ဘူးလို့ ပြောထားတယ်နော်။ အမရာ့အပင်တွေကို အကြောင်းမဲ့ အသေမခံနိုင်ဘူး။ မေမေစောင့်

www.burmeseclassic.com



ကြည့်ပေးတယ်ဆိုတာလည်း သိပ်စိတ်ချရသေးတာမဟုတ်ဘူးလေ။ အမရာ့အပင်တွေအကြောင်းကို သိပ်မှမသိတာ''

''နင့်မလည်းဟယ်၊ ဒီအပင်တွေကို မွေးထားတဲ့အမေလို ပုယ်နေလိုက်တာ မပြောပါနဲ့။ အပင်သေတာပဲ၊ ပြန်ဝယ်စိုက်လို့ရပါတယ်ဟယ်''

''ကဗျာရယ်၊ ပေါ့ပေါ့လေးပြောလိုက်တာပဲ။ အမရာ့မှာ အဲ့ဒီသစ်ခွတွေကို မနည်းကြိုး ရှာစိုက်ထားရတာဟဲ့။ နိုင်ငံခြားမျိုးတွေက ရှားလွန်းလို့ ရှာမရနိုင်ဘူး''

''ကဲပါ အမရာရယ်၊ နင့်အပင်တွေသေရင် ငါအကုန်ပြန်ဝယ်ပေးပါ့မယ်။ ရပြီလား''

''ကတိနော်''

''အေး၊ ကတိဟယ်''

ကဗျာမောင်းလာသည့်ကားလေးက ခြံတစ်ခြံရှေ့မှာ ရပ်သွား၏။ ခြံဝမှတိုက်ကြီးကို လှမ်းမမြင်ရသေးတာမို့ ခြံကြီးက အတော်ကျယ်မည်မှန်း ခန့်မှန်းမိလေသည်။

''ငါ Phone ပုံမှန်ဆက်မယ်၊ သိလား''

''အမရာ့မှာ Phone မှ မရှိတာ''





''ဒီအိမ်က Phone နဲ့ ဆက်မှာပေါ့ဟယ်။ နေဦး၊ ငါ ဟွန်းတီးခေါ်ပေးမယ်''

''တီ! တီ!''

''တီ!''

အတော်ကြာကြာမှ ခြံထဲမှ ဦးလေးကြီးတစ်ယောက် အပြေးရောက်လာလေ၏။ ခြံတံခါးကို ကိုင်လိုက်ပြီး ကားဘေးမှာရပ်နေသည့် အမရာတို့နှစ်ယောက်ကို ကဲကြည့်လိုက်လေသည်။

''ဩော်၊ မမလေးပါလား''

''ဟုတ်တယ် ဦးမောင်၊ ဒေါ်ကြွယ်ရော''

''ရှိပါတယ်ခင်ဗျ''

''ဒီမှာ ကဗျာ့ညီမလေးကိုထားပေးခဲ့မယ် ဦးမောင်။ ကဗျာ လာမနေခင် လိုတာတွေ ကြိုပြီးလုပ်ထားရအောင်လို့ပါ''

''ဟုတ်ကဲ့ပါ မမလေး''

''ဝေယံပိုင် ရောက်လာခါနီးမှ ကဗျာနဲ့ညီမလေး နေရာပြန်လဲမယ်သိလား''

''ဟုတ်ကဲ့ခင်ဗျ''

''အမရာ၊ ငါသွားပြီ''

www.burmeseclassic.com



အမရာပင် ဘာမှမပြောရသေးပါဘဲ ကဗျာက ကားကို ဂူးခနဲ မောင်းသွားချေပြီ။ ခြံဝမှာ အဝတ်ထည့်သည့်သားရေသေတ္တာအိတ်တစ်လုံးနှင့်ညီမကို ကြောင်ကလေး ခွေးကလေး ပစ်သွားသလိုမျိုး ထားခဲ့ချေပြီပဲ။

"မမလေးနာမည်က"

"ရွှေဝါလို့ပဲခေါ်ပါ ဦးမောင်"

"မရွှေဝါ"

" မ, တပ်ပြီး မခေါ်ပါနဲ့ ဦးမောင်။ ရွှေဝါလို့ပဲခေါ်ရင်ဖြစ်ပါတယ်"

"ဟုတ်ကဲ့"

"ကျွန်မကို တရိုတသေကြီးဆက်ဆံဖို့မလိုပါဘူး ဦးမောင်။ ဒီအိမ်ကိုလိုက်လာတဲ့တူမလိုပဲသဘောထားပြီး ရင်းရင်းနှီးနှီးပြောဆိုစေချင်ပါတယ်"

"အင်းအင်း. . . လာလေ၊ အိတ်ကို ဦးလေးသယ်ပေးမယ်"

"နေပါစေ ဦးမောင်၊ လုံခြည်တွေပါလို့ သယ်မပေးပါနဲ့"

ဖွင့်ပေးလိုက်သည့် ခြံတံခါးမှ အထဲသို့ဝင်လိုက်ရပါ၏။ အလို! ခြံထဲမှာ မြက်ပင်တွေ အတော်ကြီးရှည်နေတာပါလား။ ပြောင်းကာစမို့ထင့်၊ ခြံတွင်းမှာ ဘာပန်းပင်ရယ်လို့ နယ်နယ်ရရမရှိပါချေ။





"မြက်တွေ အတော်ရှည်နေပြီပဲ"

"ဟုတ်တယ်၊ ဦးလေးတို့လင်မယားလည်း အိမ်ထဲမှာ ပစ္စည်းတွေ နေရာချနေတာနဲ့ ခြံထဲ မရှင်းအားဘူး သမီးရယ်"

"ဟုတ်တာပေါ့၊ ဒီလောက်ခြံကျယ်ကြီးကို တစ်ယောက်တည်း ဘယ်ရှင်းနိုင်ပါ့မလဲ။ ကျွန်မတို့ မြက်ရိတ်စက်နဲ့ရှင်းမှပဲ ဖြစ်မယ်ထင်တယ်"

"မြက်ရိတ်စက်လားဘာလားတော့ မသိဘူး။ စက်တွေကို ပိုင်လေး ဝယ်ပို့ထားပါတယ်။ ဦးလေးတို့ ဘာမှမသုံးတတ်လို့ အခန်းထဲမှာ ဒီအတိုင်း သိမ်းထားတာပါ"

"ဟုတ်လား။ ဒါဖြင့်လည်း အိမ်ထဲရောက်မှ ကြည့်လုပ်ကြတာပေါ့လေ"

ခပ်လှမ်းလှမ်းမှာ ထီးထီးကြီးရှိနေသည့်တိုက်ဖြူကြီးကို လှမ်းမြင်နေရပါ၏။ အသစ်မို့ သစ်လွင်တောက်ပနေပေမယ့် တန်ဆာဆင်ခြယ်မွန်းမှုမရှိတာမို့ လိုအပ်ချက်တွေ များနေသည့်နှယ်ပင်။ အိမ်ထဲ စဝင်လိုက်သည်နှင့် ဧည့်ခန်းထဲမှာ ပစ္စည်းပစ္စယတွေက တောင်လိုပုံနေသည်လေ။

"ပြောင်းလာတာ ဘယ်နှရက်ရှိပြီလဲ"

www.burmeseclassic.com



"သုံးရက်ပါ သမီးရယ်"

"ဒေါ်လေးက မီးဖိုခန်းထဲ အရင်ပြင်တာထင်ပါရဲ့"

"ဟုတ်တယ်"

မီးဖိုခန်းထဲမှာ သန့်ရှင်းရေးလုပ်ရင်း ချက်ပြုတ်နေသည့် ဒေါ်ကြွယ်နှင့် အမရာကို ဦးမောင်က မိတ်ဆက်ပေးလေ၏။ အိမ်အကူလင်မယားက လူလတ်ပိုင်းမျှ လုပ်နိုင်ကိုင်နိုင်သည့်အရွယ်တွေပါပဲ။

"မကြွယ်၊ ဒါ မမလေးရဲ့ညီမလေး ရွှေဝါတဲ့"

"ဩော်၊ ဟုတ်ကဲ့မမ"

"ရွှေဝါလို့ပဲခေါ်ပါ ဒေါ်လေး"

"အေးအေး"

"အလုပ်တွေ အရမ်းရှုပ်နေတယ်ထင်တယ်"

"ဟုတ်တယ် သမီးရယ်၊ အလုပ်သမားတွေက ဗီရိုတွေလောက်သာ အခန်းတွေထဲ ပို့ပေးသွားတာ သမီးရဲ့။ ကျန်တဲ့ဘုစုခရုပစ္စည်းတွေက ထားသိုဖို့နေရာတွေ အများကြီးကျန်သေးတာ"

"ဒါဆို ဘုရားစင်ရော"

"ဘုရားစင်ကို စရောက်တဲ့နေ့ကတည်းက အရင်ဆုံးလုပ်တာပါ သမီးရယ်၊ ပိုင်လေးရောက်လာတာနဲ့ နားလို့ရအောင်လို့ သူ့အိပ်ခန်း





ကို အရင်ဆုံးပြင်ပေးထားရတယ်။ သူ့စိတ်တိုင်းကျမကျတော့ ဒေါ်လေးလည်း မသိတော့ဘူး"

"သူက ဘာအရောင်ကြိုက်လဲ ဒေါ်လေး"

"အပြာရောင်အနုလေ"

"မိုးပြာရောင်ပေါ့၊ ဒါဖြင့် ကျွန်မ အပေါ်ထပ်ကို အရင်ဆုံးသွားကြည့်လိုက်ဦးမယ်နော်။ ပြီးတော့ အောက်ထပ်ကို စရှင်းကြတာပေါ့။ ဦးမောင် ခဏလောက်လိုက်ခဲ့ပေးပါနော်"

"အေးအေး. . . သမီး"

ကျွန်းလှေကားကြီးက အတော့်ကို ဖျက်ကျယ်လွန်းလှပါ၏။ ကြည့်ရတာ လိုချင်သည့်ပုံစံကို Engineer အပ်ပြီး စိတ်ကြိုက်ဆောက်ထားတာထင်ပါရဲ့။ အိပ်ခန်းလေးခန်းနှင့် ဘုရားခန်းကို ခန်းမကြီးမှာပင်ထားတာမို့ ဧည့်ခန်းနှင့်လိုက်ကာလေးသာခြားပြီး ဘုရားစင်၏သပ္ပာယ်ပုံကို လှမ်းဖူးနိုင်သည်လေ။

"ပိုင်လေးက နည်းနည်း ဂျီဂကျောင်တော့ များတယ်သမီးရဲ့။ သမီးမမ သည်းခံနိုင်ပါ့မလားတော့မသိဘူး"

ဟောတော်၊ အဲဒါဆိုရင်တော့ ကဗျာနဲ့နှောင်ကျိန်ပွဲပါပဲလား။ ကဗျာလည်း နဂိုကတည်းက စိတ်မရှည်ဘဲ ကျွတ်ဆတ်ဆတ်ရယ်လေ။

www.burmeseclassic.com



"ကဗျာလည်း တစ်ဦးတည်းသောသမီးဆိုတော့ စိတ်ဆတ်တယ် ဦးမောင်ရဲ့။ အဲဒါ ကျွန်မတို့နဲ့မဆိုင်ပါဘူး။ သူတို့ကိစ္စ သူတို့ပဲ ရှင်းကြ ပါလိမ့်မယ်"

"မမလေးမှာရော ချစ်သူတွေဘာတွေရှိလား"

"မရှိလောက်ဘူးထင်တာပဲ ဦးမောင်ရဲ့။ ဘာလို့မေးတာလဲ"

"ဒါကြောင့် လူကြီးတွေ သဘောကျ ခေါင်းညိတ်တာပဲ ဖြစ်မှ လိမ့်မယ်။ ပိုင်လေးကတော့ ကျောင်းတက်နေတုန်းက ရည်းစားဦး ရှိခဲ့ ဖူးတယ်လေ။ အခုထိ သူ မမေ့နိုင်သေးတာ ဦးလေးတို့သိတယ်"

"ဦးမောင်တို့ သူတို့မိသားစုနဲ့နေတာ ကြာပြီလားဟင်"

"ကြာပြီပဲပြောရမှာပေါ့၊ ပိုင်လေးကို ကိုယ်ဝန်စလွယ်ကတည်း က အလုပ်ဝင်လာခဲ့တာမို့ သူ့တစ်သက်ပဲလေ၊ ခုဆို (၂၅)နှစ်ရှိပြီပေါ့"

"ဟုတ်လား"

လူကြီးနှစ်ဦး၏ အိပ်ခန်းအပြင်အဆင်အထားအသိုကို အရော ဆုံး ဝင်စစ်ကြည့်ပြီး စိတ်တိုင်းကျအထိ ပြင်ပေးပြီးမှ သူ့အိပ်ခန်းထဲ ဝင်လာခဲ့ပါ၏။ 'ပိုင်လေး'တဲ့။ ဦးမောင်တို့နှုတ်မှ သူ့ကိုချစ်စနိုးလေး ခေါ်တာမို့ အတော်ချစ်ခင်ရင်းနှီးမှန်း သိသာလေသည်။ ရည်စားဦး ရှိ မှန်းသာသိရင် ကဗျာတော့ ဝမ်းသာအားရ ထခုန်လေမလား။ သူ့ကို

ငြင်းပယ်ဖို့ ဖြစ်ချက်တစ်ခု ရပြီကိုး။

"တကြည့်စားပွဲကို ပြတင်းပေါက်နားရွှေ့ရအောင်နော် ဦးမောင်။ ပြီးရင် အိပ်ရာဖုံး ခင်းပေးထားရအောင်"

"လုပ်ကြမယ်လေ"

သူ့အခန်းက အိမ်ရှေ့ထောင့်စွန်းနားမှာဖြစ်ပြီး တစ်ခြံလုံးကို အပေါ်စီးမှ မြင်နိုင်လေ၏။ ဟော, ဒီဘေးဘက်မှာ ပန်းအိုးတွေ အများ ကြီးရှိနေတာပဲ။

"ပန်းအိုးတွေ နေရာမချရသေးတာလား"

"ဟုတ်တယ်. . . ပိုင်လေးက ယောကျ်ားလေးဖြစ်ပေမယ့် ပန်း ကြိုက်တယ်။ အထူးသဖြင့် နှင်းဆီပန်းလေ။ သူ့မိန်းကလေးနာမည်က လည်း မြနှင်းဆီတဲ့"

'မြနှင်းဆီ'တဲ့လား။ ကဗျာဆန်လိုက်တာနော်။ လောကမှာ ပန်း ကြိုက်တဲ့ယောကျ်ားလေးဆိုတာ အတော်ရှားပါးလေ၏။ ပြီးတော့ ပန်း ကြိုက်ပြီး စိတ်ထားမနူးညံ့ဘဲ စိတ်ဆတ်တဲ့သူ့ကို အံ့သြနေမိရသည် လေ။

"ရပြီးဦးမောင်၊ ဒီနေ့တော့ အိမ်ထဲကပစ္စည်းတွေ နေရာချကြ တာပေါ့။ မနက်ဖြန်မှ ပန်းအိုးတွေကြည့်ကောင်းအောင် ရွှေ့ကြမယ်လေ"

www.burmeseclassic.com



"အေးအေး, သမီး"

အောက်ထပ်ပြန်ဆင်းကာ ညှော်ခန်းထဲ ဆိုဖာခုံတွေ၊ ပန်းအိုးတင် စားပွဲတွေ၊ Show case တွေ၊ ပန်းချီကားတွေကို သူ့နေရာနှင့်သူ နေသားတကျပြင်ဆင်ပေးပြီး သန့်ရှင်းရေးလုပ်ကြပါ၏။ စတိုခန်းထဲမှာ ဖုန်စုပ်စက်ရော၊ မြက်ရိတ်စက်ကိုပါ တွေ့တာမို့ အလုပ်က အတော် လေး တွင်ကျယ်ကာ မြန်ဆန်လေ၏။

နောက်ဖေးခန်းထဲမှာ အိုးခွက်ပန်းကန်ပုံးတွေကို သေချာစနစ် တကျသိမ်းသိုကာ နံရံကပ်ဗီရိုတွေထဲ ထည့်သိမ်းတန်တာ သိမ်းဆည်း ရလေ၏။ ဖွန်းတွေ၊ ဇော်တွေကို နံရံရှိချိတ်လေးတွေမှာ စီပြီးချိတ်တော့ ညနေသုံးနာရီ ထိုးချေပြီ။

"ဒါဆိုရင်တော့ ပန်းအိုးတွေကို ညနေကျရင် ရွှေ့လို့ရပြီ ဦးမော င်ရေ့။ နေကွယ်ရာမှာချည်း အပင်တွေကို ထားလို့မရဘူး။ တချို့အပ တွေက နေကြိုက်တယ်လေ"

"ဖြည်းဖြည်းလုပ်ပါ သမီးရယ်၊ တစ်နေ့လုံးလုပ်နေတာ မ တဲ့အတိုင်းပဲ"

"ဟုတ်တယ် သမီးရဲ့၊ ပိုင်လေးက သူပြန်လာမှ ပစ္စည်းတွေ နေရာချမယ်လို့ပြောခဲ့တာ"





"ခရီးဝေးက ပြန်လာတော့ သူ ဘယ်လုပ်နိုင်ပါ့မလဲ ဒေါ်လေး ရဲ့"

"ပိုင်လေးက အိမ်ပြောင်းပေးပြီးမှ လိုက်သွားတာပါသမီးရဲ့။ ဟို မှာ. . . ဆယ်ရက်ပဲ နေတာပါ။ နက်ဖြန်သဘက်လောက်ဆို ပြန်လာ လောက်ပြီ"

"ဟင်!"

ကြည့်စမ်း, ကြားထားတာနဲ့ တလွဲတွေဖြစ်နေပါရောလား။ ပြော တော့ဖြင့် ဟိုမှာ မိဘတွေနဲ့နေပြီး နှစ်လလောက်ကြာမှ ပြန်လာမှာ ဆို ခုတော့ ဘယ့်နှယ်က ဘယ်လို ဆယ်ရက်ဖြစ်သွားရတာတဲ့လဲ။

"အဲဒါ. . . အဲဒါကို ကဗျာ,သိလားဟင်"

"မသိလောက်ဘူးထင်တယ်၊ မမမှုက နှစ်လလောက်ကြာမှ ပြန် မယ်လို့ပဲ ပြောထားတာ"

သေစမ်း! တကယ်အကျဉ်းအကျပ်ထဲကိုမှ အမရာ ရောက်ပါ လာ။ ကဗျာတစ်ယောက် အမရာ့ကိုပစ်ထားပြီး ခရီးတွေဘာတွေ ထွက်သွားရင်တော့ တကယ်သေပြီလေ။ သူ့ကိုမယူနိုင်လို့ လက်မခံဘဲ နှင့်ကျင်ဖို့လုပ်ရမယ့်အလုပ်ကို အမရာ,လုပ်ရမှာလား။

ဟင့်အင်း, အမရာက ဘယ်တုန်းကမှ လူမသိသူမသိအောင်

www.burmeseclassic.com



ညာတတ်တဲ့မိန်းကလေးမှမဟုတ်တာလေ။

အမရာကို ကယ်ပါတော့ ကဗျာရေ့။



## အခန်း (၁၀)

မနေ့က ပန်းအိုးတွေ နေရာချပြီးပြီမို့ ဒီနေ့ မနက်စောစော မြက်ခင်းကို သုံးယောက်သား အတော်ရှင်းယူရပါလေ၏။ ခြံတစ်ဝင်း လုံးကို အကုန်ရိတ်ရတာမို့ ခြေကုန်လက်ပန်းကျသည်အထိပါပဲ။

"အား. . . ဘယ်လိုစိတ်ကူးပေါက်ပြီးတော့များ ဒီလောက် ခြံ အကျယ်ကြီးကို ဝယ်တယ်မသိပါဘူး။ လုပ်ရတဲ့လူတွေက ခါးကိုင်းနေ တာ"

အမရာ့ညည်းတော့ ဦးမောင်တို့လင်မယားက သဘောကျစွာ ရယ်လေ၏။ တစ်ခါမှ ဒီလောက်ထိပင်ပန်းစွာမလုပ်ဖူးတာမို့ မနေ့တုန်း ကလည်း ကိုယ်လက်တွေနာတာနဲ့ ဆေးသောက်ပြီးမှ အိပ်ရတာလေ။

www.burmeseclassic.com



အမရာ့လိုလူငယ်တောင်မှ ဒီလောက်နာတတ်နေရင် ဦးမောင်တို့လူကြီးတွေက ပိုဆိုးတော့မှာပေါ့။

"ဒါတောင်မှ ဒီခြံကို ဈေးလှုပေးပြီး ဝယ်လိုက်ရတာ သမီးရဲ့ ပိုင်လေးက ရှမ်းပြည်နယ်က ခြံကျယ်မျိုးကို ပိုသဘောကျတာ။ ဟိုမှာ သွားမနေနိုင်လို့ ဒီမှာပဲဝယ်ဖြစ်တာလေ။ မိသားစုသုံးဦးတည်းဆိုတော့ အိမ်ခွဲပြီးလည်း နေလို့မဖြစ်ဘူးတဲ့"

"ဟုတ်တယ်သမီးရဲ့။ ပိုင်လေးက အအေးအင်မတန်ကြိုက်တဲ့ ကလေးပါ။ ရေချိုးရင် တော်တော်နဲ့မပြီးလို့ မမမူအမြဲသတိပေးရတာယ် ဆောင်းတွင်း ဘယ်လောက်ပဲအေးအေး၊ ရေကို ရေပူနဲ့စပ်ပြီး ဘယ် တော့မှမချိုးဘဲ ရေအေးချည်းချိုးလို့ သူ့ကိုလေဖြတ်မှာစိုးပြီး မကြာခဏ သတိပေး,ပေးနေရတာ"

အို၊ ဒါတော့ ကဗျာနဲ့အကြိုက်တူတဲ့ဝါသနာပါပဲလား။ ကဗျာ လည်း ငယ်စဉ်ကတည်းက ရေချိုးဇလုံထဲမှ မထတဲ့လူလေ။ အမေ ကတော့ လိုတာထက် အချိန်ပိုပြီးချိုးမိရင် နှာစွန်ပြီး အအေးမိတတ် တာမို့ ရေချိုးချိန်ကို နာရီဝက်ထက်မပိုအောင် သတိထားရတာလေ

"မြက်ခင်းချည်းထီးထီးကြီးရှိလို့တော့ သိပ်မလှဘူးနော်။ အပ ကြီးတွေ စီခြားပြီး စိုက်မှလှမှာ။ ကုလားတမာပင်တို့လို၊ အုန်းအ ထင်တို့လိုတွေပေါ့"

"သမီးဝယ်တတ်ရင် ဝယ်ပြီးစိုက်ထားပေးလေ။ ဒေါ်လေးကို ပိုက်ဆံအပ်ထားတာတွေ ရှိပါသေးတယ်"

"ဖြည်းဖြည်းလုပ်ပါစေလား မကြွယ်ရယ်၊ ကလေးနဖူးမှာ ချွေး သီးနေပြီ၊ မတွေ့ဘူးလား"

မောမောဖြင့်ပြုံးလိုက်မိကြပြန်၏။ နဖူးမှချွေးကို ချွေးသုတ်ပဝါ ဖြင့်သုတ်ရင်း ရေသန့်ဘူးအေးအေးလေးကို ဖွင့်မော့လိုက်ပါသည်။ ရင် ထဲ အေးစိမ့်သွားတာကို မျက်စိမှိတ်ကာ ခဏငြိမ်နေမိလိုက်ပါ၏။

"အင်း၊ မမလေးကတော့ ပိုင်လေးနဲ့ ပြဒါးတစ်လမ်း သံတစ် လမ်းပဲ ထင်ပါရဲ့"

"ဘယ်တတ်နိုင်ပါ့မလဲ ဦးမောင်ရယ်၊ ကဗျာကလည်း သူ့ကို ထက်မခံနိုင်ဘူးလို့ ကြိုပြီးပြောထားသေးတာ။ ဒီမှာလာနေတုန်းလည်း သူ မကြိုက်တာမှန်သမျှ အကုန်လုပ်ပေးထားလို့ ကျွန်မကို မှာထား တာလေ"

"ခက်ပါရဲ့နော်၊ မမမူလို ယောက္ခမမျိုးက ရှားမှရှားလေ။ သူ့ ချွေးမကို အိမ်ရှင်မ မပီသလည်း ကိစ္စမရှိဘူး။ ပိုင်လေးကသာ ချစ် ရင် ဖူးဖူးမှုတ် အလိုလိုက်ထားမှာတဲ့"

www.burmeseclassic.com



"အဲဒါမျိုးက ကဗျာနဲ့ကိုက်ပါတယ်၊ ဒါနဲ့များ ငြင်းချင်ရတယ်လို့ ထားပါတော့၊ သူတို့နှစ်ယောက်တွေ့မှပဲ အဆင်ပြေချင်ပြေသွားမှာပါ"

"အဲဒီလိုအဆင်ပြေစေချင်လို့လည်း မမလေး ဒီမှာလာနေမှာကို ပေးမသိတာပေါ့။ မထင်မှတ်ဘဲတွေ့ပြီး ရင်းနှီးစေချင်လို့လေ"

"ဟုတ်တယ် ဟုတ်တယ်၊ သူတို့နှစ်ယောက်တွေ့တာနဲ့ မသိစေ မယ့် နောက်မှသိသွားရင် ဇာတ်လမ်းတစ်ပုဒ် ရလာမှာကိုး"

တွေးရင်းဖြင့် တီးတိုးရယ်လိုက်မိပါ၏။ အန်တီမူက ရုပ်ရှင်တွေ ထဲကအတိုင်း သားဖြစ်သူကို ဇာတ်လမ်းဆင်ပေးထားတာပါလား။ ထူး ဆန်းလေစွ။

ကဗျာရေ ကဗျာထင်ထားသလိုမျိုး သူ့စိတ်ကြိုက် လိုက်မလုပ် ဖြစ်ပေမယ့် သူ့နှလုံးသားကို လှုပ်ရှားနိုးထလာအောင် ပြုလုပ်နိုင်စွမ်း ရှိတာနဲ့ ကဗျာတို့ကိစ္စက Ok မှာ စိုပြည်သွားမှာ အသေအချာပါပဲ။

သူ မျက်စိနောက်အောင်၊ စိတ်ငြိုငြင်အောင်၊ ဒေါသဖြစ်အောင် ဘယ်လိုပဲလုပ်လုပ် အချည်းနှီးပါလေ။ ဒီစာမေးပွဲက အရည်အချင်းစစ် ပြီး Pass ပေးတာမျိုးမှ မဟုတ်တာကိုး။ လူငယ်နှစ်ယောက်ရဲ့စိတ် သာ အဓိကဆိုတာကို ကဗျာသဘောပေါက်ဖို့ လိုပါလိမ့်မယ်။

ကောင်းပြီ၊ အမရှာကို ဟိုဆရာဝန်နဲ့ပဲ ရစေချင်သလိုမျိုး ကဗျာ





ည်း ဒီကောင်လေးနဲ့ပဲ ရစေရမယ်လို့ အမရှာ ကတိပြုပါတယ်၊ သိ ထား။

"ကောင်းမှာပဲ"

အတွေးလွန်နေတာမို့ ဒေါ်လေးပြောတာကို နားစွန်နားဖျားသာ ကြားလိုက်ရလေ၏။ ဘာများပြောလိုက်တာပါလိမ့်။

"ဟင်! ဘာကိုပြောလိုက်တာလဲ ဒေါ်လေး"

"ကြော်, ပိုင်လေးနဲ့သမီးသာ ရစေက်ဆိုရင် ကောင်းမှာပဲလို့ ပြောလိုက်တာပါ"

"ဘယ်လို! ကျွန်မနဲ့သူ့ကို"

"ဟုတ်တယ်လေ၊ အိမ်မှုကိစ္စမနိုင်နင်းတဲ့မိန်းကလေးမျိုးကို ပိုင် လေးက သဘောကျပုံမလားသမီးရဲ့၊ သမီးလို အစစအရာရာတော်တဲ့ တတ်တဲ့မိန်းကလေးမျိုးကိုပဲ သဘောကျတော့မပေါ့။ မဟုတ်ဘူးလား လို့"

အမရှာ အားရပါးရရယ်မောလိုက်မိပါ၏။ ဒီစကားကို ကဗျာ သာ ကြားရင် ဝမ်းသာအားရ ထခုန်တော့မှာအမှန်လေ၊ နဂိုကတည်း က ဒေါက်တာနှစ်သစ်ဦးကိုမြင်ပြီး သဘောကျနေတာမဟုတ်လား။

"ဟင်းဟင်း. . . အဲဒီစကားကိုတော့ ကဗျာ့ရှေ့ သွားမပြောလိုက်

www.burmeseclassic.com



မိပါစေနဲ့ ဒေါ်လေးရယ်''

''ဘာဖြစ်လို့လဲသမီးရဲ့၊ သမီးနဲ့မှ ပိုင်လေးက ပိုလိုက်ဖက်တယ် ထင်လို့ပြောရတာပါ''

''အဲဒီလိုပြောရင် ကျွန်မနဲ့စေ့စပ်ပေးမယ့် ဒေါက်တာနှစ်သစ်ဦး က ပြဿနာရှာမှာပေါ့ ဒေါ်လေးရဲ့''

''ဘယ်လို! သမီးမှာလည်း စေ့စပ်မယ့်သူရှိပြီးသားလား''

''ဟုတ်တယ်၊ ကျွန်မကို အဲဒီဆရာဝန်နဲ့ စေ့စပ်ပေးမယ်ဆိုတဲ့ သတင်းကြားလို့ ကဗျာနဲ့သူ့ကို အခုလိုထစီစဉ်ပေးကြတာလေ၊ တကယ် ဆို ကျွန်မထက် နှစ်လကြီးတဲ့ကဗျာက အရင်စေ့စပ်ရမှာပေါ့။ သူက နောက်ကျပြီးစီစဉ်တာကို မကျေနပ်ရတဲ့ကြားထဲ စေ့စပ်ပေးမယ့်သူက ကျွန်မရဲ့လူလို ဆရာဝန်နဲ့အင်ဂျင်နီယာမျိုးမဟုတ်လို့ ဆန္ဒပြနေတာလေ''

''ဖြစ်ရလေ''

''သမီးနဲ့ အဲဒီဆရာဝန်ရော အဆင်ပြေကြရဲ့လား''

အဆင်ပြေလားတဲ့။ မေးနေပြီကော အမရာ။ အမရာ့ဘက်က တော့ အဆင်ပြေမပြေဘာမှမသေချာပေမယ့် ဒေါက်တာ့ဘက်ကတော့ Yes ဆိုပြီး စတင်လှုပ်ရှားလာတော့တာမဟုတ်လား။ အခုတောင်မှ အဲဒီဒေါက်တာပေးထားတဲ့အင်္ကျီစတွေကို Design ဆန်းဆန်းလေးနဲ့





Blouse လေးတွေချုပ်ပြီး သယ်လာမိတာလေ။

ကိုယ်တိုင်ချုပ်ထားတာမို့ မဝတ်ရသေးခင်ပင် ပုလဲလုံးကြယ်သီး လေးတွေ ဘော်ကြယ်လေးတွေနဲ့ တန်ဆာဆင်ထားသည့် ရိုးလည်းမရိုး ဆန်းလည်းအရမ်းမဆန်းပဲ (အမရာ့အခေါ် မရိုးဆန်းပုံစံဖြင့်) လှတာပတာ လေးမို့ ထုတ်ကြည့်မိတိုင်း သဘောအကျကြီးကျနေရတာမဟုတ်လား။

ဒါတောင် ဝတ်မကြည့်ရသေးလို့နော်။ ဝတ်ပြီး လှနေတာများ ကဗျာမြင်ရင် အူတွေဘယ်လောက်တိုမည်မသိ။ ကဗျာ့ကို ပိတ်စ ဝယ် မပေးရသေးဘဲ အင်္ကျီလှလှလေးတွေကို အမရာ ချုပ်ပြီးပြီကိုးလေ။

''ဒီလိုပါပဲ''

''ဟောတော်, သမီးစကားက ဘယ့်နှယ်တုန်း။ အဆင်ပြေတယ် ဖြင့် ပြောတယ်ပေါ့။ မပြေဘူးဆိုရင်လည်း မပြေဘူးပြောပါလား''

''ကျွန်မဘက်ကသာ ဘာမှမဖြစ်တာ ဒေါ်လေးရဲ့။ ဟိုဒေါက်တာ ကတော့ဖြင့် အိမ်ကို အားတာနဲ့ အကြောင်းတစ်ခုခုပြပြီး တရောင်း ရောင်း ရောက်လာတော့တာပဲ''

''ဒါဆို ဖိတ်စာတစ်ခြမ်း သေချာနေပြီပေါ့ သမီးရဲ့''

''မသိတော့ပါဘူး။ စိတ်ရှုပ်နေချိန်နဲ့ ကဗျာ အကူအညီတောင်း တာ တိုက်ဆိုင်တာနဲ့ လာဝိုင်းကူပေးတာပါပဲ၊ တစ်ခုတော့ ကြိုပြောထား

www.burmeseclassic.com



မယ်နော်။ ဦးမောင်နဲ့ဒေါ်လေးကို''

''ဘာများလဲသမီးရဲ့၊ ပြောလေ''

''ကဗျာ လာမနေသေးခင်. . . သူရောက်လာလို့ရှိရင် ကျွန်မကို ကဗျာ့ညီမလို့မပြောဘဲ ဒေါ်လေးတို့တူမလို့ပဲ အသိပေးထားဖို့ပါ''

''ဘာဖြစ်လို့လဲသမီးရဲ့၊ အကြောင်းရှိလို့လား''

''အကြောင်းရှိတယ်လို့လည်း မဟုတ်ရပါဘူး. . . ကဗျာရှုပ်တဲ့ ပြဿနာထဲ အညပ်မခံနိုင်လို့ပါ။ ပြီးတော့ ကျွန်မ ဒီအိမ်မှာလာပြီးနေ တာကို မိဘတွေ လုံးဝမသိဘူး။ အဲဒါကိုသိသွားလို့ကတော့ ပြဿနာ က ရှင်းလို့ရတော့မှာ မဟုတ်တော့ဘူး။ ကျွန်မက မိဘတွေငြိုငြင်တာ မျိုးမရှိအောင် နေလေ့ရှိလို့ပါ''

''ကောင်းပါပြီသမီးရယ်၊ ဒီလောက်တော့ ဦးလေးတို့လည်း နား လည်ပါတယ်''

တော်ပါသေးရဲ့၊ ဘယ်လိုစီစဉ်ပေးရမယ်ဆိုတာကို မသိသေးပေ မယ့် အမရာ့ကိုယ် အမရာ ကာကွယ်ထားဖို့နည်းလမ်းကို ရှာတွေ့ ထားရပေလို့ပဲ။ နို့မို့ သူဌေးသားက ညီအစ်မနှစ်ယောက် ကလိန်ကျတာ ကိုသိပြီး ကဗျာ့ကို စိတ်ခုချင်ခုသွားနိုင်မှာကိုး။

''ဒါဆို ဒီညနေ အပင်ကြီးရောင်းတဲ့ဆီမှာ အပင်တွေ သွားဝယ်





ကြတာပေါ့ ဦးမောင်၊ ကျသင့်ငွေ ကုန်ငွေကို ဒေါ်လေး စာရင်းပြနိုင်ဖို့ ဘောက်ချာဖြတ်လာပေးပါ့မယ်''

''အေးအေး''

''ဒါနဲ့ ကိုဝေယံပိုင်က ဘယ်လိုနှင်းဆီကို ပိုကြိုက်သလဲဟင်''

''အနီရင့်ရင့်''

''ဪ''

အနီရင့်ရောင်နှင်းဆီကိုပေးရင် ချစ်ဦးသူနဲ့လွဲရတယ်ဆိုတဲ့ဆောင် ပုဒ်ကိုများ မသိလေရော့သလား။ ဒါကြောင့်လည်း သူနဲ့ မြနှင်းဆီတို့ လမ်းခွဲကြရတာပဲထင်ပါရဲ့။

''သူ့ကို မြနှင်းဆီက ထားသွားတာလား၊ ဒါမှမဟုတ် သူကပဲ မြနှင်းဆီကို လမ်းခွဲလိုက်တာများလားဟင်၊ ဦးမောင်''

''ဦးမောင်တို့ကြားတာကတော့ ပိုင်လေးကို မြနှင်းဆီက ထား သွားတယ်ဆိုလားပဲ၊ မပြောတတ်ပါဘူးသမီးရယ်''

''ဟုတ်တယ်သမီးရဲ့၊ ပိုင်လေးက တချို့ကိစ္စတွေကျ မွှင့်လင်း ပြီး တစ်ခါတစ်လေကျတော့လည်း တစ်ယောက်တည်းငြိမ်ပြီး ကြိတ်ခံ စားနေတာမျိုး။ သူ့စိတ်ကို ဖတ်ရအခက်ဆုံးပဲ''

''ဒေါ်သကြီးလာရင်တော့ တွေ့ရာမြင်ရာနဲ့ ကောက်ထုတတ်တာ

ပဲ သမီးရေ့၊ ဦးလေးတို့ ကြိုပြီးသတိပေးထားပါရဲ့။ သူ့ ဒေါသထွက်ပြီး အော်ဟစ်နေရင် ဘာမှမပြောဘဲ ငြိမ်ပြီးတော့သာ နေလိုက်၊ ခဏနေ အလိုလိုစိတ်ပြေသွားလေရော''

ဆန်းပါပေ့ရှင်ရယ်၊ အမရာကတော့ ဤသို့ဤနှယ်လူစားမျိုး မကြုံဖူးပေမယ့် ကိုယ်မှန်တယ်လို့ယူဆရင်တော့ ချက်ချင်းပြောတတ်တာမျိုးပါ။ နဂိုက အနေအေးတဲ့သူဖြစ်ပေမယ့် ကိုယ့်အပေါ် လိုတာထက်ပိုပြီး တင်းတင်းမာမာ ပြုမူပြောဆိုဆက်ဆံတာမျိုး လုပ်လာရင်တော့ သည်းခံနိုင်စွမ်း လျော့မှာအမှန်ပါပဲ။

''အင်း, အဲဒါတော့ပြဿနာပဲ''

''ဘာကိုလဲ သမီးရဲ့''

''ကဗျာလည်း အရမ်းစိတ်ဆက်တာ ဦးမောင်ရဲ့။ လူကြီးပြောရင်တော့ နှုတ်ခမ်းစူ ခြေဆောင့်လုပ်တတ်လို့ အန်တီဆွေ ခဏခဏ ခေါက်တာကို ခံရတာချည်းပဲ''

''ဟုတ်လား။ ဒါဆိုသိပ်မကြာခင်မှာ သူတို့နှစ်ယောက် နောင်ကျိန်ချမှာကို ကြားကြရတော့မှာပေါ့။ နားပူရချေသေးရဲ့''

သုံးယောက်သား လွတ်လပ် ပေါ့ပါးစွာဖြင့် ရယ်လိုက်မိကြပြန်လေ၏။ သူတို့နှစ်ယောက် အဆင်ပြေအောင်လုပ်ပေးဖို့က အမရာနဲ့





ဦးမောင်တို့တာဝန်ပဲ မဟုတ်ပါလား။

ကောင်းပြီ ကဗျာ၊ ဒီလောက်နားလည်မှုပေးနိုင်တဲ့အန်တီမှူလို ယောက္ခမမျိုးကို ရွေးမနဲ့ယောက္ခမတော်ရမှာလောက် ကံကောင်းတာ ဘာရှိတော့မှာလဲ။ ဒီတော့ သူနဲ့ကဗျာ အစစ အဆင်ပြေ ချောမွေ့မှုရှိသွားအောင် အမရာက ပေါင်းကူးတံတားလေး ထိုးပေးခဲ့ပါ့မယ်လေ။

ဒါမှ အန်တီမှူတို့လည်း ကျေနပ်ပြီး သူလည်း လက်ခံပေးမှာဖြစ်သလို မေမေတို့ကလည်း အမရာ့အပေါ်မှာ နားလည်ခွင့်လွှတ်ပေးနိုင်မှာလေ။

ပန်းကြိုက်တဲ့လူကို ပန်းတွေနဲ့ စိတ်ထားပျော့ပြောင်းစေသလိုမျိုး ကဗျာလည်း သူ့အပေါ်မှာ လိုလိုလားလားလက်ခံချင်စိတ်မျိုးဖြစ်လာပါစေတော့။

လောလောဆယ်တော့ သူရောက်မလာခင် သူကျေနပ်စေနိုင်မယ့် သစ်ပင်ပန်းပင်တွေကို ကြိုတင်စိုက်ပေးရင်း ရင်မောခံလိုက်ပါဦးမယ်။ အလှည့်ကျ မနွဲ့စတမ်းနော်, ဆောင်းကဗျာ။

www.burmeseclassic.com



## အခန်း (၁၁)

တစ်ခြံလုံး သစ်ပင်တွေ စိမ်းစိုနေချေပြီ။ ကဗျာတစ်ယောက် ခုချိန်ထိ Phone မဆက်သွယ်သေးပါလား။ ဘယ်တွေကိုများ ခြေရှည်ပြီး လျှောက်လိမ့်နေပါလိမ့်။ ဒီမှာလာနေဖို့ ပြောထားပြီးပြီမို့ အိမ်မှာ ရှိမှာတော့ သေချာသလောက်ပါပဲ။

ခြံထဲက ပန်းပင်တွေကို ရေလောင်းတော့ တိုက်ရှေ့တည့်တည့် အောက်လျှောက်မှာ စီချထားပေးသည့်ပန်းအိုးတွေက နှင်းဆီပွင့်တွေ အစီအရီ။ အထူးသဖြင့် သူသိပ်ကြိုက်သည့် အနီရင့်ရင့်နှင်းဆီတွေက နေရောင်အောက်မှာ ငွားငွားစွင့်စွင့်ပွင့်နေတာပါလေ။

ရေပိုက်ဖြင့် ရေလောင်းနေရင်း မြက်ခင်းစပ်မှရေကို ဖွဲဖွဲလေး

www.burmeseclassic.com



မိုးရွာသလိုမျိုး လိုက်ဖြန်းနေစဉ် ကားဟွန်းသံကို ကြားလိုက်ရလေ၏

"တီ! "

"ဟော"

ခြံဝကိုလှမ်းအကြည့်မှာ Taxi တစ်စီးက ခြံတံခါးကို ဦးတည်ရပ်နေတာကြောင့် မျက်လုံးပြူးသွားရလေ၏။ မြတ်စွာဘုရားကြီး၊ သူ့ရှေ့သွားကတော့ ကော်ဇောပုံနဲ့ ကြွလာချေပြီပဲ။

"ဟော့, တံခါးလာဖွင့်ပေးလေ၊ ဘာလို့ကြည့်နေတာလဲ"

စပါပြီ၊ ဟောက်တဲ့အမိန့်သံ၊ ကဗျာသာဆို ချက်ချင်း ပက်ခနဲ ပြန်အော်လိုက်မှာလေ။ ကျောက်ပြားခင်းလမ်းမထက် ရောက်နေသည့် ရေပိုက်ကို ကားမကြိတ်မိစေရန် လမ်းဘေးအရင် ဆွဲကပ်ချလိုက်ပြီးမှ ခြံတံခါးကို အပြေးအလွှား သွားဖွင့်ပေးလိုက်ရလေ၏။

ခြံဝမှကားက ဂူးခနဲမောင်းဝင်သွားတော့ ရေပိုက်ခေါင်းကိုအမြန် ပြေးပိတ်လိုက်စဉ် သူက Taxi ပေါ်မှဆင်းကာ ခါးထောက်လျက်သား ရပ်စောင့်နေပါ၏။ ဒုက္ခပါပဲ၊ ဒီနေ့မှ ဦးမောင်နဲ့ဒေါ်လေးက တစ်လစာ ကုန်ခြောက်တွေ သွားဝယ်နေတာမို့ အိမ်မှာ အမရာတစ်ယောက်တည်း ရှိနေတာလေ။

"ကျစ်! မြန်မြန်ဆန်ဆန်လာမှပေါ့၊ ကားပေါ်က ပစ္စည်းတွေ ချလေ။ မင်းတစ်ယောက်တည်းလား၊ ဦးမောင်တို့ရော"





"ဦးမောင်နဲ့ဒေါ်လေး တစ်လစာ ဈေးသွားဝယ်နေပါတယ်ရှင့်"

"ဒါဖြင့်လည်း ကလေးပီပီ မင်း သွက်သွက်လုပ်ပေါ့။ ငါပြန်လာမယ်ဆိုတာ သိတယ်မဟုတ်လား"

"ဟုတ်ကဲ့ပါ အစ်ကိုလေး"

"အေး, ပစ္စည်းတွေ ဧည့်ခန်းထဲမှာပဲ ထားလိုက်ဦး။ ပြီးရင် ငါ့ကို အမောပြေတစ်ခုခု ဖျော်လာပေး"

"ဟုတ်ကဲ့ရှင့်"

အမယ်လေးနော်၊ တကာယ်ကို နိုင်းဖက်အိမ်ဖော်လေးထင်လိုက်တာပါပဲလား၊ သေတ္တာတွေက မတရားကြီးကို လေးလိုက်တာနော်၊ Taxi သမားက အမရာ့ကိုသနားပြီး ကူသယ်ပေးတာကို မကြည့်သလို မျက်မှောင်ကြုတ်ကာ ကြည့်ပြန်လေ၏။

ဟောတော်၊ အသက်ရှုကျပ်တယ်ဆိုတာ ဒီလိုမျက်စောင်းထိုးတာမျိုးပဲထင်ပါရဲ့။ ကဗျာသာ သူ့ကိုမြင်ရင် ဘာပြောမှာပါလိမ့်၊ ဒေါက်တာ နှစ်သစ်ဦးကို ဂျော့ချ်ကလိုနီလို့နိုင်းရင် သူ့ကို ဘရက်ပစ်ထိနဲ့နှိုင်းမှာ သေချာအမှန်ပါပဲ။

"ဒါက ဘာလဲ"

www.burmeseclassic.com



"ဘာလီရည်ပါရှင့်"

"ငါ ဘာလီမှမကြိုက်တာ. . . . စတော်ဘယ်ရီတောင်မှ ချဉ်လို့ မသောက်ဘူးဆိုတာ နင့်အဒေါ် ပြောမထားဘူးလား"

"ရှင်! "

"ငါ ဆီးဖျော်ရည်ပဲ သောက်တတ်တာလေးတောင် မသိရအောင် တုံးလှချည်လား မိအတ္တရဲ့၊ နင့်နာမည် ဘယ်သူတုန်း"

"ရွှေဝါပါ အစ်ကိုလေး။ အဲဒါဆို ကျွန်မ ဆီးဖျော်ရည် ထပ် ဖျော်လာပေးပါ့မယ်ရှင့်"

"နေပါစေ, တော်ပါတော့၊ မောပါတယ်ဆိုမှ ရောက်တာနဲ့ ရိုး မောစရာ ကြုံရတော့တာပဲ၊ ဒါပဲသောက်တော့မယ်"

ကဲ၊ ဒါဆိုလည်း 'နောက်ဆို ဆီးဖျော်ရည်ပဲဖျော်နော်'လို့ သေ ပြည်လေးနဲ့ပြောရင် ရပါလျက်နဲ့ လူကို (၁၀)နှစ်သမီးကို နိုင်းသလို မျိုး အော်ငေါက်နေတော့တာပါပဲ။ ဟင်းနော်၊ အိမ်မှာဆို အမရာကို အခုလိုအော်ပစ်ဆူငေါက်ဖို့မပြောနဲ့ လေသံမာဖြင့်တောင် မိဘတွေက ပြောဖူးတာမှမဟုတ်တာ။

"ပူလိုက်တာ၊ Aircon ဖွင့်မထားဘူးလား၊ နေပူထဲက လာလို့ အရိပ်မှာ အေးမလားမှတ်တာ၊ အိမ်ထဲမှာ မီးလင်းဖို့ မွှေးထားလား





ဆင်ရတယ်"

Aircon ခလုတ်ကို သုံးခုစလုံး အမြန်ပြေးဖွင့်လိုက်ရပါ၏။ ဘယ် သူမှမရှိတာမို့ မလိုအပ်ဘဲ လျှပ်စစ်ကုန်မှာစိုးပြီး ချွေတာတာကိုလည်း သိတတ်ပါလား။ 'ဒီလောက်တောင် အေးချင်နေရင်လည်း ရေခဲတိုက် မှာ သွားနေလိုက်ရှင်'ဟု အငေါ်တူးချင်စိတ်ကို ဂလုခနဲ မျိုချလိုက်ရ သေသည်။

"နေပါဦး ရွှေဝါ၊ နင့်အသက် (၁၈)နှစ်ပြည့်ရဲ့လား"

အလို, အမရာ့အသက် (၂၂)နှစ်ကို (၁၈)နှစ်သမီးထင်ရတယ် သို့၊ ဒီလောက်လည်းမနုပါဘဲ လူကိုယ်ငယ်ငယ်လေးထင်သွားတာမို့ ရယ် ချင်မိသွားရပါ၏။ လုပ်လိုက် ဝေယံပိုင်ရေ။

"ပြည့်ပြီးပါပြီရှင့်"

"ပြည့်ပြီးတယ်သာပြောတယ်၊ လူကလည်း အားမရှိသလိုပါပဲ လား၊ ဒေါ်လေးကြွယ်တူမဖြစ်ပြီး တုတ်တုတ်ခိုင်ခိုင်ကိုမရှိဘူး"

"ကျွန်မက ဦးမောင်ရဲ့တူမပါရှင့်"

"ဪ, ဦးမောင်ရဲ့တူမလား၊ ဒါဆို နင်က ဒေါ်ဂျမ်းရဲ့သမီး ပေါ့လေ၊ ဒေါ်ဂျမ်းသမီးဆိုရင်တော့ အပင်စိုက်ကျွမ်းကျင်မှာ အသေ အချာပဲ။ ဟိုမှာ ပန်းစိုက်ရောင်းတာမဟုတ်လား"

www.burmeseclassic.com



"ဟုတ်"

ရောယောင်ကာ ခေါင်းညိတ်လိုက်ရပါ၏။ ဘယ့်နှယ်ကနေ ဘယ် လို ပေါ်လာတဲ့ ဦးမောင်ရဲ့ဆွေမျိုးမှန်းမသိ၊ မေမေ့နာမည် ဒေါ်သက် သက်ဝေကနေ ဒေါ်ဂျမ်းပြောင်းတာကိုသာ သိရင်တော့ ရင်ဘတ်စည် တီးဖြစ်တော့မှာ အသေအချာပင်။

"နင့်အမေက ရုပ်သာဆိုးတာ သမီးကိုကျတော့ လှတပတလေ မွေးတတ်သားပါလား"

"အမေ့ကို ရုပ်ဆိုးတယ်လို့ မပြောပါနဲ့ရှင့်။ အမေက ပြော တယ်။ ရုပ်လှဖို့ထက် စိတ်လှဖို့က ပိုအဓိကကျတာတဲ့"

"အံမာ, ခုမှ ပိဋကတ်အိုးကွဲနဲ့ လာတွေ့နေပါပြီ။ သူ့အမေ လို့ နာနေလိုက်တာများ။ ပြောစမ်းပါဦး. . . နင် ဘယ်နှတန်းအထ ကျောင်းနေဖူးလဲ"

"ရှစ်တန်း"

"ဘယ်ဆိုးလို့တုန်း။ ဒီမှာ ကျောင်းဆက်တက်ဖို့ နင့်ဘကြီး ကို လွှတ်လိုက်တာလား"

"မဟုတ်ပါဘူး။ ဒီမှာ လုပ်စရာတွေ များနေလို့ ဝိုင်းကူပေး လွှတ်လိုက်တာပါ။ အမေက သေချာမှာလိုက်တယ်။ အစ်ကိုလေး ပြ





ရောက်ရင် ပြန်လာခဲ့တဲ့။ အိမ်မှာ ကျွန်မမရှိလို့မဖြစ်ဘူးလို့ပြောတယ်"

ကဲ, အမရာတော့ မုသာဝါဒရေအိုင်ထဲမှာ နစ်ပြီးရင်း နစ်ပါ ရောလား။ မညှော်ရှုယ်ပါဘဲ အကြောင်းအခွင့်တိုက်ဆိုင်သလို လိမ်ပြီး ရင်းလိမ်၊ ညာပြီးရင်း ညာသလို ဖြစ်ကုန်ပါရောလားလေ။

သူက မျက်ခုံးပင့်ကာ ပြုံးချင်သလို မပြုံးချင်သလိုဟန်ဖြင့် ပြုံး လိုက်လေ၏။ ကြည့်စမ်း! အမြင်ကပ်လိုက်တာနော်၊ မချိုမချဉ်ပြုံးတယ် ဆိုတာ ဒါမျိုးကိုခေါ်တာပဲထင်ပါရဲ့။

"အံမာ, ရမလား။ ဒီမှာ နင့်ကိုခိုင်းစရာတွေ အများကြီးရှိသေး တဲ့ဟာ၊ ချက်ချင်းပြန်လွှတ်လို့ ဘယ်ဖြစ်ပါ့မလဲ၊ နင့်မောင်အငယ်ဆုံး ငိုချက်တောင် (၈)နှစ်လောက် ရှိနေပြီပဲဟာ၊ နင့်အောက်က ညီမဘယ် သူ. . ."

ဟိုက်! မထင်မှတ်ဘဲ စစ်ဆေးခန်းက စပါရောလား။ တောဆန် ဆန်နာမည်တွေကို အမြန်စဉ်းစားလိုက်ရပါ၏။ ခေါင်းခဲလိုက်တာနော်။

"ဘုတ်ဆုံပါ"

"အေး, မိဆုံတောင် ခုဆို (၁၅)နှစ်လောက်ရှိပြီဆိုတော့ ဒေါ်ဂျမ်း အားကိုးလို့ရပြီပေါ့၊ မောင်နှမငါးယောက်ထဲမှာ နင်က ဉာဏ်အကောင်း ဆုံး စာအတော်ဆုံးဆိုပြီး ကျောင်းကိုတော့ ပြီးအောင်မထားဘူး၊ ဘယ်

www.burmeseclassic.com



လိုအမေလဲ''

''အဲဒီလိုမပြောပါနဲ့ရှင်၊ အမေက ဆက်ထားပါတယ်''

''ဒါဆို နင့်အဖေ ဦးပေါက်ဆိန်က မထားနိုင်တာလား''

''ဟုတ်တယ်''

''ဘာဖြစ်လို့လဲ''

''တခြားရွာမှာ ကျောင်းသွားတက်ရမှာကိုရော၊ ပြီးတော့''

''ပြီးတော့ ဘာတဲ့တုန်း''

''ပြီးတော့ ယေင်ယေင်ရွှယ်ရွှယ်နဲ့ ကျွန်မ ယောကျ်ားရသွားမှာ စိတ်မချလို့တဲ့ရှင့်''

''ကောင်းဗျာ''

မှတ်ကရောပဲ၊ ပါးစပ်ထဲ တွေ့ကရာမပြောစဖူးပြောရတာ လျှာအရသာတွေ့လိုက်တာနော်။ ဒီလူ့ပုံက ဂျစ်ကန်ကန်နိုင်လှပေမယ့် စကားပြောရတာကတော့ သိပ်လက်ပေါက်မကပ်လှပါဘူး။ ပွင့်ပွင့်လင်းလင်းနဲ့ ဒဲ့တိုးပြောတတ်ပုံပါပဲ။

''နင့်မှာ ရည်းစားရှိနေလို့လား''

သေစမ်း! လျှာယားပြီး ပြောသမျှ ကိုယ့်ရှူး ကိုယ်ပတ်ချေပြီး ဘာမှပြန်မဖြေဘဲ နှုတ်ခမ်းကိုတင်းတင်းစေ့ကာ ပါးစပ်ပိတ်ထားလိုက်



BURMESE CLASSIC .com



ရင့် သူက ခေါင်းညိတ်လိုက်လေ၏။

''ဟုတ်မှာပါ. . . နင် ရည်းစားထားမှန်းသိသွားလို့ နင့်အမေက ကျောင်းဆက်မတက်နိုင်းတော့တာပေါ့။ အဲဒါပဲ ပညာလေး မတောက်တခေါက်သင်ပြီး (၁၀)တန်းအောင်ဘွဲ့ရတော့မှ တင့်တောင့်တင့်တယ်ထားနိုင်တဲ့ယောကျ်ားမျိုး ရနိုင်မှာပေါ့။ ဒီ (၈)တန်းလောက်နဲ့ ဟိုကအလုပ်ကြမ်းသမားလောက်ပဲရမှာကို မစဉ်းစားဘူး။ ငါ့အိမ်မှာနေရင် ငါ့စကားကို နားထောင်မှဖြစ်မယ်။ ကျောင်းလည်းဆက်ထားပေးမယ်၊ နင်နဲ့သင့်တော်တဲ့ယောကျာ်းလည်း ရှာပေးမယ်၊ ဘယ်လိုလဲ''

အလိုလေးလေ၊ အမရောကိုများ Physics Major နဲ့ ဘွဲ့ရမထင်သလို ယောကျ်ားတောင် ရှာပေးစားဦးမတဲ့။ ဟားတိုက်ရယ်စရာကြီးပါလားနော်။ ဒေါက်တာသာ သိသွားရင် ရှင့်ကိုလက်သီးတစ်လုံးတော့ ထိုးကျွေးလောက်ပါရဲ့။

''ယောကျ်ား မလိုချင်ပါဘူး''

''အောင်မာ! အဲဒီလို မယူပါဘူးဆိုတဲ့လူစားမျိုးက ကြိုက်တဲ့သူ တွေ့တာနဲ့ ဝေါက်ခနဲထလိုက်သွားရောကွ။ အေး၊ ငါ့အိမ်မှာနေတုန်း နင် လင်နောက်လိုက်ပြေးဖို့ကြံလို့ကတော့ နှစ်ယောက်စလုံးကို အရှင်မထားဘူးမှတ်၊ နင့်ဦးလေးနဲ့အဒေါ်ပါ အလုပ်လက်မဲ့ ဖြစ်သွား

www.burmeseclassic.com



မယ်. . . နင့်မိဘတွေ ရင်ထုမနာမဖြစ်စေချင်သလို ငါလည်း မျက်နှာမပျက်ချင်ဘူး။ မှတ်ထား''

အမယ်လေးနော်၊ လူကို (၁၆)နှစ်သမီးကိုဆုံးမသလိုမျိုး ပျစ်ပျစ်နှစ်နှစ်ကိုပြောနေတော့တာပါလား။ အမရှေ့ထက် (၃)နှစ်ကြီးတယ်လို့ မထင်ရအောင်ကိုဘဲ ရင့်ကျက်ပြနေလိုက်တာလေ။

သူ မျက်နှာပျက်ရမှာကိုအဓိကထားမပြောဘဲ ဦးမောင်တို့ ဆေ ဂျမ်းတို့နဲ့နာမည်တပ်ပြီး ခြိမ်းခြောက်ပြနေပုံက အပိုင်ပါပဲ။ ကောင်း ဝေယံပိုင်ရေ၊ ရှင် ကျွန်မကို ဘယ်အထိ အထင်မှားနေဦးမလဲဆိုတာ ဆက်ပြီးတော့ စောင့်ကြည့်ကြစို့ရဲ့။

''ငါ့အမိန့်မရဘဲ ခြံပြင်ကို နင်ထွက်ဖို့မစဉ်းစားနဲ့နော်၊ သတင်းစာကို ပုံးထဲထည့်ပြီးမှသွားယူ။ သတင်းစာသမားနဲ့ရောရောယှက်ယှက် စကားပြောမယ်မကြံနဲ့. . . နာမယ်၊ ဈေးကို ဘယ်သူသွားဝယ်သလဲ''

''ဒေါ်လေးပဲ ဝယ်တာပါ''

''ကောင်းတယ်၊ အဲဒီလောက် အုပ်ထားနိုင်မှ တော်ကာကျတာ ဦးမောင်တို့သွားတာ ကြာပြီလား''

''ဟုတ်ကဲ့''

''အေး၊ သူတို့ပြန်ရောက်မှပဲ ဒါတွေတင်ကြတာပေါ့၊ အိမ်ထဲ





ပစ္စည်းတွေ နေရာတကျရှိသွားပါပဲ။ အပေါ်ထပ်ရော အားလုံးပြင်ဆင်ပြီးပြီလား''

''ဟုတ်ကဲ့''

သူက ခေါင်းတဆတ်ဆတ်ညိတ်ကာ အအေးကို ကုန်အောင် မော့သောက်လိုက်လေ၏။ လူကို ခရီးရောက်မဆိုက်ဟောက်ရလို့ မောသွားတယ်ထင်ပါရဲ့။

''နင့်ကိုညီမလိုသဘောထားပြီး ဆုံးမနေတာကို တစ်မျိုးမထင်လေနဲ့။ မဖြစ်သင့်တာ မဖြစ်ရအောင်လို့ ပြောပြနေတာ။ နင့်လက်ပြစမ်း''

''ရှင်!''

''ဪ၊ လက်နှစ်ဖက်စလုံး ပြစမ်းပါဆို၊ အင်း, ပန်းစိုက်စားတဲ့ လက်ဖဝါးတွေက ကြမ်းမနေဘဲ နုဖတ်နေတာပါပဲလား''

သူကိုင်လိုက်သည့်လက်နှစ်ဖက်စလုံးကို ဖျတ်ခနဲရုပ်ပြီး ကိုယ်နောက်မှာဝှက်လိုက်စဉ် သူက မျက်မှောင်ကြီးကြုတ်လျက်ကြည့်လေ၏။

တွန့်တိုလိုက်တာလို့ထင်လေမလား။ သူစိမ်းတစ်ယောက် အမရှေ့ လက်ကိုကိုင်တာ သူက ဒုတိယမြောက်လူ ဖြစ်နေတာလေ။

ကဲ, မခက်ဘူးလား။

www.burmeseclassic.com



## အခန်း (၁၂)

"ဟော, ပြန်လာပြီထင်တယ်၊ ကားသံကြားတာပဲ၊ ဟိုကောင်မလေး သွားကြိုလေ"

ကြည့်ပါလား၊ သူစားချင်တယ်ဆိုလို့ ကန်စွန်းရွက်ကြော်ဖို့ အရိုးသင်နေတာကို လှမ်းခေါ်ခိုင်းပြန်ချေပြီ။ လူကိုထောင့်စေ့အောင်ကို ခိုင်းစားချင်နေတာပဲထင်ပါရဲ့။

"ဟောဗျာ, ပိုင်လေး ရောက်နေပြီလား"

"ဟုတ်တယ် ဦးမောင်ရေ့၊ စောစောကလေးတင်ပဲ ရောက်တယ်။ ရောက်တာနဲ့ ဦးမောင်တူမကိုပြောရတော့တာပဲ။ ထုံထုံထိုင်းထိုင်းလေ"

"ဟော!"

www.burmeseclassic.com



''ဘာရပ်ကြည့်နေတာလဲ၊ ဝိုင်းသယ်ပေးဦးလေ၊ ဒီမှာ လူကြီးတွေ မနိုင်မနင်းသယ်ပြုလာတာ မမြင်ဘဲ ကန်းနေလား''

''နေနေ, သမီး၊ ဒေါ်လေးတို့ပဲ သယ်ခဲ့မယ်''

''ဒီလောက်အလေးကြီးတွေကို ဝိုင်းသယ်ပေးမှပေါ့။ ကလေးပီသွက်သွက်လက်လက်ကိုမရှိဘူး။ နာမည်ကသာ ရွှေဝါ၊ ကြောင်လို ဖော့ပေါ့ပါးပါးလေး နေပါလား။ သွား, ကူသယ်ပေး''

သူက ပြောလည်းပြော Taxi ကားပေါ်မှ အားလူးအိတ်တွေ ကြက်သွန်အိတ်တွေကိုပါ ကူချပေးနေတာမို့ ဒေါ်လေးလက်ထဲမှ ရွှေခြင်းတောင်းကို အမရာ လှမ်းကူ သယ်မလိုက်မိပါ၏။

''နေပါစေ သမီးရယ်၊ လက်တွေနာနေပါဦးမယ်''

''ဒေါ်လေးအလိုလိုက်လို့ ဦးမောင်တူမ ပျော့တိပျော့ဖတ်ဖြစ်နေတာပဲကြည့်။ ဒင်း လက်ကျောမတင်းမှန်းသိလို့ မြို့ကို ဒေါ်ဂျမ်း ပို့လိုက်တာပဲဖြစ်မယ်''

''သူ့ခမျာ လုပ်ရှာပါတယ် သားရယ်၊ ဦးမောင်တို့လင်မယားနှစ်ယောက်ထဲလုပ်ရင် ဒီလောက်ထိပြီးမှာ မဟုတ်သေးဘူး။ တစ်အိမ်လုံးကိုရော ခြံထဲကိုပါ သူဦးဆောင်ပြီး ရှင်းပေးထားတာပါ သားရယ်''

''အင်း. . . ကိုယ့်တူမ ကိုယ် ကျပ်ကျပ်သာ အလိုလိုက်ကြဖို့





ကောက် ယောက်မမြင်းစီးပြီးထွက်သွားမှ ဟုတ်ပေ့ဖြစ်ကုန်မှ အခက်ဆဲ''

ဦးမောင်ရော ဒေါ်လေးကပါ အမရာကို အားနာသလိုကြည့်လိုက်ကြတာကို မျက်ရိပ်ပြတားလိုက်ကာ ပစ္စည်းတွေကိုခပ်သုတ်သုတ်သယ်ပြီး နောက်ဖေးခန်းကို သယ်ပို့လိုက်ပါ၏။

''ဟိုကောင်မလေး ငါ့ကိုရွဲ့ပြီး အပြေးအလွှားလုပ်မနေစမ်းပါနဲ့ မတော််,ချော်လဲပြုလဲမှ ဆေးကုပေးနေရဦးမယ်''

ကြည့်, မလုပ်ပေးတော့လည်း မလုပ်လို့၊ လုပ်ပြန်တော့လည်း ပြေးလို့ဆိုပြီး တစ်ပြစ်ဖြစ်ရပြန်ချေပြီ၊ အလေးအပင်တွေ သယ်ပေးနေရင်း အပြစ်ပြောခံရတာမို့ အမြင်ကပ်ကပ်ဖြင့် သူ့ကို မျက်စောင်းဒိုင်းခနဲ ခဲလိုက်မိလေသည်။

''အောင်မာ, ဒါက ငါ့ကိုအာခံတဲ့အကြည့်ပေါ့လေ။ ငါထုလိုက်ရ အတတ်ကောင်းကျူ့တတ်တယ်''

''အ! ''

ထုလိုက်ရလို့ နှုတ်ကသာပြောပြီး လက်သီးဆုပ်က အမရာ့နဖူးဆက်ရောက်လာတာမို့ ခေါင်းလည်းကြိမ်း ဇက်လည်းပု သွားရလေ၏။ အောက်! ဒင်းတော့နော်၊ အိမ်မှာဆို လက်နဲ့ရွယ်ဖို့မပြောနဲ့ အမရာ့ကို

www.burmeseclassic.com



လေသံမာနဲ့တောင် ဘယ်သူမှမပြောဘူး။

တစ်ခါမှ ကိုယ်ထိလက်ရောက်အရိုက်မခံခဲ့ရဖူးတာမို့ ဝမ်းနည်းသလိုဖြစ်ကာ မျက်ရည်ပင် ဝဲတက်လာလေ၏။ အမရော မှတ်ထားတယ်နော်။ တစ်နေ့နေ့ ရှင့်ကိုပြန်ပြီးတော့လုပ်မှာပဲ. . . သိလား။

ဦးမောင်နှင့်ဒေါ်လေးက မျက်လုံးပြူးပြီး ကြည့်လိုက်တာမို့ သူသတိထားမိသွားလေ၏။

''ဘာလဲ၊ ဦးမောင်တူမကိုရိုက်တာ မကြိုက်လို့လား။ သူ့ပိုင့်ကို မျက်စောင်းထိုးလို့ ထုလိုက်မိတာပါ''

''မဟုတ်ပါဘူးကွယ်''

''ဒါလေးလုပ်တာနဲ့ မျက်နှာက နီချင်နေပြီ၊ နင့်အိမ်မှာဆို ပြောစကားနားမထောင်တာနဲ့ ဒေါ်ဂျမ်းက အမေဂျမ်းဆိုင်းနဲ့ တဖြန်းဖြန်းဆော်တာပဲမဟုတ်လား။ ပိုမနေနဲ့''

''အမေက ကျွန်မခေါင်းကိုမထုပါဘူး''

''အောင်မယ်, ဦးနှောက်ချောင်မှာကျ စိုးရိမ်တယ်ပေါ့လေ။ ဒီဖြင့် နင်အသုံးမကျရင် ငါက ကြိမ်လုံးနဲ့ရိုက်ရမှာလား။ ဒါမှမဟုတ်နားရွက်ဆွဲပြီး နင်ထိုင်ထလုပ်မှာလား ကြိုက်တာပြော''

သူက ခါးထောက်ပြီးပြောနေတာမို့ ဦးမောင်တို့နှစ်ယောက်က





ပါးစပ်အဟောင်းသားဖြင့်ရပ်ကြည့်နေကြလေ၏။ မုန်းလိုက်တာနော်။ ကဗျာနဲ့သဘောတူချင်စိတ်တောင် ပျောက်ပြီး ဟုတ်တယ်၊ ကဗျာနဲ့ရှင့်ကို သဘောမတူတော့ဘူး ဒါပဲ။

''ကြည့်ကြည့်, မျက်လုံးထဲမှာကိုက ငါ့ကိုမုန်းတာတွေ ပေါ်နေပြီ မင်း ဘယ်လိုဟာလေးလဲ''

''အစ်ကိုလေးနိုပ်စက်ရင် အိမ်ကိုပြန်ပြီး အမေနဲ့တိုင်မှာ''

''အံမာ, ဒီမလောက်လေးမလောက်စားအရွယ်လေးက ငါ့ကို ခံပက်နေပြန်ပါပြီ။ နားရင်း ထအုပ်လိုက်ရ, မကောင်းတော့ဘူး။ နင့်အမေကို ငါက ကြောက်ရမှာလား။ မြို့မှာပေးနေပြီး ထမင်းကျွေးကျောင်းထားပေးမယ့်အိမ်မျိုး နင် ရှာကြည့်လိုက်ဦး။ ထမင်းထုပ်သာသိုးသွားမယ်၊ ရှာတွေ့မယ်မထင်နဲ့၊ ဟွန်း''

ကြည့်ပါဦး။ လူကိုကြိမ်းချင်တိုင်းကြိမ်းနေတော့တာလေ၊ လူကြီးနှစ်ယောက်က အားလည်းနာ၊ မျက်နှာလည်းပူပြီး ဘာဝင်ပြောရမှန်းမသိသလောက် သူက ပြောချင်ရာ စွတ်ပြောနေတော့တာပါပဲလား။

''ငါ့ကိုမကျေနပ်တာနဲ့ ဒီအိမ်ကထွက်ပြေးမယ် မကြံလေနဲ့။ ခြံထဲက ခြေကျော် ခြေဖြတ်၊ လက်ကျော် လက်ဖြတ်ပစ်မယ်မှတ်။ အိမ်ပြေးဆိုတာ ဘယ်လောက်ဆိုးတဲ့နာမည်ထင်သလဲ၊ ဒီရန်ကုန်မှာ လူရှုပ်

www.burmeseclassic.com



လူပွေတွေ ပေါပါဘိသနဲ့၊ နင့်ကိုရောင်းစားကြလိမ့်မယ်၊ သိရဲ့လား”

“မကြောက်ပါဘူး”

“ဘာမကြောက်ပါဘူးလဲ၊ နင်တော့ နာတော့မယ်နော်၊ တယ် ခက်တဲ့ဟာလေး”

ထပ်ပြီး လက်ရွယ်လိုက်ပြန်တာမို့ နောက်ဆုံးဈေးခြင်းတောင်း ကိုကိုင်ပြီး နောက်ဖေးခန်းရှိရာဆီ အပြေးဝင်ခဲ့တော့၏။ ဦးမောင်တို့ ပြောသလိုမျိုး အမရာ ငြိမ်မနေနိုင်ပါဘူး။ သူက လက်မြန်ခြေမြန်နဲ့ တကယ်လုပ်တတ်တာ မျက်မြင်ကိုး။

“နာသွားလားသမီးရယ်၊ အားနာလိုက်တာ၊ သမီးကို ဘယ်သူ မှန်း သူမသိတော့လေ”

“ရပါတယ် ဒေါ်လေးရဲ့၊ မသိသလိုပဲ နေကြပါ။ ဒါမှလည်း သူ ထင်သလိုပဲရှိမှာပေါ့”

“ဒါတော့ဒါပေါ့ သမီးရယ်၊ ဒါပေမဲ့ ဘာမှမဟုတ်ဘဲ ရိုက်ခံရမှာ ကိုစိုးလို့ပါ”

“နေပါစေ၊ ကျွန်မ ကြည့်ရှောင်တတ်ပါတယ် ဒေါ်လေးရဲ့၊ မပူ ရိမ်ပါနဲ့”

တီးတိုးပြောနေစဉ် မီးဖိုခန်းတံခါးဝမှာ ဖြူနှီးဆိုလာရပ်သည်





ကြောင့် လန့်ဖြန့်သွားရပါ၏။ ဒီလူလုပ်ပုံနဲ့ အမရာတော့ နှလုံးရော ဂါတော့မယ်ထင်ပါရဲ့။

“ဟိုကောင်မလေး ဟင်းမချက်သေးဘူးလား။ ငါဗိုက်ဆာနေပြီ”

“မနက်ကချက်ထားတဲ့ဟင်းတွေရှိတယ်လေ သားရယ်”

“အဲဒီအသားဟင်းတွေ မစားချင်ပါဘူး။ သူ့ကို ကန်စွန်းရွက် ချဉ်စိမ်းစိမ်းလေးနဲ့ ခရမ်းချဉ်သီးအစိမ်းသုပ် စားချင်တယ်လို့ပြော လိုက်တဲ့ဟာ”

တွေ့လား။ ဒီမှာဝယ်လာတဲ့ပစ္စည်းတွေ သိမ်းနေပြန်တော့လည်း စိတ်ဆာတယ်အကြောင်းပြပြီး ခုနလုပ်လက်စအလုပ်ကို ပြန်လုပ်ခိုင်း တာလေ။ ကဗျာရေး နင် မလိုချင်တာ ကံကောင်းတာပဲ၊ နင်ယူရ ရင်လူက တကယ့်ကို ဂျီမှဂျီ၊ ဂျစ်မှဂျစ်ပဲဟော့။

“ငါ့ကိုမကျေမနပ်နဲ့ ဆားတွေ နင်းကန်ထည့်မချက်နဲ့နော်”

ကြည့်၊ အမရာ အလုပ်လုပ်နေတဲ့စားပွဲအထိ လိုက်လာပြီး ပြော ပြန်ပါပြီ။ ကိုယ့်ဖာသာကိုယ် ရေချိုးပြီး အနားယူမှာဖြင့် နားပါတော့ ဗိုက်ဆာတာကို ပြည့်အောင်ဖြည့်ဖို့ကိုပဲ အဓိက ဂရုစိုက်နေတာ ထင်ပါရဲ့။

ကန်စွန်းရွက်သင်ပြီးသားကို ရေစင်စင်ဆေးပြီး ဆားဖြင့်နှာနှာ

www.burmeseclassic.com



နယ်စဉ် သူက မျက်လုံးပြူးကြီးဖြင့် အော်ပြန်လေ၏။

"ကြည့်စမ်း! ပြောနေတဲ့ကြားက မင်,ငံအောင် ဆားတွေ ပြီး နယ်နေပြန်ပါပြီ။ အဲဒါဘာလုပ်တာလဲ၊ ကြက်သွန်ဖြူကို ပါး ဘဲ ရောက်ကျည်ပွေ့နဲ့ထုနေတာ အပျင်းနည်း။ နင့်ကို နင့်အမေ သင်ထားလားဟင်"

"အရသာရှိရင် ပြီးရောမဟုတ်လား။ ကျွန်မချက်တာကို ကြည့်မနေနဲ့လေ။ ခဏနေရင် ထမင်းစားပွဲပေါ်မှာ အဆင်သင့် ကျွေးမှာပေါ့။ သွားထိုင်စောင့်နေပါလား"

"မစောင့်ပါဘူး။ ငါ့မျက်စိရှေ့မှာတောင် နင်လုပ်ချင်သလို နေတာ။ ငါ့မမြင်ကွယ်ရာမှာ ဆားတွေ ဖွန်းလိုက်ထည့်လိုက်ရင် နယ်လုပ်မလဲ။ ဒီမှာပဲ ထိုင်စောင့်မယ်"

ကဲ, ပြောကို မပြောချင်တော့ပါဘူး။ အခုမှ အချက်အပြု တန်းဆင်းစာမေးပွဲဖြေရတဲ့သူလို မျက်စိရှေ့ထိုင်ပြီး စေ့စေ့စပ်စပ် ကြည့်သလို ဖြစ်ရပြီလေ။

ဆီအိုးကိုကျက်အောင်တည်ပြီး ကြက်သွန်ဖြူထုပြီးသားကို ဆီသပ်တော့ သူက နှာခေါင်းကိုဖျတ်ခနဲပိတ်ထားလိုက်လေ၏။ အ ကျတော့ ကြောက်သားပါပဲလား။





ကန်စွန်းရွက် ထည့်မွှေပြီး ဟင်းချိုမှုန့်ဖြူး၊ နှံ့အောင် မွှေကာ ထားလိုက်စဉ် ရေဆေးပြီး စစ်ထားသည့် ဂေါ်ဖီထုပ်ဖတ်၊ ကြက် ခရမ်းချဉ်သီးအစိမ်း၊ နံနံပင်နှင့် ငရုတ်သီးစိမ်းတို့ကို (ဓားဦး ဦးမကြွစေဘဲ) စဥ့်တီတုံးပေါ် တစ်ခဏချင်း တတောက်တောက် တော့ သူက တအံ့တဩ။

လှီးပြီးသားအသီးအရွက်တွေကို စတီးဇလုံထဲ အကုန်ထည့်ပြီး ရွက်ကြော်အိုးက ခဏဖွင့်မွှေကာ အိုးအဖုံးကို ဖွင့်ထားလိုက်ပါ မှတည်ထားသည့်ထမင်းပေါင်းအိုးထဲ ရောထည့်ပြုတ်ထားသည့် ရေဇလုံလေးထဲခဏစိမ်ကာ ပုစွန်ခြောက်ဘူးထဲမှ ပုစွန်ခြောက် ည်းကို ငရုတ်ဆုံထဲ ခပ်ဖွဖွထည့်ထောင်းလိုက်ပါ၏။ ပြီးမှ မြေပဲဆံ ပ်မညက်အောင်ထောင်းကာ ခုန ဟင်းရွက်လှီးထည့်ထားသည့် ထဲသို့ ထည့်ဖြူးလိုက်သည်။

ကန်စွန်းရွက်ကြော်ကျက်တော့ ကြွေပန်းကန်ပြားထဲ ခပ်မောက် လေး လောင်းထည့်လိုက်ပါသည်။ မီးပိတ်ပြီးတော့မှ ဘဲဥပြုတ် ခွံခွာပြီး လက်ဝါးပေါ်မှာပင် ရိတ်ရိတ်ပါးပါးလှီးကာ အသုပ်ပန်း ထဲသို့ ထည့်လိုက်ပါ၏။ လိုအပ်သည့် ဆီ၊ ငံပြာရည်၊ ဟင်းချိုမှုန့် လိုအပ်သလောက်ပဲထည့်ကာ ရောသုပ်လိုက်ပြီး ကြွေပန်းကန်

www.burmeseclassic.com



ပြားထဲ လှယ်ထည့်လိုက်ပါသည်။

ထမင်းပန်းကန်ထဲသို့ ထမင်းခပ်ထည့်ပြီး ဖွန်း ခက်ရင်းတပ်

ဟင်းပန်းကန်နှစ်ချပ်ကို အဆင်သင့်ပြင်ပေးတော့ သူက အငေး

ကြည့်နေလေ၏။ အမရာပြင်ဆင်ပေးတာ နာရီဝက်တောင်မှမရှိတာ

ကြွေပန်းကန်လုံးတစ်လုံးထဲသို့ ရှောက်ရွက်ပါးပါးလှီး ကြက်

နီအကွင်းလိုက်လေးတွေ ပါးပါးလှီးပြီး ဓာတ်ဘူးထဲမှ ရေနွေးလေ

ထည့်အုပ်တော့ သူ့မျက်ခုံးအစုံ ပင့်သွားလေ၏။

"အဲဒါက ဘာလုပ်ပြန်တာတုန်း"

ခဏအကြာမှာ အုပ်ထားတာကို ပြန်ဖွင့်၍ ပန်းကန်လုံးအေ

မှာ ပြန်ခံကာ ဆီတစ်ပေါက်နှစ်ပေါက်ဆမ်း၊ ငံပြာရည်နည်းနည်း

ထည့်၊ ဟင်းချိုမှုန့်ခပ်ရင်း စိပ်ထားသည့်သံပုရာသီးလေးညှစ်ကာ

ဖြင့်မွှေပြီးမှ သူ့ရှေ့ကို တိုးရွှေ့ပေးလိုက်ပါသည်။

"(၁၅)မိနစ်ဟင်းချိုပါ"

"ဘယ်လို"

"သုံးဆောင်နိုင်ပါပြီရှင့်"

ရေသန့်ပုံးထဲမှရေကို ရေတဂေါင်းဖြင့် ငှဲ့ထည့်ပြီး ဖန်ခွ

တစ်ခွက်ငှဲ့ကာ ချပေးတော့ သူကနှုတ်ကွက်ပြန်လေ၏။





"ငါ ရေခဲရေပဲသောက်မယ်"

"ထမင်းကို အေးလွန်းတဲ့ရေနဲ့ မစားရဘူးရှင့်။ အစာအိမ်ထဲမှာ အစာတွေ ချက်ချင်းခဲသွားတတ်လို့ ရိုးရိုးရေနဲ့ပဲသောက်ပါ"

"အံမာ! ဒါက ဘယ်လိုသိရပြန်တာလဲ"

"စာအုပ်တွေထဲ ဖတ်ထားလို့ပေါ့ရှင့်"

ထမင်းအုပ်လေးထဲ လိုက်ပွဲထမင်းခူးကာ ဖွန်းကြီးတပ်ထားပေးပြီး ဒေါ်လေးသိမ်းဆည်းနေရာဆီ ပြန်လျှောက်လာခဲ့စဉ် သူ့ထံမှ ပလုပ်ပလောင်းအသံ ကြားလိုက်ရလေ၏။

"ဒေါ်လေးတူမကိုရတဲ့ ယောကျ်ားတော့ ကံကောင်းပြီဗျ၊ ဒင်းလက်ရာက မဆိုးဘူး၊ စားကောင်းသားပဲ"

ကျားသားမိုးကြိုးပါပဲလား၊ ဒေါ်လေးနှင့် အမရာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လျက် ပြုံးလိုက်မိလေ၏။ ထူးဆန်းပါပေ့ဝေယံပိုင်။

❦❦❦

www.burmeseclassic.com



## အခန်း (၁၃)

"ရွှေဝါ"

"ရွှေဝါ, ဟော့! ခေါ်နေတာ မကြားဘူးလား"

လာပြန်ပြီ၊ ညနေစောင်းတာတောင် နိုင်းလို့ မပြီးသေးပါလား အော်။ အောက်ထပ်လှေကားရင်းကို အပြေးရောက်သွားပြီး မော့ကြည့် ရိုက်စဉ် လှေကားထိပ်မှာ ခါးထောက်ရပ်ပြီး အော်နေသည့်သူကို လှမ်းမြင်ရလေ၏။

"နင့်ကို နင့်အမေက ခေါ်ရင်,ထူးဖို့ သင်မပေးထားဘူးလား"

"ရှင့်"

"အခုမှ ရှဉ့်တွေ မြွေပါတွေ လုပ်မနေနဲ့၊ လာဦး"

www.burmeseclassic.com



ကြည့်, အပေါ်ကို ခဏလာဦးလို့ ပြေပြေလည်လည်ပြောရင် ပါလျက်နဲ့ Power တွေ စွတ်ပြနေရတယ်လို့ ကြာလေကြာလေ ကြည့် ကိုမကြည့်ချင်တော့ဘူး။ ဒင်းမျက်နှာကိုလေ။

''အောင်မယ်. ဒါက ဘာအချိုးလဲ၊ မျက်နှာကိုစူပုပ်မထားစမ်း နဲ့။ နင့်ကိုအလုပ်လုပ်ဖို့ ဒီကိုပို့ထားတာမဟုတ်လား။ ငါ ဘယ်အချိန် ခေါ်ခေါ်,လာလုပ်ပေးရမှာပေါ့။ နင်အခုဘာလုပ်နေလို့လဲ''

''လျှော်ပြီးသားအစ်ကိုလေးအဝတ်တွေ မီးပူတိုက်ပေးနေတာလေ''

''မီးပူက နောက်မှတိုးလည်းရတယ်၊ အခု ငါမေးတာ အရင် ဖြေဦး။ ဘယ်မှာလဲ''

''ဘာကိုမေးတာလဲ''

''ငါ့သေတ္တာထဲထည့်သယ်လာတဲ့ မှန်ဘောင်သွင်းထားတဲ့ဓာတ် ပုံလေ။ တစ်ပုံတည်းရှိတဲ့ပုံ၊ မြနှင်းဆီရဲ့ပုံ ဘယ်မလဲ''

''ဘယ်သိမှာလဲ၊ မြနှင်းဆီလည်းမသိဘူး။ ရွှေနှင်းဆီလည်းမသိ ဘူး။ နိုင်သင်းကြည်ပဲသိတယ်''

''တယ်. ငါနော်၊ ခေါင်းထုလိုက်ရ ဘုထွက်တော့မှာပဲ။ ငါ့ကို များ ကက်ကက်လန် ရန်ပြန်တွေ့နေပြန်ပြီ။ ငါ့ပစ္စည်းတွေ နင် ထုတ် စီပေးတာမဟုတ်လား''





''ဟုတ်တော့ဟုတ်တယ်''

''ဘာ. ဟုတ်တော့ဟုတ်တယ်လဲ၊ ဒီဓာတ်ပုံကို ငါအမြတ်တနိုး သိမ်းထားမှန်း နင်မသိဘူးလား။ ရှာပေး. . . အခုချက်ချင်းရှာ''

ကျွတ်! ရေချိုးခါစသဘက်ကို ပခုံးထက်တင်ပြီး အသည်းအသန် ဓာတ်ပုံရှာနိုင်းနေတာလေ။ ခါးမှာပုဆိုးကို တိုတိုဝတ်ထားပြီး အကျႌဗလာ နဲ့လူက အမရှာလိုအပျိုလေးကို သူ့အခန်းထဲ ခေါ်သင့်မခေါ်သင့် မစဉ်း စားဘဲ ခေါ်ရတယ်လို့။ အတော်ခွကျတဲ့လူပါပဲလား။

''ဒါက ဘယ်ကိုထွက်ဦးမလို့လဲ''

''ဒေါ်လေးကို သွားမေးမလို့''

''မေးစရာလား။ နင်လုပ်တဲ့အလုပ် နင်ပဲပြန်လုပ်ပေးရမှာပေါ့။ မမေးနဲ့''

''ကျွန်မမှ မသိတာရှင့်''

''လာပြန်ပြီ ဒီရှင့်၊ နင် ရှင့်တစ်ခါပြောတိုင်း ငါ တစ်ခါအမြင် ကပ်တယ်,သိလား။ အဲဒီရှင့်ကြီး မသုံးစမ်းနဲ့''

ကျွန်မလည်း အမြင်ကပ်တာပဲ။ ရှင်ကပ်တာထက် ပိုတောင် အမြင်ကပ်တယ်ရှင့်။ အဆတစ်ရာမကလို့ တစ်သောင်း၊ တစ်သိန်း၊ တစ်သန်း၊ တစ်ကုဋေ၊ တစ်ကမ္ဘာလောက်ကြီးကို ကပ်တာ. . . ကဲ။

www.burmeseclassic.com



"ငါ့ကိုမျက်စောင်းမထိုးနဲ့။ ထုလိုက်ရ၊ နာတော့မယ်၊ ရှာပေး"

"ဘယ်လိုရှာရမှာလဲ"

"အံမာ! လာပြန်ပြီ ဂျစ်ကန်ကန်ပေစောင်းစောင်း မိန်းမ‌ရွှေဝါနော်။ နင့်ကို ငါ လက်မပါချင်ဘူး။ ရှာပေါ့။ အံဆွဲတွေ ဘီရိုတွေထဲမှာ ကိုယ်ထည့်တဲ့ပစ္စည်း ဘယ်ထားမှန်းမသိရအောင် နင့်ဦးနှောက် ချောင်နေပြီလား။ ဒီဦးနှောက်ထဲမှာ ဘာတွေရှိလဲ၊ စဉ်းစားပေါ့၊ အလကားပုစွန်ဦးနှောက်၊ ဂဏန်းဦးနှောက်"

ကြည့်ပါလား။ လူကို ချိုးချိုးနှိမ်နှိမ်နဲ့ မှိုချိုးမျှစ်ချိုး ကန်စွန်းရွက်ချိုးပြောပြန်ပြီ။ စားကောင်းအောင် ချက်ကျွေးထားတဲ့မျက်နှာကိုမှ မထောက်။

"မှန်းလိုက်တာ"

"ဘာ. . . ဘာပြောတယ်"

"မောလိုက်တာလို့ ပြောတာရှင့်၊ မနက်ကတည်းက တစ်ခါမှ မနားရသေးဘူး။ နောက် ဖြည်းဖြည်းမှ ရှာပေးလည်း ဖြစ်တာကို"

"မရဘူး။ အဲဒီပုံကို ငါ့ရင်ဘတ်ပေါ်တင်မှ အိပ်လို့ပျော်တာ။ မရရအောင်ရှာ။ မတွေ့ရင် နင် ဒီတစ်ညလုံး အိပ်ရဖို့မထင်လေနဲ့။ ငါ့ကိုများ နားလေးပါးလေးထင်နေလား။ ငရဲတွေ့မကြောက် ဘာမကြောက်။





အရိုင်းအစိုင်းမလေး"

"တောသူပဲ ရိုင်းမှာပေါ့လို့"

"တောသူက တောမှာပဲ ရိုင်းလို့ရချင်ရမယ်။ ငါ့အိမ်မှာ လာမရိုင်းပြလေနဲ့။ နင့်ပါးစပ်ကို တွယ်ချိတ်နဲ့ထိုးမှ အမှတ်သည်းခြေရှိမှာလား. . . ပြော"

"အမေနဲ့တိုင်ပြောမယ်"

"တိုင်ပေါ့၊ တိုင်တစ်လုံး ငါးမတ်၊ မကြောက်ရေးချမကြောက်"

တွေ့လား။ လူကို သူငယ်နှပ်စားကလေးမလေးလို့ သဘောထားပြီး ပြောချင်သလိုလျှောက်ပြောနေတော့တာလေ။ အရင်ဆုံး သူဝတ်ရန် အိမ်နေအဝတ်ထပ်ဆီမှ အဝတ်တစ်စုံကိုထုတ်ကာ ခုတင်ထက်တင်ပေးတော့ သူကဘာမှမပြောဘဲ ကောက်ယူဝတ်နေသဖြင့် မျက်နှာကို လွှဲလိုက်ရပါ၏။

ကဗျာရေ နင်တော့မှားပြီဆိုတာကို အခါတစ်သိန်းမက အော်ဖို့သေချာနေပြီ၊ သိရဲ့လား။ ငါ့ဒေါက်တာကြီးနဲ့ မဆီရယ်မှမဆိုင် ရေနဲ့ဆီလို၊ နံ့သာဆီနဲ့ဟိုဟာလို အကွာကြီးကွာလိုက်တာမှ မပြောပါနဲ့။

ဒင်းက ဒင်းစိတ်နဲ့ဒင်း ကိုယ်ဖြစ်ချင်တာကို မရမကလုပ်တတ်တဲ့လူအစစ်ပဲ့။

www.burmeseclassic.com



''တွေ့လား''

''မတွေ့ဘူး''

''မတွေ့ရင် အံဆွဲတွေထဲရှာလေ၊ ငါ့အကျီထပ်တွေ ပွကုန်တော့မယ်''

''အဲဒါ အစ်ကိုလေး ဖွထားကတည်းက ပွနေတဲ့ဟာပဲ၊ ကျွန်မလုပ်လို့ ပွတာမှမဟုတ်တာ''

''ကျစ်! လျှာရှည်နေပြန်ပါပြီ၊ ရှာမယ့်သာ ရှာစမ်းပါ''

ဟုတ်တယ်လေ၊ သူ့ဖာသာသူ မွှေနှောက်ရှာပြီး မတွေ့တော့မှ လူကိုကြုံးအော်ခေါ်ပြီး ရှာခိုင်းပြီးတော့ အဝတ်ပုံဖွတယ်လို့ စွပ်စွဲပြန်ရော၊ ဘယ်သူက ကိုယ်လုပ်ထားတဲ့အလုပ်ကို ပြန်မောရအောင် ထပ်ပြီး လျှောက်လုပ်မှာတဲ့လဲ။ အလကားလူကြီး၊ လူကိုကျ ပုစွန်ဦးနှောက်၊ ဂဏန်းဦးနှောက်ဆိုပြီး ပျစ်ပျစ်နှစ်နှစ်ပြောလိုက်တာ အားမနာလျှာမကျိုး၊ သူကမှ ကိုယ့်အတွက်ကိုယ့်ဖို့ပဲသိတဲ့ တစ်ဘို့ထဲသမား။ တစ်ဘို့တည်းပါတဲ့ နွားထီး OX အစစ်ပါပဲ။

''အစ်ကိုလေးပြန်လာတာ ပါရောပါလို့လား''

''အံမာ! ငါ့ကို မြားဦးလှည့်လိုက်ပြန်ပါပြီ။ အဲဒီပုံကို ငါဘယ်သွားသွား ထည့်ယူသွားသလို ပြန်လာရင်လည်း အဲဒီပုံကို သေတ္တာထဲ





အရင်ဆုံးထည့်ပြီးမှ တခြားပစ္စည်းတွေထည့်တာ အကျင့်ပါနေပြီ၊ ပြန်ယူလာတာ သေချာတယ်''

''သေတ္တာရဲ့ဘယ်နေရာမှာ ထည့်လိုက်တာ မှတ်မိလဲ''

''လာပြန်ပြီ၊ နင့်ကိုယ်နင် ဆားပုလင်းနှင်းမောင်များ ထင်နေသား၊ ငါ့ကိုလာပြီး စစ်လားဆေးလားနဲ့''

''ကျွန်မမှ ရှာလို့မတွေ့တာ အစ်ကိုလေးရဲ့၊ ရှာတာလည်း နှံ့နေပြီ၊ နေရာလည်း စုံနေပြီဟာကို၊ တွေ့မှမတွေ့ဘဲ''

''အဲဒါကြောင့် တွေ့အောင်ရှာလို့ ပြောနေတာပေါ့၊ ရှာ. . .''

''ဟာ, စိတ်ရှုပ်လာပြီနော်၊ အဝတ်ဗီရိုထဲလည်း ရှာပြီးပြီ၊ ဒီဗီရိုအံဆွဲတွေထဲရော၊ ဟိုစားပွဲအံဆွဲတွေထဲပါ ရှာပြီးနေပြီဟာ၊ မတွေ့တဲ့ဟာတွေ ကျွန်မကို အတင်းမရှာခိုင်းပါနဲ့''

ပြောလည်းပြော၊ ဖယောင်းပုဆိုးကော်ဇောထက် ငုတ်တုပ်ထိုင်နေလိုက်စဉ် အမရာ့အနားသို့ သူ ရောက်လာလေတော့၏။ လုပ်တော့မှာပဲ၊ လူကိုခေါက်လိုခေါက် ခေါက်လိုခေါက်လုပ်မှာလေ။

''ထ''

''မထဘူး''

''နင်နော်၊ အိမ်မှာ အကြီးဆုံးဖြစ်ပြီး အငယ်ဆုံးလို ဆန္ဒပြမယ်

www.burmeseclassic.com



မကြဲနဲ့။ အဲဒါဘာလုပ်မှာလဲ''

''အကြီးဆုံးမဟုတ်ဘူးရှင့်၊ တစ်ဦးတည်းသောသမီး၊ အယ
ဆုံးသမီး''လို့ အော်ဟစ်လိုက်ချင်စိတ်ကို မျိုချလိုက်ရပြန်လေ၏။

ဟင်းနော်. . . ဒင်းနဲ့ပတ်သက်ပြီး ပြောချင်စရာတွေ များလွ
လို့ အမရာ့ရင်ထဲ ပြည့်ကျပ်ပြီး ပေါက်ကွဲထွက်ခါနီးလာပြီ။

''ညောင်းလို့ ထိုင်နားတာပဲ ဘာဖြစ်လဲ''

''အံမာ! ငါ့ထမင်းစားပြီး ငါခိုင်းနေတာ မလုပ်လို့ရမလား။
ချက်ချင်းထ''

''ကျွန်မက အစ်ကိုလေးချက်တဲ့ထမင်းကို စားတာမှမဟုတ်တာ
အစ်ကိုလေးကသာ ကျွန်မချက်ကျွေးတဲ့ထမင်းတွေဟင်းတွေကို တ
ပြဲကြီးစားထားတာ။ လိမ်ပြောရင် ပါးစပ်မှာ အနာဖြစ်၊ ညာပြော
ဗိုက်ကြီးပူလိမ့်မယ်။ သိလား''

''အံမာ! အံမာ! နံ့ပြည့်စုတ်လောက်ပဲရှိတဲ့ မှင်စာလေးက
ငါ့ကိုကျိန်နေသေးတယ်။ ငါ ထုလိုက်ရ''

''အစ်ကိုလေးနော်၊ ကျွန်မကို မှင်စာလို့မပြောနဲ့''

''ပြောတယ်ဟာ၊ ပြောတော့ဘာဖြစ်လဲ''

''ကျွန်မကိုမှင်စာလို့ပြောရင် အစ်ကိုလေးက သဘက်၊ သဘ





ဘောင်မှ အကြီးကြီး၊ နားရွက်တစ်ဖက်ခင်း တစ်ဖက်ခြုံလို့ရအောင်
ကြီးတဲ့ သဘက်ကြီး''

ကဲ, တစ်ခါမှမပြောဖူးခဲ့တဲ့ အယုတ္တအနတ္တစကားအစုတ်အပဲ့
တွေ ထွက်လာပါရောလား။ နဂိုက စကားလေးလုံးကွဲအောင်တောင်
ပြောဖြစ်တဲ့အမရာ့ကို ကဗျာ့လို ပေါက်ပေါက်လော်ဖြစ်အောင် ဒင်း
သင်ပေးနေတာလေ။

''ငါသာ သဘက်ကြီးဆိုရင် အခုလောက်ဆို နင့်ကိုကြည့်မရ
တာနဲ့ ကျွတ်ကျွတ်ဝါးစားပြီးလောက်ပြီ, သိလား၊ ပိစိပေါက်စမရဲ့''

''ကြည့်မရရင် မကြည့်နဲ့ပေါ့။ ဘာလို့ခေါ်ခိုင်းနေသေးလဲ၊ တော်
ပြီ မနက်ကျ အိမ်ပြန်တော့မယ်''

''အောင်မယ်, လူက လက်တောင့်လောက်လေးနဲ့ သူများအထင်
ကြီးအောင် ဟိန်းဟောက်နေသေး၊ ငါ့အမိန့်မရဘဲနဲ့ နင် ရွာပြန်လို့ရ
မယ် ထင်နေလား''

''ရတယ်''

''တယ်''

''အား. . .''

ခေါင်းကို လက်သီးစုံဆုပ်ကာ ထုလိုက်တာကြောင့် အော်လည်း

www.burmeseclassic.com



အော် မူးလည်းမူးသွားရပါ၏။ သူ့အသားမဟုတ်တိုင်း လူကို ဒင်းညှာ တာရကောင်းမှန်းမသိပါလား။ လူ့ခွစာကြီး။

“နင့်အမေက ငါ့ကိုယုံပြီး ငါ့လက်ထဲအပ်ထားတာ၊ နင်သွား ချင်သလို သွားလို့ရမယ် မထင်လေနဲ့”

“အမေ ဘယ်မှာအပ်လို့လဲ၊ ကျွန်မဖာသာကျွန်မ နေချင်လို့ ရောက်လာတာကိုများ”

“ဘယ်လိုပဲရောက်ရောက် ငါ့အိမ်မှာနေရင် နင့်ကိုငါပိုင်တယ် ဒါပဲ”

“ဘာလို့ပိုင်ရမှာလဲ၊ လူကို ပိုက်ဆံတစ်ပြားမှပေးဝယ်တာလည်း မဟုတ်ဘဲနဲ့များ၊ လူလည်ကြီး”

“နင်နော်၊ စကားကိုကပ်သပ်ပြီးမပြောနဲ့၊ ကလေးက ကလေးလို မပြောဘူး။ ကြက်တူရွေး သာလိကာလို စကားတော်တော်တတ်နေ”

“ကျွန်မက သာလိကာဆိုရင် အစ်ကိုလေးက အရုပ်ဆိုးဆိုး သတ္တဝါကြီးပဲ”

“ကြည့်စမ်း! ပြောနေတဲ့ကြားက နင်”

လက်သီးဆုပ်ကြီး မြောက်တတ်လာပြန်တော့မို့ ထိုင်ချထားရာ အမြန်ထပြေးကာ ကုတင်ထက်ရှိခေါင်းအုံးကို လှမ်းဆွဲ၍ ခေါင်းထဲ





ထင်ထားလိုက်မိ၏။ ဒါဆိုရင်တော့ အနာသက်သာလောက်ပါရဲ့။

“အံမာ! ဒါနဲ့ကာလို့ နင်မနာဘူးထင်နေလား”

“ကျွန်မ ဦးနှောက်ပျက်ပြီး ရူးရင် အစ်ကိုလေးကို အရင်ဆုံး ညှပ်ပင်ညှစ်မှာနော်”

“ညှစ်လေ, ညှစ်ကြည့်စမ်းပါဦး။ နင့်အား ပျော့တိပျော့ဖတ်လေး တို့များ ငါက မှ. . . မှ. . . ဟာ, တွေ့ပြီ မြနှင်းဆီ”

မျက်လုံးပြူးကာ ဝမ်းသာအားရအော်လိုက်တာကြောင့် ကုတင် ဘက်သို့ အကြည့်ရောက်သွားရပါ၏။ ဟုတ်ပါရဲ့၊ သူ့အသည်းတုံး မြ နှင်းဆီက အမရာ ယူကိုင်လိုက်သည့်ခေါင်းအုံးအောက်မှာ အငြိမ်သား ပါလား။

“တော်ပါသေးရဲ့၊ ခုမှပဲ ခေါင်းတွေရင်တွေပူတာ အေးရတော့ တယ်။ ဝမ်းသာလိုက်တာ နှင်းရယ်”

ဓာတ်ပုံကိုဖျတ်ခနဲကောက်ကာ ရင်ဘတ်ထဲ ထည့်ပိုက်ပြီး ပြော နေတာမို့ အမြင်ကပ်ကပ်ဖြင့် မျက်စောင်းခဲလိုက်ပါ၏။ ဒင်းဟာဒင်း သိမ်းပြီး အမရာကို အပြစ်ပုံချတာလေ။ ကောင်းကိုမကောင်းတဲ့အစုတ် ပလုတ်ကြီး။

“နင် ဘာရွတ်လိုက်တယ်”

www.burmeseclassic.com



''မယားတရုန်းကြီးလို့ပြောတာလေ၊ ကြားပြီလား''

''နင်''

ဒီတစ်ခါတော့ အမရာ မြန်ပါတယ်၊ ဝဲပုံတက်လာတဲ့ခေါင်းအုံးကို ဆတ်ခနဲဖမ်းကာ ကုတင်ထက် ပြန်ပစ်တင်လိုက်ပြီး အခန်းထဲ ပြေးထွက်ခဲ့တာလေ။ မုန်းစရာကြီးနော်။

⸫⸫⸫



## အခန်း (၁၄)

''သူ မချက်ရတိုင်း. . . တစ်ခုပြီးတစ်ခု ပူဆာနေတော့တာပဲ။ အကောင်းကြိုက်တဲ့ပါးစပ်ကို အပ်နဲ့ပဲချုပ်ထားဖို့ကောင်းတယ်၊ သိလား ဒေါ်လေးရဲ့''

ငရုတ်ဆုံထဲမှာ စပါးလင်ထောင်းရင်း အမရာပြောတာမို့ ပြုတ်အားသည့်ငါးတွေကို အသားနွှင်ရင်းမှ ဒေါ်ကြွယ်က တီးတိုးရယ်မောသေ၏။ ကြည့်ဦး။ ပြန်ရောက်ကတည်းက ဒီနေ့ဘာစားမယ်၊ ညစားမယ်နဲ့၊ တောင်းဆိုနေသမျှ ချက်ကျွေးနေရတာ စေတနာမရှိချင်တော့ဘူးလေ။

စဉ်းစားကြည့်ပါဦး။ ကြက်သားကာလသားချက်ပြောတာ တော်

www.burmeseclassic.com



သေးတာပေါ့။ ကြက်သားကို ဗူးသီးနဲ့ရောချက်ရုံလေ။ ပြီးတော့ ငါး[illegible] စင်းကော၊ ငါးပေါင်းထုပ် ထုပ်ကျွေးဦးဆိုတာနဲ့ ရဲယိုရွက်ခူးပြီး ချက်[illegible] ကျွေးရသေးတာ။ နိုင်ငံခြားလေး နှစ်ပတ်သွားနေပါတယ်၊ မြန်မာ ထမင်း[illegible] ဟင်းကို နှစ်ကမ္ဘာစာစုပြီး စားသလို တောင်းဆိုလို့ မပြီးနိုင်တော့ဘူး[illegible] လေ။

အချိန်မရှိ အခါမရှိကြီး ကြက်သားပလလတာ စားချင်တယ်လို့[illegible] ပြောလိုပြော၊ ထန်းလျက်ရည်လေးဆမ်းပြီး လုပ်ရောင်းတဲ့ ခေါက်မုန့်[illegible] စားချင်လို့တဲ့။ ကဲ, ပွဲဈေးရှိမှ ရောင်းလေ့ရှိတဲ့ရေမုန့်ကို 'တ'လို 'တ'[illegible] နဲ့။ နည်းနည်းလေးမှကို ကြည့်မရတော့တာအမှန်ပါ။

ပြီးတော့ ရှိပါသေးတယ်၊ အမရာ သုတ်ကျွေးတဲ့အသုပ်တွေကို[illegible] အရသာတွေ့လို့ဆိုပြီး နေ့တိုင်း ဟင်းလျာမထပ်အောင် သုပ်ပေးရတဲ့[illegible] အသုပ်မျိုးစုံ။ ပဲပြားသုပ်၊ သရက်ချဉ်သုပ်၊ ဂျင်းသုပ်၊ လက်ဖက်သုပ်၊[illegible] ခေါက်ဆွဲသုပ်၊ မုန့်တီသုပ်၊ မြင်းခွာရွက်သုပ်နဲ့ အစုံ အစုံကို သုပ်ပေး[illegible] လိုက်ရတဲ့အသုပ်။

အခုတစ်ခါ လာပြန်ပြီ၊ မုန့်ဟင်းခါးတဲ့။ ယောကျ်ားလေးဖြစ်ပြီ[illegible] မိန်းကလေးတွေကြိုက်တတ်တဲ့ အစားအစာမျိုးတွေပဲ လိုက်ကြိုက်နေ[illegible] တာမို့ အမြင်ကပ်ကပ်ဖြင့် စိတ်ထဲမှ ပြောလိုက်မိလေ၏။



'အပုန်းကြီး'

''ဘာကိုသဘောကျပြီး ပြုံးလိုက်တာလဲ သမီးရဲ့''

''ဒီလိုပါပဲ ဒေါ်လေးရယ်၊ ဘာမှမဟုတ်ပါဘူး''

''သမီးက မိန်းကလေးအတော်ပီသတာပဲ။ ဒေါ်လေးလည်း ချက်တာတော့ ချက်တတ်တယ်၊ ဒါပေမဲ့ သမီးလိုမျိုး ပိုင်ပိုင်လေး ပြောသမျှ လိုက်ပြီး ဖွယ်ဖွယ်ရာရာတွေ ချက်မကျွေးတတ်ဘူးကွယ့်''

''ကျွန်မရှိတုန်း သူနိုင်ချင်သလိုနိုင်၊ ခိုင်းချင်သလိုခိုင်းလို့ ရသေးတာပေါ့ ဒေါ်လေးရဲ့၊ ကျွန်မလည်း သွားရော သူစားချင်တာတွေ ဒေါ်လေး မချက်ကျွေးနိုင်ရင် ရေသောက်ဗိုက်မှောက် ခိုင်းထားလိုက်၊ အေးရော''

ဖက်ကို နောက်မှလက်ဖြင့် လာဆုပ်ကိုင် ညှစ်လိုက်တာကြောင့် လန့်သွားရလေ၏။ အသံမပေး ဘာမပေးနဲ့ အနောက်မှာ ဘယ်အချိန်က ရောက်နေတာပါလိမ့်။

''အား. . . နာတယ် အစ်ကိုလေးရဲ့''

''စောစောစီးစီးထပြီး ငါ့အတင်း တုပ်နေတာပေါ့လေ၊ ဘုရား မကြိုက်မှန်း နင်မသိဘူးလား''

''အခုမှ ငါးနာရီပဲ ခွဲသေးတာ၊ ဘာလို့ အစောကြီး ထရတာ

www.burmeseclassic.com



လဲလို့''

''ငါ မနိုး,နိုးအောင် နင်လုပ်နေတာလေ မိရွှေဝါရဲ့''

''ဟင်! ကျွန်မ ဘာများလုပ်မိလို့လဲ''

''နင် ဆောင့်ကြီးအောင့်ကြီးနဲ့ ရေတ်ဆုံထောင်းနေပြီတော့၊ ငါ မနိုးဘဲ ရှိမလား''

''အဲဒါ အစ်ကိုလေးပဲ စားချင်တယ်ဆိုလို့ ထောင်းရတာလေ။ စပါးလင်ကို ညက်နေအောင်ထောင်းမှ ဟင်းက မွှေးတာ''

''အဲဒါ ကြိတ်စက်ရှိတာပဲ၊ ကြိတ်စက်နဲ့ ကြိတ်ပါတော့လား''

''မကြိတ်ပါဘူး။ အဲဒီထဲ ထည့်ကြိတ်ရင် ပစ္စည်းတွေ အလဟဿ ဖြစ်တယ်၊ ပြီးတော့ ညက်လည်း သိပ်ညက်တာမဟုတ်ဘူး။ အပျင်း မထူတဲ့အိမ်ရှင်မ,မှန်ရင် ရေတ်ဆုံပဲ သုံးတယ်ရှင့်''

''လာတယ် လာတယ်. . . သူ့ကိုယ်သူများ အိမ်ရှင်မတဲ့''

''ဟုတ်တာပြောတာပဲ၊ အိမ်ရှင်မမို့လို့ အစ်ကိုလေး စားချင်သမျှ ချက်ကျွေးနိုင်တာပေါ့။ အစ်ကိုလိုသဘောထားပြီး စေတနာနဲ့လုပ်ပေး နေတာ အကောင်းကိုမပြောဘူး။ ဒီနားမှာလာပြီး အဘိုးကြီးတွေလို ပွစိပွစိလာပြောမနေနဲ့''

''နင်က အကြီးမို့လို့ ဆရာလုပ်နေရတာလား''





စလာပြန်ပြီ၊ ခေါင်းကိုထုတဲ့အလုပ်၊ မျက်စောင်းခဲကာ နှုတ်ခမ်း ပြီး ရေတ်ဆုံ ဆက်ထောင်းနေတော့ သူက ခွေးခြေအပုလေးကို ဆွဲ ယူကာ အမရှေ့အနီးမှာ ထိုင်ချလိုက်လေ၏။ ဒါက 'ဒင်'ဆိုလို့ 'ဒေါင်' တိုက်တာပေါ့လေ။ အမရာက 'အနားလာပြီး ပွစိပွစိမလုပ်နဲ့'ဆိုလို့ အရွဲ့ တိုက်တာ မဟုတ်လား။

''ဒီကြက်သွန်တွေက နွာမှာမဟုတ်လား၊ ငါ နွာပေးမယ်''

''မလုပ်နဲ့. . . လက်တွေ နံကုန်မယ်၊ ဒါ မိန်းမတွေ လုပ်ရမယ့် အလုပ်၊ ယောကျ်ားအလုပ်မဟုတ်ဘူး''

''ငါလုပ်တတ်ပါတယ် ရွှေဝါရဲ့''

''သိတယ်၊ မလုပ်စေချင်လို့ပြောနေတာ မလုပ်နဲ့ပေါ့။ မီးဖိုချောင် အလုပ်ဆိုတာ မိန်းမတွေရဲ့အလုပ်ပါလို့ ပြောနေလျက်နဲ့ နားမလည် ဘူးလား အစ်ကိုလေးရဲ့၊ လာကူစရာမလိုပါဘူး၊ ကျွန်မက မိန်းမတို့ တတ်အပ်တဲ့ပညာ အကုန်ကျွမ်းကျင်တယ်၊ သိထား''

''အောင်မာ, ငါကလည်း ယောကျ်ားတို့တတ်အပ်တာမှန်သမျှ အကုန်တတ်တာပါနော်၊ လျှော့မတွက်ချင်စမ်းပါနဲ့''

''အဲဒါ ကျွန်မ သိစရာမလိုဘူး၊ အစ်ကိုလေးယူရမယ့်မိန်းမပဲ သိဖို့လိုတယ်၊ စကားလာများမနေနဲ့။ အလုပ်မတွင်ဘူး''

www.burmeseclassic.com



"ဒင်းကများ ကြီးကြီးကျယ်ကျယ်"

ထုထောင်းစရာတွေကုန်ပြီမို့ ကြက်သွန်နီသေးသေးလေးတွေကို အိုးထဲထည့်ပြုတ်၊ ခွာပြီး ရိုက်ရိုက်လို့ ရေစိမ်ထားသည့်ငှက်ပျောအူကို တစ်အိုးပြုတ်ကာ ဟင်းရည်တည်ရန် ရေနွေးအိုး ပွက်ပွက်ဆူအောင် တည်ထားလိုက်ပါ၏။ ဆန်မှုန့်အကျက်ကို မွှေးအောင် ဒယ်အိုးထဲပြန် လှော်ပြီး ရေနွေးဆူစဉ် ဆီသပ်ဖို့ပြင်ရလေသည်။

"ညှော်မှာနော်"

"ညှော်ညှော်၊ ငါ့ကိုလာမောင်းထုတ်မနေနဲ့၊ ဒါ ငါ့အိမ်"

တွေ့လား. . . ဘယ်လောက်အမြင်ကပ်စရာကောင်းတဲ့လူပါလဲ၊ အမြင်ကိုကပ်လိုက်တာ။ မေတ္တာကို နည်းနည်းလေးမှမရှိဘူး။ မေတ္တာ တုံးကြီး။

စပါးလင်နှင့် ချင်း ကြက်သွန် ထောင်းထားတာတွေကို အရင်ဆီ သပ်ပြီးမှ ငါးပြုတ်ကို ရောမွှေလိုက်ပါ၏။ ရေနွေးဆူဆူအိုးထဲမှာ ဆန် မှုန့်လှော်ထည့်ပြီး နည်းနည်းကျက်လောက်မှ ငါးမွှေအိုး လောင်းထည့် ကာ မကြာခဏ (အိုးမကပ်အောင်) မွှေပေးရလေသည်။ ဘဲဥပြုတ် ပါးလှီးထားတာကိုပါ လောင်းထည့်လိုက်ပါ၏။

ဟင်းရည်အိုးတည်ထားစဉ်မှာ ကြက်သွန်ဖြူဥတစ်လုံးလေးတွေ





တို့ အခွံခွာကာ ပါးပါးလှီး၍ ဆီချက်ချက်ထားလိုက်ပါ၏။ ရှိသမျှမီးဖို သုံးခုစလုံး ပတ်ချာလည် တစ်ပြိုင်နက်တည်းသုံးနေတာကို သူ အငေး သားကြည့်နေမှန်း အမရာသိပါသည်။

နံနံပင်ကို အစည်းဖြေကာ ရေသေချာဆေးပြီး ဇကာကုံးလေးထဲ ထည့်၊ ပဲသီး (ပဲတောင့်ရှည်)ကိုလည်း ရေဆေးထည့်ကာ ပဲသီးကို ပါးပါး လေးလှီး။ နံနံပင်ကို ကပ်ကြေးဖြင့် ခပ်ဖွဖွညှပ်ကာ ပန်းကန်ပြားတွေထဲ ထည့်လိုက်ပါ၏။ ရှောက်သီးကို အခွံခွာ၊ အထဲမှ ဖော့သားကို ပါးနိုင် သလောက် ခပ်ပါးပါးခွာပြီးမှ အစိမ်းလေးတွေလှီးပြီး ပန်းကန်ပြားလေး ထဲထည့်၊ ငရုတ်သီးအကြက်မှုန့် ပန်းကန်၊ ငံပြာရည်ခွက်တို့ကို ဇွန်း ပေါက်စလေးတွေတပ်ကာ အဆင်သင့်ပြင်ထားပါ၏။

ဟင်းရည်အိုးဆူလာတော့ အပေါ်အင်မြည်းကာ လိုသည့်အမှုန့် တွေအင်တွေ ထပ်ထည့်ရပါ၏။ ဦးမောင်ဈေးမှပြန်လာတော့ မနက် (၆) နာရီခွဲ၊ ချက်ခြင်းပြုတ်ခြင်းက ပြီးချေပြီ။ ပဲကြော်ထုပ်ထဲမှ ပဲကြော်ကို ခပ်ဖွဖွလေးချေကာ ကြွေပန်းကန်လုံးလေးထဲထည့်၊ မုန့်ဖတ်ကို အထုပ် ထဲမှနည်းနည်းယူကာ စတီးဇလုံထဲမှာ ပွအောင်ဖွပြီးတော့ စားရန်အသင့် ဖြစ်လေပြီ။

"Breakfast... စားလို့ရပါပြီရှင့်"

www.burmeseclassic.com



"ဘာပြောတယ်"

လွှတ်ခနဲပြောထွက်သွားသည့်ပါးစပ်ကို အမြန်ဘရိတ်အုပ်ရလေ၏။ ငါ့နှယ်နော်, ပညာအရည်အချင်း (၈)တန်းဆိုပြီး ဘိုလိုတွေပြောမိရတာယ်လို့။

"စားလို့ရပါပြီလို့ ပြောတာလေ"

ထမင်းစားခန်းစားပွဲမှာ အစီအရီပြင်ပေးထားသည့် Breakfast မုန့်ဟင်းခါးဝိုင်းက အနံ့တသင်းသင်း၏။ မေမေရေ့, မေမေ့သားတော့ မြန်မာပြည်ကို အမြန်ဆုံးနည်းနဲ့ ပန်းကန်လုံးစီးပြီး ပြန်ရောက်လာတာ ဗိုက်ခွေးနမ်းဖို့ကိန်း,ဆိုက်နေတာလေ။

"သုံးဆောင်ပါရှင့်၊ နောက်ကို ဘာပဲစားချင်ချင် မှားများလေးပူဆာပါ။ ကျွန်မ ဒီအိမ်က ထွက်မပြေးမချင်း စားရပါလိမ့်မယ်"

"နင်ဟာလေ၊ စားရမယ့်လူ မျိုမကျအောင် ပြောတတ်တယ်။ လာ, ထိုင်"

"ဟင်, ဘာလို့ထိုင်ရမှာလဲ"

"ငါနဲ့အတူတူ Breakfast စားဖို့ ခေါ်နေတာလေ"

"မစားပါဘူး။ စားချင်ရင် နောက်ဖေးစားပွဲမှာ ဒေါ်လေးနဲ့အတူ စားမှာပေါ့လို့"





"ဩော့ . . . ငါ့ကျ နူနေဝဲနေလို့ ခွေးဝဲစားလိုပြင်ကျွေးပြီး တစ်ယောက်တည်းစားပေါ့လေ။ နင့်ကျ အဒေါ်နဲ့အတူ အဖော်လုပ်စားမယ်ပေါ့ ဟုတ်လား။ မိရွှေဝါ"

"ဟင်! အဲဒီလိုမဟုတ်ပါဘူး"

"မဟုတ်ရင် ထိုင်ပေါ့၊ ဒီအိမ်မှာ အားလုံး မိသားစုလိုပဲ လက်ရည်တစ်ပြင်တည်း စားကြတာ။ အားလုံးက ကိုယ့်အလုပ်နဲ့ကိုယ် မအားကြလို့ ကြုံသလိုစားသွားကြတာမို့ အဆင့်အတန်းခွဲတယ် မထင်လေနဲ့။ ဦးမောင်နဲ့ဒေါ်လေးဆိုတာ ငါ့ကို ပိစိညှောင့်တောင့်လေးကတည်းက ထိန်းကျောင်းလာခဲ့တဲ့မိဘကွ"

ဟောကြည့်, နေရင်းထိုင်ရင်း ဒေါ်သက ထွက်ပြန်ပြီ။ အမရာကသူ့စိမ်းယောကျ်ားတွေရှေ့ ဒီလိုပါးစပ်ဟပြီး စားသောက်ရမှာကို ဘာမှန်းမသိဘဲ မျက်နှာပူပြီး ရှောင်တာမျိုးပါပဲ။ ဒါကို သူက အထင်မှားပြီး ဒေါ်သဖြစ်ရတယ်လို့။

"ဟုတ်သားပဲ၊ သမီး ဝင်စားလိုက်လေ"

"မဆာလို့ပါ ဒေါ်လေးရဲ့"

"မနက်က ဘာတွေနိုးစားထားလို့ ဒီတစ်ထွာလောက်ဗိုက်လေးက မဆာရတာလဲ"

www.burmeseclassic.com



"ဘာမှဓိုးမစားထားပါဘူးနော်၊ မယုံရင် ဒေါ်လေးကိုမေးကြည့်"

"ဒေါ်လေးက နင့်အဒေါ်ဆိုတော့ နင့်ဘက်လိုက်ပြီး ဖာပေးတော့မှာပေါ့။ ငါ ဒီလောက်မအဘူး"

"ကျွန်မက အစ်ကိုလေးလို အစားပုပ်မဟုတ်ဘူးရှင့်၊ အစ်ကိုလေးကသာ စားစရာတွေကို ခေါင်းထဲတစ်မျိုးပြီးတစ်မျိုး စဉ်းစားပြီး ပြောနေတာ။ ကျွန်မချက်နေတာကိုမြင်တာနဲ့ Gas မီးဖိုထင်ပြီး ရွှေဝါ ငါဘာစားချင်တယ်၊ ချက်ကျွေးလို့ ပြောနေပြီးတော့များ"

"မရှည်နဲ့, ခုံယူထိုင်၊ ဒေါ်လေးလည်း အတူလာစားလေ"

"စားနှင့်ပါသားရယ်၊ ဒေါ်လေးမောနေလို့ မစားနိုင်သေးဘူး"

ပြင်ပေးထားသည့်မုန့်ပန်းကန်ထဲသို့ ဟင်းရည်ဇလုံထဲမှ ဟင်းရည် ခပ်ထည့်ရာ ငှက်ပျောအူနှင့် ကြက်သွန်နီဥတွေ ဘဲဥဖတ်တွေ ဆယ်ထည့်နေသည့်သူ့ကို မျက်စောင်းခဲမိပြန်၏။ အကောင်းကျ, တယ်ကြိုက်တတ်တဲ့ 'ငနဲကြီး'။

"ငါ ကုမ္ပဏီသွားရင်စားဖို့ ထမင်းချိုင့်ထဲမှာ ဘာဟင်းတွေထည့်ထားလဲ"

"အစ်ကိုလေးပဲ ကြံမဆိုင် စားချင်တယ်ဆိုလို့ ဝက်သားနဲ့ရော ကြော်ပေးထားတယ်လေ။ မုန်ညှင်းရွက်ကို ကြက်ရိုးနဲ့ဟင်းချိုလုပ်ပေးထားတယ်။ သွားခါနီးမှ အစိမ်းကြော်, ကြော်ပြီးထည့်ပေးမှာပေါ့"

"ကောင်းတယ်"

ပြောလို့မှ မဆုံးသေးဘူး၊ နောက်ထပ်စားဖို့ကို ပြောနေတာပဲကြည့်။ လူက ပိန်ပေလို့ပဲ၊ ဘယ်ဘဝက ဇော်လာမှန်းမသိအောင်ကို စားချင်သမျှ တောင့်တနေတော့တာပါလား။

"ငရုတ်သီးမှုန့်လေးက မွှေးလိုက်တာ"

"အဲဒါ အတောင့်ဝယ်လှော်ပြီး ထောင်းထားတာ။ ဘယ်လောက်အကွရောက်တယ်ထင်လဲ"

"အံမာ! နင့်ကိုယ်နင် သမ္မတရဲ့အတွင်းရေးမှူးလို အရေးပါအရာရောက် အလုပ်ရှုပ်လွန်းလှချည်ရဲ့ဆိုပြီး ညည်းပြမနေစမ်းပါနဲ့။ အင်း, ဒီငရုတ်သီးမှုန့်ကို ငံပြာရည်နဲ့ဖျော်ပြီးတော့လေ၊ သရက်သီးစိမ်းကို အခွံနွှာဘဲ ရေဆေးစိပ်ပြီး တို့စားလိုက်လို့ကတော့ good ပဲ၊ ငယ်ငယ်တုန်းက သရက်ပင်အောက်မှာ ဦးမောင် အဲဒီလိုကျွေးဖူးတယ်။ ပိတ်ရက်ကျရင် လုပ်ကျွေးသိလား"

တွေ့လား၊ မဟုတ်ကဟုတ်က လုပ်ကျွေးခိုင်းနေပြန်ပါပြီ၊ ဒင်းတော့ အပူကန်ပြီး ခေါင်းမှာ ချို(ဂျို) ထွက်ချင်ပြီထင်ပါရဲ့။

"ရှောက်သီး ရှိသေးလား"

www.burmeseclassic.com



"ရှိတာပေါ့၊ ဘာစားချင်ရပြန်ပြီလဲ"

"ဟဲဟဲ, ညနေကျရင် ရှောက်သီးသုပ်နဲ့ ကြာဆံဟင်းခါးချက် စားကြရအောင်လား။ ငါ့ကြောင်ကလေးက လိမ္မာပါတယ်၊ နင်ချက်သ ဟင်းတွေကို ကုမ္ပဏီက ငါ့ဘော်ဒါတွေက ဟော်တယ်ကမှာတဲ့အတိုင်း ပဲလို့ ချီးကျူးကြတာ"

တောက်! ဟင်းနော်. . . ဒင်းကို ခုန စပါးလင်ထောင်းနေတုန်း ငရုတ်ဆုံထဲ ရောမထောင်းလိုက်မိတာ မှားတာပဲ၊ အရင်ဘဝက ဘုရား ဘေးနား ခစားရတဲ့ပုဏ္ဏားသေပြီး ဝင်စားသလား မသိတော့ပါဘူး။

အဲဒီလူ့ကာ အကောင်းတွေချည်း တောင်းလွန်လွန်းလို့ပေ မျက်စိထဲ တော်တော် Cross နေပြီ, ဝေယံပိုင့်ရေ။

❦❦❦



## အခန်း (၁၅)

"ဒီနားလေးက သေချာကိုင်လေ၊ အပင်ကိုင်းကူးဆက်တယ်ဆို တာ လွယ်တယ်များ ထင်နေသလား"

"ကျွန်မ သိပါတယ်ရှင့်"

"ပြောလိုက်ရင် နည်းနည်းလေးမှကြက်ခေါင်းဆိတ်မခံဘူး ကိုင် သာဦး"

အမရာက သစ်ခွတွေကိုသာ ဂရုတစိုက် ပျိုးတတ် ပွားတတ်ပြီး ဝါသနာပါ ဆက်ဆိတ်ရှိတဲ့လူပါပဲ၊ ဒါပေမဲ့ သူ့လိုတော့ နှင်းဆီတွေကို ရောင်စုံကိုင်း ကူးတာမျိုးတော့ မလုပ်တတ်ပါချေ။

"နင်တို့ရောင်းတဲ့ပန်းတွေက အလွန်ဆုံးရှိလှ တစ်စည်းမှ တစ်

www.burmeseclassic.com



ရာ၊ တစ်ရာငါးဆယ်ပေါ့၊ ငါ့နှင်းဆီတွေက အရောင်ရှားတာနဲ့ ေ
မတရားကြီးတာ''

''အင်း''

လည်ချောင်းထဲ ယားကျိုယားကျိုဖြစ်လိုက်တာနော်၊ 'ရှင့်နှင်
က တစ်အိုးမှ လေးငါးထောင်ပဲရှိတာ၊ အမရာ့သစ်ခွတွေက တစ်အိုး
အနည်းဆုံးသောင်းဂဏန်းရှင့်' လို့ပြောလိုက်ချင်တာမှ လျှာကိုယာ
တာပါပဲ၊ အမရာသစ်ခွစိုက်စားလာတာ (၁၈)တန်းအောင်တဲ့နှစ်ကတ
ကမို့ အခုဆို (၆)နှစ်တောင်ကျော်နေပြီ၊ ဒါကိုများ သူ့မဖြစ်တဖြစ်နှ
အကြောင်းကို ဆရာကြီး Style နဲ့ပြောပြနေတာလေ။

''ဟဲ့, လက်ကိုငြိမ်ငြိမ်ထားလေ၊ ကိုင်းဆက်တာ ရွဲ့သွားရင်
ပန်းတွေ နင့်လို မလှမပထွက်လာဦးမယ်''

''ဟင်! အစ်ကိုလေးကလည်း ကျွန်မက လှပါတယ်''

''ဘာလှတာလဲ''

''ကျောင်းတတ်တုန်းက အတန်းထဲမှာ အလှဆုံးအရွေးခံရ
ရှင့်''

''အဲဒါ တောမှာ သွားပြော၊ နင့်ရွာကျောင်းကပဲ နင့်ကိုအလှ
ရွေးမှာ၊ ဘယ့်နှယ်, မျက်လုံးက ပြူးပြူး၊ နှာခေါင်းက ချွန်ထွက်နေ





လှချင်ချင်နှုတ်ခမ်းက ငါ့ကိုတော်လော်ကန့်လန့်တွေပြောလွန်းလို့ ထော်
ပြီး ထွက်နေပြီ၊ လည်ပင်းက ပုလွေရိုး၊ လူက ငါးဖောင်ရိုးခြောက်
အတိုင်းကိုများ. . . နင့်ကိုဘယ်သူက လာကြိုက်မှာလဲ''

ကြည့်စမ်း! အမရာ့ကိုပြောနေတာများ ရစရာကိုမရှိတော့ပါလား
နော်၊ ဘယ်လောက်အကူသိုလ်ပေးတဲ့လူပါလိမ့်၊ ဒီမျက်လုံးလေးတွေမှာ
အစည်လေးလဲ့ပြီး မျက်ဆံလေးနက်နေလို့ ပုရိသတွေ ငေးကြည့်ကြ
တာ၊ နှာတံလေးစင်းပြီး နှုတ်ခမ်းဖူးဖူးလေးကိုလည်း ပြောရက်ပါဘိ။

Model တွေလို အမရာရော ကဗျာပါ ကိုယ်ရည်စစ်ပြီး အရပ်
မြင့်ကြပါလျက် ခုတော့ ငါးဖောင်ရိုးခြောက်တဲ့လေ။ ပြောထားဦးမှပေါ့
ရှင်ရယ်၊ အဲဒီလိုပြောလေ၊ ရှင့်ကို ကဗျာက ကက်ကက်လန်ရန်တွေ့လေ
ပဲရှင့်။

''တိုင်ပြောမယ်''

''တွေ့လား. . . ပြောလိုက်ရင် အငေးက အမေကို 'တ'ပြီး တိုင်
ပြောမယ်ချည်းပဲ၊ နင့်အမေရိုက်မှာက နောက်၊ ငါ့ထုမှာက အရင်''

''မစာဥနဲ့ ညားပါစေတော်''

''ဘာလဲ မစာဥ''

''အရှုးမကြီးမစာဥကိုပြောတာလေ၊ ကျွန်မထက် ရုပ်ဆိုးပြီး ရူး

www.burmeseclassic.com



နေတဲ့မိန်းမကိုပဲ အစ်ကိုလေးရမှာ၊ မယုံရင်ကြည့်''

သူက အမရာပြောတာကို သဘောကျဟန်ဖြင့် တဟားဟားအော် ရယ်နေလေ၏။ ငါနော်. . . ဘေးချထားတဲ့မြေခွဲခက်ရင်းနဲ့ ထထု မကောင်းပါဘူး။ ဒင်းကြောင့် မနောက်နဲ့ အကြိမ်ကြိမ် အပြစ်များပြီ ငရဲအိုးကို အမရာ မျက်စောင်းထိုးနေရပြီလေ။

''စိတ်ပုပ်မ၊ နင်သာ အရူးသာခင်နဲ့ရမှာ''

''ကြည့်ပါလား။ ပိုင်းလည်းကူလုပ်ပေးရသေးတယ်။ လူကိုအပြ ချည်းပြောနေတာပဲ၊ တော်ပြီ မလုပ်ပေးတော့ဘူး''

''နင်ကလည်း ဒါလေးပြောတာပဲ, နာစရာလား။ ဒီမှာ ဒီတစ် ဆို ပြီးပါပြီ။ လိမ္မာတယ်၊ ကိုင်ပေး''

''မလိမ္မာချင်ပါဘူး။ မလိမ္မာလို့ ခဏခဏခေါင်းထုခံနေရတာ''

''အဲဒါ ငါ့ညီမမို့လို့ ချစ်လို့ထုတာ၊ အစ်ကို့ကို ခွင့်လွှတ်ရမှ ပေါ့''

''ကျွန်မက အစ်ကိုလေးရဲ့ညီမမှမဟုတ်တာ။ မချစ်နဲ့ ထုလည်း မထုနဲ့၊ ဒါပဲ''

သူက အမရာ ပြန်ခံပက်တာကို ပြုံးစစဖြင့် ငုံ့ကြည့်လိုက်လေ ၏။ လူကို အပျင်းပြေစရာ ထုစရာအရုပ်လို့ သဘောထားတဲ့လူနဲ့များ





အစ်ကို မတော်နိုင်ပေါင်။ နေဦး. . . ကဗျာနဲ့သာ သူလက်ထပ်ဖြစ်ရင် အမရာနဲ့မောင်နှမတော်ပြီး သူက အစ်ကိုဖြစ်သွားမှာလေ။ မဖြစ်ရဘူး။ မဖြစ်ရဘူး။ နဂိုကတည်းက အမရာ့အပေါ်မှာ ကဗျာက နိုင်စားပါဘိ သနဲ့ သူနဲ့ရမှ နှစ်ယောက်ပေါင်းပြီး တစ်သက်လုံးနိုင်စားရင် ခက်ခက် နေချေရဲ့။

''ရွာမှာ နင့်ကိုကြိုက်တဲ့လူ ဘယ်နှယောက်ရှိသလဲ ရွှေဝါ''

''အများကြီး''

''မယုံပေါင်၊ လက်သီးဆုပ်လောက်ရွာလေးထဲမှာ ရှိပါလိမ့်မယ် အားကြီးကြီး''

''မယုံရင်နေပေါ့၊ ဘာလို့လိုက်မေးနေသေးလဲ''

''တဆိတ်ရှိ နင့်မျက်စောင်းက ခဲခဲနိုင်လွန်းတယ်နော်၊ နင် ဒီ မျက်စောင်းနဲ့ ကောင်လေးဘယ်နှယောက်ကိုများ ပစ်ကျအောင် လုပ် နိုင်ခဲ့လဲ၊ ပြောစမ်း''

''အဲဒါ ညီမကိုပြောရမယ့်စကားလား''

''ခုနကတော့ ညီမ မတော်ဘူးဆို''

''ကျွန်မက အစ်ကိုလေးထက် သုံးနှစ်ငယ်တာပဲ၊ ငယ်ရင် ညီမ ဆို''

www.burmeseclassic.com



"ဘယ်လို! သုံးနှစ်, ဟုတ်လား"

အား. . .ဒီပါးစပ်ကလည်း လွှတ်ခနဲထွက်သွားပြန်ချေပြီ။

အမယ်လေးနော်. . . မညာတတ်ရတဲ့ကြားထဲ အလိမ်တွေ ပေါ်ကုန်တော့မှာပါပဲ အမရာရယ်။

သူက အကိုင်းစည်းနေတာကိုရပ်ပြီး မျက်လုံးအပြူးသားဖြင့်ကြည့်နေတာကြောင့် သူ့ကိုကြည့်ကာ ဟက်ခနဲရယ်ပြလိုက်မိပါ၏။

"မေ့လို့မေ့လို့. . . (၆)နှစ်ငယ်တာလို့ပြောတာ၊ ယောင်ပြီးထွက်သွားတယ်"

သူ ငေးခနဲကြည့်နေမိလေ၏။ မဟုတ်သေးဘူး၊ တစ်ခုခုတော့တစ်ခုခုပါပဲ။ ဒီကောင်မလေးဆီမှာ ထူးခြားမှုတွေရှိနေတာလေ။ ဘာမှန်းသေသေချာချာမသိပါဘဲ သူ့ရင်ထဲမှာ ပဟေဠိတွေ တစ်ခုပြီးတစ်ခုရောက်လာတာအမှန်ပါ။

အခုပဲကြည့်၊ သူ့ရှေ့မှာတစ်ခါမှ မရယ်ပြုံးဖူးတဲ့ကောင်မလေးအမြဲတမ်း စူပုပ်ပုပ်နေတတ်တဲ့မျက်နှာလေးက ရုတ်တရက်ဖျတ်ခနဲပြုံးလိုက်တာ လျှပ်တစ်ပြက်လေးအတွင်းမှာပါ။ တစ်ကြိမ်မှမမြင်ဖူးတဲ့အဲဒီအပြုံးလေးက သူ့ရင်ထဲကို တင်းပုတ်နဲ့ အထုခံလိုက်ရသလို ဒိန်းခနဲမြည်သွားစေတာလေ။





"ပြီးပြီလား"

"..."

"ပြီးပြီလားလို့ အစ်ကိုလေးရဲ့"

"အင်း, ခဏလေး၊ ပြီးတော့မယ်"

"အမေကလေ၊ ဒီမှာနေဖို့ ကျွန်မကိုလွှတ်လိုက်တာမဟုတ်ဘူး။ ...ပ်မင်းကွဲအစ်မအေးစိန်နဲ့အတူတူ သံလွင်လမ်းက သူဌေးအိမ်မှာ ကူ...ပ်ပေးဖို့ လွှတ်လိုက်တာ"

ဟော, သူမေးခွန်းတွေ ဆက်မေးမှာစိုးပြီး စာအုပ်တွေထဲ ဖတ်...သလို ဇာတ်လမ်းကို အစီအစဉ်မကျ လျှောက်ပြောနေမိတာလေ။

မြတ်စွာဘုရား! ကဗျာရောက်မလာခင်အထိ ပြဿနာတစ်စုံတစ်...ု မဖြစ်ပါစေနဲ့ဦး။

"အဲဒီဟိုလည်းရောက်ရော အဲဒီအိမ်မှာ အလုပ်သမားတွေများ...ဆိုပြီး ကျွန်မကို ရွာပြန်လွှတ်တာလေ။ အဲဒါ ရွာကိုမပြန်ချင်တာနဲ့ ...မောင်ပေးထားတဲ့လိပ်စာအတိုင်း လေးဘီးကားငှားပြီး လာခဲ့တာ"

"အလည်မ နင်မပြန်ချင်တာနဲ့ ဒီမှာ အချောင်လာခိုနေတာပေါ့...သ"

"အချောင်မခိုပါဘူးနော်၊ ဒီမှာလည်း ပင်ပန်းတာပဲ"

www.burmeseclassic.com



"ဟုတ်တယ်. . . ပန်းတောင်းကြီး ခေါင်းရွက်ပြီး ဈေးထဲလိုက် ပို့ပေးနေရတာဆိုတော့ တော်တော်ပင်ပန်းရှာမှာပေါ့"

"ကျွန်မကိုရွဲ့မပြောပါနဲ့ အစ်ကိုလေးရဲ့။ အစ်ကိုလေးသာ လက် မခံတော့ရင် ကျွန်မ ရွာကိုပဲပြန်တော့မှာပါ။ ဟိုမှာ အငယ်တွေနဲ့အတူ အဖေတို့အမေတို့ အတော်လေးပင်ပန်းကြမယ်မှန်း သိပါတယ်"

"ပြန်စရာမလိုပါဘူး။ နင့်ကို ဘယ်သူက လက်မခံဘူးပြော လို့လဲ"

"ပြောလို့မရဘူးလေ၊ အစ်ကိုလေးရဲ့မိဘတွေ ပြန်ရောက်လာ တဲ့အခါ ပြန်နိုင်းချင်ပြန်နိုင်းမှာပေါ့"

"မပြန်ရပါဘူးလို့ဆို၊ တိတ်တိတ်နေစမ်း"

မကျေမနပ်ဟန်ဖြင့် ဟောက်လိုက်တာကြောင့် ငြိမ်လိုက်ရလေ ၏။ စိတ်မကောင်းများဖြစ်သွားသလား။ မဖြစ်လောက်ပါဘူးနော်၊ သူ့ရဲ့ အမရောက တစောင်းတစေ့နဲ့ မျက်ချေးလိုတစ်စက်မှ ကြည့်လို့ရတာ မျိုးမှ မရှိတာလေ။

"လွမ်းနေသလား"

"ဟင်! ဘာကိုလဲ"

"နင့်မိဘတွေနဲ့ အောက်က အငယ်တွေကို လွမ်းနေလားလို့





မေးတာလေ၊ နင့်ရည်းစားကိုများ မေးနေတယ်ထင်နေလား။ ကဲ"

"အ. . ."

နဖူးကို ဖျတ်ခနဲထုလိုက်တာကြောင့် ခေါင့်ကြောင့်လေးထိုင် နေရင်းမှ မြေကြီးပေါ် ဖင်ထိုင်လျက်သားဖြစ်သွားရပါ၏။ တွေ့လား ခင်းက အဲဒီလို လက်က မြန်ပါတယ်လို့ဆို။

"အစ်ကိုလေးကလည်း အဝေးရောက်နေတာ မလွမ်းဘဲ ဘယ် သူရှိမှာလဲ။ အထူးသဖြင့် အမေ့ကို ပိုလွမ်းတာပေါ့၊ အမေက ကျွန်မကို သိပ်ချစ်တာ"

တကယ်လည်း ရင်ထဲမှာ မေမေ့ကို နင့်နင့်သီးသီးသတိရလာ တာမို့ မျက်ရည်ပင်ဝဲလာရလေ၏။ မေမေ ရန်ကုန်တစ်မြို့တည်းရှိနေ ပေမယ့် မေမေ့ကိုရှောင်ပုန်းနေတဲ့သမီးလေးကို မေမေရော လွမ်းနေမှာ လားဟင်။

"အရူးမ၊ ဒါလေးပြောတာနဲ့ ငိုချင်လာပြန်ပြီ၊ သားဦးအရူးဆို တဲ့စကားလည်းရှိတာပဲ။ နင့်အမေ နင့်ကိုအချစ်ဆုံးဆိုတာကို ငါယုံပါ တယ်။ မငိုချလိုက်နဲ့နော်၊ ငါမချော့တတ်ဘူး။ နင့်ကိုပြောတာနဲ့ ငါပါ မေမေနဲ့မေမေ့ကို လွမ်းလာသလိုပဲ"

သူက လေပြည်လေးဖြင့် အမရော့ကို ချော့သလိုလေးပြောတာမို့

www.burmeseclassic.com



ကြိတ်ပြုံးလိုက်မိလေ၏။ ဒီလိုလည်း ပြောတတ်ရဲ့သားနဲ့ ဘာကြောင့်များ ဟောက်ဆာဂျင် လုပ်နေပါလိမ့်နော်။

"အန်တီမူတို့က ဘာလို့ အဲဒီမှာ အကြာကြီးနေနေတာလဲဟင်"

"ဖေဖေ့ကုမ္ပဏီကိစ္စကြောင့်ပေါ့၊ နေပါဦး... နင် ခုန မေမေ့ကို ဘယ်လိုခေါ်လိုက်တယ်"

"ဘာကိုလဲ"

"အန်တီမူလို့ခေါ်လိုက်တာမဟုတ်လား... မေမေ့ကို တစ်ခါမှ မမြင်ဖူးမသိဖူးပါဘဲ ဘယ်လိုခေါ်လိုက်တာလဲ။ ပြောစမ်း!"

"အဲ၊ အဲဒါ ဒေါ်လေးတို့ ဦးမောင်တို့က မမမူလို့ခဏခဏပြောတာ ကြားဖူးလို့ပါရှင့်။ သူတို့ပြန်လာရင် နင်ထုတ်မှာ ကြောက်ပါတယ် ဆိုနေမှပဲ အစ်ကိုလေးက ဖိပြောနေပြန်ပါပြီ"

သူက နောက်ဆုံးကိုင်းဆက်ပိုင်းကို မြေထုပ်စည်းနှောင်လိုက်ပြီး ပစ္စည်းတွေကို စုပုံထားလိုက်ပါ၏။ အမရာက ပန်းအိုးတွေထဲမှာ ပေါက်နေသည့် မြက်ပင်ပေါက်တွေကို နှုတ်နေသည်မှာ တစ်အိုးပြီး နောက်တစ်အိုးပါပဲ။

"ရွှေဝါ"

"ရှင်"





"နင်မတတ်တဲ့အလုပ်ရယ်လို့ ရှိသေးရဲ့လား"

"ရှိတာပေါ့ အစ်ကိုလေးရဲ့"

"ဘာတွေလဲ ပြောပြပါဦး"

"အင်း၊ အများအကျိုးသယ်ပိုးတဲ့အလုပ်မျိုး တစ်ခါမှမလုပ်ဖူးဘူး။ ဥပမာ-တံတားခင်းတာမျိုး၊ လမ်းခင်းတာမျိုးကိုပေါ့၊ ပြီးတော့ သူဌေးကြီးတွေလှူလေ့ရှိကြသလိုမျိုး ရွာလုံးကျွတ်၊ မြို့လုံးကျွတ် မီးခိုးတိတ်လှူတဲ့အလှူမျိုး ကိုယ်တိုင်ချက်ပြီး မလှူဖူးသေးဘူး။ ပြီးတော့"

"အေးပါ အေးပါ၊ နင်ကတော့ လူထူးလူဆန်းပါပဲလား။ ဘယ်သူမှမတွေးဖူးတဲ့အတွေးဆန်းမျိုး ထူးထူးခြားခြားတွေ တတ်တယ်လို့၊ ဘာပဲဖြစ်ဖြစ်ပါလေ၊ နင့်အတွေးတွေ တစ်နေ့နေ့တော့ ပြည့်ဝလာပါလိမ့်မယ်"

"ဟင်! ဘယ်တစ်နေ့လဲ"

"သူဌေးတစ်ယောက်ယောက်နဲ့ နင်အိမ်ထောင်ပြုတဲ့နေ့ကိုပြောတာလေ။ သိပြီလား"

"အစ်ကိုလေးနော်၊ ကျွန်မက အကောင်းမှတ်ပြီး နားထောင်နေတာကို"

"နင့်ကို လကုန်ရင် ငါ မုန့်ဖိုးပေးပါ့မယ်၊ အိမ်ကို ငွေပို့ချင်ရင်

www.burmeseclassic.com



ဦးမောင် စာတိုက်ကပို့တဲ့အခါ အတူရောပို့ပေးလိုက်ပေါ့. . . ပြီးတော့ ပထမဆုံးလစာအဖြစ် အမှတ်တရဖြစ်အောင် နင့်ကို ငါ ရွှေလက်စွပ် လုပ်ပေးမယ်၊ သိလား''

''ရှင်! ''

မျက်လုံးအစုံ ပြူးသွားရပေပြီ။ လက်စွပ်တဲ့လား။ ကျားသားမိုး ကြိုးပါပဲ။ ဘာမှသေွးမတော်သားမစပ်တဲ့ မိန်းကလေးတစ်ယောက်ကို လက်စွပ်ဝယ်ပေးရင် ဘာအဓိပ္ပာယ်ရှိသလဲဆိုတာကို သူ မတွေးမိဘူး တဲ့လားနော်။ ရင်ထဲမှာ ဘာလိုလိုကြီးမှန်းမသိဘဲ ကတုန်ကရီဖြစ်ကာ သက်ပြင်းကို ကြိတ်ချလိုက်မိတော့၏။

အမရာ, နင်တော့ အကျဉ်းအကျပ်ထဲရောက်တဲ့ နိမိတ်မျိုး ဖြစ် ပါရောလား။

✤✤✤



## အခန်း (၁၆)

''ကဲ, ဒီနေ့တော့ လစာထုတ်ရက်မို့ အားလုံးကို လစာပေးမယ်၊ ညနေကျရင် ရွှေဝို့ကို အဝတ်အစားလိုက်ဝယ်ပေးမှာ။ ဒေါ်လေးရော လိုက်မှာလား''

''မလိုက်ပါဘူး သားရယ်၊ နောက်တစ်ပတ်ထဲ မမှုတို့လာတော့ မှာဆိုတော့ အခန်းတွေဘာတွေ ဖြည်းဖြည်းချင်းပြင်ပေးရဦးမှာ၊ သမီး တ လူငယ်မို့ လိုတာသာ လိုက်ဝယ်ပေးလိုက်ပါလေ''

အလို! နောက်တစ်ပတ်ထဲ အန်တီမှုတို့ ပြန်လာတော့မှာဆိုပဲ။ အဲဒါက နောက်မှဆိုတော့ ထားပါတော့။ အခုက မြို့ထဲကိုခေါ်သွားမှာ တဲ့လေ။ ဒုက္ခပါပဲ၊ အပြင်ကိုထွက်မှတော့ မတော်,အသိတွေနဲ့တိုးရင်

www.burmeseclassic.com



ဘယ်နှယ်လုပ်မလဲ။

ကဗျာတစ်ယောက်တော့ တစ်လကုန်သည်အထိ ဘယ်ကိုမှ သဝေထိုးနေပါလိမ့်နော်၊ တကယ်ပဲ ဘုရားဖူးပဲ လိုက်သွားလေသလား အမရာကိုတော့ ဒုက္ခအိုးထဲတွန်းချခဲ့ပြီး သူကဖြင့် ကုသိုလ်တွေရမယ့် ခရီးကို ပါသွားရင်လား။

"ညနေသုံးနာရီ ပြန်လာခဲ့မယ် သိလား. . . အဆင်သင့်ပြင်ထား နော်"

"ကျွန်မ မလိုက်လို့မရဘူးလားဟင်"

"မလိုက်လို့ရမလား။ နင့်ကိုယ်တိုင်းကို ဘယ် size ဘယ် guide မှန်း ငါမှမသိတာ။ ဟိုကအရောင်းစာရေးမလေးတွေကို နင့်ကိုယ်တိုင်း မှန်းပြီး ဆင်ပေးရမှာ၊ ပြီးတော့ နင့်လက်နဲ့တိုင်းပြီးမှ လက်စွပ်ဝယ်ပေး လို့ရမှာလေ။ မလိုချင်ဘူးလား။ ရွှေဈေးက ခေါင်ခိုက်နေမှန်း သိသိကြီး နဲ့ စေတနာဗလပွထားပြီး ဝယ်ပေးမှာပါ။ ကျေးဇူးတင်ဦး"

"မလိုချင်ပါဘူး"

"အံမာ! တောသူကများ ပဲမများတတ်ဘဲ ပဲပေးနေသေး ကွ"

"အား. . ."

စောစောစီးစီးအထုခံရပြန်ချေပြီ၊ ဒီမနက်တော့ ကျန်းမာရေး





ခေါင်ခေါင်ပြည်နေတဲ့သူက ထူးထူးခြားခြား လူမမာစာတောင်းလေရဲ့။ ဆန်ပြုတ်ပြစ်ပြစ်လေးတဲ့လေ၊ ကြက်သွန်ဖြူဆီသပ်၊ ကြက်သွန်မြိတ် နိုင်းချင်း၊ ချောက်ကောင်းဆုံ့မွှေးမွှေးလေး ခတ်ထားတဲ့ဆန်ပြုတ်ထဲကို အီကြာကွေးညှပ်ထည့်ပြီးမှ စားချင်တယ် ပူဆာလို့ မနက်အစောကြီး ဦးမောင်တစ်ယောက် လမ်းထပ်ထွက်ပြီး အီကြာကွေးဝယ်ပေးရတာလေ။

အိမ်က (၂၅)နှစ်သားက အဲဒီလိုကလေးလို ပူဆာတတ်လေရဲ့။

"နင်ရော မစားဘူးလား"

"မစားပါဘူး။ အဲဒီလိုလူမမာစာတွေကို မုန်းလွန်းလို့၊ ခေါက်ဆွဲ တွေ ကြာဆံတွေပြုတ်ကျွေးရင်တောင် မစားတာ"

"ငါက အဲဒါတွေလည်းကြိုက်တာဟ၊ ခေါက်ဆွဲဆိုလို့ ဒီ sunday ပိတ်ရက်ကျရင် ငါ့ကိုခေါက်ဆွဲပြုတ်ကျွေးပါလားဟင်၊ Ready made ခေါက်ဆွဲအထုပ်မဟုတ်ဘူးနော်၊ ဟို အချောင်းပြားပြားရှည်ရှည်အစည်း လေးကို အသားတွေအရွက်တွေနဲ့ ပြုတ်ကျွေးတာ စားချင်တာ၊ korean food ပေါ့"

ဟင်းနော်. . . မြန်မာ့အသံတို့ မြဝတီတို့မှာ စားဖိုဆောင်ချစ်သူ ကဏ္ဍရဲ့ခေါင်းဆောင်နေရာမှာသာ အလုပ်ခန့်ထားဖို့ ကောင်းတော့တာ လေ။ အစားကိုရှာရှာဖွေဖွေပူဆာတတ်တဲ့သူနဲ့ မီးဖိုချောင်အလုပ်ကို လုံးဝ

www.burmeseclassic.com



ဝါသနာမပါတဲ့ကဗျာတော့ တွေ့ကြပြီပဲ။

ဒီပုံအတိုင်းဆိုရင်တော့ အန်တီမူတို့ရောက်မလာခင် အမရာ ဒီ အိမ်ကနေ တပ်ဆုတ်ရတော့မှာလေ။ ဘာဖြစ်လို့လဲဆိုတော့ အန်တီမူ တို့က အမရာ့ကိုမြင်လည်းမမြင်ဖူးကြဘဲ ကဗျာ့ကိုသာ သိကြတာကိုး။ ဒီတော့ ကိုယ့်ကိုယ်ကိုသတိပေးရင်း အိမ်ပြန်ဖို့အကြောင်းရှာရတော့မှာ ပင်။

"ချက်ကျွေးမှာလား"

"ဩော်, အစ်ကိုလေးပြောတိုင်း ဘယ်နှခါချက်မကျွေးဖူးတာ များ ရှိဖူးလို့လဲ၊ ချက်ပေးမှာပေါ့"

"နင်က ယုံရတာမဟုတ်ဘူးလေ၊ အသက်က (၉၁)နှစ် ရှိပြီဆို တော့ ငါပြောသမျှအကုန်မေ့ရင် ဘယ့်နှယ်လုပ်မလဲ"

ဒီပါးစပ်ကတော့နော်၊ ဆန်ပြုတ်စားနေရင်းနဲ့ကို ပွစိပွစိလုပ်နေ တော့တာပဲ။ သူကမှ အသက် (၈၀)ကျော်အဘိုးကြီးနဲ့တူနေတာ မဟုတ် လား။

"ထမင်းချိုင့် ပြင်ပြီးပြီလား"

"ပြီးပြီ"

"ဒီနေ့ ဘာဟင်းတွေလဲ"





"အစ်ကိုလေးပဲ မျှစ်နဲ့ပဲပြုတ်ရောကြော်တာ စားချင်လို့ဆို။ အဲဒါ တစ်မျိုးရယ်၊ ပန်းဂေါ်ဖီကို ဝက်အူချောင်းနဲ့ကြော်တာ တစ်မျိုးရယ်၊ ကြက်သားကိုပြုတ်ပြီး အပြားလိုက်လေး ကြက်သွန်နီနဲ့ ကြော်တာရယ်၊ အအီပြေအောင် ကင်ပွန်းချဉ်ရွက်ကို ငါးနဲ့ရောချက်ထားတဲ့ဟင်းချဉ် ရယ်"

"ကောင်းတယ်ကောင်းတယ်၊ ပဲပြုတ်ဆိုလို့ မနက်ဖြန်မနက် ငါ့ ကို ပဲပြုတ်နဲ့နံပြား ကျွေးဦးနော်"

မျက်စောင်းက ဒိုင်းခနဲရောက်သွားရပါ၏။ ပုလည်းပူဆာတတ် ပါရဲ့။ တစ်ခါတစ်မျိုး ရိုးကိုမရိုးရပါလားနော်။

"အစ်ကိုလေးမေမေက အစ်ကိုလေးပြောသလို ချက်ကျွေးလား ဟင်"

"မကျွေးပါဘူး။ အဲဒီလောက်အစားဇိအာချဲ့နေတာ ကိုယ့်ဟာသာ ကိုယ်သင်ပြီး ချက်စားတဲ့။ ငါက နဂိုကတည်းက ဟိုတယ်မှာ စားဖိုမှူး လုပ်ချင်တာ။ ဖေဖေက အခြောက်ဖြစ်မှာစိုးလို့ဆိုပြီး အဲဒီလိုသင်တန်း မတက်ခိုင်းတော့ဘဲ ကုမ္ပဏီမှာ ဝင်လုပ်ခိုင်းတော့တာလေ"

အလို! ဒါကြောင့်မို့ ဒီလိုစေ့စေ့စပ်စပ်သူပြောပြီး ချက်ခိုင်းတတ် တာကိုး။ ဘယ်လိုမိဘတွေပါလိမ့်နော်၊ သားရဲ့ဝါသနာကိုကြည့်ပြီး လိုက်

www.burmeseclassic.com



လျှော်ပေးမယ်မရှိ၊ သူတို့ဖြစ်စေချင်သလိုမျိုး အတင်းကို ကုပ်ထွဲထား တော့တာပဲကိုး။

“အချက်အပြုတ်သင်ရုံနဲ့ အခြောက်တော့ မဖြစ်ပါဘူး အစ်ကို လေးရာ”

“အေးလေ၊ ငါက အပင်စိုက်တာကအစ ဝါသနာပါတာဆိုတော့ နောက်တစ်မျိုးက Beauty saloon ပဲရှိတော့တယ်ဆိုပြီး ဝါသနာ စွန့်နိုင်းတော့တာပဲ၊ အခု နင် ရောက်လာမှ ငါ့စိတ်ကြိုက်အပင် လည်း စိုက်ရတယ်၊ ငါကြိုက်သမျှတွေလည်း စားရတယ်၊ အဲဒါကြောင့် နင့်ကိုကျေးဇူးတင်လို့ အကျိုးဝယ်ပေးမယ် ပြောတာပေါ့”

ဝမ်းသာပါ၏။ အမရာ့ကြောင့် သူတစ်ပါးစိတ်ချမ်းသာမှုရှိ မင်္ဂလာတစ်ပါးပင်မဟုတ်ပါလား။ စားချင်တဲ့လူကိုချက်ကျွေးတာ အ ကုသိုလ်ရမှာပါနော်။

“နင် ငါ့ဆီမှာဆက်နေရင် နင့်ကို ငါ ထမင်းဆိုင်ဖွင့်ပေးမယ် လေ။ နင်က အိုးသူကြီးလုပ်ရုံပဲ။ ဟင်းချက်တဲ့နေရာမှာ ဦးစီးပြီး အလု သမားတွေကို နိုင်းစားရုံနဲ့ မပင်ပန်းနိုင်ပါဘူး။ လုပ်မလား”

“မလုပ်ပါဘူး”

“ကြည့်ပါလား။ နင့်အတွက် စီးပွားရေးတစ်ခုလုံး ထောင်ပေး





ယ်ဆိုတာကို လက်မခံချင်တဲ့ နင့်အမျိုးလည်း ရှိသေး၊ အလကား အဆံမရှိတဲ့ဦးနှောက် waste Brain ”

အဲဒါက စိတ်ဆိုးတာပဲလား။ အမရာ သေချာမရိပ်မိပါလေ။ သူ ဘာမှဆက်မပြောတော့ဘဲ ကုမ္ပဏီသွားရန်ထပြီမို့ ကားထဲကိုထမင်း ချိုင့်ပို့သည့်အလုပ်ကို အမြန်လုပ်ရလေ၏။

အင်း, စိတ်ဆိုးပြီး အပြင်ကိုခေါ်မသွားတော့ဘူးဆိုရင် အမရာ တော့ ပိုင်းကြီးပတ်ပတ် ဒူဝေဝေ ထခုန်ရုံတော့သာ ရှိတော့တာလေ။ ထမင်းချိုင့်ကို ဘေးခုံမှာတင်ပေးပြီး ကားတံခါးကို ပြန်ပိတ်ပေးလိုက် ည့် သူက တစ်ဖက်အပေါက်မှ တံခါးဖွင့်ကာ တက်ထိုင်လိုက်လေသည်။

ကားစက်ကိုနှိုးအပြီးမှာ ကားမှန်ကိုချလိုက်ပြီး အိမ်ဝမှာရပ်နေ သည့်အမရာ့ကို လှမ်းပြောလိုက်လေ၏။

“သုံးနာရီ ပြန်ရောက်မှာနော်၊ အဆင်သင့်ဖြစ်ပါစေ”

ဟော, စိတ်ဆိုးပြီး မခေါ်တော့ဘူးထင်နေတာကို ရအောင်ပြော သွားပါရောလား။

www.burmeseclassic.com



"ကျွန်မအစ်မ ရောက်မလာခင် ပြန်နှင့်မှပဲထင်တယ် ဒေါ်လေး ရဲ့"

"ဘာဖြစ်လို့လဲ သမီးရယ်"

"အန်တီမူတို့ ပြန်လာရင် ကျွန်မကို မြင်သွားလို့မဖြစ်ဘူး ဒေါ်လေးရဲ့။ ပြောရရင်တော့ ကျွန်မတို့ညီအစ်မလုပ်ရပ်က သိပ်သဘာဝ မကျလှဘူး"

"ဘာလို့သဘာဝမကျရတာလဲ"

"ကဗျာကလေ အစ်ကိုလေးကိုလက်မခံချင်တာနဲ့ ကျွန်မကို အ အကြောင်းသိရအောင် အရင်ပို့ထားတာ၊ ပြီးတော့ သူ မကြိုက်တာ ချည်းလုပ်ရမယ်လို့လည်း ပြောလိုက်သေးတယ်"

"ဟယ်!"

"အဲဒီ ကျွန်မရောက်ပြီး သုံးလေးရက်နဲ့ အစ်ကိုလေးလည်း ရောက်လာရော အစီအစဉ်တွေက ပြောင်းပြန်တွေ ဖြစ်ကုန်ရောပဲ။ တော့ ကျွန်မကလည်း လိမ်ညာတာမျိုးမလုပ်ခဲ့ဖူးတော့ ကမောက်ကမ တွေဖြစ်၊ အစ်ကိုလေး စားချင်သမျှမလုပ်တတ်ဘူးလို့ ပြောရမှာဖြစ် မယ့် ကိုယ်တိုင်ဝါသနာပါတော့ ဒီလိုပဲချက်ပြုတ်ပေးဖြစ်ရော၊ ဘာလုပ် ရမယ်မှန်းကိုမသိတော့ပါဘူး။ အခုလည်းကြည့်၊ မေမေမသိအောင်





ထွက်တယ်လို့ ညာထားတာကိုမသိဘဲ ကျွန်မကို အစ်ကိုလေးက အပြင် ခေါ်တော့မှာလေ"

"ဘာဖြစ်လဲ သမီးရယ်၊ သမီးလုပ်သမျှအကုန်လုံးက ပိုင်လေး အပေါ် လိမ်ညာကောက်ကျစ်တာမျိုးမှမရှိခဲ့တာ။ အကုန်ကောင်းတာ ချည်းပဲမို့လို့ သူ စိတ်မဆိုးလောက်ပါဘူး။ နားလည်အောင်ရှင်းပြရင် ရမှာပါကွယ်"

"အဲဒါဆိုရင်တော့ အဆင်ပြေတာပေါ့ ဒေါ်လေးရဲ့။ တော်ကြာ သူ့ကိုအရူးလာလုပ်ရလားဆိုပြီး ဒေါသဖြစ်မှာပဲ စိုးတာပါ"

"မကြောက်ပါနဲ့ သမီးရယ်. . . အဲဒီလိုဖြစ်ရင် ဒေါ်လေးတို့လင်မယား ဝိုင်းပြီးရှင်းပေးမှာပေါ့။ သမီးဘက်မှာ ဒေါ်လေးတို့ အမြဲရှိနေပါတယ်"

"ကျေးဇူးတင်ပါတယ် ဒေါ်လေး"

ညနေသုံးနာရီမထိုးခင်မှာ ရေမိုးချိုး သနပ်ခါးလူးပြီး ဆံပင်တွေကို ခါတိုင်းလိုပင် နှစ်ဘက်ခွဲ၍ မြင့်မြင့်လေးစည်းထားလိုက်ပါ၏။ အင်္ကျီဝယ်ပေးမှာဆို၍ အမရာချုပ်ပြီး ယူလာသည့် ပိတ်စအကောင်းစားအင်္ကျီတို့ကို ဝတ်၍မဖြစ်တော့ပါလေ။ ထို့ကြောင့် သိပ်အသစ်ကြီးမဟုတ်သည့် blouse ပန်းနုရောင်လေးကိုသာ ဝတ်လိုက်ရလေ၏။

www.burmeseclassic.com



"တိ!"

"အဆင်သင့်ဖြစ်နေပါစေဆိုတာ ဘာလို့ထွက်စောင့်မနေတာလဲ"

ပြန်လာပါပြီ၊ ကားဟွန်းသံနဲ့ပြိုင်တူ သူ့အသံကပါ ဟိန်းထွက်လာတာလေ။ အခန်းထဲမှ အပြေးထွက်လာတော့ သူက ကားဘေးမှာ ခါးထောက်ပြီး မတ်မတ်ရပ်နေလေ၏။

"အင်း၊ အခုမှပဲ ထွက်လာဖော်ရတော့တယ်။ သူ့ကိုယ်သူ အိမ်ကြီးရှင် မှတ်နေလားမသိ၊ လာ, ရှေ့ခန်းထဲပဲကြွပါ မမရဲ့"

ကားရှေ့ခန်းတံခါး ဖွင့်ပေးလိုက်တာမို့ တက်ထိုင်လိုက်ခဲ့ရလေ၏။ ညနေစောင်းတာတောင် ပလာဇာတွေမှာ လူတွေရှိနေကြတုန်းပဲလား။

"ဘာအရောင်အကြိုက်ဆုံးလဲ"

"အဖြူရောင်"

"ဝတ်လာတော့ ပန်းရောင်ကြီး"

"ဒါပဲရှိတာကိုး အစ်ကိုလေးရဲ့"

"ကြွားမနေစမ်းပါနဲ့၊ အဲဒါကိုသိလို့ အခုလိုက်ဝယ်ပေးတာပေါ့။ လာ, ဆင်းမယ်"

ကားပေါ်မှဆင်းတာရော plaza ထဲဝင်စဉ်မှာပင် မျက်စိကိုရှင်



ချင်ထားရလေ၏။ ကျိုးကန်းတောင်းမှောက် ကြည့်နိုင်မှာသာ အသိတွေ တွေ့ရင် ဦးအောင် ရှောင်နိုင်မှာမဟုတ်လား။

"ဟဲ့. . . နင့်ကို တောသူမှန်း မြင်တာနဲ့ သိကုန်ကြတော့မှာပဲ။ ဘယ်လိုဖြစ်ပြီး မျက်လုံးက ပြူးပြဲပြီးကြည့်နေရတာလဲ။ အမျိုးသမီးဝတ်အထပ်က အပေါ်မှာ၊ လာ, တက်စို့"

စက်လှေကားဖြင့်တက်စဉ် ခါတိုင်းလည်းစီးဖူးပါလျက် အခုက အလိုလိုနေရင်း လန့်နေတာမို့ အပေါ်ဆုံးထစ်တက်စဉ် ခလုတ်တိုက်လေ၏။ သူ့လက်က မြောက်တက်လာပြီး အမရာနဖူးပေါ် ကျလာသလို နှုတ်မှလည်း ရေရွတ်သံ ထွက်လာလေသည်။ 'တောသူမ'တဲ့။

"သူနဲ့လိုက်မယ်ထင်တာလေး. . . ရွေးပေးပါ။ သိပ်အဆန်းကြီး မဟုတ်ဘူး။ လည်ပင်းနဲ့ပခုံး မကျယ်ရဘူး၊ အရမ်းကျပ်ထုပ်မနေရဘူး။ သဘောပေါက်လား"

"ဟုတ်ကဲ့ပါရှင်"

"အရောင်နုနုလေးတွေထဲက ဆယ်ထည်လောက် Design... ဆောင်တာ ရွေးပေးပါ"

အလိုလေး, (၁၀)ထည်တောင်ဆိုပါလား၊ ဘာသဘောနဲ့များ ဒီလောက်ထိ သဘောမနောကောင်းပြီး ဝယ်ပေးရတာပါလဲ။ အရောင်း

www.burmeseclassic.com



တ်ရေးမလေး ယူလာပေးသည့် အင်္ကျီရောင်စုံတွေကို ချိတ်မှကိုင်ကာ တစ်ထည်ချင်း အမရာ့ကိုယ်ပေါ် ကပ်ကြည့်ပြီးမှ စိတ်တိုင်းကျ ခေါင်း ညိတ်လိုက်လေသည်။

''ဒါ,အားလုံးယူမယ်၊ ရွှေဂါ, စကပ်ဝတ်ရဲရဲ့လား''

''ဟင့်အင်း''

''အရမ်းတိုတာမျိုး မဝယ်ပေးဘူးလေ။ အရှည်နှစ်ထည်နဲ့ mini skirt နှစ်ထည်စီတော့ယူပေါ့။ Jeans လည်းလှမှာ''

''မလိုချင်ပါဘူး''

''မလိုချင်လို့မရဘူး. . . ယူ၊ ဒီဝတ်စုံတွေနဲ့လိုက်မယ့် skirt... မျိုး ရှာပေးပါဦး''

''ဟုတ်ကဲ့ပါရှင်''

ဟော, မှာပြန်ချေပြီ။ သူပြောသည့်အတိုင်း ရောက်လာသည့် စကတ်တို့ကို အမရာ့လည်ပင်းထက်တိုင်းပြီး ရွေးပေးကာ ခါး size နှင့်တော်မှ ယူလေ၏။

''တစ်ခုခုသောက်ပြီးမှ လက်စွပ်ဝယ်ကြတာပေါ့၊ လာ''

အအေးဆိုင်ထဲမှာ အအေးဝင်သောက်ကြပြီး စက်လှေကားဆီ လျှောက်ခဲ့စဉ် အမရာ့မျက်လုံးတွေ အကျယ်ကြီးပြူးသွားရပါ၏။ မပြူး





ဘဲရှိမလား။ အောက်ထပ်ဆီမှတက်လာသည့် ဒေါက်တာနှစ်သစ်ဦးတို့ သူငယ်ချင်းတစ်အုပ်ကို မြင်လိုက်ရသည်ကို။

''အစ်ကို. . . အစ်ကိုလေး''

''ဘာလဲ, ဆင်းကြမယ်လေ၊ လာ''

''မဆင်း. . .''

ပြောရှုမဆုံးသေးခင် အမရာ့လက်ကောက်ဝတ်ကို ဆွဲခေါ်တာ ကြောင့် လှေကားထိပ်မှ ဆင်းရချေပြီ။ တစ်ဖက်လှေကားမှ ဖြည်းဖြည်း ချင်းတက်လာသည့် ဆရာဝန်အုပ်စုကဖြင့် ရယ်ရယ်မောမော၊ ထိုလူစု ထဲမှာပါလာသည့် နောက်တစ်ယောက်ကာ အမရာ့ဆီမှာ ပန်းလာဝယ် သည့် ဒေါက်တာသက်မျှူးလွင်ရယ်လေ။

အလိုလေး! ဘယ်လိုများရှောင်ရပါ့မလဲ၊ ဘေးမှာပါလာသည့်သူ့ နောက်မှပတ်ကာ ဒီဘက်ကိုအတင်းရွှေ့ပြီး ပခုံးထက် မျက်နှာဝှက်မိ ၍ သူ့အသံ ထွက်လာလေသည်။

''ဟာ, ဘယ်လိုဖြစ်နေတာလဲ၊ အထုပ်တွေလည်း ပြုတ်ကျကုန် တော့မယ်။ လူပါ ဒလိမ့်ကောက်ကွေးကျတော့မှာပဲ မိရွှေဝါရယ်၊ ဘာ ဖြစ်တာလဲ''

''ကြောက်. . . ကြောက်လို့''

www.burmeseclassic.com



"ဘာကိုကြောက်တာလဲ၊ plaza မှာ နင့်ကိုကိုက်စားမယ့်ဘီလူး ရှိတယ်ထင်နေလား"

ဘေးယှဉ်လျက်သားဖြစ်သွားသည့် အုပ်စုလေး၏ နောက်ဆုံးမှ တက်လာသည့် ဒေါက်တာသက်မှူးလွင်၏အကြည့်တို့က အမရာဘက်သို့ ဖျတ်ခနဲရောက်လာလေသည်။

"ဟော. . ."

နှုတ်ဆက်မလိုဖြစ်သွားသည့်ဆရာဝန်လေးကိုမကြည့်ဘဲ အမရာ ခေါင်းကို သူ့လက်မောင်းနှင့်ကွယ်ကာ မျက်စိမှိတ်ကာ ထားလိုက်မိလေ၏။ လုံမလုံလည်း အမရာ မသိတော့ပါ။ အမရာ ခရီးထွက်သွားသည်ပြောပြီး မြို့ထဲမှာ မြင်ခဲ့သည်ဟု သတင်းပြန်ရောက်လို့ကတော့ သေပြီလေ။

"ဒါလေးပြပါ"

လက်စွပ်ကောင်တာထဲမှ အသည်းပုံကျောက်လေးတွေ စီထားသည့်လက်စွပ်လေးကို သူ လက်ညှိုးညွှန်ပြလိုက်လေ၏။

"ဝတ်ကြည့်ဦး၊ တော်သလားလို့"

ပြောလည်းပြော၊ အမရာ့လက်ကိုလည်းဆွဲကာ ဝတ်ပေးလိုက်သည့်လက်စွပ်လေးက fitting ကျနေလေ၏။ အလိုလေး, ဒါဆို ငွေ





က နည်းမှာမဟုတ်ဘူးလေ။

"အတော်ပဲ၊ လှလည်းလှတယ်၊ ဘယ်လောက်ကျလဲ တွက်ပေးပါ"

"ဟုတ်ကဲ့၊ ရွှေရော ကျောက်ပါ အားလုံး တစ်သိန်းသုံးသောင်း ပါရှင်"

"ဟင်! အစ်ကိုလေး၊ ကျွန်မ မယူဘူးနော်"

"မယူလို့ရမလား၊ ဒါ အမြဲဝတ်ထားရမှာ။ နင့်လက်မှာ မတွေ့လို့ကတော့ အဲဒီနေ့ သေပြီမှတ်"

ကဲ, ပြောကိုမပြောချင်တော့ပါဘူး။ အိမ်ပြန်ရောက်တော့ ပစ္စည်းတွေ တစ်ပွေ့တစ်ပိုက်သယ်ပြီး အခန်းထဲ ဝင်ခဲ့ပါတော့သည်။ အမရာတော့ ကဗျာ့လူဆီကနေ မတရားသဖြင့် ယူသလိုဖြစ်နေပြီလေ။

Phone မြည်သံကြောင့် အဝတ်မလဲဖြစ်သေးဘဲ Phone ဆကိုင်လိုက်ရပါ၏။

"ဟယ်လို"

"သား, မေမေပါ"

"ပြန်လာတော့မှာမို့လို့ Phone ဆက်လိုက်တာလားမေမေ"

"ဟင်းဟင်း. . . ပြန်လာမှာပေါ့သားရယ်၊ သိပ်မလောပါနဲ့။ အခု

www.burmeseclassic.com



အိမ်မှာ ဘာတွေဖြစ်နေလဲ၊ ပြောပါဦး''

''ဘာဖြစ်လို့လဲ၊ ဘာမှမဖြစ်ပါဘူးမေမေရဲ့''

''သေချာလား''

''ဟုတ်ကဲ့''

''ဘာမှထူးခြားတာမျိုးမရှိဘူးလားသားရဲ့။ အိမ်မှာတစ်ခါမှ မကြုံဖူးတဲ့ ထူးထူးဆန်းဆန်းမျိုးလေ၊ အထူးသဖြင့် မေမေ့သားအတွက်ပေါ့''

''ပိုင့်အတွက် ထူးထူးဆန်းဆန်း''

''အင်းလေ''

မေမေ ဘာကိုဆိုလိုတာပါလိမ့်. . . ထူးထူးဆန်းဆန်းဆိုပါလား။ ရုတ်တရက် သူ ဘာမှချက်ချင်းစဉ်းစား၍မရပါချေ။

''ပိုင် မသိဘူးမေမေ''

''ဖြစ်ရလေ၊ မေမေ့သားကတော့ အတော့်ကိုဝေးလှချည်လား။ အိမ်မှာ လူပိုလေးဘာလေးများ ရောက်မနေဘူးလားကွယ်၊ စဉ်းစားပါဦး''

''ဗျာ! ''

''သတိရပြီလား''

''လူပို. . . လူပိုဆိုတာ''





''အေး.အဲဒီကောင်မလေးကို သားနဲ့လက်ထပ်ဖို့ ရည်ရွယ်ပြီး အခုလို မေမေတို့စီစဉ်ပေးလိုက်တာ သားရဲ့။ သားနဲ့အနီးကပ် အတူတူနေမှ တစ်ယောက်သဘောကိုတစ်ယောက် လေ့လာလို့ရမှာပေါ့။ မဟုတ်ဘူးလား''

ဘုရားရေ! ဘာတွေဖြစ်ကုန်ပြီလဲ။ သူနဲ့ နေ့စဉ်စကားများရတဲ့၊ သူ နေ့စဉ် ခေါင်းထုထုနေတဲ့ကောင်မလေးက သူနဲ့လက်ထပ်ပေးမယ့် မိန်းကလေးတဲ့လား။

အို့, ရင်ထဲမှာ တဒိန်းဒိန်းနဲ့ စိတ်လှုပ်ရှားလာလိုက်တာ မပြောပါနဲ့တော့။ ဒါကြောင့် တစ်မျိုးကြီးပါလို့ စိတ်ထဲထင်နေတာကို။ ဒီကောင်မလေးဆီမှာ တစ်ခုခုကို ဖုံးကွယ်ထားသလိုပဲလို့ ထင်နေတာ။ ခုတော့ တကယ်ပါပဲလား။

ဒါနဲ့များ ဦးမောင်ရဲ့တူမဆို၊ ဒေါ်ဂျမ်းရဲ့သမီးကြီးဆို။ အောက်မှာ အငယ်တွေရှိနေတဲ့အစ်မကြီးဆို၊ ကြည့်စမ်း။ ဒီကောင်မလေး ဒီအကြံတွေနဲ့ သူ့ကိုချဉ်းကပ်ခဲ့တာပါလား။ သူဘာကြောင့်မတွေးမိပါလိမ့်နော်။

''အန်တီမူ''လို့ခေါ်လိုက်ကတည်းက သူသိကိုသိရမှာ။ ''အစ်ကိုလေးထက် သုံးနှစ်ငယ်တာ''လို့ပြောကတည်းက ဘာလို့မသိလိုက်ရတာလဲ။ ဘာလို့ သူတောင်းဆိုသမျှ အကုန်လိုက်လုပ်ပေးနေတာလဲ။ ဘာ

www.burmeseclassic.com



ကြောင့် သူချက်ခိုင်းသမျှ မညည်းမညူချက်ကျွေးရတာလဲ။ ဘာလို့များ သူ့ဝါသနာပါသလို အပင်တွေကို လိုက်စိုက်ပေးနေတာလဲ။

အတွေးတို့အဆုံးမှာ နှလုံးသားဆီမှာ တဒုတ်ဒုတ်နှင့်အခုန်မြန်လာတော့တာလေ။

''သားသဘောကရော''

''မေမေ, သူ. . . သူက''

''ဆောင်းကဗျာ တဲ့၊ သားသဘောကျရဲ့လား၊ ဟယ်လို''

Phone ကိုပင် စင်ပေါ်ပြန်မတင်ဖြစ်တော့ဘဲ သူအောက်ထပ်သို့ အပြေးဆင်းခဲ့ပါ၏။ မီးဖိုချောင်ဆီမှရယ်သံသဲ့သဲ့ကြောင့် သူမ, ဒေါ်လေးနှင့်အတူရှိနေမှန်းသိကာ မီးဖိုခန်းတံခါးကို သူ တွန်းဖွင့်လိုက်မိလေသည်။

ညနေစာ ချက်ပြုတ်နေရင်း လှည့်ကြည့်လိုက်သည့် မျက်ဝန်းနက်တစ်စုံကို စိုက်ကြည့်ကာ သူ မေးလိုက်မိပါ၏။

''ရွှေဝါ''

''ရှင်, အစ်ကိုလေး''

''မင်း, ဘယ်သူလဲ''

''ရှင်''

❦❦❦

ရွှေပဒေသာစာပေ

အဆုံး

www.burmeseclassic.com



ဘယ်လိုရှင်းပြရမှာပါလိမ့်၊ အရှုပ်ထုပ်ထဲကိုမှ ပြုတ်ကျတာယ်လို့။ သူမက အင်မတန်ယုံလွယ်ပြီး စိတ်ရင်းကောင်းခဲ့တဲ့ ကောင်မလေးတစ်ယောက်ပါ။ 'အချစ်' အကြောင်းကို ဘာဆိုဘာမှမသိနားမလည်သေးတဲ့ ကလေးတစ်ယောက်ဆိုရင်လည်းမမှားပါဘူး။ ဒီလိုကောင်မလေးရဲ့အဖြူရောင်နှလုံးသားကိုမှ ဘာကြောင့်များ အပြာရောင်ဆိုးဆေး တင်ချင်ရတာပါလိမ့်နော်။

(အမရာမောင်)



## အခန်း (၁၇)

သူက မေးတာကိုမဖြေဘဲ ကြောင်ကြည့်နေသည့် အမရာ့အနီးသို့ ရောက်လာလေတော့၏။

"မဖြေဘူးလား"

'လေသံက အတော့်ကို ပျော့ပြောင်းလွန်းနေမှန်း သိနေပါသည်။ အမယ်လေးနော် . . . ကဗျာသာ အချိန်မီရောက်လာရင် ဒီပြဿနာက အကြီးကြီးအထိ ဖြစ်စရာမရှိတော့ဘူးလေ။ အခုတော့ မီးဖိုခန်းထဲမှာ ငါးဆုပ်ကြော်ရင်း ရင်ဆိုင်နေရတာယ်လို့။

"တူးတော့မယ်၊ နေနေ, သမီး၊ ဒေါ်လေးပဲ ကြည့်လိုက်ပါ့မယ်"

အမရာ ကျောခိုင်းထားမိသည့်ဆီအိုးကို ဒေါ်လေးလာကြည့်စဉ်

www.burmeseclassic.com



သူက အမရာ့လက်ကောက်ဝတ်ကို ဖျတ်ခနဲကိုင်လျက် ဆွဲခေါ်လာခဲ့လေ၏။ အလိုလေး! ဘာတွေများ ဒီလောက်အရေးကြီးလို့ အတင်းခေါ်နေတော့တာပါလိမ့်။

“အစ်ကိုလေး”

“ဒီကိစ္စတွေကို အစောကြီးကတည်းက မင်းသိထားပြီးသားပေါ့လေ”

“ရှင်, ဟုတ်. . . ဟုတ်ကဲ့”

“ဒါဖြင့် ကိုယ့်ကိုညာခဲ့တာပေါ့”

“ဟင်! ကျွန်မ မညာပါဘူး အစ်ကိုလေးရဲ့”

“ဘာမညာရမှာလဲ၊ ဦးမောင်တူမ၊ ဒေါ်ဂျမ်းသမီးဆိုပြီး ရောက်လာတာ မင်း, ကိုယ့်ကိုညာတာပေါ့”

“မဟုတ်ဘူးလေ၊ အဲဒါ အစ်ကိုလေးဟာ အစ်ကိုလေး ကျွန်မကို စမြင်ကတည်းက ပြောခဲ့တဲ့ကိစ္စကို၊ ကျွန်မ ညာတာမှမဟုတ်ဘဲ”

သူက အမရာ့ကို စူးစူးစိုက်စိုက်ကြည့်နေတာမို့ နေရခက်ကာ မျက်လွှာကို ချထားလိုက်မိလေ၏။ ဘယ်လိုကြီး ကြည့်နေတာပါလိမ့်နော်။ ဘာတွေလဲ၊ ဘာကိုသိပြီး အမရာ့ကို လာမေးနေတာလဲ။ တမင်ခုတော့ လွှဲနေပြီထင်ပါရဲ့။





“ကိုယ်က ကွယ်ရာမှာ လှောင်ရယ်စရာသတ္တဝါ ဖြစ်မှန်းမသိ ဖြစ်နေရတာပါလား”

“ရှင်!”

“ဟုတ်တယ်လေ၊ (၁၀)တန်းအောင်တုန်းက တွဲခဲ့ဖူးတဲ့မြနှင်းဆီရဲ့ဓာတ်ပုံနဲ့ အသည်းအသန်ရူးနေတဲ့ကိုယ်က မင်းအတွက် ရယ်စရာဖြစ်နေခဲ့တာပဲ မဟုတ်လား ရွှေဝါရဲ့”

“အို! မဟုတ်တာ၊ အစ်ကိုလေးကို ကျွန်မ အဲဒီလိုတစ်ခါမှတွေးပြီး မရယ်ခဲ့ပါဘူး။ ယုံပါရှင်. . . ဘုရားစူးရပါစေရဲ့”

သူက အမရာ့ဆီမှအကြည့်လွှဲလျက် သက်ပြင်းရှိုက်လိုက်လေ၏။ ခုချိန်ထိ ဘာမှ ရေရေရာရာမသိဘဲ အမရာ လန့်နေမိတာကတော့ အမှန်ပါလေ။ မြနှင်းဆီကြောင့် အမရာ့ရယ်မှာကို စိုးရိမ်သတဲ့လား။ သူ့ရည်းစားဦးအကြောင်းကို အမရာက ဂဃနဏသိတာမှမဟုတ်တဲ့ဟာ။ ဘာကြောင့် ရယ်ရမှာလဲလေ။

“အဲဒီအကြောင်းကိုတော့ မေမေပြောပြလိမ့်မယ်မထင်ဘူး”

“ဘာလဲဟင်”

“မြနှင်းဆီလေ”

“သြော်”

www.burmeseclassic.com



"ကိုယ်ပြောပြမယ်ဆိုရင် နားထောင်ပေးမှာလား"

"ဟုတ်ကဲ့"

အမယ်လေးနော်၊ ဘာများအရေးကြီးတဲ့ကိစ္စမို့လို့ လူကို ခန်းထဲကနေ လက်ဆွဲပြီး ခေါ်လာခဲ့ရတာပါလိမ့်။ ပြောချင်တဲ့လူက ခွင့်တောင်းနေတာမို့ ခေါင်းညိတ်ပြရုံကလွဲပြီး အမရာ ဘာများတ နိုင်မှာမို့လဲ။

"မြနှင်းဆီဆိုတာ. . . ကိုယ်နဲ့အလယ်တန်းကတည်းက ကျော အတူတက်ခဲ့ကြတဲ့သူငယ်ချင်းပဲ။ ငယ်သူငယ်ချင်းလို့လည်း ပြောလို့ ပါတယ်။ သူဘယ်လောက်ကျက်သရေရှိပြီး ချစ်စရာကောင်းလဲဆို ကို မင်းလည်း ဓာတ်ပုံထဲမှာ မြင်ဖူးလိုက်မှာပါ"

ယောင်ရမ်း ခေါင်းညိတ်လိုက်မိပြန်၏။ မဟုတ်သေးပါဘူး. . . ဒီဓာတ်ပုံကို ဥစ္စာခြောက်လွန်းလို့ ဘယ်သွားသွားယူသွားလေ့ရှိတဲ့ နားမှာရှိတာကိုပဲ သတိထားခဲ့မိတာပါ။ ထိုကောင်မလေး ယဉ်တာ တာတွေကိုသိရအောင် အမရာက အဲဒီပုံကို တစ်ခါမှအနီးကပ်မကြ ဖူးတာပဲ။

"မင်းထင်သလို ကိုယ်တကယ်လည်း ရူးခဲ့တာအမှန်ပါ ရွှေ ဟော, သူ့ကိုယ်သူ အရူးလို့ ဝန်ခံပြန်ပါရောလား။ အမရာ





တော့ နားမလည်တော့ဘူး ရှင်ရယ်။ တုံးတယ် ညံ့တယ်ပြောလည်း ခံ ပါပဲ။ အခုချိန်ထိ သူပြောနေသမျှ အမရာမှ သဘောမပေါက်တာ တို့။

"ဆယ်ကျော်သက်နုလုံးသားဖြစ်ပေမယ့် နှင်းကို ကိုယ်, အရူး အမူးချစ်ခဲ့တာကို ဝန်ခံပါတယ် ရွှေဝါ။ မြနှင်းဆီဟာ လှတာချောတာ က် ယဉ်တာက ပိုပါတယ်။ အသံလေးက ချိုပြီး အေးသလို စကား ပြောရင်လည်း နှစ်ယောက်ကြားသာယံ့ တိုးတိုးလေးပဲ ပြောတတ်တယ် လ"

အမရာလည်း အစက အဲဒီလို မတုန်မလှုပ်အရုပ်ကလေးပါပဲ ။ ဒီအိမ်ကိုရောက်မှ(မဟုတ်သေးဘူး)ရှင်နဲ့တွေ့မှ ဒီလိုဘုဘုဘောက် ဘောက် ဆူဆူဆောင့်ဆောင့်လုပ်တတ်တဲ့အကျင့်ဆိုးတွေ အမရာ့ဆီ လိုလိုရောက်လာတာပါရှင်။

"ကိုယ့်အပေါ်သည်းခံပြီး နားလည်ခွင့်လွှတ်တတ်တဲ့နှင်းအပေါ် ကိုယ့်စိတ်တွေ တိမ်းညွတ် ရှုံးနိမ့်ခဲ့တာ အပြစ်လား"

ဘယ်သိမှာလဲ. . .။ ကိုယ့်ဟာသာပြော ကိုယ့်ဟာသာ မေးတာကို အမရာက ဘယ်လိုဖြေတတ်ပါ့မလဲလို့။

"သူက အပြစ်လို့ ကိုယ့်ကိုစွပ်စွဲခဲ့လေရဲ့။ မိဘချင်းလည်း ရင်း

www.burmeseclassic.com



နှိုး၊ အရွယ်ချင်းလည်း တူ၊ ခင်မင်မှုချင်းလည်း သင့်ပါလျက်နဲ့ ကိုယ့်ကိုမချစ်နိုင်လို့ ကန့်ကွက်ခဲ့လေရဲ့''

ဆိုဖာခုံနောက်မှီကို နောက်ကျောမှ ကိုင်ထားလျက် သူ့အကြည့်တို့က အတိတ်ကိုလွင့်သွားသည့်နှယ် ခံစားရလေ၏။ နံဘေးမှာ အမရာ တစ်ယောက်လုံးရှိနေတာကိုတောင် မေ့များမေ့သွားပြီလားမသိ။

''အချစ်ဆိုတာ ဝန်တိုခြင်းလေလား။ ကိုယ်မသိခဲ့တာအမှန်ပဲ။ သူ့ကို ကိုယ့်လိုကောင်လေးတွေက မျက်စိနဲ့ကြည့်တာကိုလည်း ကိုယ် မကြိုက်ဘူး။ စကားပြောတာကိုလည်း ကိုယ် မလိုလားဘူး။ သူဘယ်သွားသွား. . . သူ့အရိပ်လိုမျိုး လိုက်ပါ စောင့်ရှောက်ချင်စိတ်က အချစ်ပဲမဟုတ်လားဟင်''

ဘယ်သိပါ့မလဲ၊ အမရာက အဲဒီအချစ်ဆိုတာနဲ့ တစ်ခါမှမကာ ခဲ့ဖူးတဲ့ ကလေးတစ်ယောက်သာသာ အရွယ်ပါရှင်ရယ်။

''နောက်ဆုံးတော့. . . ကိုယ် ဖွဲ့ဆိုတော့ ရခဲ့ပါတယ်။ သူ့ကြောင့် မကြာခဏဒေါသတွေဖြစ် ရန်ပွဲတွေရှင်းတတ်တဲ့ ကိုယ့်လိုလူဆိုးလေးကို သနားပြီး ပြန်ချစ်ခဲ့တာပေါ့''

သူ့နှုတ်ခမ်းတွေပြုံးနေတာကို အမရာမြင်နေရလေ၏။ အဲဒီ ကို ကြည်နူးနေရှာတာပါပဲလား။ ကဗျာ, နင်ဘာမှစိတ်ပူစရာမလိုတော့





ပါဘူး။ ဘာကြောင့်လဲဆိုတော့ သူ့ရင်ခွင်ထဲက နှလုံးသားပလ္လင်ထက်မှာ 'မြနှင်းဆီ'ဆိုတဲ့ အချစ်နတ်သမီးကို နေရာအပိုင်စားပေးထားပြီးပြီ ဆိုတာကြောင့်ပါ ကဗျာ။

''ကိုယ် တကယ့်ကိုရူးခဲ့တာအမှန်ပဲ။ မိုးမမြင်လေမမြင်အပျော်ကြီးပျော်ခဲ့မိတာ မပြောပါနဲ့။ သူများတွေ ပျော်တယ်ဆိုတာကို ကိုယ် လောင်မိတဲ့အထိတောင် ဖြစ်ခဲ့တာပါ။ သူ့လက်ကလေးကို ဆုပ်ကိုင်ထားမိတဲ့အချိန်မှာ ဒီကမ္ဘာလောကကြီးတစ်ခုလုံးကို မေ့သွားတဲ့အထိပါပဲ''

တကယ်ပြောနေတာပါ 'နှင်း'ရယ်။ အခုပြောနေသမျှ မနေ့တစ်နေ့ကလို ကိုယ့်ရင်တွေ နွေးထွေးလာတာကို နှင်းသိပါရဲ့လား။ အဲဒီတုန်းက ရှက်ပြုံးလေးပြုံးရင်း မျက်လွှာချသွားတဲ့နှင်းရဲ့မျက်နှာလေးကို ကြည့်လို့မဝခဲ့ဘူးလေ။

အပျော်ဆိုတာ ကိုယ့်ဘဝထဲကို ခဏတာ အလည်လာတဲ့ဧည့်သည်မှန်း အဲဒီတုန်းကသာ ကြိုသိခဲ့ရင် ကိုယ့်အပျော်တွေကို အတတ်နိုင်ဆုံး လျှော့ချခဲ့မိမယ်ထင်ပါရဲ့။ ဘာမဆို အစစအရာရာပြီးပြည့်စုံနေတဲ့ ကိုယ်တို့ရဲ့ဘဝထဲကို အဲဒီသူစိမ်းကြီး ဝင်မလာရင် ဒီလိုကြေကွဲဖွယ်ညတွေကို ဘယ်တော့မှကြုံရမှာမဟုတ်ဘူးလေ။

www.burmeseclassic.com



တစ်နှစ်ဆိုတာ သူများတွေအတွက် ကြာကောင်းကြာနိုင်တဲ့အချိန် ာကာလဖြစ်ပေမယ့် ကိုယ့်အတွက်ကတော့ အရမ်းကို တိုတောင်းလွန်း ာပါတယ်။ ဒီလက်ကလေးကိုတွဲခွင့်က တစ်နှစ်လေးပဲရှိခဲ့တာပေါ့နော်။

နှစ်ယောက်အတူလျှောက်လည်ကြရင်း Platform ပေါ်ကို slip ဖြစ်ပြီး လမ်းချော်လာတဲ့ကုန်ကားကြီးရဲ့အန္တရာယ်ကိုသာ သိခဲ့ရင် အဲဒီ းနေ့က ဘုရားဖူးဖို့ပူဆာတဲ့ 'နှင်း'ကို လိုက်ပို့ပေးမိမှာမဟုတ်ခဲ့ဘူး။ ပြီး ာတော့ 'နှင်း'ကို ဒီကားကြီးတိုက်မှာကိုသာသိရင် လမ်းမဘေးဘက်မှာ နှင်း'ကိုထားပြီး လျှောက်ခဲ့မှာမဟုတ်ပါဘူး 'နှင်း'ရယ်။

မျက်နှာချင်းဆိုင်ကြီး တိုးလာတဲ့ကားကြီးကြောင့် အော်လိုက်ကြ တဲ့လူသံတွေကြားမှာ သတိလက်လွတ်ငေးကြည့်နေမိခဲ့တဲ့ကိုယ့်ကို ဘဝ အဆက်ဆက် ပြစ်တင်မုန်းတီးလှည့်ပါ 'နှင်း'ရယ်။ ကိုယ်ကတော့ ကိုယ် ကတော့ ကိုယ့်ကိုတွန်းပစ်ပြီး ကယ်တင်ပေးခဲ့တဲ့'နှင်း'ကို ယနေ့တိုင် မေ့နိုင်သေးတာအမှန်ပါပဲ။

အချစ်ဆိုတာ ဝန်တိုခြင်းလို့ မှားယွင်းဘာသာပြန်ခဲ့မိတဲ့ ကိုယ့် ို အချစ်ဆိုတာ ပေးဆပ် အနစ်နာခံခြင်းဆိုတဲ့ အနက်အဓိပ္ပာယ်ကို ာင်ခန်းစာတစ်ခုအဖြစ် 'နှင်း'သိစေခဲ့တာ အမှန်ပါကွယ်။

"ကိုယ့်အပျော်တွေက တစ်နှစ်ပဲ ခံခဲ့ရတယ်လေ"





"ဘာကြောင့်လဲဟင်"

"ဒီကမ္ဘာလောကကြီးထဲမှာ မြနှင်းဆီဆိုတဲ့မိန်းကလေး မရှိတော့ သို့ပါ ရွှေဝါ"

"ရှင်! "

"မထင်မှတ်တဲ့ Accident... တစ်ခုမှာ ကိုယ့်အသက်ကိုကယ် တင်ပြီး သူ့အသက်ကို ရင်းပေးခဲ့တယ်လေ"

"အို! ဖြစ်ရလေ"

အမရာ့ရင်ထဲပင် အောင့်သွားရလေ၏။ ဘုရား ဘုရား, သူ့ဆီ မှာ ရင်နင့်စရာချစ်ပုံပြင်တစ်ပုဒ် ရှိနေခဲ့တာပါလား။ မထင်မိပါလေ။ သူနဲ့ရင်းနှီးခင်မင်ခွင့်ရရှိခဲ့တဲ့ တစ်လကျော်အတွင်းမှာ ဒီခံစားချက်ကို လုံမသိမမြင်အောင် သူ ကြိတ်မှိတ်ဖုံးကွယ်နိုင်ခဲ့တာ အမှန်ပါလေ။

"မြနှင်းဆီရဲ့အမှတ်တရဆိုလို့ အဲဒီဓာတ်ပုံလေးပဲ ကိုယ့်ဆီမှာ ရှိတာပါ။ ကိုယ့်ချစ်သူကိုတောင် ကာကွယ်မှုမပေးနိုင်ခဲ့တဲ့ ယောကျ်ား တစ်ယောက်ကို မင်းမြင်ဖူးပါ့မလား။ လောကကြီးထဲမှာ တကယ်ရှိခဲ့ ပါတယ် ရွှေဝါ။ ဆေးရုံပေါ်မှာ အရှုးတစ်ပိုင်းနဲ့ သတိပြန်ရလာတဲ့ကိုယ့် ကိုယ်ကို သတ်သေဖို့ အကြိမ်ကြိမ်ကြိုးစားမိခဲ့တဲ့ လူညံ့တစ်ယောက်ပါ လေ"

www.burmeseclassic.com



''ကျွန်မ အများကြီးစိတ်မကောင်းဖြစ်ရပါတယ် အစ်ကိုလေး ရယ်''

''အဲဒီလိုယောကျ်ားတစ်ယောက်ကို မင်းရော အထင်သေးမှုမရှိ ဘူးလား''

ငှဲ့စောင်းမေးလာသည့်သူ့ကို နှစ်သိမ့်ပြုံးမျိုး ပြုံးပြလိုက်မိပါ၏။ ကံကြမ္မာကိုသာ အပြစ်ပုံချလိုက်ပါတော့လား။ ကိုယ်မပြုမိပါဘဲ ဆိုက်ရောက်လာခဲ့တဲ့ကံကိုသာ မပုံရင် ဒီနောင်တကို အစ်ကိုလေး တစ်သက်လုံး ထွေးပိုက်သွားမှာတဲ့လား။

''ဒါကြောင့်လည်း. . . မေမေ စီစဉ်ပေးတဲ့မိန်းကလေးတိုင်းကို အကြောင်းအမျိုးမျိုးပြပြီး ကိုယ် အခါခါငြင်းဆန်ခဲ့ပါတယ် ရွှေဝါ''

ဟုတ်မှာပါ။ ဒါကြောင့်လည်း ကဗျာနဲ့သူ့ကို အမှတ်မထင်တွေ့ခြင်းမျိုးဖြစ်အောင် အနိတ်ိမ္မ ဖန်တီးခဲ့တာပဲမဟုတ်လား။ အနိတ်ိမ္မ ဖန်တီးပေးတဲ့ကံစွကတော့ အကောင်အထည်ပေါ်မပေါ် မသေချာတော့ပါလေ။

''အခုတစ်ခါတော့ ကိုယ်ရှောင်လို့မရတဲ့ အခြေအနေတစ်ရပ်ကို မေမေတို့စီစဉ်ပေးခဲ့တာပါ''

အမရာ အံ့သြသွားရပါ၏။ သူ့အကြည့်တို့ကို သတိထားမိသွား





ရလေသည်။ ကြည့်ပါဦး။ အမရာ့ကိုကြည့်တဲ့မျက်ဝန်းတွေက ထူးခြားနေတာလေ။

''မင်းနာမည် ဆောင်းကဗျာပဲဖြစ်ဖြစ်, မိုးကဗျာပဲဖြစ်ဖြစ်, ကိစ္စမရှိပါဘူး။ ကိုယ့်အတွက်တော့ မင်းက ရွှေဝါပဲ။ ကိုယ့်ဘဝကို အများကြီး ပြောင်းလဲစေပြီး ကိုယ့်ရင်ခုန်သံတွေကို ကပြောင်းကပြန်ဖြစ်စေတဲ့ကောင်မလေးပါ ရွှေဝါ''

''ရှင်! ''

www.burmeseclassic.com



အခန်း (၁၈)

'အစ်ကိုလေး...

ဒီစာဖြင့် ရှိသေစွာကန်တော့ခဲ့ပါတယ်။ ရွှေဝါနှာမည်က 'ဆောင်းကဗျာ'မဟုတ်ရပါဘူး။ အစ်ကိုလေး အမှတ်မှားပြီး ပြောခဲ့တဲ့စကားတွေကြောင့် ဒီအိမ်မှာ ဆက်နေလို့မဖြစ်တော့ဘူးဆိုတာကို နားလည်လိုက်ပါပြီ။

အစ်ကိုလေးနဲ့သဘောတူထားတဲ့'ကဗျာ'ဆိုတာ ကျွန်မရဲ့အစ်မပါ။ အစ်ကိုလေးအကြောင်းကိုသိချင်လို့ ဒီအိမ်မှာ ကျွန်မကို စေထားခဲ့တာပါ။ ဒီကိစ္စတွေဖြစ်လာရတာ မထင်မှတ်တဲ့တိုက်ဆိုင်မှုတွေကြောင့်ပါပဲ။

ရွှေပဒေသာစာပေ

www.burmeseclassic.com



**အစ်ကိုလေးကို ကျွန်မညာခဲ့တာတွေအားလုံးဟာလည်း မရည်ရွယ်ဘဲ တိုက်ဆိုင်လာတဲ့အကြောင်းကြောင့်ပါနော်။ အစ်ကိုလေးအပေါ် နစ်နာထိခိုက်စေလိုတဲ့စိတ်မျိုး လုံးဝမရှိတဲ့ ညီမလေးတစ်ယောက်ကို နားလည်ခွင့်လွှတ်ပေးပါလို့ တောင်းပန်ပါရစေ...**

**မြူစင်ရွှာမြင့်**

**ရွှေဝါ'**

စာက တိုတိုလေးပါပဲ။ သို့သော် သူက ဆက်ပြီးဖတ်ချင်နေသေးတာလေ။ ထိခိုက်လိုတဲ့စိတ်မရှိဘူးတဲ့လား ရွှေဝါ။ ဒီရင်ထဲမှာ ထိထိခိုက်ခိုက်ကြီးခံစားနေရတာကိုတော့ မင်းမမြင်ဘူးတဲ့လား။

ဟုတ်ပါတယ်၊ မင်းကစပြီး ညာခဲ့တာမဟုတ်ပါဘူး။ ကိုယ်ကိုယ်တိုင်ကိုက စပြီးမှားခဲ့တာအမှန်ပါလေ။ အပင်တွေကို ရေပိုက်နဲ့ရေလောင်းနေတဲ့ မင်းနဲ့စဆုံချိန်က မြင်ကွင်းလေးကို ကိုယ်မြင်ယောင်နေမိဆဲပါ။

'ဟိုကောင်မလေး'ဆိုတဲ့နာမ်စားနဲ့စပြီး ခပ်နှိမ်နှိမ်ပြောပြီး နိုင်ခဲ့တာလေ။ အဲဒီကတည်းက မင်းဘယ်သူဆိုတာကို သေချာရှင်းပြရင် ဘာဖြစ်မှာမို့လို့လဲ။ ဒါမှလည်း မင်းကို ကိုယ်နဲ့ဘယ်လိုတော်စပ်တယ်ဆိုတာကို သိရမှာပေါ့ ရွှေဝါ။





အခုတော့ ဘယ်လိုလုပ်ရပါတော့မလဲ။ မင်းကို ကိုယ်နဲ့ အဆင့်အတန်းမတူဘူးလို့ သတ်မှတ်ထားပါလျက်နဲ့ ကိုယ့်စိတ်တွေ ယိုင်နဲ့ ပွန်းပဲ့တုန်တာကို မင်းမမြင်ဘူးလားကွယ်။

စိတ်ထဲပေါ်လာတဲ့အတိုင်း မင်းကိုပူဆာသမျှ မညည်းမညူချက်ကျွေးလုပ်ပေးခဲ့တာတွေကရော ကိုယ့်အပေါ် သံယောဇဉ်ရှိလို့ပဲမဟုတ်လား ရွှေဝါ။ ကိုယ် ဘာပဲနိုင်းနိုင်း ဆူဆူအောင့်အောင့်လုပ်သမျှ မင်းနေ့ကို ထုခဲ့မိတာတွေအားလုံးဟာ မင်းကိုချစ်နေမိတဲ့ ကိုယ့်မသိစိတ်ကြောင့်ဆိုတာကို ကိုယ်ကိုယ်တိုင်တောင် မသိခဲ့တဲ့အဖြစ်ပါလားကွယ်။

မင်းကို ပြုံးပျော်ပျော်စေချင်သလို တင့်တယ် လှပစေလိုစိတ်နဲ့ အဝတ်အစားတွေ ဝယ်ဆင်ပေးကာမှ ကိုယ့်အနားကနေ ထွက်ပြေးရသတဲ့လား။ ဒီလက်စွပ်ဝတ်ထားတာ မမြင်တဲ့နေ့ အသေပဲလို့ သေချာပြောထားပါလျက်နဲ့ တမင်ကြီးချန်ရစ်ခဲ့ရတယ်လို့ကွယ်။

"ဒေါ်လေးတို့က မတားဘူးလားဗျာ"

"တားလို့ဘယ်ရပါ့မလဲ သားရယ်၊ သမီးက ဒေါ်လေးတို့ကို အစကတည်းက ကြိုပြောပြီးသားကွယ့်"

"အဲဒါဆိုလည်း ပိုင့်ကိုရိပ်မိအောင်လို့ သတိပေးပါတော့လား"

"ပြောချင်တာပေါ့ သားရယ်၊ သမီးကို သားကိုယ်ထိလက်ရောက်

www.burmeseclassic.com



လုပ်လိုက်တိုင်း ကိုမောင်ရော ဒေါ်လေးပါ ဝင်ပြောကြတာပါ။ သားက သတိမထားတာဘဲ ဖြစ်ပါလိမ့်မယ်''

ဟုတ်ပါရဲ့၊ သူမခေါင်းကို သူ လက်သီးဆုပ်နဲ့ ထုလိုက်မိတိုင်း ဦးမောင်ရော ဒေါ်လေးပါ မျက်စိမျက်နှာပျက်သွားမှန်း သူမြင်ပေမယ့် လုပ်ချင်ရာကိုသာ ဆက်လုပ်ဖြစ်ခဲ့တာလေ။

''သူ့ကိုနှိပ်စက်လွန်းလို့ဆိုပြီး ပိုင့်ကို သူ မုန်းများသွားပြီလား မသိတော့ဘူး''

''မုန်းတော့မမုန်းလောက်ပါဘူး သားရယ်၊ သူသာ သားကိုမုန်းရင် ဒီလိုပြေရာပြေကြောင်းစာတစ်စောင်တောင် ရေးထားခဲ့ပါဦးမလား''

ဒါလည်းဟုတ်တာပဲ၊ သူ့ကိုမုန်းသွားရင် ညတွင်းချင်း မျက်နှာချင်းတောင်ဆိုင်တော့မှာမဟုတ်ဘဲ ထွက်သွားတော့မှာလေ။ အခုတော့ မနက် (၆)နာရီ သူမနိုးခင်အချိန်လေးမှာမှ ထွက်သွားရတယ်လို့။

''သူဘယ်မှာနေလဲဆိုတာရော ဒေါ်လေးတို့ကို ပြောသေးလား ဟင်''

''ဟင့်အင်း, မပြောဘူးသားရဲ့။ ဒီကို မမလေးကိုယ်တိုင် လာပို့သွားတာမို့ မမလေးလာလို့မေးကြည့်ရင် သိမှာပေါ့''

''အာ, သူ့အစ်မနဲ့မတွေ့ချင်ပါဘူး။ ပိုင်က ရွှေဝါကိုပဲ သဘော





ကျတဲ့ဟာ။ သူ့အစ်မကို မကြိုက်ဘူး''

''အဲဒါဆိုရင်တော့ ဒုက္ခပဲ''

''ဟင်! ဘာကိုဒုက္ခလဲ ဒေါ်လေးရဲ့''

''သမီးလေးကို သူ့မိဘတွေက ဆရာဝန်နဲ့စေ့စပ်ပေးတော့မှာ သားရဲ့။ သားနဲ့မမလေးကိုက တစ်တွဲဆိုပြီး သတ်မှတ်ထားတာကို''

''ဟာဗျာ''

ရင်ထဲကို အပူလုံးက ပြေးဆောင့်လေ၏။ ဆရာဝန်နဲ့စေ့စပ်ပေးတော့မှာတဲ့။ သေချာနေပြီလား ရွှေဝါ။ ကိုယ်မဟုတ်တဲ့လူတစ်ယောက်နဲ့စေ့စပ်ပေးမှာကို ဘာတစ်ခုမှဆန့်ကျင်မှုမရှိဘဲ ငြိမ်နေတာပဲလား။

မင်း သူ့ကိုပြန်ချစ်ဖို့များ ဆုံးဖြတ်ထားလားရွှေဝါ။ ကိုယ်နဲ့အခုလိုမျိုး တစ်လကျော်ကျော်ကာလလေးနဲ့ ရင်းနှီးပတ်သက်မှုရှိသလိုမျိုး သူ့အပေါ်မှာလည်း ဒီလိုနှောင်တွယ်မှုမျိုး မင်းလုပ်ပြီးနေပြီလား။ ပြီးတော့. . .ပြီးတော့ ရင်ထဲကနေ နှစ်နှစ်ကာကာ ချစ်များချစ်သွားပြီလားကွယ်။

''သူတို့နှစ်ယောက် တော်တော်မှ ရင်းနှီးနေပြီလို့ပြောလားဟင်''

''အဲဒီလိုတော့မပြောဘူးသားရဲ့။ ဒါပေမဲ့ ဆရာဝန်လေးဘက်ကတော့ သမီးလေးကို စိတ်ဝင်စားမှုရှိပြီး စေ့စပ်ပွဲကို လုပ်တော့မှာလို့

www.burmeseclassic.com



တော့ ဒေါ်လေးကိုပြောဖူးတယ်''

တော်ပါသေးရဲ့။ ဒီလိုဆိုရင်တော့ သူမဘက်က အဲဒီဆရာ
ဘက်ကို ယိုင်သွားခြင်းမရှိသေးလို့ပေါ့နော်။ စိတ်မဝင်စားလို့လည်း ဒီ
ဖွင့်ပြောတာပေါ့။ ဟုတ်ပါ့မလား. . . အခုလို သူ့ဆီကနေ နှုတ်ဆ
ခွင့်မတောင်းဘဲ တိတ်တဆိတ်ထွက်သွားတာကရော ဘာကြောင့်လဲ

ဟိုလူကိုပဲ သူ့ထက် သံယောဇဉ်ပိုသာနေလို့များလား။ မဟု
ဘူး။ မဟုတ်ရဘူးနော်။ အဲဒီလိုမဖြစ်ရဘူး။ မင်းအပေါ် ကိုယ်ဘယ်
စိတ်မျိုး ရှိနေတယ်ဆိုတာကိုပဲ မယုံကြည်လို့များလား။ ဒါဆိုရင်တေ
မင်းယုံကြည်တဲ့အထိ သက်သေတွေ အမျိုးမျိုးပြပါ့မယ် ရွှေဝါ။ ကို
ရှာလို့တွေ့တဲ့အထိ စောင့်နေပါလို့ပြောပါရစေလား။ ကိုယ်အနီးမှ ထွေ
သွားခဲ့ရတဲ့ကောင်မလေးရယ်။

''ဘယ်လို! ဘာပြောလိုက်တယ်, သက်မှူး''

''မနေ့က ငါတို့ဘောင်းဘီသွားဝယ်ကြတဲ့ plaza မှာ အ
ကို တွေ့ခဲ့တယ်လို့ပြောတာ''





''မဖြစ်နိုင်တာ. . . အမရာရော သူ့အစ်မပါ ကျောင်းက ဆရာ ဆရာမတွေနဲ့ ဘုရားဖူးခရီး ပါသွားကြတာကွ''

''မင်းမယုံလည်း မတတ်နိုင်ဘူးလေ။ ငါက သေချာအောင်ကြည့်ပြီးမှပြောလိုက်တာ။ အမရာမှအမရာပဲ။ ဘယ်လိုမှ မျက်စိမှားစရာမရှိဘူး. . . သူထားနေကျ ဆံပင်နှစ်ဖက်မြင့်မြင့် စည်းထားတာရယ်၊ ဘလောက်စ်ပန်းရောင်လေးနဲ့ အောက်က လုံချည်က အနက်ခံမှာပန်းရောင် sport လေးတွေပါတဲ့ အပျော့သားကို ဝတ်ထားတာ။ ဘယ်လိုမှ မမှားနိုင်ဘူး''

သူ မျက်မှောင်ကြုတ်သွားရပါ၏။ ခရီးက ပြန်ရောက်ပြီဆိုရင် သူ့ဆီကို အန်တီသက် Phone ဆက်မှာပေါ့။ ဒီသတင်း သူ့ကိုပို့ဖို့ သေချာပြောထားတာလေ။ အခုတော့ သက်မှူးတစ်ယောက် အမရာကို ဘယ်လိုများ မြို့ထဲမှာ တွေ့ခဲ့တာတဲ့လဲ။

''မနေ့က တို့ငါးယောက်အုပ်စု အတူသွားကြတာပါ။ သူ့ကို ငါ မတွေ့ဘဲနဲ့ မင်း ဘယ်လိုများ တွေ့ခဲ့တာလဲ''

သက်မှူးက အခန်းထဲမှာ တခြားဆရာဝန်တွေပါ ရှိနေတာမို့ မပြောချင်ပုံဖြင့် သူ့ကို အပြင်ဘက် corrider ဆီ မျက်ရိပ်ပြ ခေါ်ထုတ်ခဲ့လေ၏။ ဘာများအရေးကြီးနေပုံပါလိမ့်။

www.burmeseclassic.com



"ဖိုးသစ်"

"ဘာလဲ"

"မင်း စိတ်အေးအေးထားဖို့တော့ လိုလိမ့်မယ်လို့ ငါကြိုပြော ပါရစေ"

"ဘာလဲကွ. . . ငါက ဘာကိုစိတ်အေးရမှာလဲ။ မင်းစကား အရင်းမရှိအဖျားမရှိကြီး"

သက်မျှားက သက်ပြင်းတစ်ချက်ရှိုက်ကာ သူ့လက်မောင်းကိုဖျ ခနဲရိုက်လိုက်လေ၏။ ဒါ နှစ်သိမ့်ပေးတဲ့သဘောမျိုးလေလား။

"ငါတော့ မင်းရဲ့အမရာ့ဆီမှာ ချစ်သူရှိနေပြီလို့ ယူဆတယ် ဖိုးသစ်"

"ဘာ!"

ရင်ထဲဒိန်းခနဲဖြစ်ကာ ခေါင်းတွေပူထူသွားရလေ၏။ ဟင့်အင်း မဖြစ်နိုင်တာ။ အမရာ့မှာ ချစ်သူမရှိဘူးလို့ သူနဲ့စကားပြောစဉ်တုန်း က ယုံကြည်စိတ်ချခဲ့တာလေ။ အခုမှ ဘယ်ကနေဘယ်လို အမရာ့ရဲ့ သူဆိုတာက ထွက်လာခဲ့တာတဲ့လဲ။

"ဟုတ်တယ်၊ မနေ့က ငါတို့ Escalator ပေါ်တက်တော့ သူ အဆင်းလှေကားမှာ အမျိုးသားတစ်ယောက်နဲ့အတူ ဆင်းလာတာ"





"မဖြစ်နိုင်ဘူး"

"အေး၊ ငါလည်းမဖြစ်နိုင်ဘူးလို့ယူဆပြီး သေချာအောင် လည် ပြန်တဲ့အထိ ကြည့်ခဲ့တာကွ။ အမရာမှအမရာအစစ်၊ လုံးဝရေမရော ဘူး။ ငါတို့ကိုမြင်မှာစိုးလို့ သူ့လူရဲ့ကိုယ်နဲ့ကွယ်ပြီး ဆင်းလာတာ"

"လုံးဝမဖြစ်နိုင်တာ"

"ငါလည်း မဖြစ်ပါစေနဲ့လို့ပဲ၊ မင်းအတွက် ဆုတောင်းပါတယ် ဖိုးသစ်၊ ငါလိမ်ပြောနေတာမဟုတ်ဘူးဆိုတာကိုတော့ မင်း ယုံပေးပါ။ သူတို့နှစ်ယောက်ကို အင်မတန်လိုက်ဖက်လွန်းလို့ သူ့ကိုတောင် ငါ ပြောခဲ့သေးတာပါ"

"သူတို့. . . သူတို့ ဘယ်လိုပုံစံမျိုးနဲ့ တွဲသွားတာလဲ"

"အဲဒီလူရဲ့လက်မောင်းကို တင်းတင်းကြီးဆုပ်ကိုင်ထားတာ။ မျက်နှာကိုလည်း အဲဒီလူလက်မောင်းမှာ ငါတို့မမြင်အောင် ဝှက်သွား တာပဲ။ သူ အဲဒီလိုလုပ်လိုက်လို့ ငါနှုတ်ဆက်ဖို့ပြင်တဲ့ကိစ္စကို လက် လျှော့လိုက်ရတာပဲ"

ရင်ဘတ်ကြီးတစ်ခုလုံး ဟာလာဟင်းလင်းကြီး ဖြစ်သွားသည့် ပင်။ ဘယ်လိုများလုပ်လိုက်တာပါလဲ အမရာ၊ ကိုယ့်ကိုပြောခဲ့တာ မဟုတ်ဘူးပေါ့. ဟုတ်လား။ ချစ်သူမရှိဘူးလို့ထင်ခဲ့သမျှ အကုန်

www.burmeseclassic.com



သဲထဲရေသွန်သလို ဖြစ်ခဲ့ရပြီလားကွယ်။

"မဖြစ်နိုင်ဘူးကွာ"

မျက်နှာကို လက်ဝါးဖြင့်အုပ်ကာ ဆေးရုံနံရံထက် မှီချလိုက်ပုံက အားမရှိတော့သည့်နှယ်။ အမရာ ချစ်သူရှိနေပြီဆိုတဲ့ သံသယစိတ်လေးကတောင်မှ ကိုယ့်ဆီမှာ ခွန်အားတွေ ယုတ်လျော့သလို ခံစားနေရရင် မင်းကိုသာ ပိုင်ဆိုင်ခွင့်မရတော့ရင် ဘယ်လိုလုပ်ရမှာလဲ။ ကိုယ်သွက်သွက်ခါ ရူးသွားလိမ့်မယ်ထင်ပါရဲ့။

"သေချာအောင် သူ့ကိုမေးကြည့်တာ အကောင်းဆုံးပဲ သူငယ်ချင်း။ ငါလည်း မင်းနဲ့ထပ်တူ စိတ်မကောင်းဖြစ်ရပါတယ် ဖိုးသစ်ရာ။ ဒီသတင်းဆိုးကို မပြောချင်ပေမယ့် ပြောသင့်တယ်ထင်လို့ ပြောရတာပါ။ မနေ့က ဆိုင်မှာတင် ငါတို့ လမ်းခွဲခဲ့ကြတာကို။ စောစောစီးစီး အမင်္ဂလာများ ဖြစ်သွားပြီလား"

အမင်္ဂလာတဲ့လား။ ဟင့်အင်း, အမရာက မိဘတွေမသိအောင် သူမချစ်သူနောက်လိုက်သွားမယ့် မိန်းမမိုက်မျိုးလေးမှမဟုတ်တာဘဲ။ အထူးသဖြင့် ဘုရားဖူးထွက်တယ်အကြောင်းပြပြီး ဒီလိုကိစ္စမျိုးကိုမလုပ်ဝံ့ပါဘူးနော်။

"ဒီအရွယ်မှာ ချစ်သူရှိနိုင်တာပဲ ဖိုးသစ်ရာ။ နားလည်ပေးလိုက်





ပါ။ မင်းနဲ့လက်ထပ်ဖြစ်အောင်တော့ လူကြီးတွေက စီစဉ်ပေးမှာပါပဲ။ စိတ်ကိုလျှော့ထားလိုက်ပါ"

သက်မှူးက သူ့ပခုံးကို ခပ်နာနာလေးညှစ်ကာ အားပေးလိုက်လေ၏။ မဖြစ်ရပါဘူး။ မင်းရဲ့ချစ်ခြင်းတွေကို ကိုယ်မဟုတ်တဲ့ တခြားသူစိမ်းတစ်ယောက်ယောက်က ရသွားမှာမျိုး အဖြစ်မခံနိုင်ဘူး အမရာ။ လောဘကြီးတယ်ပဲ ဆိုချင်ဆို၊ ကိုယ်သာလျှင် မင်းဆီက ဘာမဆို ပိုင်ဆိုင်ချင်တာအမှန်ပါလေ။

"Phone မြည်နေပြီ ကိုင်လိုက်ဦး"

Duty coat အိတ်ကပ်ထဲမှ Hand Phone ကိုထုတ်ယူ၍ နှိပ်လိုက်ပါ၏။ တစ်ဖက်မှပြောတာကိုသာ အာရုံစိုက်နားထောင်ပြီး ဘာမှ ပြန်မပြောဖြစ်တဲ့အထိ ရင်မောလျက် သက်ပြင်းရှိုက်လိုက်မိတော့သည်။

"ဘာတဲ့လဲ"

"အမရာ ပြန်ရောက်နေပြီတဲ့"

❦❦❦

www.burmeseclassic.com



## အခန်း (၁၉)

"ဘယ်လိုဖြစ်ပြီး ငါ့ကိုအသိမပေးဘဲနဲ့ ပြန်ရောက်နေရတာလဲ"

"ပြန်မလာလို့ဖြစ်မလား၊ အမရာရောက်ပြီး သုံးရက်လည်းကြာရော သူရောက်လာတာလေ။ ပြောတော့ဖြင့် အမရာ့ဆီ Phone ဆက်မယ်ဆိုပြီး ဘာလို့ တစ်လကျော်တဲ့အထိ တစ်ရက်မှ လူရော အသံပါ ပေါ်မလာရတာလဲ. . . ပြော"

တစ်ခါမှ စကားအများကြီးမပြောပါဘဲ ပြောမိသည့်စကားတွေထဲမှာ ဒေါသက ပါနေလေ၏။ အိမ်ထဲမှာ မေမေရှိနေတာကြောင့် နှစ်ယောက်သား အမရာ့ပန်းခြံထဲမှာ တိုးတိုးကြိတ်ကြိတ်ပြောနေကြတာပင်။

www.burmeseclassic.com



"ငါ ခရီးထွက်သွားတာ"

"ဘယ်ကိုလဲ"

"အစုံပဲ၊ ချောင်းသာ၊ ငွေဆောင်၊ ငပလီ ကမ်းခြေအစုံပေါ့"

"အတော်တရားတယ်နော်၊ အမရာ့ကိုကျ ပစ်ချင်သလိုပစ်ထားပြီး ကဗျာက ဒီလိုလျှောက်လည်ပတ်နေတာ ကောင်းသလား။ မေမေတို့ကိုအကြောင်းပြတုန်းကလို ဘုရားဖူးပါသွားတယ်ဆိုရင် နားလည်ခွင့်လွှတ်ပေးနိုင်သေးတယ်၊ ခုတော့. . ."

"sorry... အမရာ"

"sorry တစ်ခွန်းနဲ့ ပွဲမပြီးသေးဘူး ကဗျာ။ အမရာ့အပင်တွေကို မေမေဂရုစိုက်ပေးတာတောင် သေမလိုဖြစ်သွားတာ ငါးပင်မကဘူး။ ထားတော့, အပင်က အမျိုးအစား ရှာကြည့်လို့ရသေးတယ်၊ အခုဟိုအိမ်မှာ အမရာတစ်ယောက်တည်း ကဗျာ့လူ, ဆူငေါက် ရိုက်ပုတ် နှိပ်စက်သမျှခံပြီး အိမ်ဖော်လို သူနိုင်သမျှ လုပ်ခဲ့ရတာတွေအတွက် ဘယ်လိုလျော်ပေးမှာလဲ. . . ပြော"

"လျော်ပေးရမယ်၊ နင့်ဟာက မဟုတ်သေးပါဘူး အမရာ့ရယ်"

"ဟုတ်တယ်၊ အမရာ့ရဲ့ကုန်သွားတဲ့အချိန်တွေနဲ့ ကျဆင်းရတဲ့ သိက္ခာတရားကို မလျော်ပေးနိုင်ရင် နောက်ထပ်ဒီကိုမလာပါနဲ့တော့"





"ဟယ်! အမရာရယ်၊ ညီအစ်မချင်းကို ဒီလိုစိတ်မျိုးထားစရာလား"

"အဲဒီစကားက အမရာပြောရမှာပါ ကဗျာရဲ့။ အမရာ့ဘက်ကသာ ကဗျာ့အပေါ်မှာ ညီအစ်မလိုသဘောထားခဲ့တာပါ။ ကဗျာ့မှာ ဒီလိုစိတ်မျိုးရှိလို့လား. . . ပြောပါဦး"

ကဗျာ အတော့်ကိုစိတ်မကောင်းဖြစ်သွားရပါ၏။ ဟုတ်ပါတယ်၊ အမရာပြောတာ မှန်သင့်သလောက်မှန်နေတာ အမှန်ပါပဲ။ တစ်ဦးတည်းသောသမီးချင်းအတူတူ ကဗျာ့မှာ ပိုပြီးကြီးတဲ့အတ္တနဲ့ မာနတွေသာ ရှိနေတာလေ။

"ငါ ဘယ်လိုလျော်ပေးရမလဲဟယ်"

"ခုမှဘာလုပ်လို့ရပါတော့မလဲ၊ အားလုံး လွန်ပြီးကုန်ပြီ"

"ငါ သူနဲ့သွားတွေ့ပြီးပြောပေးပါ့မယ် အမရာရယ်၊ ဒီလောက်တော့ ငါလုပ်နိုင်ပါတယ်"

ပြောအားရှိမှာပေါ့။ ကဗျာက အမရာ့လိုမှမဟုတ်တာကို။ ဘာမဆို ပေါ့ပေါ့လေးနဲ့ပြောတတ်လုပ်တတ်လွန်းလို့ သူမကို မေမေပါ အပြစ်တင်တတ်တာလေ။

"အမရာလည်း စာရေးပြီး တောင်းပန်သင့်သလောက်တောင်း

www.burmeseclassic.com



ပန်ခဲ့တာပါ။ ဒါပေမဲ့ ကောင်းတော့ ဘယ်ကောင်းပါ့မလဲ။ သူ့အိမ်ပေါ်တက်ပြီး လာလိမ်သလိုဖြစ်သွားရတာ သိပ်အားနာဖို့ကောင်းတာပဲ။ တကယ်ဆို မျက်နှာချင်းဆိုင်ပြောသင့်တာ၊ အမရာ မျက်နှာပူလွန်းလို့ သူမသိအောင် ထွက်ခဲ့တာ ကဗျာရဲ့"

တကယ်လည်း မျက်နှာပူမိတာပါ အစ်ကိုလေးရယ်၊ အမရာ့လက်ဖျားလေးကို တင်းတင်းလေးဆုပ်ကိုင်ပြီး ပြောလိုက်တဲ့ အစ်ကိုလေးရဲ့စကားတွေကို ဘယ်လိုနည်းနဲ့ အမရာ ယုံဝံ့မှာတဲ့လဲ။ အမရာ့အပေါ် မရိုးသားဘဲ ဆန်းပြားတဲ့စိတ်ကရော၊ ဘယ်တုန်းကတည်းက ဖြစ်လာတာတဲ့လဲ အစ်ကိုလေးရယ်။

ကဗျာနဲ့စေ့စပ်ပေးမယ့်သူမှန်းသိလို့ စတွေ့တာနဲ့ အစ်ကိုလေးလို့ နာမည်တပ်ခေါ်ခဲ့တာတောင်မှ ဒီလိုဖြစ်ရသတဲ့လား။ အရင်လို ဦးမောင်ရဲ့တူမ၊ ဒေါ်ဂျမ်းရဲ့သမီးကြီးအဖြစ်နဲ့ မှားပြီးမြင်တဲ့အမြင်မျိုးပဲ ဆက်ရှိပါတော့လား အစ်ကိုလေးရယ်။

အိမ်အလုပ်သမလေးနဲ့ အိမ်ကြီးရှင်ရဲ့သားဆိုတဲ့အဆင့်အတန်းက အမရာနဲ့ အစ်ကိုလေးကို သတိမဟာတံတိုင်းကြီး ကာဆီးထားပေးထားမှာပါ။ အဲဒီအတားအဆီးကို ဘာလို့ ရိုက်ချိုးဖျက်ဆီးပစ်လိုက်ရတာတဲ့လဲရှင်။





"မမလေး"

"ရှင်"

"မမလေးတို့ညီအစ်မနှစ်ယောက်စလုံးကို မမသက် ခေါ်နေပါတယ်"

ကိုသောင်းစကားကြောင့် ကဗျာနှင့်အမရာနှစ်ယောက်သား တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်မိကြလေ၏။

ဘုရားရေ! အမရာတို့ပြဿနာကိုများ မေမေရိပ်မိသွားပြီလား။

"သွားရအောင်"

"ဘယ်လိုလုပ်မလဲဟင်၊ အန်တီသက်, ငါတို့စကားများတာကို သိသွားပြီထင်တယ်"

"သိမှာတော့ ရင်ဆိုင်ဝန်ခံရုံပေါ့ ကဗျာ၊ ဘာကိုကြောက်နေရမှာလဲ၊ ဘယ်သူမပြုမိမိမှုတဲ့၊ လာ"

အမရာက တွန့်ဆုတ်တွန့်ဆုတ်ဖြစ်နေသည့် ကဗျာ့လက်ကိုဆွဲကာ အိမ်ထဲသို့ခေါ်လာခဲ့ပါ၏။ မေမေက ညှော်ခန်းရှိခုံမှာ စကားပြောရန် အသင့်စောင့်နေချေပြီ။

"ကဲ, လာပါ မရွှေချောနှစ်ယောက်၊ မအေကို ဘယ်လိုဆင်ခြေပေးရမလဲဆိုတာကိုတော့ စဉ်းစားပြီးလောက်ရောပေါ့နော်၊ ထိုင်ကြ"

www.burmeseclassic.com



နှစ်ယောက်သား ကုပ်ကုပ်လေးဖြင့် နှစ်ယောက်ထိုင်ခုံမှာ အရှေ့ ထိုင်လိုက်မိကြလေသည်။ ကဲ, မပြောလား။ စလုပ်ကတည်းက သဘော သမတ်မကျမှတော့ နောက်ကိစ္စကို ဘယ်လိုရှင်းလို့ရပါတော့မလဲလေး။

"ပြောကြစမ်း! သမီးတို့အသက် ဘယ်နနှစ်ရှိပြီလဲ"

"(၂၂)နှစ်ပါ မေမေ"

"ကဗျာက နှစ်လစွန်းပါပြီ အန်တီသက်"

"အေး, အဲဒီအသက်လက်တောင့်လေးက ဒီလိုဥာဏ်နီဉာဏ် နက်တွေထွက်လာတာ အံ့ပါရဲ့။ ပြောစမ်း! အဲဒါဘယ်သူ့အကြံလဲ"

"ကဗျာပါ အန်တီသက်"

"အမရာလည်း အတူတူပါမေမေ"

"ကိုယ့်အပြစ်ကျတော့ ကိုယ်သိသားပဲ။ နေပါဦး, ဘုရားဖူးသွား တယ်ဆိုပြီး အကြောင်းပြတာ, နင်တို့နှစ်ယောက် ကံကြီးထိုက်မှာကို နည်းနည်းပါးပါးလေးမှ မကြောက်ကြဘူးလားဟင်"

"ကြောက်ပါတယ်အန်တီ၊ ကျောင်းက ဘုရားဖူးသွားကြတာက တကယ်ပါ။ ဒါပေမဲ့ ကျောင်းမပြီးသေးတဲ့ကျောင်းသူကျောင်းသားတွေ ပဲ သွားကြတာပါ။ ကဗျာတို့ဘွဲ့ရတွေကို လိုက်ရင်လည်း ရတယ်လို့ ပြောတာပါအန်တီ၊ တီချယ်ကတော့ တကယ်ခေါ်ပါတယ်"





"တကယ်ပဲ တစ်လကြာတဲ့ခရီးမဟုတ်ဘူးမှတ်လား"

"(၁၀)ရက်ပဲကြာတာပါ အန်တီ၊ ပုဂံညောင်ဦးဘုရားအစုံပဲ ဖူး ကြတာမို့ပါ"

"အေး, အဲဒါကြောင့် ဒီကိစ္စကို အန်တီ သိရတာပဲ။ ဘယ့်နှယ် နင်တို့ကလေးတွေကို အန်တီတို့လိုမိဘတွေက သွားချင်ရာသွားဆိုပြီး လွှတ်ထားပေးမယ် ထင်ထားသလားဟင်"

နှစ်ယောက်သား ဖက်လေးတွေ ပုသွားရပါ၏။ အလိုလေး! အစ် ကိုလေး ဆူတုန်းကဆို နဖူးကို တစ်ချက်တည်းထုလိုက်တာနဲ့ ပြီးသွား ရောမဟုတ်လား။ အခုလို ရှေ့မှာ ငုတ်တုတ်ထိုင်ခိုင်းထားပြီး နားပူတဲ့ ဒုက္ခကို အမရာ အကြောက်ဆုံးပါပဲ။ အခုပဲကြည့်။ အမရာ အကြောက် ဆုံးကိုမှ ရင်ဆိုင်နေရတာလေ။

"သမီးတို့တီချယ်ဆီကို Phone ဆက်ကြည့်တော့ နှစ်ယောက် စလုံး ပါမသွားမှန်းသိတာ။ မေမေ စိတ် ဘယ်လောက်ပူသွားတယ် ထင်သလဲ။ တီချယ်ဒေါ်နှင်းနုက ညီအစ်မနှစ်ယောက်စလုံးအတူတူ တစ်နေရာရာကို သွားတာဖြစ်မယ်။ အချိန်တန်ပြန်လာမှာ စိတ်မပူနဲ့ ပြောပေမယ့် ပူတာက ပူရတာပဲ"

မေမေက ရင်ဘတ်ကိုလက်ဖြင့်ပုတ်၍ ပြောနေတာမို့ မေမေ့ရင်

www.burmeseclassic.com



တွင်းအပူကို အမရာ မြင်နိုင်ပါသည်လေ။ မွေးထားတဲ့သမီးအတွက် မိခင်အဘယ်မျှရင်ပူအောင် လုပ်မိပြီလဲ။ အမရာတော့ ငရဲတွေ အကြိမ်ကြိမ်ကြီးပါရောလား။

"ကမ်းခြေတွေ တော်တော်နှံ့ပြီး. . . တော်တော်မှပျော်ခဲ့ရဲ့လား သမီးကဗျာ"

"ရှင်! ဟုတ်. . . ဟုတ်ကဲ့ အန်တီသက်"

"ကဗျာကတော့ သူငယ်ချင်းတွေနဲ့အတူ ကမ်းခြေပါသွားတဲ့ သတင်းကို သုံးရက်အကြာမှာ မေမေ ကြားခဲ့တာမို့ထားတော့၊ မေမေ့ သမီးက ဘယ်ရောက်နေတာလဲ၊ ပြောပါဦး"

မေးချေပြီကော။ အပျော်ခရီးသွားခဲ့တဲ့ကဗျာက အကြောင်းပြ ချက်ကောင်းကောင်းနဲ့ အဆူလွတ်သွားလေပြီ။ ဒါဆို ရှိသမျှအပြစ်ကို အမရာတစ်ယောက်တည်း ခံရတော့မှာပါလား။

"အမရာ ရန်ကုန်မှာပဲရှိတာပါ မေမေ"

"ရန်ကုန်ဘယ်နေရာ ဘယ်သူ့အိမ်မှာလဲ၊ တိတိကျကျပြော"

"(      )လမ်းက အစ်ကိုလေး၊ ကျစ်! ကိုဝေယံပိုင်တို့အိမ်မှာ ပါ မေမေ"

"ဝေယံပိုင်. . . ဝေယံပိုင်ဆိုတာက"





"ဟုတ်ပါတယ် အန်တီသက်၊ ကဗျာနဲ့စေ့စပ်ပေးမယ့်ကောင်လေး ပါ"

"ကောင်းတယ်. . . အစ်မနဲ့စေ့စပ်ပေးမယ့် ကောင်လေးအိမ်မှာ သမီးက တစ်လကျော်ကျော် ဘာသွားလုပ်နေတာလဲ"

"ကဗျာ့ကြောင့်ပါ အန်တီ၊ အမရာ့ကို မဆူပါနဲ့။ ကဗျာ သွား နေခိုင်းလို့ သွားနေတာပါ။ အမရာ့မှာ အပြစ်မရှိပါဘူး"

"တော်ပြီတော်ပြီ ဆက်မပြောနဲ့တော့။ အဓိပ္ပာယ်မရှိတဲ့အလုပ် တွေကို နှစ်ယောက်စလုံးလုပ်ခဲ့တာ သိကြရဲ့လား"

မေမေက နားထင်နှစ်ဖက်ကို လက်မလက်ခလယ်ဖြင့်ဖိလျက် ပြောလိုက်တာမို့ နှစ်ယောက်သား ငြိမ်သွားရလေသည်။ ဟုတ်ပါတယ်၊ အဓိပ္ပာယ်မရှိမှန်းသိသိကြီးနဲ့ ဒီအလုပ်ကို အမရာ ဘာကြောင့်များလုပ် ခဲ့မိတာပါလိမ့်။

ဒီပြဿနာကို ပေါ့ပေါ့လေးသဘောထားမိခဲ့တာ မှားပါပေါ့လား။ မေမေ ဤမျှအလေးအနက်ထားပြီး စုံစမ်းလိမ့်မည်ဟု မထင်ရာကအစ ပြဿနာတစ်ခုအဖြစ် အပြီးသတ်သွားမယ့်အဆုံးအထိ ဒီလိုတွေဖြစ် လာမယ်ဆိုတာကို အမရာ ဘယ်လိုကြောင့် သေသေချာချာလေးလေး နက်နက် မစဉ်းစားခဲ့မိတာပါလိမ့်နော်။

www.burmeseclassic.com



"ဟင်း. . . ကဲ, ကဗျာပြန်ချင်ရင် ပြန်လို့ရပါပြီ"

"အန်တီ"

"နောက်ကို အန်တီ့သမီးကို အခုလို နာမည်အမည်းစက်ထင်အောင်လုပ်ဖို့ကြံရင် သမီးလေးလေးရဲ့ခြိရိပ်ကိုတောင် မနင်းမိပါစေနဲ့လို့ အန်တီပြောချင်တယ်။ ဒါ နောက်ဆုံးသတိပေးခြင်းပဲ ကဗျာ၊ ဒီကိစ္စကို သမီးမိဘတွေဆီ အန်တီမတိုင်ပါဘူး။ နှစ်ယောက်စလုံးမှာ အပြစ်ရှိတာမှန်ပေမယ့် အမရာ့အပြစ်က ပိုပြီးကြီးလေးတယ်လို့ယူဆပြီး အန်တီ့သမီးကိုပဲ အန်တီ ဆုံးမလိုက်ပါ့မယ်"

ကဗျာက အမရာ့လက်ဖမိုးကို တစ်ချက်ညှစ်ကာ အသာလေး ထသွားလေတော့၏။ နာမည် အမည်းစက်ထင်တာတဲ့လား။

ဘုရားရေ! အမရာ တစ်ခါမှမတွေ့ဖူးတဲ့အကြောင်းအရာတစ်ရပ်ပါပဲလား။

"အမရာ"

"ရှင်, မေမေ"

"မိန်းမသားတစ်ယောက်ရဲ့ဘဝဆိုတာ အသက်ထက် အရှက်က ပိုပြီးအဓိကကျတယ်သမီးရဲ့။ မေမေ့သမီးက ကိုယ်နဲ့သွေးမတော်သားမစပ် ဘာမှမပတ်သက်တဲ့သူစိမ်းတစ်ယောက်အိမ်မှာ ရက်ပေါင်း





များစွာ သွားနေခဲ့ပါတယ်ဆိုတဲ့သတင်းကို ဒီပတ်ဝန်းကျင်မှာ ပျံ့သွားရင် သမီးတစ်သက် လူဖြစ်ရှုံးပြီဆိုတာကို နည်းနည်းမှမတွေးခဲ့ဘူးလား ကွယ်"

ခေါင်းထဲ မိုက်ခနဲဖြစ်သွားရပါ၏။ ဘုရားဘုရား. . . အမရာ့အပြစ်က ဤမျှအထိ ကြီးမားနေလိမ့်မယ်လို့ လုံးဝထင်မထားတာလေ။

"မေမေ, ဒေါက်တာနှစ်သစ်ဦးတို့အသိုင်းအဝိုင်းကို မျက်နှာဘယ်လိုပြရမှာလဲ"

"မေမေ. . . မေမေ"

"မေမေ သိပ်ရှက်တယ်၊ သမီးကို အဖြူစင်ဆုံး အသန့်ရှင်းဆုံး ပြုစုပျိုးထောင်လာခဲ့သမျှ ဒီတစ်လပိုင်းလေးနဲ့ ဒီလို ရိုက်ချိုးပြရက်ရတယ်လို့"

မေမေ့ပေါင်ထက်မှာ အမရာ မျက်နှာအပ်လိုက်မိပါတော့၏။ ပါးပြင်ထက် စီးကျသွားသည့်မျက်ရည်နှင့်အတူ ရင်ထဲမှာ ဖြစ်တည်လာသည်က 'နောင်တ' တဲ့လေ။

www.burmeseclassic.com



## အခန်း (၂၀)

"မမလေး လာပါတယ်"

ကုမုဒါက စောစောပြန်ရောက်ရောက်ချင်း ကြားလိုက်ရသည့် သတင်းက သူ့အတွက် မင်္ဂလာပါပဲလား။ ရုပ်ကြွယ်သီးဖြုတ်နေရင်းမှ အောက်ထပ်သို့ အပြေးဆင်းလာခဲ့မိလေသည်။ ကဗျာတဲ့၊ ကဗျာနဲ့တွေ့ ချင် ရွှေဝါ့သတင်းကို သူရနိုင်တော့မှာလေ။

ညေ့ခန်းဆီရောက်လာသည့် လှရိပ်ကြောင့် ကဗျာ ဖျတ်ခနဲမတ် တပ်ရပ်လိုက်မိပါ၏။ ဘေးနားလာရပ်လိုက်သည့် အမျိုးသားလေးကို မြင်လိုက်ရစဉ် ရင်ဘတ်ထဲ ဒိန်းခနဲဆောင့်မြည်လေသည်။

အလို! ထူးဆန်းလေစွ။

www.burmeseclassic.com



"ကဗျာ, ဆောင်းကဗျာလား"

"ဟုတ်. . . ဟုတ်ပါတယ်"

"ရွှေဝါရော ဟင်, ရွှေဝါဘယ်မှာလဲ၊ ပါမလာဘူးလား"

မျက်ဝန်းညိုတို့က ဝေ့ဝဲရှာဖွေလျက် အလောတကြီးမေးနေသည့် မထူမပါးနှုတ်ခမ်းအစုံကို အငေးသားကြည့်နေမိလေ၏။ ကြည့်ပါဦး ဒါ ကဗျာနဲ့သဘောတူထားတဲ့ သတို့သားလောင်းလေးတဲ့လေ။ အပေါ်ရှ ကြယ်သီးသုံးလုံးကို ဖြုတ်ထားလျက်နဲ့ ကပိုကရိုဖြစ်နေတဲ့ပုံစံလေးတ တောင် အဘယ်မျှကြည့်ကောင်းလိုက်ပါသလဲ။

"ဟင်, ရွှေဝါရောလို့"

"ရွှေဝါဆိုတာ ဘယ်သူလဲ"

"အဲဒါ ကိုယ်မေးရမယ့်မေးခွန်းပါ ကဗျာရဲ့။ ကိုယ်မေးနေတာ ကဗျာ့ညီမလေးရွှေဝါကိုပြောနေတာပါ"

ကြည့်စမ်း! ကဗျာတစ်ယောက်လုံး သူ့ရှေ့မှာ ရပ်နေပါလျက် လူကိုသတိမထား၊ အမရာ့ကိုမှ တတွတ်တွတ်မေးနေရတယ်လို့။ သူနဲ့ ပတ်သက်ရမယ့်ကဗျာ့ကို အသိအမှန်မပြုနိုင်ဘူးတဲ့လား။

"သူ့နာမည် ရွှေဝါမဟုတ်ပါဘူး။ အမရာပါ"

"အမရာ, ကိုယ် မသိဘူးကွာ၊ ရွှေဝါလို့ပဲသိတာ။ ရွှေဝါ ဘယ်



မှာနေတာလဲဆိုတာ ကိုယ်သိရမှဖြစ်မယ် ကဗျာ။ အဲဒါ ကိုယ့်အတွက် သိပ်အရေးကြီးလို့ပါ"

ခက်တော့နေပါပြီ။ အမရာ့ကို ဒီမှာလာထားလိုက်မိတာ အမှား ကြီးမှားပါပေါ့လား။ မနေ့က အန့်တီသက် ဆုတုန်းကတောင် ဒီလောက် မခံစားမိတာအမှန်ပါပဲ။ သူပြောနေတဲ့စကားတွေကမှ ကဗျာ့ရင်ကို ရှုး ဓိုက်နာကျင်စေသည့် ဆူးချွန်မြားတွေနှယ်လေ။

"ပိုင်နဲ့ ကဗျာ့ကိုမှ လူကြီးတွေက သဘောတူထားတာပါ။ ဒါနဲ့ များ ကဗျာ့ကိုအသိအမှတ်ပြုပုံတစ်စက်ကလေးမှမပြဘဲ ဘယ်လိုဖြစ် ပြီး အမရာ့ကိုပဲ တတွတ်တွတ်မေးနေရတာလဲ"

"မှန်တယ်လေ၊ အဲဒါ ကိုယ့်မိဘတွေနဲ့မင်းမိဘတွေ စီစဉ်ပေး မယ့်အစီအစဉ်ပဲ ဆောင်းကဗျာ။ ဒါပေမဲ့ ကံကြမ္မာက ကိုယ်နဲ့ရွှေဝါ့ကို မထုံ့ဆုံအောင် ဖန်တီးပေးလိုက်တာ မင်းအသိဆုံးပဲလေ"

"အဲဒါ. . . အဲဒါ ကဗျာ ဒီမှာလာမနေချင်လို့ အမရာ့ကို ခဏ လာထားခဲ့မိတာပါ။ ပိုင်. . . ပိုင်ပြောသလိုမဟုတ်ရပါဘူး"

"မျက်စိမှိတ် မငြင်းချင်ပါနဲ့ ဆောင်းကဗျာ။ မင်းတို့ညီအစ်မ နှစ်ယောက် ကိုယ့်ကိုညာရင်တောင် ကိုယ့်နှလုံးသားကိုတော့ မညာသင့် ပါဘူး။ နှစ်ရှည်လများ မေ့မရနိုင်ခဲ့တဲ့ ကိုယ့်အချစ်ဦးကို တမ်းတစိတ်

www.burmeseclassic.com



တွေကို ဖြေသာပေးနိုင်တဲ့ရွှေဝါကို ရက်တွေကြာလာတဲ့အမျှ တစ်စစ တွယ်တာလာမိတဲ့ ကိုယ့်သံယောဇဉ်တွေကို ငဲ့ညှာထောက်ထားပေးပါ"

ညာတာတဲ့လား၊ ဟင့်အင်း မဟုတ်ရပါဘူး၊ ကဗျာတို့ညီအစ်မ ညာမိခဲ့ရင်တောင် ဒီလိုနှလုံးသားနဲ့ရင်းပြီး ညာတဲ့အညာမျိုးတော့ ဘယ်လုပ်ဝံ့ပါ့မလဲကွယ်။ ထင်ရက်ရတယ်လို့ ပိုင်ရယ်။

"ကဗျာ. . . ကဗျာ, မညာရပါဘူး ပိုင်ရယ်"

"ဒါ ညာတာမဟုတ်လို့ ဘာဖြစ်ရမှာလဲ။ ကဗျာနဲ့ပတ်သက်ပြီး ရောက်နေတဲ့ညီမလေးပါလို့ သူသာပြောခဲ့ရင် ကိုယ့်ခံစားချက်တွေ တစ်မျိုးတစ်ဖုံ ပြောင်းကောင်းပြောင်းနိုင်ပေမယ့် သနားမိရာကစတဲ့ကြိုးက ကိုယ့်တစ်ကိုယ်လုံးကို ရစ်ပတ်နှောင်ဖွဲ့နေတာ ဖြည်လို့မရတော့ဘူးကွ"

"မဖြစ်နိုင်ဘူး. . . ဒီလောက်ရက်တိုတိုလေးအတွင်းမှာ အမရာ အပေါ် ပိုင့် ဒီလိုစိတ်ထားစရာလား။ ကဗျာမယုံဘူး. . . မဖြစ်နိုင်ဘူး"

သူက ခေါင်းခါပြီး မျက်ရည်ကျလာသည့်ကဗျာ့ကို စူးစူးရဲရဲကြည့်နေလေ၏။ မမျှတဘူးနော်။ အမရာ့ထက်စာလျှင် ကဗျာက ပိုခေတ်မီပြီး ပိုပြီးဆွဲဆောင်မှုရှိတဲ့အလှတွေနဲ့ ပြီးပြည့်စုံပါလျက်နဲ့ မြင်မြင်ချင်း ချစ်တဲ့အချစ်က ကဗျာ့အပေါ် ဘာကြောင့်မရှိရတာပါလိမ့်။

မနာလိုခဲ့မိတာအမှန်ပါ။ ငယ်ငယ်ကတည်းက လေးလေးအပေါ်





ဒါ့, မနာလိုမရှုစိမ့်သလိုမျိုး အမရာ့အပေါ်မှာလည်း အဲဒီစိတ်ထားကို ကဗျာက ထားခဲ့မိတာလေ။ အစစအရာရာပြည့်စုံပါလျက်နဲ့ အမရာပိုင်ဆိုင်သမျှအရာဝတ္ထုတိုင်းကို လိုချင်စိတ်နဲ့အမြဲတမ်းတောင်းခဲ့မိတာပါ။

အဲဒီလိုတောင်းတိုင်းလည်း ဘယ်သောအခါမှငြင်းခဲ့တာမျိုးမရှိဘဲ အမြဲရှောရှောရှူရှူ ဝယ်ပေးခဲ့တာချည်းတာပဲ။ အလှပြင်ပစ္စည်းတွေ ဓာက်မက်မောမောဝယ်တိုင်း အမရာ့ကိုယူမလားဟု တစ်ခါမှမမေးဖြစ်ခဲ့။ အဲဒီလိုပဲ ကဗျာဟာ ကိုယ့်ဖို့တစ်ခုတည်းကိုသာသိခဲ့မိတဲ့ ကောင်မလေးပါလေ။

အခုတော့ အခုတော့ ကဗျာနဲ့သက်ဆိုင်တဲ့သူက ကဗျာမဟုတ်တဲ့အမရာ့ကိုမှ စိတ်ဝင်စားခြင်းဖြစ်နေရတယ်လို့။

"မင်းယုံတာမယုံတာကို ကိုယ်ဂရုမစိုက်ဘူး. . . ဆောင်းကဗျာ၊ ကိုယ်က ကိုယ့်ခံစားချက်ကိုပဲ ဦးစားပေးတဲ့လူပါ။ ဒီလိုပဲ ဒဏ်ရာရဖူးခဲ့တဲ့ ဒီသားကို စိတ်ချမ်းသာအောင်ထားခဲ့တဲ့ ကိုယ့်မိဘတွေလည်း ကိုယ့်သဘောကို ဦးစားပေးရွေးချယ်စေမှာအမှန်ပဲ၊ ကိုယ်အဲသေချာဆုံးပြောလိုက်မယ် ကဗျာ။ ဒီလောကမှာ ကိုယ်လက်ထပ်မယ့် မိန်းကလေးဟာ ရွှေဝါပဲဖြစ်ကိုဖြစ်စေရမယ်ဆိုတာ မင်းသိသွားလိုက်ပါ၊ ဒါပါပဲ"

မျက်နှာကို လက်ဝါးဖြင့်အုပ်လျက် သူ့အိမ်ထဲမှ အပြေးထွက်ခဲ့

www.burmeseclassic.com



မိပါသည်။ 'အလိုကြီး အရနည်း' ဆိုတဲ့စကားပုံကို ကဗျာငယ်ငယ်တုန်းက သိခဲ့ဖူးပါလျက် ဘာကြောင့်မယုံခဲ့မိပါလိမ့်။ လက်တွေ့မှာ ကဗျာလိုချင်တဲ့ သူ့ချစ်ခြင်းတို့ကို မြူတစ်မှုန်စာလေးတောင်မှ မရနိုင်တော့ပါလား။

ကျောပေးထားပါလျက် မျက်နှာတွေပုနေတာ အမှန်ပါပဲ။ အားနာစိတ်၊ ရှက်ရွံ့စိတ်၊ သိမ်ငယ်စိတ်တို့နဲ့အတူ မျက်နှာချင်းမဆိုင်ဝံ့သေမယ့် အမရာ့ရှေ့ကို ဒေါက်တာနှစ်သစ်ဦး ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာခဲ့ပြီလေ။

'အမည်းစက်'တဲ့။ စွန်းထင်သွားတဲ့နာမည်တစ်ခုကို ဘာနဲ့ကာကွယ်လို့ရပါတော့မလဲ။ ကိုယ့်ကိုယ်ကိုအပြစ်တင်ပြီး ကိုယ်စိတ် ကိုယ်ပြန်ညှင်းဆဲနေခြင်းရဲ့အဆုံးမှာ ခပ်ပါးပါးလေးသာ ကျန်တော့တဲ့ ခန္ဓာကိုယ်က လေအဟုန့် ယိုင်လဲတော့မည့်နှယ်။

''နေလို့ကောင်းရဲ့လား အမရာ''

ဆရာဝန်တစ်ယောက်ရဲ့ ကရုဏာမေးခွန်းလေလား။ အမေးကို





နှုတ်ဖြင့်ပြန်မဖြေမိဘဲ ခေါင်းကိုသာ အသာအယာညိတ်ပြလိုက်မိပါ၏။ သူမြင်ပါ့မလား။ အမရာ့ကိုတော့ ကြည့်နေမယ်ထင်ပါရဲ့။

စကားနည်းကြသူတွေပီပီ နှစ်ယောက်သား တိတ်ဆိတ်နေတာမို့ သစ်ခွခြံလေးထဲမှာ အေးစိမ့်နေပြီး ငှက်ကလေးတွေရဲ့အသံကိုသာ ကြားနေရတာလေ။ မေမေသွားဆိုင်းတဲ့အတိုင်း သူ့နောက်မှာ ပါလာခဲ့ရသလို သူမေးသမျှ မကွယ်မဝှက် မထိန်ချန်ဖို့ကို အထပ်ထပ်အခါခါ မေမေ သတိပေးလိုက်တာကြောင့် ပြန်ဖြေဖို့အသင့်ပါပဲ။

''ခရီးထွက်ခဲ့ရတာ ပျော်ပျော်ပျော်ခဲ့ရဲ့လားဟင်''

တမင်ဟန်ဆောင်ပြီးမေးတဲ့ မေးခွန်းလေလား။ ရစ်ဝဲလာသည့်မျက်ဝန်းတို့ကို ပုတ်ခတ်သိမ်းဆည်းကာ သက်မကို ကြိတ်ရှိုက်လိုက်မိ၏။ 'မညာနဲ့'တဲ့။ "ကိုယ့်ကိုလက်ထပ်မယ့် သတို့သားလောင်းအပေါ် လိမ်ညာမိရင် တစ်သက်လုံး ပြင်လို့မရတဲ့အမှားမျိုးဖြစ်မယ်'လို့ အတန်တန် ပြောထားသည့်မေမေ့စကားသံတို့က နားထဲမှာ အခါခါကြားနေရလေ၏။

မေမေ. . . အမရာ့ကို ဒီဒေါက်တာ တန်ဖိုးမထားမှာ၊ လွယ်လင့်တကူ စွန့်ခွာသွားမှာကို အရမ်းစိုးရိမ်နေသတဲ့လေ။ မတန်ဘူးလို့ ယူဆသွားလေမလား။ ဘယ်တတ်နိုင်ပါ့မလဲလေ။ ကျန်ရစ်ခဲ့ပြီးဖြစ်တဲ့ အမရာ့

www.burmeseclassic.com



ခြေရာတွေကို လိုက်ဖျက်ပစ်လို့ရတာမှမဟုတ်တာဘဲ။

"အမရာ ခရီးမထွက်ခဲ့ပါဘူး ဒေါက်တာ၊ အသိတစ်ယောက် အိမ်မှာ သွားနေခဲ့မိတာပါ"

'ဘယ်သူ့အိမ်မှာလဲ'လို့ သူမေးလေမလားဟု စောင့်နေပေမယ့် သူ့ထံမှာ မေးခွန်းထွက်မလာပါချေ။ အမရာဖြေရကျပ်စေမယ့်မေးခွန်း တွေ မေးလာမယ်ထင်ထားပေမယ့် အဲဒီလိုမေးခွန်းတွေ တစ်ခွန်းမှထွက် မလာပါလား။

"ကျန်ခဲ့တဲ့တစ်ပတ်က ကိုယ်တို့သူငယ်ချင်းအုပ်စု Plaza ကို ရောက်ခဲ့တယ် အမရာ"

စကားကိုမဆက်ဘဲ နောက်နားမှာရပ်နေရာမှ အမရာ့ညာဘက် ဘေးမှာ ရပ်လာသည့်သူ့ကိုမကြည့်ဖြစ်။ မျက်လွှာချထားမိသည့်အကြည့် က သူက ခြေဖမိုးဖြူဖြူနှင့် ကတ္တီပါဖိနပ်အနက်ရောင်ဆီမှာသာ။ အမရာ နဲ့မတူမတန်ဘူးဆိုရင်တော့ အမရာက သူစီးထားတဲ့ဖိနပ်လေးလောက် တောင် အသုံးမဝင် တန်ဖိုးကင်းမဲ့သွားရမှာပါလေ။

"ကိုယ်တို့အုပ်စုကိုတွေ့ရဲ့သားနဲ့ အမရာ ဘာလို့နှုတ်မဆက်တာ လဲလို့ သက်မှူးကတောင် စိတ်မကောင်းဖြစ်ပြီး ပြောသေးတယ်"

သေချာတာပေါ့၊ အမရာတို့နှစ်ယောက်ကို ဒေါက်တာသက်မှူး





လွင် တကယ်တွေ့ခဲ့တာပဲ။ ပညာတတ်ပီသစွာပြောတတ်တဲ့ ကျွမ်းကျင် မှုကို အမရာ ကျေးဇူးတင်လိုက်မိလေ၏။ တကယ်ဆို 'အမရာနဲ့အတူ တွဲလာတာ ဘယ်သူလဲ'လို့ ဒဲ့တိုးမေးရင် ရပါလျက် ရိုင်းမည်ယူဆသည့် စကားလုံးတို့ သူ မရွေးချယ်ပါလေ။

"ကိုယ်ကတော့ သက်မှူး မျက်စိမှားတာလို့ပဲပြောလိုက်တယ်"

"ဟင့်အင်း, မမှားပါဘူး ဒေါက်တာ။ ဒေါက်တာသက်မှူးလွင် အမရာ့ကိုမြင်လိုက်တာ အမှန်ပါပဲ"

"ဒါဆို တကယ်ပေါ့"

တီးတိုးရေရွတ်သံက သူ့ကိုယ်သူ ပြောသည့်နှယ် တိုးတိုးရယ် သာ။ သံသယဆိုတာ ဝင်လာခဲ့ရင် ညှိနှိုင်းလို့မရနိုင်တဲ့ပြဿနာတွေ ဝင်လာတတ်တယ်ဆိုတာ ဒီအခြေအနေမျိုးကိုခေါ်တာပဲ ဖြစ်မယ်ထင် ပါရဲ့။

"အမရာ့ကို. . . အမရာ့ကို လူငယ်တစ်ယောက်နဲ့ အတူတွဲပြီး တွေ့လိုက်တာအမှန်ပေါ့။ ကိုယ် ယုံတောင်မယုံဘူး"

ဟုတ်ပါတယ်။ အမရာက. . . အမရာက ဒေါက်တာ မယုံသင့် တဲ့ကောင်မလေး ဖြစ်နေခဲ့တာအမှန်ပါပဲ။ ဖြစ်တင် ရှုံချလိုက်ရင်လည်း ငုံခံရမယ့်အခြေအနေမျိုးပါလေ။

www.burmeseclassic.com



"သက်မှူးက ပြောတယ်"

အသံက တိမ်ဝင်သွားလေ၏။ စွပ်စွဲဖို့စကားလုံးတွေ စိနေပြီလား။ သက်ပြင်းရှိုက်သံက ကျယ်လောင်တာမို့ အမရာပင် ကြားလိုက်ရလေသည်။

"အမရာ့မှာ ချစ်သူရှိနေပြီလို့ပြောတာ ကိုယ် ယုံတောင်မယုံခဲ့ဘူး။ ကိုယ်မေးတုန်းက. . ."

"မဟုတ်ပါဘူး"

"ဟင်!"

"အမရာနဲ့တွဲတွေ့လိုက်တာ အမရာ့ချစ်သူမဟုတ်ပါဘူး ဒေါက်တာ။ အဲဒါ ကဗျာနဲ့စေ့စပ်ပေးမယ့်သူပါ။ ကဗျာ သွားထားတာမို့ လုပ်စရာရှိတဲ့အလုပ်တွေကို ကူလုပ်ပေးဖို့ အစ်ကိုလေးတို့အိမ်မှာ အမရာ သွားနေ,နေတာပါ။ အဲဒါ အမရာ့ချစ်သူမဟုတ်ပါဘူး"

"အမရာရယ်"

ဖြေရှင်းချက်နောက်မှာ ပါးပြင်ထက် ပေါက်ခနဲကျသွားသည့် မျက်ရည်ကို ဖျတ်ခနဲသုတ်လိုက်မိစဉ် သူက အမရာ့ကို အသာထွေးဖက်လိုက်လေ၏။ သိမ်ငယ် ရှက်ရွံ့ခြင်းက သိက္ခာတရားကို လုံအောင်လွှမ်းခြုံပေးနိုင်ပါ့မလား။





"ကျေးဇူးတင်လိုက်တာ၊ အမရာ့မှာ ချစ်သူမရှိဘူးဆိုရုံနဲ့ ကျန်တာတွေ ကိုယ် မသိချင်တော့ပါဘူး။ ကိုယ်ယုံပါတယ်၊ အမရာ့ကို အမြဲတမ်းယုံနေခဲ့တာ အမုန်ပါ ကလေးရယ်"

ကျေးဇူးပါပဲ၊ အမရာလည်း အမရာ့ကို ယုံပေးတဲ့ဒေါက်တာ့ကို ကျေးဇူးအများကြီးတင်တာ အမုန်ပါရှင်။

www.burmeseclassic.com



## အခန်း (၂၁)

"ဗိုင်, ရွှေဝါ့ကိုပဲချစ်တယ်၊ ရွှေဝါ့ကိုပဲလက်ထပ်ပါရစေ၊ ဖေဖေနဲ့မေမေ"

"ငါ့သားကတော့ကွာ၊ ဖအေနဲ့မအေ ပြန်ရောက်ရောက်ချင်း ပူဆာတာက အဆန်းတကြယ်ပဲ"

ဖေဖေနဲ့မေမေကို ညနေစာစားရန် အောက်ဆင်းလာရင်း ပြောလိုက်မိ၏။ စကားက ကပေါက်တီကပေါက်ချာဖြစ်နေတာကို။

"ရွှေဝါဆိုတာ ဘယ်သူလဲသားရဲ့။ မေမေ့ကိုပြောပါဦး"

မေမေ့ခါးကို အနောက်မှသိုင်းဖက်ထားလိုက်မိ၏။ လိုချင်တာပူဆာရင် ဒီလို ပွတ်သီးပွတ်သပ်အမူအရာမျိုးလုပ်တတ်တာ ငယ်ငယ်

www.burmeseclassic.com



ကတည်းက သူ့အကျင့်ပါလေ။

"ရွှေဝါဆိုတာ ဆောင်းကဗျာရဲ့ညီမလေးပါ မေမေ။ ဒီအိမ်မှာ လာနေသွားတဲ့ကောင်မလေးပါ"

"ဘယ်လို, ဒီမှာလာနေသွားတာ ကဗျာမဟုတ်ဘူးလား သားရဲ့။ မေမေတို့ကို ဆွေတို့က ကဗျာ့ကိုပို့ပေးမယ်လို့ ပြောထားတာလေ။ ဘယ့်နှယ် ရွှေဝါဖြစ်နေရတာလဲ"

"နေပါဦး မူရဲ့။ မောင်မောင့်သမီးနာမည်က ရွှေဝါ မဟုတ်ပါဘူး။ ဆန်းဆန်းလေးပါ"

"ဟုတ်တယ်, အမရာမောင်လေ"

"ပိုင်ပြောတာလည်း အဲဒီအမရာကိုပဲပြောတာပါ မေမေ"

"ဗုဒ္ဓေါ! ဒါဆိုရင်တော့ မဖြစ်ဘူးသားရဲ့။ အမရာ့ကို သက်နဲ့ ကိုမောင်က ဆရာဝန်တစ်ယောက်နဲ့စေ့စပ်တော့မယ်လို့ အရင်ပြောထားတာ။ ဒါကြောင့် မေမေတို့က သားကို ကဗျာနဲ့ပေးစားမယ်ဆိုပြီး အရင်ဆုံး မင်္ဂလာဆောင်ပေးလို့ရအောင် ဒီလိုစီစဉ်ပေးခဲ့တာလေ"

"အခုလည်း အရင်ဆောင်ပေးလို့ရတာပဲမေမေ၊ ပိုင်ချစ်တဲ့ကောင်မလေးနဲ့ပဲ ပေးစားလှည့်ပါနော်"

ထမင်းစားခါနီး ဂျီကျဂျစ်တိုက်နေသည့်သူ့ကို ဖေဖေ မကြည့်





သလိုကြည့်လိုက်လေ၏။ မတတ်နိုင်ဘူးလေ၊ အချစ်က မီးစနဲ့တူရိုးမှန် ရင် သူ့ရင်ထဲ မီးမြိုက်ခံရသလို ပူလောင်နေတာအမှန်ပင်ကိုး။

"မင်းသားကတော့ကွာ၊ ဟိုကောင်မလေး မြန်နှင်းဆီတုန်းက လည်း အသည်းအသန်ဖြစ်ပြီး အခုတစ်ခါ လာပြန်ပြီ"

"ဖေဖေကလည်း ပိုင်, ရွှေဝါ့ကို တကယ်ချစ်လို့ပါဆိုနေ"

"မင်းဟာက ယုံချင်စရာကိုး။ အချစ်ကလည်း ချစ်, ချစ်နိုင်လွန်း ကွာ"

"မေ့"

"ကဲပါ သားရယ်၊ ထိုင်ဦး"

ညှိခန်းမှာပင် ထိုင်လိုက်ကြပါ၏။ ခရီးက ပြန်ရောက်ပြီး မနား ရသေးတဲ့မိဘတွေကို သူ ဒုက္ခပေးနေမိပြီလား။ ရွှေဝါရေ မင်းနဲ့နီးရဖို့ ကိုယ်က မိဘတွေရှေ့မှာ သားဆိုးလေးတစ်ယောက်ဖြစ်နေပြီ။

"မေမေ့ကိုကြည့်ပါဦး။ သေချာပြော၊ အမရာ့ကိုတွေ့တာ အလွန် ဆုံးရှိလှ တစ်လပေါ့။ အဲဒီတစ်လလေးနဲ့ သူ့ကိုချစ်တယ်လို့ သားကိုယ် သား သေချာရဲ့လား"

'သေချာရဲ့လား'တဲ့။ မေးနေပြီရွှေဝါ၊ မှန်ပါတယ်၊ ကိုယ်တို့တွေ့ တဲ့အခိုက်အတန့်ကာလလေးက အရမ်းကိုတိုတောင်းလွန်းတာလေ။

www.burmeseclassic.com



ဒါပေမဲ့ ပြန်တွေးမိရင် ကိုယ့်ရင်ထဲမှာ နွေးနွေးထွေးထွေးလေးရှိနေဆဲပါပဲ။ နဖူးပြင်ကို ခပ်ဖွဖွထုလိုက်မိတဲ့အားကို ကိုယ်မမှန်းဆနိုင်ပေမယ့် မျက်ဝန်းမှာဖွဲ့အိုင်လာတဲ့မျက်ရည်ကြောင့် နာတော့နာမယ်မှန်း ရိပ်မိပါတယ်လေ။

သို့သော် ဒီလိုမလုပ်တော့ဖို့ ဒီလိုမလုပ်မိစေဖို့အတွက် သူ့စိတ်ကို သူ ထိန်းမှမထိန်းနိုင်ခဲ့မိတာဘဲ။ ပြီးတော့ မင်းလက်ဖျားလေးကို တင်းတင်းဆုပ်ကိုင်ပြောစဉ်က အဆမတန်ခုန်ပေါက်နေမိတဲ့ ကိုယ့်ရင်နှင့်သံတွေကို ကိုယ်သာ အသိဆုံးပါလေ။

"သေချာပါတယ် မေမေ"

"ဘာကိုသေချာတာလဲ"

"ဖေဖေကလည်း အဲဒီကောင်မလေးကို စတွေ့တွေ့ချင်း မြင်မြင်ချင်း ပိုင့်စိတ်ထဲ တစ်မျိုးကြီးဖြစ်သွားတာကိုး"

"ဒါဖြင့် မြနှင်းဆီတုန်းကရော"

"နှင်းတုန်းက နှင်းက. . . နှင်းမှုံလေးလို လှတာဆိုတော့"

"ငါ နားရင်း ထအုပ်လိုက်မိတော့မယ်။ နှင်းတုန်းကလည်း မင်းရင်က ခုန်၊ အခုကောင်မလေးကျပြန်တော့လည်း ခုန်၊ ဒီလောက်တောင် အခုန်မြန်တဲ့နှလုံးကို သွားခွဲထုတ်လိုက်စမ်း"





"အို! ကိုကလည်းလေ၊ သားကို မဦးမချွတ်"

"မင်းဟဲစဉ်းစားကြည့်လေ မှုရဲ့။ မင်း,သားလုပ်ပုံကိုက ဟုတ်မှ မဟုတ်တာ"

သူက ကော်ဖောထက်ဆင်းကာ ထိုင်ချလိုက်မိလေ၏။ မေမေက သူ့ဆံပင်တွေကို အသာသပ်တင်ပေးကာ နှစ်သိမ့်ပေးလေသည်။

"သားရယ်၊ သားစိတ်တွေ အနည်ထိုင်တဲ့အချိန်ကိုစောင့်ပြီးမှ မေမေတို့ အခုလိုစီစဉ်ပေးရတာပါ။ အမရှာကို သားရင်ထဲ တကယ်ချစ်မချစ်ဆိုတာ သားကိုယ်သား အချိန်ယူပြီး ဆန်းစစ်ကြည့်ပါဦးလား"

"မလိုပါဘူးမေမေ၊ နှင်းတုန်းက ရူးမတတ် ပိုင်ခံစားခဲ့ရတာကို ဝန်ခံပါတယ်။ ရွှေဝါ့ကို ဒီအိမ်မှာ အိမ်အကူမိန်းကလေးလို အမျိုးမျိုး နိုင်းခဲ့၊ နှိပ်စက်ခဲ့ရာကစပြီး ပိုင့်စိတ်တွေ သူ့အပေါ်မှာ လုံးလုံးပြောင်းလဲလာခဲ့တာကို နားလည်လိုက်ကတည်းက ပိုင် သိပ်ချစ်သွားမိပြီဆိုတာ အသေအချာပဲ"

"မင်းကတော့ ဖွတ်ပဲ သားရာ"

"သူ့မှာက သက်ဆိုင်သူ အဆင်သင့်ရှိထားပြီလေ သားရယ်"

"မသိဘူးဗျာ. . . ပိုင်သိတာ ရွှေဝါ့ကိုပဲချစ်တာ။ ပိုင်နဲ့ဝါသနာလည်းတူ၊ ပိုင်ဖြစ်ချင်တာကို လိုက်လျောပေးတဲ့ မိန်းကလေးပါသတဲ့

www.burmeseclassic.com



ကောင်မလေးကိုပဲ ပိုင် လိုချင်တယ်''

''ဒုက္ခပါပဲ၊ သားကိုယ်သား၊ ကုမ္ပဏီ GM ဆိုတာလည်း သတိရပါဦး''

''မရချင်ပါဘူး။ သူနဲ့ပိုင့်ကြားမှာ အဲဒီဂုဏ်တွေ ပကာသနတွေ ဘာမှမရှိဘဲ ရိုးရိုးလေးပဲ ရင်းနှီးခဲ့ကြတာ။ မေမေတို့ မရရအောင် လိုက်တောင်းပေးတော့ဗျာ''

သူ့စကားအဆုံးမှာ မေမေက သူ့ဇက်ပိုးကို ထရိုက်လိုက်လေ၏။ နာလိုက်တာနော်၊ ဒီလောက်လေးတော့ အနာခံနိုင်ရမှာပေါ့။ ဘာဖြစ်လို့လဲဆိုတော့ မေမေက သူ့နဖူးကို ချစ်စနိုးနဲ့ငုံနမ်းလိုက်တာကို။

OK... ရွှေပါ၊ သိပ်မကြာခင်မှာ မင်းရှိရာဆီကိုလာပြီး ကိုယ်လက်ကမ်းပေးတော့မှာလေ။

''ဘယ်လိုဖြစ်လာတာလဲ သမီး၊ ငိုကြီးချက်မနဲ့ ပြန်ရောက်လာတယ်ဆို''

အခန်းထဲဝင်လာသည့်မာမာကြောင့် အိပ်ရာထဲ လူးလှိမ့်နေရာ





မှ ငုတ်တုတ်ထထိုင်လိုက်ရပါ၏။ မှန်ထဲမှာ မြင်ရသည့် ကဗျာ့မျက်လုံးမှာ မျက်ခွံက လိပ်ခုံးဖြစ်နေရပြီလေ။

''ဘာမှမဖြစ်ပါဘူး''

''ဘာမှမဖြစ်ဘူးသာဆိုတယ်၊ ကြည့်ပါဦး၊ မာ့သမီးမျက်နှာလှလှလေး ဖောင်းကားနေပြီ''

''မာ''

''ပြော''

''ကဗျာ့ကို. . . ကဗျာ့ကို ပိုင်က ပြောလိုက်တယ်''

''သားပိုင်က ဘာတဲ့လဲ''

''ကဗျာ့ကို မချစ်နိုင်ဘူးတဲ့''

''ဘာရယ်''

''သူချစ်တာ အမရာတဲ့၊ မာရဲ့''

''ဘာ! ''

ထင်ထားတဲ့အတိုင်းပါပဲ၊ မာမာလည်း အံ့သြသွားရတာမဟုတ်လား။

''သားပိုင်နဲ့ အမရာက ဘယ်မှာဆုံလို့ အမရာ့ကိုကြိုက်တယ် ပြောရတာလဲ''

www.burmeseclassic.com



"အဲဒါ ကဗျာကြောင့်ပါပဲ မာမာ၊ မာမာတို့စီစဉ်ပေးတဲ့အတိုင်း ကဗျာ မလုပ်ခဲ့မိလို့ပါ"

"နေပါဦး၊ သားပိုင်နဲ့ရင်းနှီးအောင်လို့ မာမာတို့ သမီးကို သွားနှိုင်းခဲ့တာလေ"

"ဟုတ်ပါတယ်၊ ပိုင့်အိမ်မှာ ကဗျာမနေဖြစ်ဘဲ အမရှာကို သွားထားမိလို့"

"နေဦး. . . နေဦး၊ မအေးရေ"

"ရှင် မမ"

"ငါ့ကို သွေးဆေးဘူးနဲ့ သံပုရာရည်တစ်ခွက်ဖျော်ပြီး ယူလာခဲ့ပေးပါ"

"ဟုတ်ကဲ့ပါ မမ"

ဒုက္ခပါပဲ၊ မာမာပင် သွေးတိုးချေပြီ။ ကဗျာ့ရဲ့မဆင်မခြင်လုပ်ရပ်က ဤအခြေအနေထိဖြစ်လာခဲ့ပြီလေ။ ပါပါသာသိရင် ကဗျာ့ကို ဘယ်လိုဒဏ်ခတ်လေမည် မသိပါချေ။

"ကဲ၊ ဆက်ပြော၊ အဲဒီမှာ အမရှာကိုထားမိလို့ ဟိုကောင်လေးက အမရှာကိုသဘောကျသွားတယ်၊ အဲဒီလိုလား"

"ဟုတ်"





"ဖြစ်ရလေ၊ နင့်အဖေသာသိရင် နင့်ကိုအသေသတ်တော့မှာပဲ မိကဗျာရယ်. . . ဘာလို့မဆင်မခြင်လုပ်ရတာတဲ့လဲ။ ဟိုက သူ့ဟာသူ ဆရာဝန်နဲ့စေ့စပ်ပေးတော့မယ့်ဟာကို ပြဿနာမရှုပ်ရှုပ်အောင် လုပ်ရလားဟဲ့"

မာမာက အသည်းယားသည့်ထင့်၊ ကဗျာ့ပေါင်ကို တဖတ်ဖတ်ရိုက်လိုက်လေ၏။ ဒီလိုရိုက်လို့ရော ကဗျာ့အပြစ်တွေက လျော့ပါးသွားမှာမှမဟုတ်တာလေ။

"ကဗျာ ဘာလုပ်ရမလဲဟင်"

"ခုမှဘာလုပ်လို့ရတော့မှာလဲ။ မမူက သူတို့သားအကြောင်းကို သိထားလို့ သမီးနဲ့အဆင်ပြေရလေအောင် တမင်ဇာတ်လမ်းဆင်ပေးထားတာ။ ဒါကို မာ့သမီးက တလွဲလုပ်ခဲ့ရသလား"

ငိုချင်လျက် လူကို လက်တို့လိုက်လေသလား။ ပါးပြင်ထက် စီးကျလာသည့်မျက်ရည်ကို လက်ဝါးဖြင့် ခပ်ကြမ်းကြမ်းသုတ်လိုက်ရင်း မာမာ သက်ပြင်းရှိုက်လိုက်လေ၏။

"ဟင်း၊ နင့်အဖေမသိအောင် မမူတို့နဲ့ ဆက်သွယ်ရတော့မှာပဲ။ ခု သားပိုင်နဲ့တွေ့ခဲ့ပြီးပြီပေါ့လေ၊ ဟုတ်လား"

"အင်း"

www.burmeseclassic.com



"သားပိုင်ကို သဘောကျတယ်ပေါ့လေ"

ခေါင်းကိုဆတ်ခနဲညိတ်ပြလိုက်သည့်ကဗျာ့ခေါင်းကို မာမာက ဒေါက်ခနဲခေါက်လိုက်လေ၏။ ပြောစကားနားမထောင်တဲ့သမီးကို ကရုဏာဒေါသတွေ ဖြစ်နေပြီလား မာရယ်။

"ဟိုကောင်လေးက အမရာ့ကိုသဘောကျတယ်လို့ တကယ်ပဲ ပြောလိုက်တာပေါ့လေ"

"ဟုတ်တယ်"

"ဟင်း, အဲဒီကောင်မလေးဟာ ဘယ်ဘဝက ကုသိုလ်အကျိုးပေးမှန်းကိုမသိ၊ သိပ်မျက်နှာပွင့်တာပဲ။ ဟိုဆရာဝန်လောင်းကလည်း မြင်မြင်ချင်း ခေါင်းညိတ်လိုက်တာတဲ့။ နေဦး, အမရာကရော အဲဒီသားပိုင်ကို သဘောကျတယ်ပြောသေးလား"

"ဟင့်အင်း, အဲဒီလိုတော့မပြောဘူး မာ"

"တော်သေးတာပေါ့၊ ဒါဆိုရင်တော့ အခြေအနေသိပ်မဆိုးသေးပါဘူး။ မမှုတို့နဲ့ ညှိလို့ရနိုင်ပါသေးတယ်"

"ဒါဆို မာ၊ အန်တီမှုတို့ဆီ Phone ဆက်မှာလား"

"အေးပေါ့၊ Phone အရင်ဆက်၊ စနည်းနာပြီးမှ လူချင်းသွားတွေ့တာ ပိုကောင်းမှာ"





Phone ဆက်ရန် မာမာ ထထွက်သွားစဉ် သိချင်စိတ်ကြောင့် အနောက်မှ အသာလိုက်သွားမိလေ၏။ ဧည့်ခန်းစားပွဲဘေးခုံမှာ ထိုင်လျက် Phone ခေါ်နေစဉ် စာကြည့်ခန်းထဲမှ ပါပါ့ Phone ကို အသာ 'မ' ယူ နားစွင့်လိုက်မိလေသည်။

"ဟယ်လို"

"မမှုလား, ခွေပါ"

"ခြော်, ခွေ ပြောလေ၊ ဘာကိစ္စများရှိလို့လဲ"

"ကိစ္စကတော့ သမီးတို့ကိစ္စပဲ မမှုရယ်၊ ကလေးတွေက မဆင်မခြင်နဲ့ လျှောက်လုပ်တာနဲ့ အခုလိုတွေဖြစ်ကုန်တာ"

"အင်း, မှုတို့လည်း ပြန်ရောက်မှသိလိုက်ရတာလေ။ သားပြောပြပါတယ်"

"အခြေအနေမပြောင်းဘူးမဟုတ်လားဟင်၊ မမှု့သား သဘောထားကရော"

"အဲဒါပြောချင်တာပဲ၊ သားက ခွေ့တူမလေးကိုမှ စိတ်ဝင်စားသွားတာ ကံကြမ္မာဖန်တီးလိုက်လေသလားပဲ၊ ဒီမှာ မှုတို့လည်း ဘယ်လိုမှပြောလို့မရဘူးဖြစ်နေတယ်"

"အမရာက ဒေါက်တာနှစ်သစ်ဦးနဲ့စေ့စပ်ပေးတော့မှာ မမှုရဲ့"

www.burmeseclassic.com



"သိတယ်လေ. . . အဲဒါကြောင့်ပဲ ဒီမှာ ခေါင်းခဲနေကြတာ။ မူသဘောကတော့ ကလေးတွေ စိတ်ချမ်းသာမှုကို ပိုအလေးထားစေချင်တာပါပဲ, ဒွေ။ သားက အငယ်မှအငယ်ဆိုတော့လည်း မူတို့ ကြိုးစားပေးရတော့မှာပေ့ါ။ ဒွေတို့ကိုတော့ အားနာပါတယ်။ သားကြောင့် မျက်နှာလည်း ပူမိတာအမှန်ပဲ"

ပါးစပ်ကိုလက်ဖြင့်ပိတ်ကာ မျက်လုံးအစုံကို မှိတ်လိုက်မိတော့၏။ အမရာမှအမရာတဲ့လား ပိုင်ရယ်။



## အခန်း (၂၂)

"ကိုယ်လက်ဆောင်ပေးထားတဲ့အင်္ကျီလေး ဝတ်ခဲ့ပေးနော်"

"ဟုတ်ကဲ့"

'ဟုတ်ကဲ့'ပဲ ပြောရတော့မှာပေါ့။ ဟိုဘက်အိမ် ထမင်းသွားစားပြီးရင် ဒီဘက်အိမ် ထမင်းလာပြန်စားဆိုတဲ့ အပြန်အလှန်ဆက်နွှယ်မှုတွေကို ထုံးစံအတိုင်း လုပ်နေကြတာလေ။

စိတ်တွေရှုပ်လိုက်တာနော်၊ ဖေဖေနဲ့မေမေကတော့ အပြင်က ပြန်ရင်း ဝင်နှင့်မည်တဲ့။ ဒီတော့ အိမ်ကနေ အမရာပဲ ထွက်လာရတော့မှာလေ။ Phone ဆက်ပြီး သူလာကြိုမယ်ပြောတာကို Taxi နဲ့ပဲ လာခဲ့ပါ့မယ်။ လာမခေါ်ပါနဲ့လို့ တောင်းပန်လိုက်ရတာပါ။

www.burmeseclassic.com



ညနေခင်းမို့ အမြင်အေးစေရန် ဆင်စွယ်ရောင် blouse လေးကိုသာ ရွေးဝတ်လိုက်ပါ၏။ အကျႌလေးကို ခါးတင်ရင်ဖုံးပုံစံလေး ချုပ်ထားကာ ရင်ဖုံးပေါ်မှာ ပန်းခက်လေးတွေ ကပ်ချုပ်ထားတာမို့ ယဉ်ယဉ်လေးနှင့် လှနေလေသည်။ ကြယ်သီးကိုလည်း အလှကြယ်သီး (ညှိုရောင်သန်းနေသည့်)ဆင်စွယ်ရောင်ရင့်ရင့်လေးတွေ တပ်ထားတာမို့ ကဗျာမြင်တာနဲ့ ပူဆာခဲ့တာလေ။

"ဒေါက်! ဒေါက်!"

"ဘယ်သူလဲ"

"မမလေး, ကျွန်တော်ပါ"

"ဘာပြောမလို့လဲ ကိုသောင်းရယ်"

"ညွှဲသည်ရောက်နေလို့ သတင်းလာပို့တာပါခင်ဗျာ"

"ညွှဲသည်"

ဘုရားရေ! ညွှဲသည်တဲ့။ ဒီလိုနေစောင်းချိန်ကြီးမှ ဘယ်က ညွှဲသည်က ပေါ်လာတာတဲ့လဲ။ ပြောပြီးသည်နှင့် ကိုသောင်း ပြန်ဆင်းသွားသည့်ခြေသံကို ကြားလိုက်ရလေ၏။ ချောကလက်ရောင်အောက်ခံမှာ ဆင်စွယ်ရောင်ပန်းခက်ကျဲထားသည့် အပျော့သားလုံချည်ကိုဝတ်လိုက်ပြီး ဆံပင်တွေကိုတော့ နှင်းဆီညိုပန်းနှစ်ပွင့် ဆံညှပ်ဖြင့် ညှပ်လိုက်ကာ





အလှပြင်ဆင်ခြင်းက ပြီးချေပြီ။ မျက်နှာကို puff နည်းနည်းဖို့ကာ မှန်တင်ခုံထက်တင်ထားသည့် လက်ကိုင်ပဝါကို ကောက်ကိုင်လိုက်ပါ၏။

အခန်းထွက်ကာ လှေကားထစ်တွေကို ခပ်သွက်သွက်လေးဆင်းလာခဲ့ပါသည်။ သွားခါနီးလာခါနီးမှာ ညွှဲသည်ကို အချိန်ပေးရဦးမှာပါလားနော်။ လိုက်ကာကို ဖျတ်ခနဲဖယ်၍ ညွှဲခန်းထဲဝင်လိုက်စဉ် အိမ်ဝမှာ မတ်မတ်ရပ်နေသည့်လူတစ်ယောက်နှင့် ဘွားခနဲဆုံလေ၏။

"ရွှေဝါ"

"ဟင်! အစ်ကိုလေး"

"ရှာလိုက်ရတာ ရွှေဝါရယ်၊ ကိုယ် မင်းကို လိုက်ရှာနေတာ ရှူးတောင်မတတ်ဘဲကွ"

ပြောလည်းပြော အမရှာလက်မောင်းနှစ်ဖက်ကိုပါ ကိုင်လှုပ်လိုက်သည်မို့ အလန့်တကြားဖြစ်သွားရလေ၏။ အို! ဘယ်ကနေ ဘယ်လိုများ ရောက်လာပါလိမ့်နော်။

"အစ်ကို. . . အစ်ကိုလေးက"

"ကိုယ်ပြောထားတယ်လေ၊ ဒီလက်စွပ်ကို မင်းလက်မှာ မတွေ့ရင် အသေသတ်မယ်လို့ပြောထားလျက်နဲ့ ထားခဲ့ရသလား"

"ဟင်!"

www.burmeseclassic.com



သူက သူ့လက်သန်းမှာဝတ်ထားသည့် လက်စွပ်လေးကို အမရှေ့ ဘယ်ဘက်လက်သူကြွယ်မှာ ဖျတ်ခနဲဝတ်ပေးလိုက်လေ၏။ အလို! လာပြန်ပြီ။ ဒီပိုင်စိုးပိုင်နင်းလုပ်တတ်တဲ့အကျင့်။

"ဟိုလေ, အစ်ကိုလေး"

"ကြည့်ပါဦး။ မတွေ့ရတဲ့တစ်ပတ်အတွင်း ကိုယ့်ကောင်မလေး လှလာချောလာလိုက်တာ မပြောပါနဲ့။ ထိရက်စရာတောင်မရှိဘူး"

ထိရက်စရာမရှိဘူးပြောတဲ့လူက အမရှေ့လက်ဖျားနှစ်ဖက်စလုံးကို ဆုပ်ကိုင်ထားလိုက်တာမှ တင်းတင်းရယ်ပါလေ။ လူတစ်ကိုယ်လုံးကို စုံချည်ဆန်ချည်စေ့စေ့စပ်စပ်ကြည့်နေသည့် မျက်ဝန်းညိုတို့ကို ရင်မဆိုင်ဝံ့ဘဲ မျက်လွှာချရင်း လက်တို့ကိုရုန်းနေမိ၏။ သူက လွှတ်မပေးပါချေ။

"ရွှေဝါ့မေမေနဲ့ဖေဖေရော"

"အပြင်သွားတယ်"

"အား... ဒုက္ခပဲ။ ကိုယ်က ကိုယ့်မေမေတို့နဲ့တွေ့ပေးရအောင်လို့ သူတို့ဆီမှာ လာခွင့်တောင်းတာ"

"ဟင်! ဘာလို့တွေ့ရမှာလဲ... မတွေ့ပါဘူး။ ကျွန်မနဲ့တွေ့စရာအကြောင်းမှမရှိတဲ့ဟာကို။ မလိုက်ဘူးနော်"





လက်လည်းရုန်း။ ခေါင်းလည်းခါရင်း ငြင်းတာကို သူက သဘောကျစွာဖြင့် ရယ်နေပြန်လေ၏။ ရော်, ခက်တာပဲ။ လူကို စ,စရာများထင်နေလေသလား။

"မတွေ့လို့တော့ မရဘူး ရွှေဝါရဲ့။ ရွှေဝါ လိုက်တွေ့ရင် အခြေအနေက သိပ်မထူးသေးဘူး။ ကိုယ်က မေမေတို့ကိုခေါ်ပြီး ဒီလိုလာတွေ့ရင်... ကျစ်! ဘာအဆင့်ရောက်သွားပြီလဲ စဉ်းစားမိရဲ့လား"

"ဟင်"

မျက်ခုံးပင့်ကာ ပြောလိုက်သည့်သူ့ကို မော့ကြည့်ရင်း မျက်လုံးဝိုင်းသွားရလေ၏။ သူနဲ့အတူမိဘတွေခေါ်လာမှတော့ စေ့စပ်တဲ့အဆင့်ရောက်ရောပေါ့။ ဒါကိုမတွေးဘဲ ပြောရတယ်လို့။

"အဲဒီလိုလုပ်လို့မရဘူးလေ"

"အဲဒါဆို အခု ကိုယ်နဲ့ခဏလိုက်ခဲ့ပေါ့။ ခဏလေးပဲလေ၊ ကြာလှ နာရီဝက်ပဲ။ ဘယ်လိုလဲ"

"မဖြစ်ဘူး။ ကျွန်မ အခုပဲ အပြင်သွားတော့မှာ"

"ဘယ်သွားမှာလဲ"

"အသိအိမ်"

"ဘယ်က အသိအိမ်လဲ"

www.burmeseclassic.com



"ဟိုလေ, ဒေါက်တာတို့အိမ်က ထမင်းစားဖိတ်ထားလို့ အဲဒါ"

"မသွားရဘူး"

"ရှင်! "

"မသွားရဘူးလို့ပြောတာလေ၊ ကြားတယ်မဟုတ်လား။ ထမင်းစားတာ သူ့အိမ် သွားစားမှ ဖြစ်တာမျိုးမှမဟုတ်ဘဲ။ ကိုယ်နဲ့အတူတူ အိမ်မှာလိုက်စားမလား။ ဒါမှမဟုတ် hotel မှာ သွားစားမလား။ ကြိုက်တာပြော"

အလိုလေး. . . စလာပြန်ချေပြီကော။ အမရာ့ကို စိတ် ကသိကအောင့်ဖြစ်အောင် နှောင့်ယှက်ရမှပဲ အိပ်ပျော်စားဝင်တယ်ထင်ပါရဲ့။

"အစ်ကိုလေး"

"ပြော"

"ဒေါက်တာ့အိမ်မှာ မေမေနဲ့ဖေဖေတို့စောင့်နေနှင့်ပြီမို့ အမရာ မသွားလို့မဖြစ်ဘူး။ ပြီးတော့လေ"

သူ့မျက်ဝန်းတွေက စူးခနဲတောက်ပလာလေ၏။ မကြိုက်တူးပေါ့။ အမရာ အဲဒီလိုသွားမှာကို မနှစ်သက်ဘူးဆိုတာကို မျက်ဝန်းနဲ့ အရိပ်ပြလိုက်သလို လက်ကောက်ဝတ်ကို ဆုပ်ညှစ်လိုက်မှုကြောင့် နာကျင်သွားရတာလေ။





"ကျွန်မက အစ်ကိုလေးနဲ့ ဘာမှမပတ်သက်တဲ့သူမို့လို့"

"ဘာလို့မပတ်သက်ရမှာလဲ။ မင်းက ကိုယ့်နှလုံးသားလေ ရွှေဝါရဲ့။ ကိုယ့်ချစ်ခြင်းတွေကို အပိုင်စားရထားတဲ့ကောင်မလေးပါ။ ဘာလို့ မပတ်သက်ဘူးလို့ ရက်ရက်စက်စက်ပြောရတာလဲ။ ကိုယ်မကြိုက်ဘူး"

"အစ်ကိုလေးကို ကဗျာနဲ့"

"ကိုယ်သဘောမတူဘူး"

"လူကြီးတွေက. . ."

"ဆက်မပြောနဲ့၊ မကြားချင်ဘူး"

ဖွတ်ပါလားနော်၊ ကိုသောင်းကလည်း အမရာ့ကို ညှို့သည်နဲ့ နှစ်ယောက်တည်းထားခဲ့ပြီး ကြက်ပျောက်ငှက်ပျောက်,ပျောက်နေတော့တာလေ။

"မကြားချင်လို့မရဘူးလေ။ အစ်ကိုလေးက သားလိမ္မာဆိုရင် မိဘစကားကို နားထောင်ရမှာပေါ့။ ဘာလို့ဂျစ်တိုက်နေချင်ရတာလဲ"

"ကိုယ်က သားလိမ္မာမဖြစ်ချင်ဘူး ရွှေဝါ။ ကိုယ့်ခံစားချက်နဲ့ ပတ်သက်လာရင် သားမိုက်ဖြစ်ရင်လည်း ဖြစ်ပါစေတော့။ ရွှေဝါ့အချစ်ကိုမှမရရင် ကိုယ်သေသွားလိမ့်မယ်"

"အာ, ဘာတွေလျှောက်ပြောနေတာလဲ၊ အစ်ကိုလေးမှာ မြနှင်းဆီ

www.burmeseclassic.com



တစ်ယောက်လုံး ရှိနေသေးတာလေ”

“အဲဒီလိုတော့ မလျှောက်ချင်ပါနဲ့ ရွှေဝါ။ မြနှင်းဆီနဲ့ ကိုယ့်ပတ်သက်မှုကို မင်းသိအောင် ပြောပြခဲ့ပြီးပြီပဲ”

“အို! အမရာက အဲဒီလိုမဆိုလိုပါဘူး အစ်ကိုလေးရဲ့။ ဟိုလေ”

“ဒါဆို ကိုယ့်အချစ်ကို မယုံသေးတဲ့သဘောလားဟင်။ ဒါဖြင့် မင်းယုံကြည်တဲ့အထိ ကိုယ် ဘယ်လိုသက်သေပြရမှာလဲ၊ ပြော”

“အို! ”

ရပ်ထားသည့်ကားနောက်မှာ သူ့ကားကိုရပ်သည်အထိ တိုက်ရေ့မှလူနှစ်ယောက်က သတိမထားမိပါလေ။ နှစ်ယောက်သား ရင်ချင်းအပ် မျက်နှာချင်းထိလုမတတ်အခြေအနေက သူ့ရင်ကို မီးစနှင့်ထိုးဆွလိုက်သည့်နှယ် အခံရခက်စေလေ၏။

ကြည့်ပါဦး။ အမရာ့လက်မောင်းကို ပိုင်စိုးပိုင်နင်းနဲ့ တင်းတင်းဆုပ်ကိုင်ထားတာပါလား။ ဟိုချာတိတ်မလေးကတော့ မျက်လုံးအဝိုင်းသား၊ နှုတ်ခမ်းအဟသားနဲ့ အထိတ်တလန့်ပုံစံမျိုးနဲ့ပါလေ။

“အမရာ့ကို လွှတ်လိုက်ပါ”

“ဟင်! ဒေါက်တာ”

“ကိုယ်ပြောနေတယ်၊ အမရာ့လက်ကို ခုချက်ချင်းလွှတ်လိုက်ပါ”





သူက ဒေါက်တာ့ကို စူးခနဲလှည့်ကြည့်လိုက်ပြီး အမရာ့ကိုအသာလွှတ်ပေးလိုက်ပါ၏။ လက်မောင်းနှစ်ဖက်ကို အသာပွတ်ရင်း ခြေနှစ်လှမ်းမျှ နောက်သို့ဆုတ်လိုက်ကာ ခြေလှမ်းမယိုင်အောင် အားတင်းလျက်ရပ်လိုက်ရပါသည်။ အမရာရောက်မလာသေးလို့ ဒေါက်တာ လာကြိုတာပါလား။

“[illegible]င်းဘာလာလုပ်တာလဲ”

“ရွှေဝါ့ကိုလာခေါ်တာ”

“အမရာ သွားစရာရှိတယ်လို့ပြောတယ်မဟုတ်လား။ မင်း လူမှုရေးကို နားလည်မှပေါ့”

သူက ခပ်ထေ့ထေ့ပြုံးကာ ဒေါက်တာနှင့် မျက်နှာချင်းဆိုင်ရပ်လိုက်လေ၏။ ဘုရား. . . ဘုရား၊ အမရာနဲ့ပတ်သက်ပြီး အမျိုးသားနှစ်ယောက် ပြဿနာဖြစ်တော့မှာလေ။

“လူမှုရေးဟုတ်လား၊ ခင်ဗျားကပဲ ပြောရသေးတယ်၊ လူမှုရေးနားလည်လို့ အခုလို ရွှေဝါ့ကို လူကြီးတွေရှေ့ ခွင့်တောင်းပြီး လာခေါ်တာပေါ့ဗျ”

“အမရာက ကိုယ်နဲ့ပတ်သက်တဲ့လူပဲ ဝေယံပိုင်။ မင်းနဲ့သက်ဆိုင်တဲ့ကဗျာမဟုတ်တဲ့ အမရာ့ကို ဘာအကြောင်းကြောင့်နဲ့မှ လာခေါ်

www.burmeseclassic.com



စရာမရှိဘူး။ မင်းသဘောပေါက်မှာပေါ့"

သူက ခပ်လျောင်လျောင်ဟန်ဖြင့် ဟက်ခနဲရယ်လိုက်လေ၏။ ဒုက္ခပဲ။ စကားတွေများပြီး ထိုးကြကြိတ်ကြ လက်ပါလာရင်တော့ ပြဿနာအကြီးအကျယ် ဖြစ်ကုန်ကြတော့မှာလေ။ နဂိုကတည်းက အစ်ကိုလေးက လက်မြန်ခြေမြန်ရှိပါဘိသနဲ့။

"ဒီမှာ ခင်ဗျား ဆရာဝန်ဘွဲ့ရထားပြီး လူတွေအကြောင်း တစ်စက်မှမသိပါလား။ ကျုပ်ရော ရွှေဝါပါ လူတွေဗျ. . .လူတွေ။ လူတောင်မှ နှလုံးသားနဲ့ခံစားချက်ရှိတဲ့လူ။ ခင်ဗျားလို မိဘသဘောကိုခေါင်းညိတ်ပြီး ကိုယ့်ကိုချစ်မှန်းမသိ မချစ်မှန်းမသိတဲ့မိန်းကလေးကို လက်ထပ်ချင်တဲ့ ငတုံးမဟုတ်ဘူး"

"ဘာကွ"

"မယုံရင် ရွှေဝါ့ကိုမေးလိုက်လေ။ ခင်ဗျားကိုချစ်လား။ ကျုပ်ကိုချစ်လားလို့"

"မင်း. . .မင်း, မဆိုင်တာ မပြောစမ်းနဲ့"

"ဆိုင်လို့ပြောတာပေါ့ဗျ။ ကျုပ်,ရွှေဝါကိုချစ်တယ်။ ဒီလိုပဲ နှလုံးသားနဲ့ ရွှေဝါလည်း ကျုပ်ကိုပြန်ချစ်နေမယ်လို့ ယုံထားပြီးသား"

"အဲဒါ ယုံဦး"





"အား. . ."

မျက်လုံးထဲ မိုက်ခနဲပြာသွားရပါ၏။ အလိုလေး! ဒေါက်တာ့လက်ချက်နဲ့ ဗိုင်းခနဲ ကားခေါင်းပေါ်လဲကျသွားသည်က အစ်ကိုလေးရယ်ပါ။ ကားဘေးမှန်နှင့်ဆောင့်မိသည့်နေရာမှ သွေးတို့က ဖျာခနဲ။

"အစ်ကိုလေး. . ."

အမရာအော်သံက သူ့နှလုံးသားကို ချေမွလိုက်သည့်နှယ်ပင်။ သူ့မျက်စိရှေ့မှာ ဝေယံပိုင်ကို အပြေးပွေ့လိုက်သည့်ပုံစံကပင် အဘယ်မျှ ပူပန်ကြောင်း သိသာစေသည်ပဲ။ နှုတ်မှ တကြော်ကြော်ခေါ်လျက် ခေါင်းကို ထူမတ် ပွေ့ပိုက်နေသည့်ကောင်မလေးကို အငေးသားကြည့်နေမိတော့၏။

အမရာ, ချစ်သူမရှိပါဘူးဆိုတဲ့ကောင်မလေးက ကိုယ့်မြင်ကွင်းရှေ့မှာ သူစိမ်းတစ်ယောက်ကို ရင်ခွင်ထဲ ထွေးပွေ့ပြီး ငိုကျွေးပြနေတာဘာသဘောပါလဲ။ ဆုံးရှုံးရပြီဟူသည့်အသိနှင့်အတူ သူ့ရင်ခွင်ကြီး ဟာတက်ကွဲရချေပြီလေ။

ဩော်, ကိုယ်မြတ်နိုးပါတဲ့ အမရာဆိုတဲ့ကောင်မလေးရယ်။

❦❦❦

www.burmeseclassic.com



## အခန်း (၂၃)

"လာ"

ကားပေါ်မှဆင်းခိုင်းပြီး လက်ကောက်ဝတ်ကိုဆုပ်ကိုင်လျက် ဆွဲခေါ်နေတာကြောင့် ယက်ကန်ယက်ကန်ခြေလှမ်းတို့ဖြင့် ပါလာရလေအ ဒီအိမ်ကို နောက်တစ်ကြိမ် ရောက်လာရပြန်လေပြီကော။

"ဟဲ့, သား၊ အမယ်လေးလေး၊ ခေါင်းမှာလည်း ပတ်တီးကြီးနဲ့ နှုတ်ခမ်းမှာလည်း သွေးစို့ပါလား။ ဘယ်လိုဖြစ်လာတာလဲ"

"မေမေ့ချွေးမ ပါလာပြီ"

"ဟောတော်"

"ငါ့သားကတော့ လုပ်ချလိုက်ပြီဟေ့။ သမီးမှာလည်း မျက်ရည်

www.burmeseclassic.com



တွေ့ပါလား။ ဘာလဲ၊ ဒီကောင်,သမီးကို အနိုင်ကျင့်ပြီးခေါ်လာတာလား သမီး"

"ဟင်! ဟုတ်ပါဘူး"

"ဖေဖေပြောမှပဲ ပိုင်က လူဆိုးကြီးဖြစ်ပါပြီဗျာ"

"မင်းက ယုံရတာမှမဟုတ်ဘဲကိုးကွ"

"လာလာ, သမီးလေး။ ထိုင်ပါဦး။ ဟုတ်ပါရဲ့။ သမီးက ချစ်စရာလေးကိုး"

အမရာ့လက်ကိုဆွဲကာ ထိုင်ခုံမှာ ထိုင်နိုင်းနေတာမို့ ထိုင်ချလိုက်ရပါ၏။ သူက အမရာ့ရှေ့ရှိ ခုံပေါ်မှာ ခြေပစ်လက်ပစ်ထိုင်ချလို့ရယ်လေ။

"ဘယ်ကနေ ဒဏ်ရာတွေရလာတာလဲ သား"

"ရွှေဝါ့ကို ဟိုဒေါက်တာ့လက်ထဲကနေ မရမကလုခဲ့ရတာကိုး ဖေဖေရ။ ဒီလောက်တော့ နာမှာပေါ့"

"မင်း,သားကတော့ကွာ"

"သမီးကိုခေါ်လာတာ မသက်တို့သိရဲ့လား"

"ပထမတော့ ခွင့်တောင်းဦးမလို့ပဲ မေမေရ။ အန်တီတို့မရှိတာနဲ့"





"အဲဒီတော့"

"ဟဲဟဲ, ညဘက် အလစ်သုတ်လာတာပေါ့"

"ဟေ, မင်းလုပ်ပုံက ပုဒ်မနဲ့နီးနေပြီနော် ဗိုးပိုင်"

"ပိုင်ရော ရွှေဝါပါ အသက်ပြည့်ပြီးပါပြီဖေဖေရာ။ ဒီလောက် မှ မနေပါနဲ့"

"ဟင်, အမရာ, အစ်ကိုလေးနောက်ကို လိုက်ခဲ့တာမဟုတ်ဘူးနော်။ ပြန်မှာ"

"ဘယ်သူက ပြန်ပို့ပေးမယ်ပြောလို့လဲ"

"အစ်ကိုလေးပဲ အန်တီတို့နဲ့ ခဏလိုက်တွေ့ဆို။ နာရီဝက်ပဲကြာမယ်လို့ ကတိပေးပြီးတော့။ မလိမ်နဲ့လေ"

"ဘယ်သူက လိမ်တတ်သလဲ မှန်အောင်ပြောပါဦး မိန်းမချောလေးရဲ့"

အမရာ နှုတ်ဆိတ်သွားရပါ၏။ ပြောတုန်းကတော့ ခဏလိုက်တွေ့ဆိုပြီး ပြန်မပို့ရင် ဘယ်လိုလုပ်မလဲ။ အမရာတော့ မေမေပြောသလို နာမည်ပါမကာ၊ လူပါ အမည်းစက်ထင်တော့မှာလေ။

"အမရာ့ကိုပြန်ပို့ပေးပါနော် အန်တီ၊ ဒီမှာနေလို့မဖြစ်ဘူး"

"ဒီမှာနေလို့မဖြစ်ရအောင် မင်းကို ဘယ်သူက ကိုက်စားမှာမို့

www.burmeseclassic.com



လဲ။ ပြောပါဦး"

"ကဲပါ သားရယ်၊ ကလေးစိတ်ညစ်အောင် စမနေပါနဲ့၊ သမီးကို အန်တီတို့ကိုယ်တိုင် ပြန်လိုက်ပို့မှာပါ သမီးရယ်။ မစိုးရိမ်နဲ့ ဟုတ်ပြီလား"

"အိမ်ပြန်ရောက်လို့ ဟိုဆရာဝန်နဲ့အတင်းပေးစားရင် ဘယ့်နှယ်လုပ်မလဲ"

ပြန်မဖြေဘဲ မျက်လွှာချလိုက်မိပါ၏။ လက်ထဲမှ လက်ကိုင်ပဝါကိုလုံးချေကာ မျက်နှာလေးက ဆီးရွက်သာသာလောက်သာ ရှိတော့တာလေ။

"သမီးက ဟိုဒေါက်တာကိုချစ်လို့လား၊ လက်ထပ်ချင်လို့လား"

"ဟင့်အင်း"

"ပြောသားပဲ၊ သူ ပိုင့်ကိုချစ်လို့လိုက်လာတာပါဆိုမှ မေမေရာ"

"ဟဲ့, ဘယ်လိုဖြစ်နေလဲ"

"အမရာ, အစ်ကိုလေးကိုမချစ်ပါဘူး"

"ဘာဖြစ်လို့ မချစ်တာလဲ"

"မသိဘူး"

"မသိလို့ရမလား၊ အိမ်တောင်မှ ပါလာပြီ၊ ဒီရောက်မှ မချစ်ဘူး





မပြောနဲ့"

"တွေ့လား. . . သူပဲအတင်းခေါ်လာပြီးတော့၊ အန်တီ့သားက အရမ်းဆိုးတာပဲ"

"ဟော, ဘယ်လိုဆိုးလဲသမီး ပြောပါဦး"

"အမရှာကို နေ့တိုင်းနှိပ်စက်တယ်"

"ဟော"

"နဖူးကိုလည်း ခဏခဏထုတာပဲ၊ ပြီးတော့ စားချင်တာတွေကို မနက်ရော၊ နေ့လယ်ရော၊ ညနေပါ အမျိုးမျိုးပူဆာပြီး ချက်ခိုင်းသေးတယ်။ နောက် ညဘက်ဆာရင်လည်း ကွေကာအုတ် ဖျော်ခိုင်းလို ခိုင်းနဲ့ ခြံထဲမှာလည်း အပင်တွေစိုက်ခိုင်းသေးတာ။ ပါးစပ်က တရစပ် ခိုင်းတာ အားမရရင် လက်က ပါလာရော။ အဲဒီလိုလူကို ဘယ်သူက လက်ထပ်ချင်မှာလဲ"

တတွတ်တွတ်ပြောပြီးတိုင်နေသည့် ကောင်မလေးကိုကြည့်ကာ သူပြုံးနေမိလေ၏။ ကြည့်ပါဦး။ အဘယ်မျှချစ်စရာကောင်းလိုက်တဲ့ ကောင်မလေးပါလိမ့်နော်၊ ပုံစံအေးအေးလေးနဲ့မိန်းကလေးက သူ့အတွက်နဲ့ ပေါက်ပေါက်လျော်အောင် စကားတွေများပြီး မေမေ့ကို တိုင်ပြောနေလိုက်တာလေ။

www.burmeseclassic.com



"ဟုတ်တာပေါ့၊ အဲဒီလောက်တောင်ဆိုးမှတော့ သမီးဘယ်ချစ်ရဲပါ့မလဲ၊ မှန်တယ်"

"မေမေနော်, ပိုင့်ဘက်က မနေဘဲ"

"မင်းပုံက အတော်ချစ်စရာကောင်းတာကိုးကွ"

"ဖေဖေမချစ်လည်း ရတယ်၊ မေမေနဲ့ရွှေဝါချစ်ရင် ပြီးတာပဲ"

"ဩော်, အတော်ဟုတ်တဲ့ကောင်"

မေမေက သူနှင့်စကားများနေသည့် ကောင်မလေး၏ ဆံနွယ်လေးတွေကိုသာ သပ်တင်ပေးနေလေ၏။ ချစ်စရာလေး ဒီလောက်ချစ်စရာကောင်းတဲ့ကောင်မလေးကို မေမေလည်း မချစ်ဘဲ မနေနိုင်ပါဘူး မဟုတ်လား။

"အိမ်ပြန်ချင်ပြီ"

"မပြန်ရပါဘူးဆိုနေမှ"

"သားကလည်းကွယ်၊ သမီးစိတ်ဆိုးအောင် လိုက်စမနေနဲ့"

"ပြန်ပို့လို့မဖြစ်ဘူး မေမေရဲ့။ ဟိုက ဒေါက်တာနဲ့ အတင်းပေးစားရင် ဘယ့်နှယ်လုပ်မလဲ"

"ဒေါက်တာက အမရာပြောရင် ရတယ်၊ အစ်ကိုလေးလို့ ဆိုးတာမဟုတ်ဘူး"





"ကိုယ်က ဘယ်မှာဆိုးလို့လဲ. . . ရွှေဝါကသာ ဆိုးတာ။ နာမည်လည်း လိမ်ပြောတယ်။ လူကလည်း ညာသေးတယ်"

"ဘယ်မှာလိမ်လို့လဲ၊ ရွှေဝါဆိုတာ အမရာ့ငယ်နာမည်ရှင့်၊ မသိဘဲနဲ့များ စွတ်ပြောနေတာပဲ။ သူပဲရောက်ရောက်ချင်း ဟိုကောင်မလေး တံခါးလာဖွင့်ဆိုပြီး ဟောက်ပြီးတော့"

"အဲဒီတုန်းက ကိုယ်မှားလည်း မင်းရှင်းပြသင့်တာပေါ့။ ဘာလို့ ငြိမ်နေပြီး ဆက်ညာနေသေးလဲ"

"မညာပါဘူးဆိုနေမှ ဘာမှန်းလဲမသိဘူး"

"ကဲ, စကားများမနေကြနဲ့လေ။ သားနှုတ်ခမ်းက ရောင်လာပြီး တစ်ခုခုလုပ်မှထင်တယ်"

"အဲဒါ သူ့ကြောင့်ဖြစ်တာမေမေ၊ သူလုပ်ပေးမှဖြစ်မှာ လာ,လာ လုပ်ပေး"

"တွေ့လား"

"အား,အခုမှ နှုတ်ခမ်းကလည်း ပိုနာလာတယ်။ ခေါင်းပေါက်သွားတဲ့နေရာကလည်း တစစ်စစ်ကိုက်လာသလိုပဲ"

"ဟင်!"

စလာပါပြီ။ ဒီမျက်ဝန်းနက်လေးမှာ စိုးရိမ်ရိပ်တွေ ပေါ်လာပြီ

www.burmeseclassic.com



လေ။ အဲဒါပဲ၊ ပြောတော့ဖြင့် ကိုယ့်ကိုမချစ်ဘူးဆိုပြီး မင်းရင်ထဲ ဖြစ်သမျှကို ဖုံးကွယ် သိုဝှက်ထားလို့ ရနိုင်မယ်များ ထင်နေသလား။

"တော်တော်နာနေပြီလားဟင်"

"နာတာပေါ့၊ မင်းရဲ့ကိုကိုဒေါက်တာက ငါ့ကို ကိုယ်ချင်းမစာမနာ လုပ်လိုက်တာကိုး"

"အဲဒါ အစ်ကိုလေးက သူ့ကိုရန်သွားစတာကိုးလို့၊ အမရာ့ရဲ့ကိုကိုဒေါက်တာမဟုတ်ပါဘူးနော်"

"သေချာလား"

အမရာက ဘာမှပြန်မဖြေတော့ဘဲ ဒေါ်လေးယူလာပေးသည့် ရေခဲဝတ်အထုပ်လေးကို သူ့နှုတ်ခမ်းထက် အသာကပ်ပေးလိုက်ပါ၏။ ဆိုးလိုက်တာနော်၊ ဘယ်အချိန်ကာလအထိဆိုးမယ့် အစ်ကိုလေးပါလိမ့်။

"သေချာလားလို့မေးနေတယ်လေ"

"ဘာကိုလဲ"

"အဲဒီဒေါက်တာကိုပြန်မချစ်တာ သေချာလားလို့မေးတာ"

"မချစ်ပါဘူးဆိုနေမှ ထပ်ကာထပ်ကာမေးနေတာပဲ"

"ဒါဆို ကိုယ့်ကိုရော"

"ဘယ်လိုဖြစ်နေလဲ"





ဖေဖေနှင့်မေမေက ဒေါ်လေးလာခေါ်တာမို့ ထမင်းစားခန်းဆီသို့ ထသွားချေပြီ။ သူတို့နှစ်ယောက်ကတော့ ညှော်ခန်းဆုံပေါ်မှာ ယခုထိထိုင်ပြီး စကားများနေဆဲ။

"နာနေတယ်"

"ဟင်. ဒီလောက်ပြုစုပေးနေတာတောင်မှ နာနေတုန်းပဲလား"

"နာတာပေါ့၊ ဒီနားက နာတာ၊ ရွှေဝါပြန်မချစ်သေးလို့လေ"

ဘယ်ဘက်ရင်အုံကို သူအသာပုတ်ပြလိုက်စဉ် သူမထံမှ မျက်စောင်းတစ်ပွင့် ထွက်လာလေ၏။ သိနေတယ်လေ၊ မင်းဒီလိုမျိုးပဲ ကိုယ့်ကို အဖြေပြန်ပေးမယ်ဆိုတာကိုပေါ့။

ဖျတ်ခနဲဆွဲပွေ့ကာ သူ့ရင်ခွင်ထဲထည့်လိုက်စဉ် ကောင်မလေးဖေါ်တားမြစ်သံက တိုးတိုးသဲ့သဲ့မျှ ထွက်လာလေ၏။

"အဲလိုဆိုးလို့ကို ခေါင်းမညိတ်ချင်တာ"

"သားတို့ရေ့ ထမင်းစားကြစို့လေ"

"ဟော, မေမေခေါ်နေပြီ။ ရွှေဝါရော စားမှာလား"

"ဟင်"

"မဆာဘူး မဟုတ်လာ ၊ ကိုယ့်အချစ်တွေနဲ့ ဗိုက်ပြည့်နေပြီလို့ အော်လိုက်မယ်လေနော်"

www.burmeseclassic.com



''အစ်ကိုလေးနော်''

အထိတ်တလန့်ဖြစ်သွားသည့်ကောင်မလေးကို ငုံ့ကြည့်ရင်း သူတိုးတိုးရယ်မောလိုက်မိတော့၏။ တကယ်ပါရှေ့ဝါ။ မင်းညာနေမှန်း သိသိကြီးနဲ့ မင်းပြောသမျှ ယုံစားမိခဲ့တာလည်း ဒီရင်ဘတ်ကြီးနဲ့ပါပဲ။ ပြီးတော့ ဒီရင်ဘတ်ကြီးထဲကပဲ မင်းကိုငုံထားမတတ် ချစ်နေတာကိုလည်း မင်းသိသင့်ပါတယ်နော်။

ကျေးဇူးပြုပြီး ကိုယ့်နှလုံးသားကိုတော့ ညာပြီး မယူသွားပါနဲ့လို့ တောင်းပန်ပါရစေလား ကောင်မလေးရယ်။

ပြီးပါပြီ။

လေးစားလျက်...

မမသဒ္ဒါမောင်

1st May 2011
AM (12:00)

BURMESE CLASSIC .com

www.burmeseclassic.com

ပြဿနာရဲ့အစက 'ကဗျာ့'ကြောင့်ပါပဲ။ ညီအစ်မအရင်း တမျှချစ်ရတဲ့ ဝမ်းကွဲညီမကိုမှ အသုံးချမိရတယ်လို့။ ပထမ စိတ်ဝင်စားမှုမရှိခဲ့ပေမယ့် မြင်မြင်ချင်းရုတ်တရက်ရပ်သွားရတဲ့ ရင်ခုန်သံကြောင့် အသက်ရှူမှားခဲ့ရတာလေ။ ဒန်ခံပါတယ် ပိုင်။ ရှင့်ကို ကဗျာ သိပ်ချစ်ခဲ့မိတာပါကွယ်။

(ဆောင်းကဗျာ)